www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်သူနဲ့မဆို၊ ဘာပြောရပြော

# ကျွန်တော်တို့အားလုံး စကားပြောရမည်။

ခင်မောင်ညို (ဘောဂဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘယ်နေရာဘယ်အချိန်
ဘယ်သူနဲ့မဆို
ဘာပြောရပြောရ
ကျွန်တော်တို့အားလုံး
စကားပြောရမည်

၂၀၀၁ ခုနှစ် ဇန်နဝါရီ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၀၁၁၀/၂၀၀၀(၀၂) |
| မျက်နှာဖုံးခွင့်ပြုချက် | /၂၀၀၁(၃) |
| မျက်နှာဖုံး | က . ဒ . ဝ |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးကျော်ဈေးမင်း (၀၅၉၉၂) |
| | အောင်သိန်းသန်းပုံနှိပ်တိုက် |
| | ၄၄၊ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်း |
| | ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်ရွှေထိမ် (မြ ၀၁၂၉၉) |
| | တိုင်းလင်းစာပေ |
| | အမှတ် ၈/၆၅၊ အုပ်စု (၃) |
| | အောင်သိဒ္ဓိလမ်း၊ အင်းစိန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| | ဇန်နဝါရီလ၊ ၂၀၀၁ ခုနှစ် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | 18၀၀- ကျပ် |


# Larry King

## ဘယ်နေရာ၊ ဘယ်အချိန်
## ဘယ်သူနဲ့ဆို ဘာပြောရမလဲ

# ကျွန်တော်တို့ အားလုံးစကားပြောရမည်



ခင်မောင်ညို
(ဘောဂဗေဒ)


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| နိဒါန်း | ကျွန်တော်တို့အားလုံးစကားပြောရမည် |
| အခန်း (၁) | စကားပြောနည်းသင်ရိုး အမှတ် (၁၀၁) |
| အခန်း (၂) | စကားစတင်ပြောဆိုခြင်း |
| အခန်း (၃) | လူအများနှင့်စကားပြောဆိုခြင်း |
| အခန်း (၄) | အပြောကောင်းသူတို့၏ အရည်အချင်း (၈) ခု |
| အခန်း (၅) | ခေတ်စားနေသောအကြောင်းအရာ များနှင့်နိုင်ငံရေးအရ အသုံးအနှုန်းမှန်ကန်မှု |
| အခန်း (၆) | စီးပွားရေးကိစ္စအပြောအဆို |
| အခန်း (၇) | ကျွန်တော်ကြုံဘူးသည့် စကားပြောအတောင်းဆုံးနှင့် အညံ့ဆုံးပုဂ္ဂိုလ်များ |
| အခန်း (၈) | အရှက်ကွဲစရာအမှားများနှင့် ကျော်လွှားနည်း |
| အခန်း (၉) | မိန့်ခွန်းပြောနည်း |
| အခန်း (၁၀) | အများပြည်သူရှေ့တွင် စကားပြောခြင်းနှင့်ပတ်သက်သည့် မှတ်စုများ |
| အခန်း (၁၁) | ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် မည်သို့ရင်ဆိုင်မည်နည်း |
| အခန်း (၁၂) | အနာဂတ်အရေး |



## နိဒါန်း

### ကျွန်တော်တို့အားလုံးစကားပြောရမည်

၁။ လေထီးမပါဘဲ လေယာဉ်ပျံတစ်စီးတခုန်ချမလား၊

သို့မဟုတ်

၂။ ညစာစားပွဲတစ်ခုမှာ တစ်ခါမျှမဆုံဘူးသူရဲ့ဘေးမှာထိုင်မလား။

အကယ်၍သင်သည် နံပါတ် (၁) ကိုရွေးချယ်လျှင် သင်လိုလူတွေ အများကြီးရှိသည်။ စကားပြောသည့် ကိစ္စသည် ကျွန်တော်တို့အားလုံး နေ့စဉ်လုပ်နေသည့်ကိစ္စ ဖြစ်သော်လည်း ကြပ်တည်းသည့်အခြေအနေများစွာ ကြုံရသလို ပို၍အဆင်ပြေနိုင်သည့် အခြေအနေများလည်းရှိသည်။ လူအများနှင့် ဆက်ဆံရာ၌ဖြစ်စေ၊ လုပ်ငန်းသဘောအရဖြစ်စေ စကားပြောဆိုရာတွင် အောင်မြင်ရန်နည်းလမ်းမှာ စကားပြောခြင်းဖြင့် စတင်ရန်ဖြစ်သည်။ စကားပြောသူတစ်ယောက် အနေဖြင့် သင့်ကိုယ်သင် မယုံကြည်လျှင်၊ စကားပြောရမည်ကို ကြောက်နေလျှင် ထိုလမ်းသည် ကြမ်းတမ်းခက်ထန်နိုင်သည်။

ထို့ကြောင့်ပင် ဤစာအုပ်ကို ချောမွေ့သည့်လမ်း တစ်လမ်းဖြစ်ရန် အတွက် ကျွန်တော်ရေးခြင်းဖြစ်သည်။ ကျွန်တော့်အနေဖြင့်စကားပြောပြီး အသက်မွေးလာသည်မှာ (၃၇) နှစ်ရှိပြီး ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံလွှင့်ထုတ်မှုများ၌ မိခေးလ်ဂေါ်ဘာချော့မှအစ မိုက်တယ်ဂျော်ဒန်အဆုံး ပုဂ္ဂိုလ်ပေါင်းများစွာနှင့် စကားပြောဆိုခဲ့ရသည်၊ ရဲများမှအစ အရောင်းသမားများအဆုံး



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုပေါင်းများစွာတို့လည်း မှန်မှန်မိန့်ခွန်းများ ပြောဆိုခဲ့ရသည်၊ နောက်လာသည့် စာမျက်နှာများ၌ တစ်ဦးချင်းကိုပြောသည်ဖြစ်စေ၊ ရာပေါင်းများစွာကို ပြောသည်ဖြစ်စေ ကျွန်တော် ဆည်းပူးခဲ့ရသည့် သင်ခန်းစာများအကြောင်းကို ဖော်ပြ ထားသည်။

ကျွန်တော့်အတွက် စကားပြောဆိုခြင်းသည် အဝအတွက် ပျော်စရာအကောင်းဆုံး ကိစ္စတစ်ခုဖြစ်ပြီး ကျွန်တော်အမြဲတမ်း လုပ်ချင်သည့် ကိစ္စတစ်ခုဖြစ်သည်၊ ကျွန်တော်ငယ်စဉ်ကကိစ္စနှင့် ပတ်သက်၍ မှတ်မိသမျှ တစ်ခုမှာ အရေတလင်းတွင် ဇဖြ လမ်းနှင့် ဘေးပတ်ခ်ဝေးထောင့်၌ရပ်ကာ ဖြတ်သန်းမောင်းနှင်လာသည့် ကားများကို မည်သည့်နိုင်ငံကလုပ်ကြောင်း ကြေညာသည့် အချိန်က ဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် (၅) နှစ်အရွယ်သာ ဖြစ်ပြီး ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ကို "လေတိုးကြီး" ဟုခေါ်ကြသည်။ ထိုအချိန်ကစတင်၍ ကျွန်တော် စကားပြောနေသည်။

ထိုအချိန်ကစ၍ ယခုအချိန်ထိ ကျွန်တော့်၏ မိတ်ဆွေကောင်းဖြစ်နေသော ဟာ့ဘ်ကိုဟင်က ဖဲဘတ်စ်ကစားကွင်း၌ ဖေါ့ကွား ဘယ်လိုကစားသည်တို့ ဘယ်လိုအသံလွှင့်ကြောင်း ပြောလေ့ရှိသည်။ ကျွန်တော်ဟာသာ ကျွန်တော် အမှတ်ပေးသည့် ကပ်ပြားများယူကာ ထိုပွဲစဉ်ကို အသံလွှင့်ပုံလုပ်လေ့ရှိသည်။ ထို့နောက်အိမ်ပြန်လာ ပြီး ကျွန်တော့်မိတ်ဆွေများအား ကစားပွဲနှင့်ပတ်သက်၍ အစအဆုံး ပြန်ပြောသည်။ ဟာ့ဘ်က "လယ်ရီဟာ ဖဲဘတ်တစားတွင်းတို့ သွားတယ်၊ ဖဲဘိပွဲဟာ ၂ နာရီနဲ့ ၀၀ မိနစ်ကြာတယ်ဆိုရင် လယ်ရီက ဖဲဘိပွဲတို့ ၂ နာရီ ၀၀ မိနစ်ကြာအောင်ပြောနိုင်တယ်" ဟူ၍ပြောလေ့ရှိသည်။ ဟာဘ်နှင့် ကျွန်တော် ၁၀ နှစ်သားအရွယ်က ကျောင်းအုပ်ကြီးရုံးခန်းတွင် ပထမဆုံးတွေ့ခဲ့ကြသည်။ ကျွန်တော်ရုံး ခန်းထဲဝင်သွားသည့်အခါ သူကရောက်နေသည်။ ယခုအခါ ကျွန်တော်တို့အဘယ်ကြောင့် ကျောင်းအုပ်ကြီးရုံးခန်းသို့ အပို့ခံရသည်ကို မမှတ်မိကြသော်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး အတန်းထဲမှာ စကားပြော၍ ဖြစ်နိုင်သည်။

ကျွန်တော့်အနေဖြင့် စကားပြောရတာ သဘောကျသလောက် လူအများအတွက် အဘယ့်ကြောင့် အဆင်မပြေသည်ကိုသိသည်။ ပြောမှားဆိုမှားဖြစ်မည်ကို စိုးရိမ်ကြသည်။ အပြောအဆိုမှန်သော်လည်း ကာလဒေသ မမှန်မည်ကို စိုးရိမ်ကြသည်။ တိတ်ဆိတ်နေပြီး အရူးဟုအထင်ခံရခြင်းထက် စကားပြောပြီး အရူးမဟုတ်ဟုအထင်ခံရခြင်းက ပိုကောင်းကြောင်း စာရေးဆရာ





တစ်ယောက်ကရေးခဲ့သည်။ လူစိမ်းတစ်ယောက်ကို ပြောသည့်အခါ၊ လူပေါင်းများစွာကို တစ်ချိန်တည်းပြောသည့်အခါ ပို၍ကြောက်လန့်တတ်ကြသည်။

ဤစာအုပ်က အကြောက်တရားကို ဖယ်ရှားပေးလိမ့်မည်ဟု မျှော်လင့်သည်။ ကျွန်တော်နားလည်သမျှဆို လျှင် သင်၏သဘောထားသာ မှန်ကန်လျှင်၊ သင်၏စိတ်နေထားသာ မှန်ကန်လျှင် စကားမပြောနိုင်သည့်သူ မည်သူမျှမရှိ။ ဤစာအုပ်ဖတ်ပြီးနောက် စိတ်ချလက်ချ ပြောနိုင်ဆိုနိုင်မည်။ တစ်ဖက်သားနားလည်ရန် ဘယ်လိုပြောမည် ကိုသိလာမည်။ ကောင်းကောင်းပြောတတ်ပြီး ပြောရတာကို လည်းပျော်လာမည်။

အခြေအနေအမျိုးမျိုးနှင့် ကြုံကြိုက်သည့်အခါ မည်သို့ပြောမည်ကို လက်တွေ့ဥပမာများဖြင့် ပြထားသည်။ သင်၏ဆွေမျိုးသားချင်း မင်္ဂလာဆောင်မှအစ ညစာစားပွဲများ၊ မိဘဆရာအသင်း အစည်းအဝေးများအထိ အခြေအနေမျိုးစုံပါဝင်သည်။ ရုပ်မြင်သံကြား၌တွေ့သည့် ဧည့်သည်များထံမှ ရရှိသည့် သင်ခန်းစာများ၊ ကျွန်တော်၏ သင်ခန်းစာများကိုမည်သို့အသုံးချနိုင်ပုံ၊ အချို့သင်ခန်းစာများမှ အကူအညီ ခက်ခက်ခဲခဲရလာပုံတို့ကို တွေ့ရမည်။

လူနှင့်အခြားသတ္တဝါများ ခြားနားသည့်အရာတစ်ခုမှာ စကားပြောဆိုခြင်းဖြစ်ပြီး စကားပြောဆိုခြင်းသည် လူသားတို့ဆက်သွယ်ရေး၏ အခြေခံအကျဆုံး ပုံစံဖြစ်သည်။ သာမန်လူတစ်ယောက်သည် တစ်နေ့လျှင် ဝေါဟာရ တစ်သောင်းရှစ်ထောင်ခန့် ပြောလေ့ရှိသည်ဟုဆိုသည်။ ထိုစကားကို သံသယဖြစ်ပါ။ ကျွန်တော့်အနေဖြင့် ထိုထက်မက ဖြစ်နိုင်သေးသည်။ ထိုသို့ဆိုလျှင် စကားပြော အရည်အသွေးပိုကောင်းရန် အဘယ်ကြောင့် မလေ့ကျင့်ပါသနည်း။ ယခုစကြစို့။ စာမျက်နှာကို လှန်လိုက်ပါ။

ဟာဘီရေ. . . နားထောင်ပေတော့။

လယ်ရီကင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာဘယ်အချိန် ဘယ်သူနဲ့မဆို ဘာပြောရပြောရ

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်သူနဲ့မဆို၊ ဘာပြောရပြောရ

## အခန်း (၁)

### စကားပြောနည်းသင်ရိုးအမှတ် (၁၀၁)

**အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ**

၁ နိုးသားမှု
၁ စိတ်နေသဘောထားမှန်ကန်ခြင်း
၁ အခြားပုဂ္ဂိုလ်များကို စိတ်ဝင်စားခြင်း
၁ မိမိအကြောင်းနှင့် ပတ်သက်လျှင်ပွင့်လင်းမှုရှိခြင်း

စကားပြောဆိုခြင်းသည် ဂေါက်သီးရိုက်ခြင်း၊ ကားတစ်စီးမောင်းခြင်း၊ စတိုးဆိုင်တစ်ဆိုင်ကို ပိုင်ခြင်းတို့ ကဲ့သို့ပင် များများလုပ်လေ များများရလေ သုံးရသော ပိုပေျာ်လာလေဖြစ်သည့် ကိစ္စတစ်ခုဖြစ်သည်။ သို့သော်လည်း အခြေခံအချက်များကို နားလည်ရန်လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနှင့် စကားပြောဆိုသည့်နေရာတွင် အတိုင်းအတာတစ်စုံတစ်ရာအထိ အောင်မြင်မှုရခဲ့သည့်အတွက် ကံကောင်းသည်။ သင့်အနေဖြင့် ဤစာအုပ်ကို ဖတ်နေစဉ် **"သေချာတာပေါ့ သူကတော့ စကားပြောရတာပျော်စရာတဲ့၊ သူက အပြောကောင်းတာကိုး"** ဟု တွေးနေမိလိမ့်မည်။ ထိုသို့တွေးနေမိလောက်အောင် ကျွန်တော့်အနေဖြင့် အောင်မြင်မှုရခဲ့သည်။ ကျွန်တော့်အတွက် သဘာဝအလျောက် စကားပြောကောင်းသူ ဖြစ်လာသည်မှာ မှန်ပါသည်။ သို့သော် တစ်စုံတစ်ခုနှင့် ပတ်သက်၍ မွေးကတည်းက စွမ်းရည်ရှိလာသည့် သူများသည် ထိုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားအားထုတ် ရသည်။

မူလက ပါရမီတစ်ခု၊ အစွမ်းအစတစ်ခုသည် အလေ့အကျင့်တစ်ခု၊ ကျွမ်းကျင်မှုတစ်အဖြစ် ပြောင်းလဲ လာခြင်းဖြစ်သည်။ ကျွန်တော်တွေ့ခဲ့သမျှ အကောင်းဆုံး ဘော့စ်ဘောကစားသမား တစ်ယောက်ဖြစ်သော တက်ဒ်ဝီလျံသည် ကျွန်တော့်ဘဝတွင် တွေ့ခဲ့သမျှ အခြားသူများထက် မွေးရာပါစွမ်းရည်များ ပိုင်ဆိုင်သူဖြစ်သည်။ သို့သော်လည်း သူကိုယ်တိုင်ပင်လျှင် အခြားသူများကဲ့သို့ အလေ့အကျင့် လုပ်ယူရသည်ကို တွေ့ရသည်။ လူစီယာနို ပါဗာရောတီသည် အံ့ဩဆန်းကြယ်သည့်အသံကို ပိုင်ဆိုင် မွေးဖွားလာသူဖြစ်သော်လည်း သူ့အနေဖြင့် သီချင်းဆိုသည့် လေ့ကျင့်ခန်းများကို သင်ကြားခြင်း၊ လေ့ကျင့်ခြင်း ပြုရသည်။

ကျွန်တော့်အနေဖြင့် မွေးရာပါ စကားပြောဆိုနိုင်စွမ်းနှင့် စကားပြောဆိုချင်သည့် ဆန္ဒတို့ရှိသည်မှာ မှန်ပါသည်။ သို့သော် ကျွန်တော်သည်ပင်လျှင် လွယ်လွယ်ကူကူ စကားပြော၍မရသည့် အချိန်အခါပေါင်းများစွာကို ကြုံကြိုက်ရသည်။

## ၁ နိမိတ်မကောင်းသော ပွဲအတွက်

မီယာမီဆိပ်ကမ်း ရေဒီယို စတူဒီယိုထဲရှိ နိုင်ငံပေါ်က ယင် တစ်ကောင်သာ လွန်ခဲ့သည့် (၃၇) နှစ်က သင်ဖြစ်ပြီး ကျွန်တော်၏ ပထမဦးဆုံး အသံလွှင့်သည့် အတွေ့အကြုံကို တွေ့ကြုံခဲ့ရလျှင် ဘယ်လိုမှ အသံလွှင့်လုပ်ငန်း၊ စကားပြောဆိုသည့်လုပ်ငန်းနှင့် ပတ်သက်၍ အောင်မြင်ရန် မဆို





သားနှင့် ပေါက်မြောက်နိုင်မည့်သူဟုပင် ထင်မည်မဟုတ်ပေ။

ဝါရှင်တန်မှအထွက် ပထမလမ်း ရဲစခန်းနှင့် မနီးမဝေးရှိ WAHR အမည်ရှိ အသံလွှင့်ရုံငယ်လေး၌ (၁၉၅၇) ခုနှစ် မေလ (၁) ရက်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ ထိုနေရာသို့ ကျွန်တော်ရောက်နေသည်မှာ သုံးပတ်မျှရှိပြီး ကျွန်တော်၏ စိတ်ကူးယဉ်အိမ်ထဲက ရေဒီယိုလောကထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစား မျှော်လင့်လျက်ရှိသည်။ ထိုအသံလွှင့်ရုံ၏ အထွေထွေမန်နေဂျာ မာရှယ်စင်မွန်က တခြားကျွန်တော့်မှာ ဘာမျှချိုးကျူးစရာမရှိသဖြင့် ကျွန်တော့်အသံကို သူကြိုက်နှစ်သက်ကြောင်းပြောသည်။ သို့သော်လည်း သူ့မှာ ခန့်ထားနိုင်သည့် အနေအထားမရှိပေ။ ထိုသို့ဖြစ်သည့် အတွက်လည်း ကျွန်တော် စိတ်ဓာတ်ကျဆင်းသွားခြင်း မရှိပေ။ ကျွန်တော့်အနေဖြင့် ကျွန်တော့်၏ကံကို စမ်းသပ်ကြည့်ချင်ကြောင်းလည်း ပြောပြသည်။ သူက **"ဝါသိုတော်နီ၏ဒီအလုပ်ကို စိတ်ဝင်စားနေရင် နေရာလပ်ရှိတဲ့ နောက်တစ်ကြိမ်မှာ ရပါလိမ့်မယ်"** ဟု ပြောဆိုလွှတ်လိုက်သည်။

ကျွန်တော်သည် ဘရုကလင်းမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ ထို အသံလွှင့်ရုံသို့ လမ်းလျှောက်လာနိုင်သည့်အနီးအနားတွင်ပင် ကျွန်တော်၏ ဦးလေးဂျက်နှင့် သူ၏ဇနီးတို့နှင့်အတူ အခန်းငယ်လေးတစ်ခု အတွင်းတွင် ကျွန်တော်နေထိုင်သည်။ ထိုသို့နေပြီး ရရှိမည့်ရာထူးကို စောင့်စားနိုင်သည်။ ကျွန်တော့်မှာ ပိုက်ဆံလည်းမရှိ။ အကာအရံဟူ၍ ကျွန်တော့်ဦးလေး၏ အိမ်ခေါင်မိုးသာရှိသည်။ နေ့စဉ် အသံလွှင့်ရုံသို့သွားသည်။ သတင်း အသံလွှင့်သူများ၏ သတင်းထုတ်လွှင့်ပုံကို နားထောင်သည်။ အားကစားသတင်း ထုတ်ပြန်မှုများကို ကြည့်ရှုသည်။

အေပီနှင့် ယူပီအိုင် သတင်းဌာနများမှ ထုတ်လွှင့်သော သတင်းများကို တိတ်တိတ်ဆိတ်ဆိတ် စွဲစွဲလန်းလန်း ပထမဆုံးအကြိမ် စောင့်ကြည့်ခဲ့သည်။ ကျွန်တော့်အကြောင်းကို ဇာတ်လမ်းအချို့ရေးသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်၏ဇာတ်လမ်းကို အသံလွှင့်ရန်အတွက် အသုံးပြုကောင်းပြုနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့်ဖြစ်သည်။ သုံးပတ်ခန့်ကြာသည့်အခါ ရုတ်တရက်ဆိုသလိုပင် နံနက်ပိုင်း၌ အသံလွှင့်သော ဒီဂျေက အလုပ်ထွက်သွားသည်။ မာရှယ်က ကျွန်တော့်ကို သောကြာနေ့တစ်ရက်တွင် သူ့ရုံးခန်းသို့ခေါ်ပြီး ကျွန်တော် အလုပ်ရကြောင်း ပြောလိုက်သည်။ တနင်္လာနေ့ နံနက် (၉) နာရီမှ၍ အလုပ်ဝင်ရမည်ဖြစ်ကြောင်း ပြောသည်။ တစ်ပတ်လျှင် (၅၅) ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရမည်၊ နံနက် (၉) နာရီမှ စတင် အလုပ်လုပ်ရမည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ အလုပ်လုပ်ရမည်။ အားကစားသတင်း ထုတ်လွှင့်ခြင်းကို ညနေ (၅) နာရီထိုးသည်အထိ လုပ်ရမည်။

ကျွန်တော့်၏ စိတ်ကူးယဉ်အိပ်မက်များ အကောင်အထည်ပေါ်လာပြီ။ နေ့စဉ်လို အသံလွှင့်ရရုံ သာမက နံနက်ပိုင်းတွင် (၃) နာရီခန့် အသံလွှင့်ရမည်။ ညနေပိုင်းတွင် (၆) ရက်အသံလွှင့်ရမည်။ CBS အသံလွှင့်ဌာန၏ လူကြိုက်များသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော အာသာဂေါ့ဖရီးကဲ့သို့ပင် မကြာခဏ အသံလွှင့်ရတော့မည်။

ထိုတစ်ပတ်လုံး ကျွန်တော် လုံးဝအိပ်မပျော်။ အသံလွှင့်ရာတွင် ပြောရမည့်စကားများကို အစမ်းလေ့ကျင့်ကြည့်သည်။ အလုပ်သွားရမည့် နံနက် (၈) နာရီခွဲ၌ ကျွန်တော်သည် အမှိုက်ခြင်းတစ်ခြင်းလို ဖြစ်နေသည်။ ကျွန်တော့်၏ ပါးစပ်နှင့်လည်ချောင်း ခြောက်မနေစေရန် ကော်ဖီနှင့်ရေကို သောက်သည်။ လက်စ်အဲလ်ဂင်၏ "လမ်းတလျှောက် " အမည်ရှိသည့် ဓာတ်ပြားကို အဆင်သင့်ဖွင့်နိုင်ရန် ပြင်ထားသည်။ ကြာလာလေ စိတ်လှုပ်ရှားလေ ဖြစ်လာသည်။

ထို့နောက်မာရှယ်က သူ၏ရုံးခန်းထဲသို့ခေါ်ပြီး "ကံကောင်းပါစေ" ဟု ဆုတောင်းကြောင်းပြောသည်။ သူ့ကို ကျေးဇူးတင်စကား ဆိုပြီးနောက် သူက "မင်း ဘယ်နာမည်ကိုသုံးမှာလဲ" ဟုမေးသည်။ ကျွန်တော်က "ခင်ဗျား ဘာတွေပြောနေတာလဲ" ဟုပြန်မေးလိုက်သည်။

**"ဒီလိုကွ၊ မင်းဟာ လယ်ရီဇက်ကာ ဆိုတဲ့နာမည်ကိုတော့ သုံးလို့မရဘူး၊ ဒီနာမည်က လူမျိုးစွဲရှိနေတယ်၊ လူတွေကနာမည်ကို ကောင်းကောင်း ဝေါင်းတတ်မှာ မဟုတ်ဘူး၊ မှတ်မိကြမှာမဟုတ်ဘူး၊ ဒီထက်ကောင်းတဲ့ နာမည်တစ်ခုလိုတယ်၊ အဲဒီတော့ အခုနာမည် လယ်ရီဇက်ကာ ဆိုတာတော့ မသုံးနဲ့တွား"**

သူ၏စားပွဲပေါ်၌ မီယာမီ ဟယ်ရာဒ်သတင်းစာကို ဖွင့်ထားသည်။ ထိုသတင်း၌ 'ကင်းအရက်လက်ကားလုပ်ငန်း' ဟူသည့် မျက်နှာပြည့်ကြော်ငြာကို တွေ့ရသည်။ မာရှယ်က ထိုကြော်ငြာကို ငုံ့ကြည့်ပြီးနောက် -

**"မင်းနာမည် လယ်ရီကင်းဆိုရင် ဘယ်နဲ့လဲကွ"** ဟုပြောလိုက်သည်။

**"သိပ်ကောင်းတာပေါ့ဗျာ"**

**"ဟုတ်ပြီ ဒါဆိုရင် မင်းနာမည်ဟာ လယ်ရီကင်း မင်းဟာ လယ်ရီကင်း**





**အစီအစဉ်ကို လွှင့်ထုတ်ရမယ်"**

ထိုသို့ဖြင့် အလုပ်သစ်တစ်ခု၊ အသံလွှင့် အစီအစဉ်တစ်ခု၊ သီချင်းအသစ်တစ်ခု၊ နာမည်သစ်တစ်ခုကို ရခဲ့သည်။ သတင်းများကို နံနက် (၉) နာရီ၌ လွှင့်ထုတ်ရာ အကြိုတီးလုံးကို ဖွင့်လှစ်ပြီးနောက် စောင့်မျှော်နေကြသော သောတရှင် ပရိသတ်များအတွက် လယ်ရီကင်း၏ အစီအစဉ်ကို လွှင့်ထုတ်ရန် အဆင်သင့်ဖြစ်နေသည်။ ကျွန်တော်၏ နှုတ်ခမ်းများသည် ဝဂွမ်းစကဲ့သို့ ပေါ့ပါးလျက်ရှိနေသည်။ ကျွန်တော့်အစီအစဉ်ကို စက်ပိုင်းဆိုင်ရာ တာဝန်ယူရသည်မှာလည်း ကျွန်တော် ကိုယ်တိုင်ပင်ဖြစ်သည်။ အသံလွှင့်ရုံယ်တစ်ခုအတွက် သီးခြားအင်ဂျင်နီယာမရှိ။ ကျွန်တော့် အစီအစဉ်အတွက် ဖွင့်လှစ်ရမည့် အကြိုတီးလုံးကို ကျွန်တော်ကိုယ်တိုင်ပင် ဖွင့်လှစ်ရသည်။ သီချင်းသံဝင်လာသည်။ ထို့နောက် စကားစတင်ပြောနိုင်ရန် သီချင်းသံကို ဖြေးဖြေးချင်းလျှော့ချလိုက်သည်။ သီချင်းသံပျောက်သွားသော်လည်း ဘာသံမျှထွက်မလာ။

ထို့ကြောင့် ကျွန်တော်သီချင်းကို ထပ်ဖွင့်သည်။ ဖြေးဖြေးချင်း လျှော့ချသည်။ ကျွန်တော့်နှုတ်ဖျားမှ မည်သည့်အသံမျှ ထွက်မလာ။ ထိုသို့ နောက်တစ်ခေါက်ထပ်လုပ်ရသည်။ သုံးကြိမ်တိုင်အောင် ကျွန်တော်၏ သောတရှင်များက ဓာတ်ပြားတစ်ချပ် အသံနိမ့်လိုက် မြင့်လိုက်ဖြစ်နေသည်ကိုသာ ကြားရသည်။ လူသံကို လုံးဝမကြားရပေ။

ကျွန်တော့်ကိုယ် ကျွန်တော် "ငါတော့မှားနေပြီ" ဟု ပြောမိသည်ကို မှတ်မိသည်။ ကျွန်တော့်အနေဖြင့် လမ်းပေါ်က လူတစ်ယောက်သာဖြစ်ပြီး ဤအလုပ်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်ရန် အဆင်သင့်မဖြစ်သေး။ ဤအလုပ်ကို ကျွန်တော် သဘောကျနှစ်ခြိုက်သော်လည်း ဤအလုပ်အတွက် ကျွန်တော် အဆင်သင့်မဖြစ်သေးပေ။လုပ်နိုင်ရန်အတွက် အစွမ်းအစများ မရှိသေးပေ။

ထိုကဲ့သို့သော ဓရာမ အခွင့်အရေးကြီးကိုပေးလောက်အောင် အလွန်ကြင်နာတတ်သည့် မာရှယ်စင်မွန်က အထွေထွေမန်နေဂျာ တစ်ယောက်အနေဖြင့် ဒေါသထွက်ပေါက်ကွဲတော့သည်။ ထိန်းချုပ်ခန်းတံခါးကို သူ၏ ခြေထောက်ဖြင့် ကန်ဖွင့်လိုက်ပြီး စကားလုံး (၅) လုံးကို ကျယ်ကျယ်လောင်လောင် ရှင်းရှင်းလင်းလင်း ပြောလိုက်သည်။

**"ဒါဟာ. . . ဆက်သွယ်ရေးလုပ်ငန်းကွ"**

ထို့နောက်သူသည် တံခါးကိုဆောင့်ပိတ်ပြီး ကျောခိုင်းထွက်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်၌ မိုက်ကရိုဖုန်းကို ဆွဲယူလိုက်ပြီး အသံလွှင့်သူ တစ်ယောက်၏ ပထမဆုံး ဝေါဟာရများကို ရွတ်ဆိုလိုက်သည်။

**"မင်္ဂလာပါခင်ဗျား - ဒီနေ့ဟာ ကျွန်တော့်အတွက် ရေဒီယိုမှာ အသံလွှင့်တဲ့ ပထမဆုံးနေ့ဖြစ်ပါတယ်။ ကျွန်တော်ဟာ အလွန်အသံလွှင့်ခဲ့ချင်တာပါ။ ဒီလို အသံလွှင့်ဖို့လည်း တစ်ပတ်လုံးပြင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ (၁၅) မိနစ်က ကျွန်တော်ဟာ နာမည်အသစ်ရပါတယ်။ ကျွန်တော့် အစီအစဉ်အတွက်လည်း သီချင်းအသစ် တစ်ပုဒ် အဆင်သင့်ရခဲ့ပါသည်။ ဒါပေမယ့် ကျွန်တော့်ပါးစပ်က အသံမှမထွက်ဘူး။ ကျွန်တော့်စိတ်တွေ သိပ်လှုပ်ရှားနေတယ်။ ကျွန်တော်ရဲ့ အထွေထွေမန်နေဂျာကြီးက အခုဘဲ တံခါးကိုပိတ်ကန်ထည့်လိုက်ပြီး ဒါဟာ-ဆက်သွယ်ရေးလုပ်ငန်းကွလို့ ပြောသွားပါတယ်။"**

ယခုလို စတင်ပြောနိုင်ခြင်းကြောင့် ဆက်ပြောရန် ယုံကြည်စိတ်ချမှုများ တိုးပွားလာခဲ့သည်။ ဆက်ပြောရာတွင်လည်း အစစအရာရာ အဆင်ပြေသွားသည်။ ဤသည်မှာ စကားပြောသည့် လုပ်ငန်းအစ၌ ကျွန်တော်တွေ့ခဲ့ရသည့် အတွေ့အကြုံဖြစ်သည်။ ရေဒီယိုအသံလွှင့် လုပ်ငန်းတွင် နောက်နောင်၌ မည်သည့်အခါမျှ စိတ်လှုပ်ရှားခြင်း မရှိတော့ပေ။

## ၁ ရိုးသားမှု

အသံလွှင့်လုပ်ငန်း၌ဖြစ်စေ၊ အသံလွှင့်လုပ်ငန်း မဟုတ်သည့် ပြင်ပ၌ဖြစ်စေ ရိုးသားမှုရှိရန် လိုအပ်ကြောင်း မီယာမီကမ်းခြေ၏ နံနက်ခင်းတစ်ရက်တွင် သင်ခန်းစာရရှိခဲ့သည်။ အသံလွှင့်သည့် လုပ်ငန်း၌သာမက အခြားစကားပြောသည့် မည်သည့်နေရာ၌မဆို ရိုးသားသည့်အတွက် မည်သည့်အခါမျှ မမှားနိုင်ပါ။ အာသာဂေါ့ဖရီးက အောင်မြင်သည့် အသံလွှင့်သူတစ်ယောက်ဖြစ်ရန် ရိုးသားမှုရှိရန်လိုကြောင်း ပြောပြခဲ့သည်။ မိမိ၏သောတရှင်များ၊ ကြည့်ရှုသူများကို မိမိခံစားရသလို ခံစားရစေပြီး မိမိအတွေ့အကြုံကို ရရှိစေသင့်သည်။

မီယာမီ၌ပင် ရုပ်မြင်သံကြားရိုက်ကူးမှုတစ်ခု ပြုလုပ်သည့်အခါ ပထမဆုံးအကြိမ် ရေဒီယိုအသံလွှင့်စဉ်က တွေ့ကြုံခဲ့ရသည့် စိတ်လှုပ်ရှားမှုမျိုးကို တွေ့ကြုံခဲ့ရသည်။





ယခင်ကဆိုလျှင် ရုပ်မြင်သံကြားတစ်ခါမျှ လွှင့်ထုတ်ခဲ့ဘူးခြင်းမရှိပေ။ ထို့ကြောင့်ပင်လျှင် စိုးရိမ်စရာများ ဖြစ်လာခဲ့ရခြင်းဖြစ်သည်။ ရုပ်မြင်သံကြား ထုတ်လုပ်သူကလည်း ကျွန်တော့်ကို ဆုံလည်ကုလားထိုင် ပေါ်၌ထိုင်စေသည်။ ထိုသို့ ထိုင်ခိုင်းသည်မှာ ရောမအမှား အယွင်းကြီးတစ်ခုပင်ဖြစ်သည်။ ကျွန်တော့်၏ စိတ်လှုပ်ရှားမှုကြောင့် ဆုံလည်ကုလားထိုင်ကို တစ်ချိန်လုံး ရှေ့တိုးနောက်ငင် လုပ်နေမိသည်။ ထိုသို့လုပ်နေသည်ကိုလည်း ကြည့်ရှုသူအားလုံးကမြင်နိုင်သည်။

ထိုတွေ့ဆုံမှုသည် ပျော်ရွှင်စရာဖြစ်ရန် လိုအပ်သည်။ သို့ဖြစ်၍ ကျွန်တော်၏ မူလစိတ်နေစိတ်ထား အတိုင်း ဆက်လုပ်သည်။ ကြည့်ရှုသူများကို ကျွန်တော်၏နေရာတွင်နေခိုင်း၊ ကိုယ်ချင်းစာခိုင်းသည်။ ကျွန်တော် စိတ်လှုပ်ရှားနေကြောင်း သူတို့ကိုပြောပြသည်။ ရေဒီယိုပေါ်၌ သူတို့ကို သုံးနှစ်ကြာ ပြောခဲ့သော်လည်း ရုပ်မြင်သံကြား၌ ယခုတစ်ကြိမ်သာ ပြောဘူးကြောင်း ပြောပြသည် ထို့နောက် ဆုံလည်ကုလားထိုင်၌ ကျွန်တော့်ကို ထိုင်ခိုင်းကြောင်း ပြောပြသည်။

ထိုအခါ လူတိုင်းက ကျွန်တော်၏အခြေအနေကို သဘောပေါက်လာသည်။ ကျွန်တော်လည်း ဆက်လက်ပြီး စိတ်လှုပ်ရှားခြင်း မရှိတော့ပေ။ ထို့နောက် ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ပြောလာနိုင်သည်။ ရုပ်မြင်သံကြား ရိုက်သည့် ပထမညသည်၌ပင် အောင်မြင်မှုရရှိခဲ့သည်။ ထိုသို့ အောင်မြင်မှုများ ရရှိခြင်းမှာ ကျွန်တော်စကားပြောနေသည့်သူများနှင့် ပတ်သက်၍ ရိုးရိုးသားသား ဆက်ဆံခြင်းကြောင့်ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးက မကြာသေးမီက မေးခွန်းမေးခဲ့ဖူးသည်။ **"ခင်ဗျားတာ NBC သတင်းဌာန ခန်းမထဲကို လမ်းလျှောက်လာတယ်၊ အဲဒီအခါ လူတစ်ယောက်က ခင်ဗျားကိုဆွဲခေါ်သွားတယ်၊ စတူဒီယိုထဲက ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်တယ်၊ လက်ထဲကို စာရွက်အချို့ထည့်ပေးလိုက်တယ်၊ ပြီးတဲ့အခါ အချိန်ကတော့ ဒီနေ့ နေမကောင်းဘူး၊ အဲဒီတော့ မင်းဘဲ သူ့နေရာဝင်တော့လို့ပြောတယ်၊ ချက်ချင်းမီးတွေထိုးပြီး စ,ရိုက်ကြမယ်၊ အဲဒီလိုဆိုရင် မင်းဘာလုပ်မလဲ"** ဟုမေးခဲ့ဘူးသည်။

ထိုအခါ ကျွန်တော်က **"ကျွန်တော့်အနေနဲ့ လုံးဝ ရိုးရိုးသားသား ဆောင်ရွက်မယ်"** ဟု သူတို့ကို ပြောပြခဲ့သည်။ ကင်မရာကို တည့်တည့်ကြည့်ပြီး **"အခု ကျွန်တော် NBC သတင်းဌာနရဲ့ ခန်းမထဲကို ရောက်လာတယ်။ အဲဒီ** အချိန်မှာ လူတစ်ယောက်က ဆွဲခေါ်ပြီးတော့ ဒီစာရွက်တွေကို ပေးသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်သော ဆိုတဲ့တောင် နေမကောင်းဘူး၊ အဲဒီတော့ သူ့နေရာကို မင်းဝင်တွာလို့ ပြောသွားတယ်" ဟုစ,ပြီးပြောမည်။

ထိုသို့ ပြောခြင်းဖြင့် ပရိသတ်အားလုံးက ကျွန်တော်သည် တစ်ခါမျှ သတင်းကြေညာဖူးကြောင်း ချက်ချင်းသိသွားမည်။ ရှေ့ဘာတွေ ဆက်ဖြစ်လာမည်ကိုလည်း မသိကြောင်း၊ ကျွန်တော့်အတွက် အထူးအဆန်းဖြစ်နေသည့် အရာများကို ဖတ်ပြရမည်ဖြစ်ကြောင်း၊ မည်သည့်ကင်မရာကို လိုက်ကြည့်ရမည် မသိကြောင်း တို့ကိုသိသွားမည်။ ကြည့်ရှုသူအားလုံးက ကျွန်တော့်ဘက်ပါလာကြမည်။ ခရီးသွားဖော် သွားဖက်များ ဖြစ်လာမည်။ သူတို့ကို ရိုးရိုးသားသား ဆက်ဆံကြောင်း သူတို့သဘောပေါက်သွားမည်။ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း သူတို့သိသွားမည်။

ကျွန်တော် ဘာလုပ်နေကြောင်းကိုသာ အောင်အောင်မြင်မြင် ထုတ်ဖော်ပြောကြားနိုင်သည်မက ကျွန်တော်ရောက်နေသည့် အကြပ်အတည်းကိုလည်း ပြောနိုင်သည်။ ယခုအခါ၌ ကျွန်တော်သည် လိမ်ရ၊ ညာရသည့် ကိစ္စထက် မှန်မှန်ကန်ကန် ရိုးရိုးသားသား ဆက်ဆံရခြင်းက ပို၍ကောင်းသည့် အခြေအနေသို့ ရောက်လာသည်။ ပြောင်းပြန်ပြောရလျှင် အကယ်၍ ကျွန်တော်သည် ကမ္ဘာ့ထိပ်ပေါ်၌ ရောက်နေမည်။ အစစအရာရာ ကြီးကျယ်ခမ်းနားနေလျှင်လည်း ထိုသို့ကြီးကျယ် ခမ်းနားနေကြောင်းကို ကျွန်တော်၏ ပရိသတ်ကို ပြောပြမည်။ ကျွန်တော်၏ ပရိသတ်ကို ကျွန်တော်နှင့်အတူ ဆွဲခေါ်သွားမည်။ ကျွန်တော်၏ အတွေ့အကြုံများကို မျှဝေခံစားမည်။

## အောင်မြင်မှုအတွက် အခြားဖော်မြူလာများ

### ၁ မှန်ကန်သည့်စိတ်သဘောထား

စ,စခြင်း အဆင်မပြေသည့်တိုင် ဆက်လက်ပြော ဆိုလိုသော ဆန္ဒရှိခြင်းသည် စကားပြောကောင်းသူတစ်ယောက် ဖြစ်လာရေးအတွက် အခြေခံကျသည့် အချက်တစ်ခုဖြစ်သည်။ မိယာမိ၌ ပထမဆုံး စကားပြောဆိုပြီး





နောက် ထိုသဘောထား ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ စကားပြောခွက်ကို မကြောက်တော့ပြီးနောက် ကျွန်တော့်၏ဘဝတွင်ကိစ္စ (၂) ခုကိုဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

(၁) ကျွန်တော်ဆက်လက်စကားပြောနေမည်။
(၂) ကျွန်တော်၏ စကားပြောနိုင်စွမ်းကို ကောင်းမွန်ရန် ကြိုးစားအားထုတ်မည်။

ကျွန်တော် ဘာလုပ်ခဲ့ပါသလဲ၊ အစစအရာရာ လုပ်သည်။ နံနက်ပိုင်း အသံလွှင့်မှုများကို လွှင့်ထုတ်သည်။ ရာသီဥတု သတင်းများကိုလည်း လွှင့်သည်။ ညနေပိုင်း အားကစားသတင်းများကိုလည်း လွှင့်သည်။ စီးပွားရေး သတင်းများကိုလည်း အစီရင်ခံသည်။ သတင်းများကိုလည်းတင်ပြသည်။ မိန့်ခွန်းများပြောသည်။ တစ်ယောက်ယောက် နေမကောင်း၍ အနားယူလိုလျှင် သူ့နေရာသို့ အစားထိုးဝင်ရောက်၍ နှစ်ခါအလုပ်လုပ်သည်။ ရသမျှ အခွင့်အရေးအားလုံးကို အမိအရချုပ်ကိုင်သည်။ ဖြစ်နိုင်သမျှ အများဆုံး အသံလွှင့်ရအောင် ကြိုးစားသည်။ ကျွန်တော်၏ အဓိက ရည်ရွယ်ချက်မှာ အသံလွှင့်သည့် လုပ်ငန်း၌ အောင်မြင်ရန်ဖြစ်သည်။ တက်ခ်ဝီလျံက သူလိုအပ်သည်ဟု ထင်သည့်အခါတိုင်း လေ့ကျင့်ခန်းများကို အပိုဆောင်း၍ထပ်လုပ်သည်။

သင်သည် စကားပြောသူ တစ်ယောက်အနေ ဖြင့် ဘောလုံးရိုက်သည့် လေ့ကျင့်ခန်းများကို ယူနိုင်သည်။ စာအုပ်များဖတ်ရုံသာမက သင်ကိုယ်တိုင် လုပ်နိုင်သည့် ကိစ္စများစွာရှိသည်။ မိမိ၏ အိမ်အနီးဝန်းကျင်၊ အခန်းဝန်းကျင်တွင် တစ်ယောက်တည်း ကျယ်ကျယ်လောင်လောင် စကားပြောနိုင်သည်။ ကျွန်တော်လည်း ထိုသို့ပြောဖူးခဲ့သည်။ မကြာခဏ မလုပ်သည့်တိုင် တစ်ခါတစ်ရံ လုပ်လေ့ရှိသည်။ ကျွန်တော်တစ်ယောက်တည်းနေသဖြင့် နောင်အသံလွှင့်သည့်အခါ ပြောမည့်စကားများကို ကြိုတင်ပြောလေ့ရှိသည်။ ထိုသို့ ပြောသည့်အတွက် မည်သို့မှ ရှက်ကြောက်စရာ အကြောင်းမရှိပေ။ အနီးနား၌ မည်သူမျှရှိမနေကြပေ။ တစ်ယောက်ထဲမနေလျှင်လည်း ထိုလေ့ကျင့်ခန်းကို လုပ်နိုင်သည်။ အိပ်ခန်းထဲ ဝင်ပြီးသော်လည်းကောင်း၊ မြေအောက်ခန်းထဲ ဆင်းပြီး သော်လည်းကောင်း၊ ကားမောင်းနေစဉ်အခါ၌ လည်းကောင်း ထိုလေ့ကျင့်ခန်းကို လုပ်နိုင်သည်။ ထို့ပြင် စကားပြော ပို၍ကောင်းလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com





သင့်အနေဖြင့် မှန်တစ်ချပ်ရှေ့၌ မှန်ထဲကအရိပ်နှင့် စကားပြောနိုင်သည်။ သူအများရှေ့တွင် စကားပြောရန် လေ့ကျင့်လိုသူများ ဤနည်းကို အများအားဖြင့် သုံးလေ့ရှိသည်။ သို့သော် ထိုနည်းကို လူအများရှေ့တွင် စကားပြောသည့်အခါ၌သာမဟုတ် နေ့စဉ်စကားပြောသည့် အခါ၌လည်း အသုံးပြုနိုင်သည်။ မှန်ထဲကအရိပ်ကိုကြည့်ပြီး စကားပြောခြင်းကြောင့် ထိုအရိပ်နှင့် မျက်နှာချင်းဆိုင်သည့် အလေ့အထကို ရရှိနိုင်သည်။

အခြားနည်းလမ်းတစ်ခုကို ဆက်ပြောပါဦးမည်။ ထိုသို့ပြောနေသည့်အခါ တော်ရုံအဖြူဝတ်ပြီး ပိုက်ကွန်ကိုင်ထားသည့်သူကို မလွှတ်လိုက်ပါနှင့်။ သင်၏ခွေးကို သော်လည်းကောင်း၊ ကြောင်ကိုသော်လည်းကောင်း၊ ငှက်ကိုသော်လည်းကောင်း၊ ရွှေငါးကိုလည်းကောင်း၊ စကားပြောနိုင်သည်။ အခြားသူများကို စကားပြောခြင်းထက် တိရိစ္ဆာန်များကို စကားပြောခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပြန်ပြောမည်ကိုလည်းကောင်း၊ ဖြတ်ပြောမည်ကိုလည်းကောင်း မည်သို့မျှ စိုးရိမ်စရာ အကြောင်းမရှိပေ။ စကားပြောလေ့ကျင့်လိုသည့်အပြင် စကားပြောကောင်းသူ တစ်ယောက်ဖြစ်ရန်အတွက် အခြားလိုအပ်ချက် (၂) ခုလည်းရှိသေးသည်။ ပထမတစ်ခုမှာ အခြားသူများကို နိုးနိုးသားသား စိတ်ပါဝင်စားမှုရှိရန်နှင့် ထိုသူများနှင့် ဆက်ဆံရာတွင် မိမိအကြောင်း ပွင့်ပွင့်လင်းလင်း ရှိရန်တို့ဖြစ်သည်။ CNN တွင်ညပိုင်း၌ ထုတ်လွှင့်လေ့ရှိသည့် ကျွန်တော်၏ အစီအစဉ်များကို ကြည့်ရှုသူများအနေဖြင့် ကျွန်တော်၏ ဧည့်သည်များကို စိတ်ပါဝင်စားမှုရှိကြောင်း ထင်ရှားသိသာသည်ဟု ကျွန်တော်ထင်သည်။ သူတို့၏ မျက်စိတည့်တည့်ကို ကျွန်တော် စိုက်ကြည့်လေ့ရှိသည်။ ထိုသို့မျက်စိကို စိုက်မကြည့်ခြင်းကြောင့်ပင် လူအတော်များများ အနေဖြင့် အောင်မြင်မှု မရကြခြင်းဖြစ်သည်။ ထိုအကြောင်းကို နောင်တွင်ဆွေးနွေးမည်။ ထို့နောက် ကျွန်တော်၏ ကုလားထိုင်ပေါ်မှ ရှေ့သို့ကုန်းလိုက်ပြီး ၎င်းတို့အကြောင်းကို မေးခွန်းတစ်ခု စ,မေးလေ့ရှိသည်။

ကျွန်တော်၏ တွေ့ဆုံခန်းများတွင် တွေ့ရသည့် သူအားလုံးကို သမ္မတမှအစ၊ အားကစားသမားများအလယ် အရုပ်များအဆုံး လေးစားစွာဆက်ဆံသည်။ သူတို့ကလည်း လေးစားကြသည်။ သူတို့ပြောသည့်အရာများကို စိတ်မဝင်စား၊ လေးစားမှုမရှိဟု ထင်သည့်သူများအပေါ် အောင်မြင်စွာပြောနိုင်မည်မဟုတ်ပေ။

တစ်ခါကပြောဖူးသည့် စကားတစ်ခုကို မှတ်မိနေသည်။ "လူတိုင်းသည် မလိမ်မိုးမလိမ်မာသူများချည်း ဖြစ်ကြသည်။ အကြောင်းအရာသာ ကွာခြားသည်" ဟူ၍ ဖြစ်သည်။ လူတစ်ဦးချင်းနှင့် စကားပြောသည့်အခါ၌လည်းကောင်း ပရိသတ် (၁၀) သန်းခန့်၏ရှေ့တွင် စကားပြောသည့်အခါ၌လည်းကောင်း၊ ထိုအချက်ကို မမေ့သင့်ပေ။ ထိုအချက်ကို ပြောင်းပြန်လှန်လိုက်လျှင် လူတိုင်းလူတိုင်းသည် တစ်စုံတစ်ရာတွင် ကျွမ်းကျင်လိမ္မာကြသူများဖြစ်သည်။ လူတိုင်းသည် အနည်းဆုံးအကြောင်း အရာတစ်ခုနှင့် ပတ်သက်၍ လိုလိုလားလားပြောဆိုချင်ကြသည်။

ထိုကျွမ်းကျင်လိမ္မာမှုကို လေးစားပါ။ မိမိ၏ သောတရှင်များအနေဖြင့် သူတို့ကို လေးစားမှုရှိမရှိ ပြောနိုင်သည်။ သူတို့ကို သင်က လေးစားကြောင်း ခံစားရလျှင် သင်ပြောသမျှကို တလေးတစား နားထောင်ကြမည်။ သူတို့ကို မလေးစားဟု ယူဆလျှင် သင်ပြောသမျှ လုပ်သမျှကို စိတ်ဝင်စားကြမည်မဟုတ်ပေ။

ကျွန်တော်၏ အောင်မြင်ရေးဖော်မြူလာထဲမှ ကျန်တစ်ခုမှာ မိမိအကြောင်းနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းရှိရန်ဖြစ်သည်။ အခြားသူများနှင့် စကားပြောသည့်အခါ မိမိနှင့်ပတ်သက်၍ ပွင့်လင်းမှုရှိရမည်။ ကျွန်တော် ပထမဆုံး အသံလွှင့်သည့်နေ့က ကျွန်တော်ကြောက်လန့်နေကြောင်း ပရိသတ်ကို ပွင့်ပွင့်လင်းလင်း ပြောပြသကဲ့သို့ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ လိုက်နာရမည့် **"ကိုယ်မကြိုက်သည့်အရာကို အခြားသူများကိုမလုပ်ပါနှင့်"** ဟုသည့် ရွှေစည်းမျဉ်းသည် စကားပြောသည့်ကိစ္စနှင့်လည်း ပတ်သက်သည်။ မိမိ၏ စကားပြောဖက်များက မိမိအပေါ် ရိုးသားမှု ပွင့်လင်းမှုရှိစေချင်သကဲ့သို့ မိမိကလည်း သူတို့အပေါ် ရိုးသားမှု ပွင့်လင်းမှုရှိရန် လိုအပ်သည်။

ထိုသို့ဆိုသဖြင့် မိမိအကြောင်း အစစအရာရာ ပြောပြရန်၊ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များ ထုတ်ဖော်ရန်မဆိုလိုပေ။ သင့်အိမ်နီးချင်း၏ အသည်းထဲက ကျောက်အကြောင်း သင်ကြားချင်ပါသလား?။ သင့်လုပ်ဖော်ကိုင်ဖက်၏ သူ့ယောက္ခမနှင့် ရှုံးပိတ်ရက်တွေ့ဆုံမှုကို သင်စိတ်ဝင်စားပါသလား?။ စိတ်ဝင်စားမည် မဟုတ်ပေ။ သူတို့စိတ်ဝင်စားစရာ မဟုတ်သည့် သင်၏ ကိစ္စမျိုးကို စကားပြောရာ၌ အသုံးမပြုပါနှင့်။

တစ်ချိန်တည်း၌ပင် အခြားသူတစ်ယောက်ထံမှ သင်သိချင်သည့် ကိစ္စမျိုးကို ထုတ်ဖော်ပြောလိုစိတ်ရှိရမည်။ သင်၏နောက်ခံသမိုင်း၊ သင်၏ အတွေ့အကြုံ၊ စိတ်နှစ်သက်မှု၊ သင်၏ဝါသနာ သင်မကြိုက်သောအရာများတို့ကို ပြော





www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် စကားပြောဆိုရာတွင် အပေးအယူသဘောမျိုး ဆောင်သွားသည်။ ဤနည်းအားဖြင့် လူတွေအကြောင်းကို ကျွန်တော်တို့သိနိုင်သည်။

ဗီလ်တင်နှင့် ဂစ်ဖို့တို့သည်သူတို့၏ ဧည့်သည်များကို ဧည့်ခံစကားပြောရာ၌ ပွင့်လင်းမှုရှိသည့် စံပြများဖြစ်ကြသည်။ အခန်းထဲသို့ သက်သောင့်သက်သာ သဘာဝကျကျ ဝင်လာသည်။ သူတို့အကြောင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များထုတ်ဖော်ရန် ဝန်မလေးပေ။ ပြောဆိုမည့် အကြောင်းအရာကို အာရုံစိုက်မနေဘဲ သူတို့ဖာသာသူတို့ လွတ်လွတ်လပ်လပ် နေကြသည်။ တစ်စုံတစ်ခုကို ဖုံးကွယ်ရန်ကြိုးစားခြင်း မပြုကြပေ။ သူတို့၏ ဇာတ်လမ်းကသော်သည်းကောင်း၊ ဧည့်သည်တို့ကသော်လည်းကောင်း စိတ်လှုပ်ရှားစရာ တစ်ခုခုဖြစ်အောင်လုပ်လျှင် စိတ်လှုပ်ရှားကြောင်းကိုလည်း ထုတ်ဖော်ပြသရန် မရှက်မကြောက်ကြပေ။ စိတ်လှုပ်ရှားစရာ ကိစ္စတစ်ခုနှင့် ပတ်သက်၍ စိတ်လှုပ်ရှားခြင်းသည် မှားယွင်းမှုမရှိဟု လက်ခံထားသည်။ ဝမ်းနည်းစရာကိစ္စ ကြောက်စရာကိစ္စ၊ ဧည့်သည်တို့ပြောသည့် မည်သည့်ကိစ္စမဆို စိတ်ရောကိုယ်ပါ ခံစားကြရသည်။ စတူဒီယိုထဲ ၌ရှိနေသည့် ပရိသတ်များ၊ အိမ်၌ရှိနေသည့် ပရိသတ်များတလည်း ထိုကိစ္စကိုမြင်ပြီး ပွင့်လင်းမှု၊ မလိမ်မညာမှုတို့ကို နားလည်လက်ခံကြသည်၊

မိနစ်အနည်းငယ်ထက်ပို၍ ကျွန်တော်တွေ့ဆုံခဲ့သည့်သူ အားလုံးက ကျွန်တော်နှင့်ပတ်သက်၍ ကိစ္စ (၂) ခုကိုသိကြသည်။ ၎င်းတို့မှာ- ကျွန်တော်သည် ဘုရားကလင်းမှဖြစ်ကြောင်းနှင့် ကျွန်တော်သည် ဂျူးလူမျိုးတစ်ယောက်ဖြစ်ကြောင်းတို့ဖြစ်သည်။

ထိုအကြောင်းများကို သူတို့ မည်သို့သိကြသလဲ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်နှင့် ဆက်ဆံရသည့်သူများကို ကျွန်တော်၏ နောက်ခံသမိုင်းအကြောင်း ပြောပြ၍ဖြစ်သည်။ ကျွန်တော်၏ နောက်ခံသမိုင်းသည် ကျွန်တော်၏ တစိတ်တဒေသပင်ဖြစ်သည်။ ဂျူးလူမျိုးဖြစ်ရခြင်းအတွက်လည်းကောင်း၊ ဘုရားကလင်းမှ တက်လာသည့်သူ ဖြစ်ခြင်းအတွက်လည်းကောင်း ကျွန်တော်ဂုဏ်ယူသည်။ ကျွန်တော်၏ စကားပြောဆိုမှုများအတွက် ကျွန်တော်၏ နောက်ခံသမိုင်းနှင့် ပတ်သက်၍ ရည်ညွှန်းကိုးကားမှုများ ကြားညှပ်ပါဝင်နေသည်ကိုတွေ့ရမည်။

ကျွန်တော်၏ အတွေ့အကြုံများကို အခြားသူများနှင့် ပြောဆိုရန် ဝါသနာပါသည်။ အကယ်၍ကျွန်တော်သည် စကားထစ်သည့်သူဖြစ်လျှင်





ကျွန်တော်စကားပြောဆိုနေသည့်သူကို ထိုအကြောင်းပြောပြမည်။

“ တျ. . . တျ. . . ကျွန်တော် ခင်ဗျားကို တွေ . . တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်နာမည်ဟာ လယ်. . လယ်. . လယ်ရီကင်းပါ၊ ကျွန်တော့်မှာ စကား ထစ်. . ထစ်. . ထစ်တဲ့ ပြဿနာရှိပါတယ်၊ ဒါပေမယ့် ဒီ. . ဒီအကြောင်းကို ခင်ဗျားကိုပြောပြရတာ ဝမ်းသာပါတယ်” ဟုပြောမည်။

ယခုအခါ သင့်အနေဖြင့် ပွင့်ပွင့်လင်းလင်း ရှိသွားပြီ။ ထိုအခါ အခြားသူကို စကားပြောရာ၌ ကြောက်ရွံ့နေစရာမလိုတော့ပေ။ သင်၏ အခြေအနေကို မျှဝေပြီးဖြစ်သွားပြီ။ ယခု မမျှဝေလျှင်လည်းအနေးနှင့် အမြန်ဆိုသလို သူတို့သဘောပေါက်သွားကြမည် ဖြစ်သည်။ သူတို့ သဘောမပေါက်ခင် သင်ကကြိုတင်ပြီး ရှင်းခြင်းဖြစ်သည်။ ထို့ကြောင့်မည်သို့မျှ ဟန်ဆောင်နေစရာအကြောင်းမရှိတော့ပေ။ နှစ်ဦးနှစ်ဖက် ပျော်ပျော်ရွှင်ရွှင် ပြောဆိုကြရန်သာရှိသည်။ ထိုသို့ပြောဆိုခြင်းကြောင့် စကားထစ်သည့်ကိစ္စကို မဖြေရှင်းနိုင်သော်လည်း စကားပြောကောင်း သူတစ်ယောက်ဖြစ်နိုင်ရမည်။ မိမိနှင့် စကားပြောဆိုနေသည့်သူ၏ လေးစားမှုကိုရရှိနိုင်သည်။

အဆိုတော် မဲလ်တဲလစ်က ဤနည်းကို ကျင့်သုံးခဲ့သည်။ သူသည် သီချင်းဆိုရာ၌ အောင်မြင်ခဲ့သူဖြစ်ပြီး တွေ့ဆုံမေးမြန်းမှုများ၌လည်း ချစ်စရာကောင်းသည့် ဧည့်သည်တစ်ယောက်ဖြစ်သည်။ သို့သော်သူသည် သီချင်းသီဆိုရာ၌ စကားမထစ်သော်လည်း စကားပြောသည့်အခါ၌ စကားထစ်သည်။ စကားထစ်သည့် ကိစ္စကြောင့် အနှောက်အယှက် အဖြစ်မခံဘဲ အစကတည်းကသူသည် စကားထစ်ကြောင်းပြောသည်။ ဟာသလုပ်တတ်သည်။ သူကိုယ်တိုင်လည်း သက်တောင့်သက်သာ ဖြစ်နေသဖြင့် သင့်ကိုလည်း သက်တောင့်သက်သာဖြစ်အောင် လုပ်နိုင်သည်။

ဖလော်ရီဒါ၌ ပြုလုပ်သော ကျွန်တော်၏ အသံလွှင့်ပြဇာတ်တစ်ခုတွင် နားလည်ရန်ခက်လောက်အောင် စကားပြောသူတစ်ယောက်နှင့် တွေ့ကြုံခဲ့သည်။ သို့သော် သူက ကျွန်တော်နှင့်သူ့အကြောင်း စကားပြောရခြင်းကို ပျော်ရွှင်သည်။ သူသည် သန်းကြွယ်သူဌေးဖြစ်သည်။ သို့သော် သူ့ကိုလူအများဘမ္ ဒုက္ခိတဟု မြင်ကြမည်။ သန်းကြွယ်သူဌေးဖြစ်ရန် မည်သို့ဆောင်ရွက်ခဲ့သည် ထင်ပါသနည်း။ သူသည် အရောင်းသမားတစ်ယောက် ဖြစ်သည်။ သူချဉ်းကပ်သူအားလုံးကို ဟန်ဆောင်မှုမရှိ၊ သူစကားပြောဆိုရာတွင် ရယ်စရာဖြစ်နေသည့်ကိစ္စကို ဖုံးကွယ်ခြင်းမရှိဘဲ ချဉ်းကပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အခြေအနေကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲခြင်း အခြားသူများနှင့်လည်း လိုက်လျောညီထွေဖြစ်စေရန် အကူအညီပေးခြင်းတို့ကြောင့် သူသည်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

◆



စကားစတင်ပြောဆိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

## စကားစတင်ပြောဆိုခြင်း

### လူစိမ်းများနှင့်စကားပြောဆိုခြင်း

- မိမိ၏ရှက်တတ်မှု၊ သူတပါး၏ ရှက်တတ်မှုကို ကျော်လွှားခြင်း
- စတင်ပြောဆိုခြင်း၊
- ရှောင်ကျဉ်ရမည့် မေးခွန်းများ
- စကားပြောဆိုရာတွင် လိုက်နာရမည့် ပထမဆုံး ဥပဒေသ
- တိုယ်ဟန်အမူအရာ
- ရှောင်ရန်ရှိပါသေးသလား

လူမှုရေးအရ ပြောဆိုရာ၌ဖြစ်စေ၊ လုပ်ငန်းနယ်ပယ်တွင်ပြောဆိုရာ၌ဖြစ်စေ၊ မည်သည့်နေရာတွင် ဖြစ်စေ၊ စကားပြောဆိုရာ၌ ပထမဆုံး သတိထားရမည့်ကိစ္စမှာ အခြားသူများ သက်တောင့်သက်သာရှိနေစေရေး ဖြစ်သည်။ ကျွန်တော်တို့ အများစုသည် ရှက်တတ်ကြသည်။ ကျွန်တော်ပြောတာကိုယုံပါ။ ကျွန်တော်လည်း ရှက်တတ်သည်။ ဘရုကလင်းမှ မြို့ပေါ်တတ်လာသည့် မျက်မှန်တပ်ထားသော ကျူးလူငယ်တစ်ယောက်ဖြစ်သည့် ကျွန်တော်သည်လည်း ရှက်တတ်သည်။ ကျွန်တော်တို့ အားလုံးရှက်တတ်ကြသည်။ အနည်းဆုံး ယခင်က မတွေ့ဖူးသည့် လူစိမ်းတစ်ယောက်ယောက်နှင့် တွေ့ဆုံပြောဆိုသည့်အခါ၌လည်းကောင်း၊ အများပြည်သူရှေ့တွင် ပထမဆုံးအကြိမ် ပြောဆိုသည့်အခါ၌လည်းကောင်း ရှက်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရှက်အကြောက်ကို ဖယ်ရှားရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ မိမိနှင့် စကားပြောဆိုနေ သည့်သူသည်လည်း မိမိနှင့်အလားတူ ပူဆုံနှစ်ဖက်ကြား ခေါင်းပေါက်သည့်သူဖြစ်ကြောင်း မိမိကိုယ်မိမိ သတိပေးနေရန်ပင်ဖြစ်သည်။ ဤစကားသည် ဟောင်းနွမ်းနေသည့် ဆိုရိုးစကားတစ်ခုဖြစ်သည်။ သို့သော်လည်း ဆိုရိုးစကားအများစု ကဲ့သို့ပင် မှန်ကန်နေဆဲဖြစ်သည်။ မှန်ကန်နေဆဲဖြစ်၍ပင် ဟောင်းနွမ်းနေသော ဆိုရိုးစကားတစ်ခု ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထိုဆိုရိုးစကားအရ ကျွန်တော်တို့အားလုံးသည် လူသားများဖြစ်ကြသည်။ တက္ကသိုလ်မှ လေးဘွဲ့ရ ပါမောက္ခတစ်ယောက်နှင့် လည်းကောင်း၊ တစ်နာရီလျှင် မိုင်တစ်သောင်းရှစ်ထောင်နှုန်းဖြင့် အာကာသထဲသို့ ပျံသန်းခဲ့သည့် အာကာသယာဉ်မှူးတစ်ယောက်နှင့် လည်းကောင်း၊ မိမိပြည်နယ်၏ အုပ်ချုပ်ရေးအရာရှိအဖြစ် အရွေးချယ်ခံရသည့်သူနှင့်လည်းကောင်း စကားပြောဆိုရသည့်အတွက် ရှက်စရာ၊ ကြောက်စရာ မလိုအပ်ပေ။

ဤအချက်ကို သတိထားပါ။ သင်နှင့် စကားပြောဆိုနေသည့်သူများက သူတို့နှင့် စကားပြောဆိုရသည်ကို ကျေနပ်သည့် သူတစ်ယောက်အနေဖြင့် သင့်ကိုယ်သင်ထုတ်ဖော်ပြသလျှင် သူတို့သည် လိုလိုလားလား ပြောဆိုကြလိမ့်မည်။ သူတို့နှင့်တန်းတူဟု သဘောထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ သူတို့စကားပြောဆိုသည်ကို လိုလိုလားလား နားထောင်သူနှင့် တွေ့ရလျှင်သူတို့လည်း ကျေနပ်ကြလိမ့်မည်။

ကျွန်တော်တို့အားလုံးသည် အစဉ် အတူတူဖြစ်သည်ကို စိတ်ထဲ၌ထားပါ။ လူအချို့သာလျှင် မွေးကတည်းက ကြွယ်ဝချမ်းသာခြင်း၊ ဩဇာအာဏာရှိခြင်းတို့ ရှိကြသည်။ ကနေဒီ၊ ရော့ခ်ဖဲလားနှင့် အချို့မိသားစုများက မွေးကတည်းက ချမ်းသာကြ၊ ဩဇာအာဏာရှိကြသည်။ ကျွန်တော်တို့ အများစုအနေဖြင့် လူလတ်တန်းစား မိသားစုများ၊ ဝင်ငွေနည်းမိသားစုများမှ မွေးဖွားလာသည့် ကလေးများဖြစ်ကြသည်။ တက္ကသိုလ်စရိတ်ရရန်အတွက် အချိန်ပိုင်းအလုပ်လုပ်ခြင်း၊ စောစောစီးစီး အလုပ်ထဲဝင်ရခြင်းတို့ကို တွေ့ကြုံရနိုင်သည်။ ကျွန်တော်တို့အနေဖြင့် သူတို့လောက် ကြွယ်ဝချမ်းသာမှု မရှိခြင်း၊ နာမည်မကြီးခြင်းရှိနိုင်သလို သူတို့လည်း ကျွန်တော်တို့နယ်ပယ်တွင် အောင်မြင်မှု မရှိခြင်းဖြစ်နိုင်သည်။ သူတို့နှင့် ကျွန်တော်တို့နောက်ခံသမိုင်း တူကောင်းတူနိုင်သည်။ သို့ဖြစ်ပါ၍ သူတို့ထက် နိမ့်ကျသည်ဟု စိုးရိမ်စရာ၊ အားငယ်စရာမရှိပေ။ မိမိ





ပြောနေသည်သူကဲ့သို့ပင် မိမိသည်လည်း ထိုအခန်းထဲ၌ ရှိနေသည့် လူတစ်ယောက်သာဖြစ်သည်။

မိမိနှင့်စကားပြောဆိုနေသည့် သူသည်လည်း မိမိကဲ့သို့ပင် ရှက်တတ်၊ ကြောက်တတ်သည့်သူ တစ်ယောက်ဖြစ်ကြောင်းသိလျှင် သင်မရှက်တတ်ရန် အထောက်အကူ ဖြစ်နိုင်သည်။ ကျွန်တော်တို့အများစုသည် ရှက်တတ်သည့်သူများ ဖြစ်ကြသည်။ ဤသို့ရှက် တတ်သည့်သူများဖြစ်သည့် အကြောင်းကို သတိပေးခြင်းအားဖြင့် မိမိ၏အရှက်တရားများ လျော့ပါးသွားနိုင်သည်။

တစ်ခါတစ်ရံ မိမိထက်အများကြီး ရှက်တတ်သည့်လူတစ်ယောက်ကို တွေ့ရမည်။ ဒုတိယကမ္ဘာစစ်အတွင်း ရန်သူလေယာဉ်ပျံ ငါးစီးထက်မက ပစ်ချခဲ့ဖူးသည့် လေသူရဲတစ်ဦးကို တွေ့ဖူးသည်။

ထိုကဲ့သို့သော လေသူရဲများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့အစည်းတစ်ခုရှိသည်။ ထိုအဖွဲ့ကို Aces ဟုခေါ်သည်။ ထိုအဖွဲ့အမေရိကန်ပြည်ထောင်စု၌သာမဟုတ် ဂျာမနီ၊ ဂျပန်၊ ဗီယက်နမ်နှင့် အခြားနိုင်ငံများ၌လည်း အဖွဲ့ခွဲများရှိသည်။

ထိုအဖွဲ့ခွဲများအားလုံးက ၁၉၆၀ ပြည့်လွန်နှစ်များတွင် မီယာမီ၌တွေ့ဆုံ ကြသည့်အခါ အပြန်အလှန် အသံလွှင့်ရေးစနစ် MBS ၏ ဌာနခွဲတစ်ခုဖြစ်သော WIOD အသံလွှင့်ရုံ၌ ညစဉ်အသံလွှင့်ခွင့်ရသည်။ မီယာမီဟယ်ရာဒ်သတင်းစာက မီယာမီ၌နေသည့် လေသူရဲဟောင်းတစ်ဦးနှင့် တွေ့ဆုံစေသည်။ ထိုသူသည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်လေယာဉ် (၇) စီးကို ပစ်ချခဲ့ပြီး ယခုအခါ၌ စတော့ဈေးနှုန်းများ စီစစ်သုံးသပ်သည့်သူ လုပ်လျက်ရှိသည်။ သတင်းစာက ကျွန်တော့်ကို ထိုသူနှင့်ကျွန်တော်၏ ထုတ်လုပ်သူတွေ့ဆုံကာ အသံလွှင့်ရန် အကြံပြုကြသည်။ ထိုသူ၏ဇာတ်လမ်းကိုပါ ထည့်သွင်းမည်ဟု ဆိုကြသည်။

ထိုသူနှင့်အသံလွှင့်မည်ကို ကြိုတင်၍စီစဉ်ထားကြသည်။ အသံလွှင့်မည် စီစဉ်ထားသည့် အချိန်မှာ (၁၁) နာရီမှ (၁၂) နာရီအထိဖြစ်သည်။ သတင်းစာက သတင်းထောက်တစ်ယောက်နှင့် ဓာတ်ပုံဆရာ တစ်ယောက်ကို လွှတ်မည်ဟုဆိုသည်။

စတူဒီယိုခန်းမထဲသို့ သူရောက်လာသည့်အခါ သူ့ကို လက်အစ်နှုတ်ဆက်သည်။ ထိုအချိန်တွင် သူ့လက်တွေ ချွေးများထွက်နေပြီး ပြန်၍ နှုတ်ဆက်စကားပြောသံကို မကြားရ။ သူ့အနေဖြင့် အလွန်စိတ်လှုပ်ရှားတုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ မှန်ပါသည်။ ဤသူအနေဖြင့် လေယာဉ်ပျံတစ်စီးကို ပျံသန်းနိုင်သည့် အခြေအနေ၌ လုံးဝမရှိ။

(၅) မိနစ်ခန့် သတင်းများလွှင့်ပြီးသည့်နောက် (၁၂) နာရီ (၅) မိနစ် အချိန်တွင် အေ့စ်ဆက်စ်အသင်း၏ နောက်ခံသမိုင်းကို တင်ပြသည်။ ထို့နောက် ကျွန်တော်ကသူ့ကို ပထမဆုံး မေးခွန်းမေးသည်။

"ခင်ဗျားဘာဖြစ်လို့ လေသူရဲတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တာလဲ"

"ကျွန်တော်မသိဘူး"

"ခင်ဗျား လေယာဉ်မောင်းရတာကို သဘောကျလို့လား"

"ဟုတ်ကဲ့"

"ခင်ဗျား ဘာဖြစ်လို့ လေယာဉ်မောင်းရတာကို သဘောကျရတာလဲ"

"မသိဘူး"

တခြားမေးခွန်းအချို့ကို ထပ်မံမေးသည်။ ထိုသူ၏ အဖြေမှာ ဟုတ်တယ်၊ မဟုတ်ဘူး၊ သိတယ်၊ မသိဘူး ဟူ၍မျှသာဖြစ်သည်။ ထိုထက်မပို။

စတူဒီယို ခန်းမထဲရှိနာရီကို မော့ကြည့်လိုက်သည်။ အချိန်မှာ (၁၁) နာရီ (၈) မိနစ်သာရှိပြီး ပြောစရာဆိုစရာကုန်နေပြီ။ ထိုသူ့ကိုဘာမျှ ဆက်လက်မေးမြန်းစရာ မရှိတော့ပေ။ သူသည် သေလုမတတ် အမှန်တကယ်ပင် ကြောက်လန့် တုန်လှုပ်နေခြင်းဖြစ်သည်။ သတင်းစာလည်း အရှက်တကွဲ ဖြစ်တော့မည်။ ကျွန်တော်လည်း နာမည်ပျက်တော့မည်။ လူတိုင်းက ထိုအတွေး ကို ပင်တွေးနေကြသည်။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ နောက်ထပ်မိနစ် (၅၀) ကျန်နေသေးသည်။ မီယာမီ၌ ရှိသည့် သောတရှင်များသည် စတ္တုန့် အနည်းငယ်အတွင်း ရေဒီယိုများကို ပိတ်ပစ်ကြတော့မည်။

ဤနေရာ၌ ကျွန်တော်၏ ဗီဇအတိုင်း ဆက်လက်ဆောင်ရွက်သည်။ ကျွန်တော်က သူ့ကိုမေးလိုက်သည်။ "တကယ်လို့ ကျွန်တော်တို့ခေါင်းပေါ်မှာ ရန်သူလေယာဉ်ပျံ (၅) စီးရှိနေတယ်၊ အသံလွှင့်ရုံဘေးမှာ လေယာဉ်ပျံတစ်စီး ရပ်ထားတယ်ဆိုရင် ခင်ဗျား အဲဒီလေယာဉ်ပေါ်တက်မှာလား" ဟု မေးလိုက်သည်။

"တက်မှာပေါ့"

"အဲဒီလို အချိန်မှာ ခင်ဗျားစိတ်လှုပ်ရှားနေမှာလား"

"ဘယ်လှုပ်ရှားလိမ့်မလဲ"



"ဒါဆိုရင် အခုခင်ဗျား ဘာဖြစ်လို့ စိတ်လှုပ်ရှားနေတာလဲ"

"အခု ဘယ်သူတွေ နားထောင်နေလဲဆိုတာ ကျွန်တော်မှမသိတာ ကျွန်တော်ကြောက်တာပေါ့"

ထို့နောက် ကျွန်တော်ဆက်မေးသည်။

"အဲဒီတော့ ခင်ဗျားကြောက်တယ်ဆိုတာဟာ ဘယ်သူတွေမှန်းမသိလို့ ကြောက်တာပေါ့"

ထို့နောက်ကျွန်တော်တို့ လေကြောင်းတိုက်ပွဲများအကြောင်းကို ဆက်မပြောကြဘဲ အကြောက်တရား အကြောင်းကို ဆက်လက်ဆွေးနွေးကြ သည်။ ထိုအခါသူ၏ အကြောက်တရားများ ပျောက်ကွယ်သွားသည်၊ (၁၀) မိနစ်အတွင်း၌ပင် သူသည် သူရဲကောင်းဖြစ်လာသည်။ လေယာဉ်ပျံသန်းသည့် အကြောင်းကို ပြောသည့်အခါ ပြဿနာမရှိပါ။ စိတ်တက်ကြွစွာပြောပြသည်။

"ကျွန်တော်ရဲ့ လေယာဉ်ပျံနဲ့ တိမ်တွေကို ထိုးဖောက်လိုက်တယ် ကျွန်တော့်ညာဖက်ကို စောင်းကြည့်လိုက်တဲ့အခါ လေယာဉ်ပျံရဲ့တောင်ပံထော တောက်ပနေတယ်" စသည်ဖြင့် စိတ်တက်ကြွစွာပြောပြသည်။

ဤသို့ဖြင့် သန်းခေါင်ကျော်သွားပြီး သူ့အနေဖြင့် ဆက်၍ပြောကောင်း သဖြင့် ပြောနေဆဲဖြစ်သည်။

ဒုတိယကမ္ဘာစစ် သူရဲကောင်းအနေဖြင့် သူ၏ အကြောက်တရားကို ကျော်လွှားနိုင်သည့်အခါ စကားပြောကောင်းသူတစ်ယောက် ဖြစ်လာသည်၊ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သွားပြီး သူ့အသံနှင့်သူ ရင်းနှီးသွားသည်။ သူ၏အတိတ်ကအကြောင်းကို ပြန်ပြောနေသည့် အစပိုင်း၌ ကျွန်တော်ကသူ့ကို ဘယ်အကြောင်းမေးမည်ကို သူမသိပေ၊ ရှေ့တွင်ဘာတွေ ရင်ဆိုင်ရမည်ကိုလည်း သူမသိပေ။ ထို့ကြောင့် သူကြောက်လန့်နေခြင်းဖြစ် သည်။

ကျွန်တော်က ယခုလောလောဆယ်အကြောင်း ပစ္စုပ္ပန်အကြောင်း စတင်ပြောသည့်အခါ သူ့အတွက် ကြောက်စရာမရှိတော့ပေ၊ လောလောဆယ် စတူဒီယိုထဲ ၌ သူဘယ်လိုခံစားနေရသည်ကို ပြောပြနေသည်၊ ထိုသို့ ပြောနေသည့်အခါ အကြောက်တရား မရှိတော့ပေ၊ မိမိ ကိုယ်မိမိ ယုံကြည်မှု စိတ်ချမှုတို့သည် သာမန်အခြေ အနေအတိုင်း ပြန်ဖြစ်လာကြသည်။ ထိုအခြေ အနေ ရောက်သည့်အခါကျမှ ကျွန်တော်ကသူ၏ အတိတ်အကြောင်းကို ပြန်၍ ပြောခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သင့်အနေဖြင့် အခြားတစ်ယောက်ယောက်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံစကားပြောသည့်အခါ ဤနည်းကို အသုံးပြုနိုင်သည်။ မည်သို့သုံးမည်နည်း၊ ဤသို့ပြောရလျှင် သူသက်တောင့်သက်သာရှိမည့်ကိစ္စက စ၍ပြီးပြောနိုင်းပါ၊ သူတို့အကြောင်းကို ပြောနိုင်းပါ။ သူတို့အကြောင်းကို ပြောနိုင်းခြင်းဖြင့် ပြောစရာတစ်ခုရလာမည်။ မိမိ၏ စကားပြောဖက်ကလည်း မိမိကိုစကားပြောတောင်းသည် ဟုထင်လာသည်။ အဘယ့်ကြောင့်နည်း။ လူအများသည် သူတို့အကြောင်းကို ပြောချင်ကြသည်။

ကျွန်တော်စကား တစ်ခုတည်းနှင့် အတည်မမှတ်ပါနှင့်။ ဗြိတိသျှခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်ဒစ်ရေလီကလည်း အလားတူအကြံဉာဏ်မျိုးကို ပေးခဲ့ဘူးသည်။ “လူတွေကို သူတို့ရဲ့ အကြောင်းကိုပြောပြပါ။ သူတို့အကြောင်းပြောပြရင် သူတို့ဟာ နာရီပေါင်းများစွာ နားထောင်ကြလိမ့်မည်” ဟု ပြောပြဘူးသည်။

## ၁ အပွင့်များ

သင်သည် ပါတီတစ်ခု၌ ရောက်နေလျှင်သော် လည်းကောင်း၊ ညစာစားပွဲတစ်ခု၌သော် လည်းကောင်း၊ သို့မဟုတ် အလုပ်သစ်တစ်ခု၏ ပထမနေ့၌သော်လည်းကောင်း အိမ်နီးချင်းသစ်များနှင့် တွေ့သည့်အခါ၌သော် လည်းကောင်း သန်းပေါင်းများစွာသော အခြေအနေ အမျိုးမျိုး၌ စကားစတင်ပြောဆိုနိုင်သည့် အကြောင်းအရာပေါင်းများစွာရှိသည်။

၁၉၉၄ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲကာလက သင်တွေ့ဆုံ စကားပြောမည့်သူသည် အင်္ဂလိပ်မှ ဆင်းလာသည့်သူမဟုတ်လျှင် ပြောစရာအကြောင်းတွေ အများကြီးရှိသည်။ မတ်တိန်းက တစ်ခါက ညည်းတွားခဲ့ဘူးသည်။ “လူတိုင်းသည် ရာသီဥတုအကြောင်းကို ပြောကြသည်၊ ထိုအကြောင်းနှင့်ပတ်သတ်၍ ဘာမျှမလုပ်ကြ” ဟုပြောသည်။ သို့သော်လက်တွေ့၌ ရာသီဥတုအကြောင်းသည် မည်သည့်အခါ မျှ ပစ်မလွှဲသည့် အကြောင်းအရာတစ်ခုဖြစ်ပြီး စကားတစ်ခု စတင်ပြောဆိုရန်အတွက် လုံးဝဥဿုံ စိတ်ချရသော အကြောင်းအရာလည်းဖြစ်သည်။ အထူးသဖြင့် အခြားသူ၏အကြောင်းတို လုံးဝဘာမျှ မသိသည့်အခါတွင် စကားစရန် အကောင်းဆုံးအကြောင်းအရာ





ဖြစ်သည်။ ရေလွှမ်းမိုးမှုများ၊ လျှော်လှုပ်မှုများ၊ သစ်တောမီးလောင်မှုများ မြေပြိုမှုများ၊ ဆီးနှင်းများ၊ ရေခဲများအားလုံးသည် စကားအဖွင့်တွင် အသုံးပြုစရာ အကြောင်းအရာများဖြစ်သည်။

ဒုဗလျူစီဖီးလ်က တိရိစ္ဆာန်များနှင့် ကလေးများ ကိုမုန်းသည့်သူများအားလုံးသည် သိပ်ပြီးမဆိုးလှပါဟုပြောသော်လည်း လူအများစုသည် တိရိစ္ဆာန်များရော ကလေးများကိုရောချစ်ကြသည်။ အများအားဖြင့် သူတို့မှာ တိရိစ္ဆာန်များရော ကလေးများရောရှိကြသည်။ မိမိနှင့် တွေ့ဆုံကြသောသူ၌ ကလေးသော်လည်းကောင်း ၊ ခွေးသော်လည်းကောင်းရှိသည်ကို သိရလျှင် ထိုကလေးများ အကြောင်း၊ ခွေးများအကြောင်းကို သက်တောင့်သက်သာပြောနိုင်သည်။

ဒုတိယသမ္မတအယ်လ်ဂိုးလ်ကို ရုပ်မြင်သံကြား၌ တွေ့ရသည့်အခါ တင်းတင်းမာမာရှိသည်ဟု မြင်ကြသည်။ ကျွန်တော်ကမူ ထိုသို့မမြင်ပေ။ သူကိုတက်ကြွ စိတ်အားထက်သန်သည့်သူဟု မြင်သည်။ သူ့ကိုတင်းမာခက်ထန်သည်ဟု မြင်သူများပင်လျှင် သူငယ်ငယ် ကျောင်းသားဘဝတ အကြောင်းများ၊ သူ့အဖေ တက်နက်ဆီပြည်နယ်က ဆီနိတ်တာအမတ် ဖြစ်စဉ်က အကြောင်းများကို ပြန်မေးကြည့်လျှင် သူသည် တက်ကြွစိတ်အားထက်သန်သည့် သူတစ်ယောက်အဖြစ် မြင်ကြလိမ့်မည်။ သူကလေးများအကြောင်းတို ပြောကြည့်ပါ။ ထိုအခါ သူသည် ရင်းနှီးနွေးထွေးစွာရှိပြီး အလွန်လူသားဆန်သည့် အယ်လ်ဂိုးဖြစ်နေသည်ကို တွေ့ရမည်။

ထိုအကြောင်းအရာများကို ပြောခြင်းဖြင့် ဒုတိယသမ္မတနှင့် အောင်အောင်မြင်မြင် စကားစတင်နိုင်သည်။ သူနှင့်စကားပြောဆိုရာတွင် အချိန်အများကြီးပြောနိုင်သည့် နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများရှိသည်။ သို့သော် သူနှင့်အရင်းနှီးဆုံး အကြောင်းအရာက စတင်ပြောဆိုခြင်းအားဖြင့် သူသည် ပို၍ရင်းရင်းနှီးနှီး ဖြစ်လာမည်။ အခြားသူများလည်း ထိုအတူပင်ဖြစ်သည်။

သင်သည် ပါတီပွဲတစ်ခု၌ ရောက်နေသည့်အခါ ထိုပါတီပွဲကပင်လျှင် စကားပြောစရာ အကြောင်းတစ်ခုဖြစ်သည်။ ကျွန်တော်မိတ်ဆွေ သူငယ်ချင်းများ ကျွန်တော့် အတွက်အသက် (၆၀) ပြည့် မွေးနေ့အခမ်းအနား ကျင်းပသည့်အခါ သူတို့က ထိုမွေးနေ့ကို လယ်ရီကင်းရဲ့ (၁၀) နှစ်မြောက်မွေးနေ့အကြိမ် (၁၀) မြောက်ဟုခေါ်ပြီး (၁၉၄၀) ပြည့်လွန်နှစ်များက ဘရုကလင်အကြောင်း ရေးဖွဲ့ထားသည့် သီချင်းတစ်ပုဒ်ကို ဆိုကြသည်။ ထို ညတ စားဝိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လွမ်းစရာ အကြောင်းအရာများကို ပြောကြသည်။ တစ်ခါတစ်ရံ၌ နောက်ခံအခြေအနေက စကားပြော၍ကောင်းသော အခြေအနေမျိုးကို ဖြစ်စေနိုင်သည်။ ထိုညက ပါတီပွဲကို အိမ်ဖြူတော်၏တစ်ဖက်ရှိ သမိုင်းဝင် ဒီကေတာ ယောက်(စ်) ၌ ကျင်းပရာ ထိုအကြောင်းအရာကိုလည်း လူအများက စိတ်ဝင်စားစွာ ဆွေးနွေးနေသည်ကိုလည်းတွေ့ရသည်။

အကယ်၍သင်သည် အခြားတစ်ယောက်၏ အိမ်၌ သို့မဟုတ် ရုံး၌ ပါတီပွဲသွား၍တက်ခဲ့လျှင် ပရိဘောဂများ၊ အမှတ်တရပစ္စည်းများ အကြောင်းကို အိမ်ရှင်က စိတ်လိုလက်ရ ပြောပြလိမ့်မည်။ ရင်ပြင်နံရံ၌ ရိုက်ထားခဲ့သော ဓာတ်ပုံတစ်ပုံ ရှိကောင်းရှိမည်။ ထိုသို့တွေ့လျှင် ရုရှားသို့သွားသည့် ခရီးအကြောင်း မေးပါ။ နံရံပေါ်၌ မှင်ဖြင့်ရေးဆွဲထားသော ပန်းချီကားတစ်ချပ် ရှိကောင်းရှိမည်။ ထိုပန်းချီကားကို သူ၏သားသမီး သို့မဟုတ် သူ၏ မိသားစုထဲက တစ်ယောက်ယောက် မည်သူရေးဆွဲသည်ကို မေးကြည့်နိုင်သည်။

## ၁ ဟုတ်ကဲ့၊ မဟုတ်ဘူးဖြေမည့် မေးခွန်းများကိုရှောင်ရှားပါ

ဟုတ်ကဲ့၊ မဟုတ်ဘူး အဖြေထွက်မည့် မေးခွန်းများသည် စကားပြောကောင်းသူများ၏ ရန်သူဖြစ်သည်။ ၎င်းတို့၏ သဘာဝ၌ကပင်လျှင် တစ်လုံး၊ နှစ်လုံးလောက်သာ ပြန်ဖြေဆိုနိုင်သည့် အခြေအနေရှိသည်။

“ဗိရာသီဥတုက အလွန်ဆိုးတာဘဲ”

“နောက်ထပ် စီးပွားရေးကျအုံးမယ်ထင်သလား”

“ရက်ဗ်စ်ကင်မှာ နောက်ထပ်မကောင်းတဲ့ နှစ်တစ်နှစ် ကြုံနိုင်သေးသလား”

၎င်းတို့အားလုံးသည် စကားစတင်ပြောဆိုရန် အကြောင်းအရာကောင်းများ ဖြစ်ကြသည်။ သို့သော် ထိုအကြောင်းအရာများကို ဟုတ်တယ်၊ မဟုတ်ဘူးဆိုသည့် အနေအထားမျိုး ဖြေလို့ရစေရန် မေးခွန်းမေးသဖြင့် ထိုအတိုင်းဟုတ်တယ်၊ မဟုတ်ဘူးဆိုသည့် အဖြေမျိုးကိုသာရသည်။ အမေးက ဟုတ်တယ်၊ မဟုတ်ဘူး မေးခွန်းမျိုးကိုမေးသဖြင့် အဖြေက ဟုတ်တယ်၊ မဟုတ်ဘူးအဖြေကို ရခြင်းဖြစ်သည်။ ဟုတ်တယ် မဟုတ်ဘူး အဖြေရပြီးနောက် အကြောင်းအရာက ဆုံးသွားသည်။ စကားပြောစရာလည်း ဆုံးသွားပြီ။





အကယ်၍ သင့်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှည်ရှည်ဝေးဝေး ဖြေမည့် အဖြေမျိုးဖြစ်ရန် ဆောင်ရွက်နိုင်မည်ဆိုလျှင် စကားမပြတ်တော့ပေ။ ခြားနားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ကျွန်တော်တို့ တနွေလုံးပူနေတာကိုထောက်ပြီးတော့ တမ္ဘာကြီးပူနေတဲ့ ကိစ္စနဲ့ ပတ်သက်လို့ တစ်ခုခုရှိနေပုံရတယ်လို့တော့ ကျွန်တော်ထင်တယ်၊ ခင်ဗျားဘယ်လိုထင်သလဲ”

“ဒီနှစ်မှာ စတော့ဈေးကွက် အတက်အကျ ဖြစ်ပုံတိုကြည့်ပြီးတော့ ကျွန်တော်တို့ထင်သလို ကျွန်တော်တို့ စီးပွားရေးအဆောက်အအုံဟာ တည်ငြိမ်ပါ့မလား၊ နောက်ထပ်စီးပွားရေးကျမယ့် အလားအလာတွေရှိနေတယ်လို့ ထင်ပါသလား”

“ဝါရှင်တန်ရောက်ကတည်းက ကျွန်တော်ဟာ ရက်ဗ်စ်တောင်အသင်းကို သဘောကျ အားပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော်အထင်တော့ သူတို့ဟာ ပြန်ပြီးတော့ ဖွဲ့စည်းရဦးမယ်၊ သူတို့ရဲ့ပြိုင်ဘက်တတော့ တောင်းဘွိုင်အသင်းဘဲ၊ ဒီနှစ် ရက်ဗ်စ်ကင်အသင်းရဲ့ အခြေအနေ ဘယ်လိုရှိတယ်လို့ ထင်ပါသလဲ”

သင်နှင့်စကားပြောနေသည့် သူသည် ထိုအခါ အဖြေတစ်လုံးနှစ်လုံး ဖြေရုံဖြင့် မပြီးတော့ပေ။ ဤ ဒုတိယ အုပ်စုပါဝင်သည့် မေးခွန်း (၃) ခုသည် ပထမအုပ်စု၌ ပါဝင်သည့် မေးခွန်း (၃) ခုနှင့် အကြောင်းအရာတူ ဖြစ်သော်လည်း ပထမအုပ်စု၌ ပါဝင်သော မေးခွန်းများသည် ဟုတ်တယ်၊ မဟုတ်ဘူးဟူသည့် အဖြေများကိုသာ ပေးစေနိုင်သည့် မေးခွန်းများဖြစ်သည်။ ဒုတိယအုပ်စု၌ ပါဝင်သည့် မေးခွန်းများသည် ပို၍ ကျယ်ပြန့်ရှည်လျားသော အဖြေများကို ပေါ်ထွက်စေကာ အလိုအလျောက် အဆင်ပြေ စကားပြောဆိုနိုင်စေသည်။

## ၁ စကားပြောဆိုရာတွင် လိုက်နာရမည့် ပထမဥပဒေသ၊ နားထောင်ပါ

စကားပြောဆိုရာ၌ လိုက်နာရမည့် ပထမဆုံး ဥပဒေမှာ နားထောင်ခြင်းဖြစ်သည်။ ကျွန်တော်အနေဖြင့် စကားပြောနေလျှင် ဘာမျှထူးပြီး ပညာတိုးသွား



www.burmeseclassic.com

www.burmeseclassic.com



သော နံနက်တိုင်း ကျွန်တော်ပြောသည့် မည်သည့်အရာကမျှ ကျွန်တော်ကို တစ်ခုခု အသိဉာဏ်ပညာ တိုးပွားစေရန် မဆောင်ရွက်ပေးနိုင်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ယနေ့များစွာ လေ့လာဆည်းပူးမည်ဆိုလျှင် ထိုလေ့လာဆည်းပူးသည့် အလုပ်ကို နားထောင်ခြင်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သိသာထင်ရှားဆုံးအချက်မှာ နေ့စဉ်တွေ့ကြုံနေရသည့် လူအများစုသည် နားမထောင်ကြသည်ကို တွေ့ရသည်။ သင်၏မိသားစုတို့ သော်လည်းကောင်း၊ မိတ်ဆွေကိုသော် လည်းကောင်း သင် စီးနင်းလိုက်ပါလာမည့် လေယာဉ်ပျံသည် (၈) နာရီ အချိန်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း ပြောပြပါ။ စကားမဆုံးမီ၌ပင် သူတို့က ပြန်မေးကြလိမ့်မည်။ လေယာဉ်ပျံ ဘယ်အချိန်ဆိုက်မယ်လို့ ပြောလိုက်တာလဲ?။ အလားတူပင် တစ်စုံတစ်ယောက်က "ခင်များပြောတာ ကျွန်တော်မေ့သွားပြီ" ဟု ပြောသည့်အကြိမ် မည်မျှများသည်ကို ခန့်မှန်းကြည့်ပါ။

အခြားသူများပြောသည်ကို နားမထောင်လျှင် သူတို့ကလည်း သင်ပြောသမျှကို နားထောင်မည်ဟု မမျှော်လင့်နိုင်ပေ။ မြို့ငယ်များ၊ ကျေးလက်ဒေသများက ရထားလမ်းဆုံများတွင် ဆိုင်းဘုတ်များတပ်ထားသည်ကို တွေ့ရသည်။ ထိုဆိုင်းဘုတ်များ၌ "ရပ်ပါ၊ ကြည့်ပါ၊နားထောင်ပါ" ဟူ၍ ရေးထားသည်ကို တွေ့ရသည်။ သင်နှင့်စကားပြောနေသည့် လူအများကို သူတို့ပြောနေသည့် အကြောင်းအရာများကို စိတ်ဝင်စားကြောင်း ပြသပါ။ ထိုသို့ပြလျှင် သူတို့ကလည်း အလားတူပင် တုန့်ပြန်ကြပါလိမ့်မည်။

စကားပြောကောင်းသည့် သူတစ်ယောက် ဖြစ်ရန်အတွက် နားထောင်ကောင်းသည့် သူတစ်ယောက် ဖြစ်ရန်လိုသည်။ သင်၏ စကားပြောဖက်ကို စိတ်ပါဝင်စားကြောင်း ပြသရုံနှင့်မပြီးသေးပါ။ သေသေချာချာ နားထောင်ခြင်းအားဖြင့် ကောင်းကောင်းမွန်မွန် တုန့်ပြန်နိုင်သည်။ မိမိ စကားပြောသည့်အလှည့် ရောက်သည့်အခါ စကားပြောကောင်းသူ တစ်ယောက် ဖြစ်နိုင်သည်။ ထို အကြောင်းအရာ ပတ်သက်၍ ဆက်စပ်မေးခွန်းများကို မေးခြင်းသည် စကားပြောကောင်းသူ တစ်ယောက်၏ အမှတ်အသား ဖြစ်သည်။

ဘာဘရာဝေါလ်တာ၏ အင်တာဗျူးများကို ကျွန်တော်ကြည့်သည့်အခါ မကြာခဏ စိတ်ပျက်ရသည်။ အဘယ့်ကြောင့်ဆိုသော် သူမအနေဖြင့် "အဲဒီတော့ဘာဖြစ်လဲ" ဆိုသော မေးခွန်းများကို အမေးများလေ့ရှိသည်။





“ရှင်ပြန်လာနိုင်ရင် ဘယ်လိုဖြစ်ချင်သလဲ” ဟူ၍ မေးလေ့ရှိသည်။ ကျွန်တော်၏ အမြင်တွင် ဘာဘရာအနေဖြင့် ထိုကဲ့သို့မေးခွန်းများကို လျော့မေးပြီး အကြောင်းအရာနှင့် ဆီလျော်သည့် ဆက်စပ်မေးခွန်းများကို မေးနိုင်လျှင် သူမ၏ ယခင်မေးခွန်းအပေါ် မှရသော အဖြေကို ချဲ့ထွင်၍မေးနိုင်လျှင် ပို၍ ကောင်းမည်ဟု ယူဆသည်။ ထိုသို့ မေးနိုင်ရန်မှာ နားထောင်မှုရှိရန်လိုသည်၊ လွန်ခဲ့သည့် နှစ်အနည်းငယ်က တိုင်းမ်မဂ္ဂဇင်းမှ တက်ကစ်ပယ် ပြောခဲ့သည့် အရာတစ်ခုကို ကျွန်တော်သဘောကျသည်။ “လယ်ရီတာ သူ့ဧည့်သည်တွေ စကားပြောတာကို နားထောင်တယ်၊ သူတို့ဘာတွေ ပြောတယ် ဆိုတာကို အာရုံစိုက်တယ်၊ အင်တာဗျူးသမား တော်တော်များများဟာ အဲဒီလို လုပ်လေ့မရှိဘူး” ဟု သူက ဝေဖန်ခဲ့သည်။ ကျွန်တော့်ကို စကားပြောသူဟု လူအများက သိကြသော်လည်း ကျွန်တော် ယခုကဲ့သို့ အောင်မြင်ရခြင်းမှာ ပထမဦးဆုံးအနေဖြင့် နားထောင်ခြင်းကြောင့် ဖြစ်သည်ဟုယူဆသည်။

လေလိုင်းပေါ်၌ တွေ့ဆုံမေးမြန်းမှု ပြုလုပ်သည့်အခါ ၎င်းတို့ကို ကျွန်တော်မေးမည့် မေးခွန်းများနှင့် ပတ်သက်၍ ကြိုတင်ပြီး မှတ်စုများ ထုတ်ထားသည်။ သို့သော် ၎င်းတို့ဖြေဆိုသည့်အထဲ၌ တစ်စုံတစ်ခုကို ကြားလိုက်သည့်အခါ မူလမေးခွန်းများအတိုင်း မမေးဘဲ မမျှော်လင့်သည့် မေးခွန်း တစ်ခုကို မေးသည်။ ထိုအခါ ထူးဆန်း အံ့သြစရာကောင်းသော အဖြေများကို ရသည်။

ဥပမာ - ဒုတိယသမ္မတ ဒန်ကွေးလ်ကို ၁၉၉၂ ခုနှစ် သမ္မတမဲဆွယ်စည်းရုံးပွဲ၌ ကျွန်တော်တွေ့ဆုံ မေးမြန်းခဲ့သည်။ ကိုယ်ဝန်ဖျက်ချသည့် ဥပဒေများကို ဆွေးနွေးသည်။ သူမ သမီးတက်နေသော ကျောင်းအနေဖြင့် သူ၏ ခွင့်ပြုချက်သော်လည်းကောင်း၊ သူ့အမေ၏ ခွင့်ပြုချက်သော်လည်းကောင်းရရှိ သူ့သမီးကျောင်းပျက်ခွင့်ရမည်ဆိုသည်မှာ အဓိပ္ပာယ်မရှိ။ သို့သော် ကိုယ်ဝန်ဖျက်ချသည့်ကိစ္စနှင့် ပတ်သက်၍မူ ထိုသို့မဟုတ်ဟု ယူဆသည်။ ထိုအကြောင်းကို ပြောသည့်အခါ ကျွန်တော်က ကွေး၏ ထိုနိုင်ငံရေး အကြောင်းအရာပေါ်၌ ပုဂ္ဂိုလ်ရေးအမြင်ကို စူးစမ်းသည်။ အကယ်၍ သူမ၏ သမီးက ကိုယ်ဝန်ဖျက်ချတော့မည်ဟု ပြောလျှင် သူ ဘယ်လို သဘောထားမည်လဲဟု ကျွန်တော်က မေးလိုက်သည်။ သူက သူမသဘောနှင့် သူမ ဘယ်လိုဆုံးဖြတ်ချက်ချချ သူကသမီးကို ကူညီထောက်ပံ့မည် ဖြစ်ကြောင်း ပြောပြသည်။

ကွေး၏ အဖြေသည် သတင်းပင်ဖြစ်သည်။ ကိုယ်ဝန်ဖျက်ချသည့်



www.burmeseclassic.com

www.burmeseclassic.com



ထိန္နသည် ထိုသို့ မဲဆွယ်စည်းရုံး နေစဉ်အခါက အကြိတ်အနယ် ဆွေးနွေးနေသည့် အကြောင်းအရာတစ်ခု ဖြစ်သည်။ သမ္မတဘုရှ်၏ ပြိုင်ဘက်ဖြစ်သော ဒီမိုကရက်အစဉ်အလာ အလွန်ကြီးသော ရီပတ်ဗလစ်ကန် အမတ်တစ်ယောက်က သူ့ပါတီအနေဖြင့် ကိုယ်ဝန်ဖျက်ချသည့်ကိစ္စကို လုံးဝဆန့်ကျင်ပါလျှက် အကယ်၍ သူမ၏သမီးက ကိုယ်ဝန်ဖျက်ချရန် ဆုံးဖြတ်ရာ၌ ထောက်ခံမည် ကူညီမည်ဟု ရုတ်တရက်ပြောလိုက်ခြင်းမှာ ဧရာမသတင်းကြီးဖြစ်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ သင်မည်သို့ပင် မြင်စေကာမူ အဓိကပြောလိုသည့် အချက်မှာ ကွေးထံမှ ထိုအဖြေကို ရရှိခြင်းသည် သူ့ကိုမေးခွန်းတွေ မဖြတ်ထုတ်နေ၍ မဟုတ်ပေ။ သူပြောသည်ကို နားထောင်၍ပင် သတင်းဖြစ်သင့်ဖြစ်ထိုက်သော အဖြေကို ရရှိခဲ့ခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရော့စ်ပီးရော့နှင့် တွေ့ဆုံမေးမြန်းသည့်အခါ၌ သမ္မတအဖြစ် ယှဉ်ပြိုင်ရန် စိတ်မဝင်စားကြောင်း အကြိမ်ပေါင်းများစွာ ပြောပြသည်။ သူ၏ ငြင်းပယ်မှုများသည် ပြည့်စုံမှုမရှိသည်ကို ကြားသိနေရသည်။ သို့ဖြစ်၍ ကျွန်တော်က တွေ့ဆုံမေးမြန်းမှု၏ အပြီး၌ မေးခွန်းကို တစ်မျိုးတစ်ဖုံလှည့်၍ မေးသည့်အခါ ပီးရော့စ်က အကယ်၍ သူ့အား ထောက်ခံအားပေးသူများက ပြည်နယ် (၅၀) တွင် မဲဆန္ဒခံယူရန် အောင်မြင်စွာ မှတ်ပုံတင်နိုင်ခဲ့လျှင် သူသည် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဖြေခဲ့သည်။

ထိုကဲ့သို့ အဖြေများထွက်လာသည်မှာ ကျွန်တော်ဘာပြောသည်နှင့် မသက်ဆိုင်ဘဲ ကျွန်တော် ဘာကြားသည်နှင့်သာ သက်ဆိုင်သည်။ ကျွန်တော် နားထောင်နေခြင်းကြောင့် ဖြစ်သည်။

ကွယ်လွန်သူ ဂျင်ဘီရှော့သည် ထင်ရှားသော စာရေးဆရာတစ်ယောက်ဖြစ်ပြီး မီယာမီတွင် နှစ်ပေါင်းများစွာနေထိုင်သည့် နယူးယောက်သားတစ်ယောက် ဖြစ်သည်။ တစ်ခါက သူစိတ်ဆိုးသည့် ကိစ္စတစ်ခုမှာ "နေကောင်းရဲ့လား?" ဟုမေးပြီး အဖြေကို နားမထောင်သည့် သူများနှင့် ပတ်သက်သည်။ လူတစ်ယောက်ဆိုလျှင် ထိုသို့မကြာခဏ လုပ်သူဖြစ်သည်။ ထိုသို့ဖြင့် ဂျင်က ထိုပုဂ္ဂိုလ် နားမထောင်သည့် သူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားရန် စမ်းသပ်ကြည့်လိုက်သည်။ တစ်နံနက်၌ ထိုသူက ဂျင်ထံသို့ရောက်လာသည်။ ထုံးစံအတိုင်းပင် စကားစ,ပြောသည်။ "ဂျင်. . . ဘယ်လိုလဲ နေကောင်းရဲ့လား" ဟု မေးလိုက်သည်။ ဂျင်က "ကျွန်တော် အသည်း ကင်ဆာဖြစ်နေတယ်"





သူက "တာ. . . သိပ်ကောင်းတာ ပေါ့ဗျာ ပြောပါဦးဂျင်ရေ" ဟု ဆက်ပြောသည်။ ဂျင်ဘီရှော့က သူနှင့်တွေ့ဆုံသည့်သူသည် သူပြောစကားကို မေးရုံမေးပြီး နားထောင်သည့်သူ မဟုတ်ကြောင်း သက်သေ ပြခဲ့သည်။

ဒေးလ်ကာနယ်ဂျီကလည်း မိတ်ဆွေတိုးပွားနည်း၊ ဩဇာလွှမ်းမိုးနည်း ဆိုသည့် စောင်ရေ (၁၅) သန်း ရောင်းပြီးသည့်စာအုပ်၌ **"စိတ်ဝင်စားမှု ခံရရန် အတွက် စိတ်ဝင်စားပါ"**ဟု ပို၍ ထိထိမိမိ ရေးသားခဲ့သည်။

သူကတခြားသူတွေ ဖြေချင်မည့်မေးခွန်းမျိုးကိုမေးပါ။ သူတို့အကြောင်းနှင့် သူတို့ရဲ့ အောင်မြင်မှု အကြောင်းတွေကိုမေးပါ။ သင်နှင့်တွေ့ဆုံနေသည့် သူများသည် သူတို့အကြောင်း၊ သူတို့၏ဆန္ဒများ၊ သူတို့၏ပြဿနာများကို သင့်အကြောင်း၊ သင်၏ပြဿနာများ အကြောင်းထက် အဆ (၁၀၀) ပို၍ စိတ်ဝင်စားကြောင်း မမေ့ပါနှင့်။ လူတစ်ယောက်၏ သွားနာသည့်ကိစ္စသည် တရုတ်နိုင်ငံ၌ လူသန်းပေါင်းများစွာ သေကြေသော ငတ်မွတ်မှုကိစ္စထက်ပို၍ အရေးကြီးသည်။ လည်ပင်းပေါ်က အနာတစ်ခုသည် အာဖရိကတွင် အကြိမ် (၄၀) လှုပ် ခဲ့သော လှျင်ထက်ပို၍ အရေးကြီးသည်။ သူ့အတွက် ပို၍စိတ်ဝင် စားစရာဖြစ်သည်။ ထိုအကြောင်းကို နောင်တစ်ချိန် စကားစတင်ပြောလျှင် သတိရပါဟု သူကရေးခဲ့သည်။

## ၁ ကိုယ်ဟန်အမူအရာ

အခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ဟန်အမူအရာကို မည်မျှအဓိပ္ပါယ်ဖော်နိုင်သည် ဆိုသည်ကို ဆက်လက်၍ အငြင်းပွားနေကြဦးမည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် အအောင်မြင်ဆုံး ရှေ့နေများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော အက်ဒ်ဝပ်ဘားနပ်ဝီလျံက သူ့အနေဖြင့် ဤဘာသာရပ်ကို အများက အထင်ကြီးလွန်းနေသည်ဟု ယူဆကြောင်းပြောပြသည်။ သူ၏ ဘုပ်ဖော်ကိုင်ဖက်ဖြစ် သောရှေ့နေတစ်ဦးကမူ သူ၏အမြင်နှင့် လုံးဝစ်၏ အမြင်မှာ ဆန့်ကျင်ဘက်ဖြစ်သည်။ **"ခြေထောက်တွေကိုထပ်ထားရင် မင်းတော့ သိမှာတယ်၊ လက်တွေကိုပိုက်ထားရင် မင်းဟာမသတ်မသာ ဖြစ်နေတာဘဲ"** ဟုသည့်ဖြင့်ပြောသည်။ ကိုယ်ဟန်အမူအရာ အားလုံးကိုသူက အဓိပ္ပါယ်ဖော်သည်။ ထိုသို့အဓိပ္ပါယ်ဖော်ပြီးနောက် သူ၏အမူသည်ကို ပြင်ဆင်ခိုင်းသည်၊



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ တရားသူကြီးများ၊ ဂျူရီအဖွဲ့ဝင် လူကြီးများအနေဖြင့် လူ့စဝ်မြင်စေချင်သည့်အတိုင်း သူ့ဖောက်သည်၏ ကိုယ်ဟန်အမူအရာကို ဖတ်ပြလိမ့်မည်ဟု ယူဆသည်၊

ကျွန်တော်အနေဖြင့် ပြောရလျှင် ကိုယ်ဟန်အမူ အရာသည်လည်း နှုတ်စကားကဲ့သို့ပင်ဖြစ်သည်။ စကားပြောဆိုခြင်း၏ သဘာဝကျသော တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။ သို့ဖြစ်၍ သဘာဝအတိုင်းဖြစ်လာလျှင် အလွန်ထိရောက်သည့် ဆက်သွယ်ပုံတစ်ခု ဖြစ်လာသည်။ သို့သော် အမှန်အတိုင်းမဟုတ်ဘဲ လိမ်ညာလျှင် လိမ်ညာသည့်အတိုင်း၊ အတုအယောင်လုပ်လျှင် အတုအယောင် လုပ်သည့်အတိုင်း တသမက်တည်း ဖြစ်လာသည်။

ဆာလောရင့်စ် အိုလီဗီယာ၏ အသံအတိုင်း ရအောင်လုပ်နိုင်လျှင် အလွန်ကောင်းလိမ့်မည်။ သို့သော် မနက်ဖြန် ရုံးသွားသည့်အခါ ရှိုင်ရယ်လ်မှတ်စပီးယား ကုမ္ပဏီမှာပြောသလို ဟန်လုပ်ပြီးပြောပြနေလျှင် အားလုံးက ကျွန်တော့်ကို ဝိုင်းဟားကြလိမ့်မည်။ နောက် တစ်ကြောင်းကို မည်သို့ဟန်လုပ်ပြီး ပြောရမည်ကို တွေးနေသဖြင့် ကျွန်တော်၏ ပြောဆိုချက်များသည် ဆိုးဝါးကုန်သည်၊

ကိုယ်ဟန်အမူအရာလည်း ထို့အတူပင်ဖြစ်သည်။ ပိုင်ပိုင်နိုင်နိုင်ရှိဟန် စိတ်ပါဝင်စားမှုရှိဟန် မည်သို့လုပ်နိုင်ကြောင်း ပြောပြသည့် စာအုပ်များကို ဖတ်နိုင်သည်။ သို့သော်မိမိနှင့် သဘာဝမကျသည့် ကိုယ်ဟန် အမူအရာတစ်ခုကို လုပ်ပြလျှင် နေရထိုင်ရ မသက်မသာ ဖြစ်နေမည်။ အူကြောင်ကြောင်နိုင်နေမည်။ နေရထိုင်ရ မသက်မသာ ဖြစ်နေလျှင် ရိုးရိုးသားသားနေပါလျက်နှင့် မရိုးသားလုပ်နေသည်ဟု ထင်စရာဖြစ်နေသည်။ သင် စကားပြောဆိုနေသည့် အချိန်တွင် အသုံးပြုသည့် ကိုယ်ဟန်အမူအရာသည် စကားပြောသည်နှင့် အတူတူပင်၊ သဘာဝကျကျနေပါ။ နှလုံးသားကပြောပါ။

## ၁ အကြည့်ချင်းဆုံပါစေ

ကျွန်တော့်အနေဖြင့် ကိုယ်ဟန်အမူအရာနှင့် ပတ်သက်၍ မိမိ၏ ကိုယ်ဟန်အမူအရာမှတပါး အခြား ကိုယ်ဟန် အမူအရာများကို လိုက်၍မတုပေ။ ထို့ကြောင့် ထိုအကြောင်းအရာနှင့် ပတ်သက်၍ ပိုင်ပိုင်နိုင်နိုင်





ရှိလှသည်ဟု ဟန်မဆောင်လိုပါ။ သို့သော် အောင်မြင်စွာ စကားပြောဆိုနိုင်ရန်အတွက် သင်လိုက်နာရမည့် ကိုယ်ဟန်အမူအရာ တစ်ခုရှိသည်။ ထိုအမူအရာမှာ အကြည့်ချင်းဆုံခြင်းဖြစ်သည်။

အကြည့်ချင်းဆုံခြင်းသည် စကားပြောသည့် အစ၌သော်လည်းကောင်း၊ စကားပြော၍ဆုံးသည့်အခါ၌သော်လည်းကောင်း ဆောင်ရွက်ရမည့်ကိစ္စ မဟုတ်ပေ။ ဘယ်နေရာရောက်ရောက်၊ ဘယ်အချိန်မှာဖြစ်ဖြစ်၊ ဘယ်သူနှင့်ပင်ပြောပြော အောင်မြင်သည့် စကားပြောသူတစ်ယောက် ဖြစ်စေရန်အတွက် ကျင့်သုံးရမည့်ကိစ္စ ဖြစ်သည်။ ကျွန်တော်သည် စကားပြောဆိုနေသည့် သူ့ဘက်ကို ခါးအနည်းငယ်ညွတ်လေ့ရှိသည်။ ဤသို့ဖြင့် သူ့အပေါ် အာရုံစိုက်နေကြောင်းကို အလေးပေးရာရောက်သည်။

ကျွန်တော်ရှေ့၌ပြောခဲ့သည့် အဓိကအချက်မှာ နားထောင်ခြင်းဖြစ်သည်။ ဘာပြောနေသည်ကို အမှန်တကယ် ကြိုးစားနားထောင်လျှင် ထိုသူ၏ မျက်နှာကို စိုက်ကြည့်ရန် ပိုလွယ်သည်။ သင့်အနေဖြင့် သေသေချာချာ နားထောင်လျှင် ထိုနားထောင်မှုနှင့် သင့်လျော်သည့် ကိုယ်ခန္ဓာအမူအရာလည်း အလိုအလျောက် ဖြစ်သွားသည်။ အကြောင်းအရာကို လည်းကောင်း ပြောဆိုသည့်သူကို လည်းကောင်း စိတ်ပါဝင်စားကြောင်း ပြသရန်အနေဖြင့် ခေါင်းညိတ်မည့်အခါ ညိတ်မည်၊ ခေါင်းခါသည့် အခါခါမည်။ သို့သော်ညိမ့်သင့်သည် ဘင်မှညိမ့်ပါ၊ ခါသင့်သည်ထင်မှ ခါပါ။ ဤစာအုပ်ထဲ၌ ခေါင်းညိမ့်ပါ။ ခေါင်းခါပါဟုဆိုသဖြင့် တစ်ချိန်လုံး ခေါင်းညိမ့်လိုက်၊ ခါလိုက်မလုပ်ပါနှင့်။

ဤအကြောင်းအရာနှင့် ပတ်သက်၍အခြားသတိပေးရန်တစ်ခုရှိသေးသည်။ စကားပြောဆိုနေစဉ် အကြည့်ချင်းဆုံရန်၊ မျက်စိချင်းစိုက်ကြည့်မိရန် သို့သော်လည်း အခြားသူတစ်ဦးယောက်၏ မျက်စိကို တစ်ချိန်လုံးစိုက်ကြည့်ရောမလို။ ထိုသို့ တစ်ချိန်လုံး စိုက်ကြည့်နေသည်ကို ခံရသည့်အခါ လူအများက သက်မသာဖြစ်ကြရသည်။ သင်လည်း မသက်မသာဖြစ်မည်မှာ အမှန်ပင်ဖြစ်သည်။ သင်ကစကားပြောဆိုနေသည့်အခါတွင် မျက်စိကိုစိုက်ကြည့်ခြင်းပြုပါ၊ သင်စကားပြော မနေသည့်အခါ သင်၏စကားပြောဖက်ထံမှ တစ်ခါတစ်ရံ မျက်စိကိုခွာနိုင်သည်။ သို့သော် မည်သူမျှမရှိသော ဟင်းလင်းပြင်ကြီးကို စိုက်ကြည့်မနေပါနှင့်။ သင်သည် ပါတီတစ်ခု၌ ရောက်နေသည်ဆိုလျှင် သင်၏ စကားပြောဖက်၏ ပုခုံးပေါ်မှကျော်၍ ပို၍အရေးကြီးသည့်သူတစ်ယောက်ကို ရှာဖွေသည့်ပုံစံလည်း မလုပ်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော် အခြေခံကျကျ အကြံပြုလိုသည်မှာ မည်သို့ကောင်းကောင်းပြောမည်ကိုသာ ဂရုစိုက်ပြီး ကိုယ်ဟန်အမူအရာကို သူ့အလိုလို ဖြစ်နေစေရန် လွှတ်ထားခြင်းသာဖြစ်သည်။

## ၁ ရှောင်ရန်များ

ကျွန်တော်တို့အနေဖြင့် လွန်ခဲ့သည့်ဆယ်စုနှစ် မျိုးဆက်များကဲ့သို့ ရှောင်ရန်များများမရှိပေ။ ထို့အတွက် ပူပန်ကြောင့်ကြစရာ များများမရှိပေ။ ရှောင်ရန်ဟူသည့် စကားကိုပင်မကြားရ သလောက်ရှိနေမည်။ ရှောင်ရန် အနည်းငယ်သာကျန်တော့သည်။ ရုပ်ရှင်များ၊ စာအုပ်များ၊ ရုပ်မြင်သံကြား၊ မိသားစုဖတ်စရာ သတင်းစာများဆိုသည့် စာစောင်များ၌ပင်လျှင် အတားအဆီး အချုပ်အချယ် အနည်းငယ်မျှသာကျန်တော့သည်။

ဒုတိယကမ္ဘာစစ်အပြီးမှ စတင်၍ လူအများ၏ လက်ခံမှုများကြောင့် ရှောင်ရန်များ လျော့နည်းသွားခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင်လူအများက လက်ခံလာခဲ့သောကိစ္စများ တိုးပွားလာခဲ့သည်။ ရှောင်ရန်နည်းခြင်းမှာ ကျွန်တော်၏ နောက်ခံသမိုင်းဖြစ်သော ကြီးမဲ့ကြေးနန်းဆက်သွယ်ရေး ရုပ်မြင်သံကြား အစီအစဉ်ကြောင့်လည်း ဖြစ်မည်။ ကြေးနန်းမှလွှင့်ထုတ်သည့် ရုပ်မြင်သံကြား အစီအစဉ်များ၌ မြင်ရသည့် ကြားရသည့် ကိစ္စများကို ရှေးကပုဂ္ဂိုလ်များ အနေဖြင့်ယုံကြည်နိုင်စရာမရှိပေ။

ထိုရှောင်ရန်ကိစ္စများ လျော့နည်းသွားခြင်းကို သဘောတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ပြည်ထောင်စု၌ ဘယ်အရာမဆို လုပ်လို့ရသည် ပြောလို့ရသည်ဆိုသည့် ကိစ္စသည် အမှန်တကယ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ လူအများရှေ့တွင် စကားပြောဆိုသည့်အခါ ရှေ့ကကဲ့သို့ အတားအဆီး မရှိတော့ပေ။

ဥပမာ- ain't ဆိုသည့် အင်္ဂလိပ်ဝေါဟာရနှင့် ပတ်သက်၍ဖြစ်သည်။ ကလေးများဘဝက ထိုစကားကို ကျွန်တော်တို့ မကြာခဏပြောခဲ့ကြသည်။ လူကြီးများက ကျွန်တော်တို့ကို **"ain't ဆိုတဲ့စကားဟာ အဘိဓာန်ထဲမှာမရှိဘူး"** ဟု ပြတ်ပြတ်သားသား ခပ်လှောင်လှောင် ပြောခဲ့ကြဘူးသည်။ ယခုအခါ၌ ထို ain't ဆိုသည့် ဝေါဟာရသည် အဘိဓာန်ထဲ၌ ရောက်နေပြီ။ Webster ၏ အမ္ဘာသစ် အဘိဓာန်ထဲ၌ အဓိပ္ပာယ် ဖော်ပြထားသည်မှာ **"စကားပြော ဝေါဟာရ တစ်ခုဖြစ်သည်၊ am not ဟု အဓိပ္ပာယ်ရသည်။ is not,are not , has not, have not ဟူသည့် စကားများကို ချုပ်ထားခြင်းဖြစ်သည်"** ဟူ၍ အဓိပ္ပာယ်ပေးထားသည်။





လေးရှုသုန်သုန်ဇာတ်ကားထဲ၌ ကလပ်ဂေဘယ်လ်က လက်ဝပ်ပတ်တလာအနေဖြင့် စတားလက်အိုဟာရာအဖြစ် သရုပ်ဆောင်သော **ဗီဗီယန်လေး** ကို ပြောခဲ့သည့် ဝေါဟာရများကြားသိခဲ့စဉ်က အထိတ်တလန့် ဖြစ်ခဲ့ဖူးသည်။ ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီးနောက် မွန်တာနာမှ ဆီနီတာဘာတာဝီလာက ပြောသည့်စကားကို ဘရုကလင်း၌နေစဉ်၌ ကြားရသည့်အခါ အထိတ်တလန့် ဖြစ်ခဲ့ကြဖူးသည်။

၁၉၉၄ ခုနှစ်အစောပိုင်းက တက္ကသိုလ်နီးယား၌ ဘော့ဘစ်သတ်မှုစစ်ဆေးသည့်အခါ စာရေးသူများ၊ အသံလွှင့်သူများအနေဖြင့် အမျိုးသားခန္ဓာကိုယ်၏ တစ်စိတ်တစ်ဒေသကို လူရှေ့သူရှေ့၌ စာနယ်ဇင်းများတွင် ဖော်ပြခြင်းမပြုရန် ဟူသည့်ထုံး ပေါ်ပေါက်ခဲ့ရာ လွန်ခဲ့သည့်နှစ် အနည်းငယ်ခန့်အထိ လိုက်နာခဲ့ကြသည်။ ထိုအမှု စစ်ဆေးစဉ်က ထိုဝေါဟာရကို လုပ်ငန်းသဘောအရ အသုံးပြုခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်အထိ ထိုကဲ့သို့သော အတ်လမ်းမျိုးကို မည်သည့်အခါမျှ မကြားခဲ့ရပေ။ ဥပမာ - ကွန်ဒုံးဆိုသည့် ဝေါဟာရ လမ်းဒေါင့်ကလူငယ်များနှင့် စကားပြောသည့်အခါများ၌သာ အသုံးပြုလေ့ရှိသည်။ ယခုအခါ၌ ရုပ်မြင်သံကြား ကြော်ငြာများတွင် ထိုအကြောင်းတို့ တွေ့နေရပြီ။

သို့ဖြစ်၍ ရှောင်ရမည့် အကြောင်းအရာများမှာ ရှောင်ရမည့်ဝေါဟာရများ ကဲ့သို့ပင် နည်းလာခဲ့သည်။ ရေဒီယိုများ၊ ရုပ်မြင်သံကြားများ၊ ညှိနှိုင်းခန်းများတွင် ယခင်က မည်သည့်အခါကမျှ မပြောခဲ့သည့် အကြောင်းအရာများကို ပြောနေကြသည်။ ယခင်က ဘာသာရေးနှင့် နိုင်ငံရေးကို မည်သည့်အခါမှ မဆွေးနွေးဟု ပြောလေ့ရှိကြသည်။ ယခုအခါ၌ ဘာသာရေးနှင့် နိုင်ငံရေးတို့ မည် သည့်အခါမျှ မဆွေးနွေးဟူသော စကားကိုပင် မပြောကြတော့ပေ။ ယခုအခါ ဆွေးနွေးသည်ထက်ပင် လွန်နေသေးသည်။

သို့သော်လည်း ရှောင်ကြဉ်ရန်ကောင်းသည့်အရာများ ရှိနေသေးသည်။ ကိုယ်ရေးကိုယ်တာသိပ်ဆန်ခြင်း၊ ထိုအကြောင်းအရာများကို ဆွေးနွေးသည့်အခါ စိတ်အလွန်လှုပ်ရှား၍ ဆွေးနွေးရန် မဖြစ်နိုင်ခြင်းတို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြဉ်ရန်အတွက် ခေါင်းစဉ်များရှိသည်။ လွတ်လွတ်လပ်လပ် ဆွေးနွေးသည့် ဆွေးနွေးပွဲမျိုး၌ပင် ခင်ဗျားလစာဘယ်လောက်ရပြီလဲဟု မေး၍မဖြစ်ပေ။ သင်ကောင်းကောင်း မသိသောသူတစ်ယောက်ကို သန္ဓေဖျက်ချသောကိစ္စ ဘယ်လိုမြင်သလဲဟုမေးလျှင် လက်ပစ်ဗုံးနှင့်ထုသလို သူခံစားရလိမ့်မည်။ ဆိုရှောင်ရန်ဆိုသည့် အကြောင်းအရာများကို မရှောင်ဘဲပြောဆိုမည်ဆိုလျှင် သင်စကားပြောဆိုမည့်သူနှင့် မည်မျှရင်းရင်းနှီးနှီးရှိသည်ကို စဉ်းစားရလိမ့်မည်။ အရင်းနှီးဆုံးမိတ်ဆွေဆိုလျှင် လစာအကြောင်းလည်း ဆွေးနွေးနိုင်သည်။ နှစ်ပေါင်းများစွာ သိနေသူအချင်းချင်း သန္ဓေဖျက်ချသည့်အကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည်။ သို့သော် အများအားဖြင့် ထိုအကြောင်းအရာများကိုရှောင်ပါ။ သင်နှင့် စကားပြောဆိုနေသည့် အခြားသူတစ်ယောက်ကလည်း ထိုအကြောင်းကို လွယ်လွယ်ကူကူ ပြောဆိုလိမ့်မည်ဟု ကြိုတင်တွက်ဆမထားပါနှင့်။

စကားပြောကောင်းသည့် သူတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်ချက်တစ်ခုမှာ သိရှိရန် ကြိုးစား အားထုတ်ခြင်းဖြစ်သည်။ ၂၀ ရာစုနှစ်၏ ဒုတိယပိုင်းတွင် သတင်းဆက်သွယ်ရေး မြန်ဆန်တိုးတက်လာမှုကြောင့် လူအများအနေဖြင့် ကမ္ဘာပေါ်တွင် ဘာဖြစ်နေသည်ကို ယခင်ကထက်ပို၍ သိလာကြသည်။ သတင်းများ၊ အများ ပြည်သူ၏ သဘောထားများကို ရှေးကလူများသည် သခုလူများ၏ တစ်ဝက်ခန့်မျှသာရသဖြင့် တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံပြောဆိုရာတွင် ပြောသည့်အကြောင်းအရာများသည် ယခုကဲ့သို့ ကျယ်ပြန့်ခြင်းမရှိပေ။ ယခင်က သတင်းရရန် အချိန်ကြာသည်။ သတင်းလည်း နည်းနည်းသာရသည်။ ယခုအခါ ညနေပိုင်းသတင်းမှ သတင်းခေါင်းစဉ်မျှကိုသာသိခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော်သူတို့ မည်မျှနက်နက်ရှိုင်းရှိုင်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘာလင်တံတိုင်းပြိုကျသည်ကိုလည်းကောင်း ကတ်ခုံပေါ်တွင် ဖရန့်ဆင်နာထရာ ဘာဖြစ်သည်ကိုလည်းကောင်း လူတိုင်းက သိကြသည်။ ချက်ချင်းလိုလိုလည်း သိကြသည်။

အောင်မြင်စွာ စကားပြောဆိုသူတစ်ယောက် ဖြစ်ရန်အတွက် အခြားသူ တစ်ဦးတစ်ယောက်၏ စိတ်ထဲတွင်ရှိသည့် အကြောင်းအရာများကို ပြောရန် အဆင်သင့်ဖြစ်ရမည်။ ထိုအကြောင်းအရာသည် ရေဒီယိုမှ လောလောလတ်လတ် ကြားလိုက်ရသည့် သတင်းသော်လည်းကောင်း၊ ညနေပိုင်းရုပ်မြင်သံကြားမှ ကြည့်လိုက်ရသော သတင်းသော်လည်းကောင်း ဖြစ်ကောင်းဖြစ်မည်။





သင်ပြောဆိုနေသည့် အကြောင်းအရာကို သင်ပြောဆိုနေသည့် သူစိတ်ဝင်စားသည့် အကြောင်းအရာနှင့် ဆက်စပ်ပြရန်လိုသည်။ သူတို့အနေဖြင့် အကြောင်းအရာပေါင်းများစွာကိုလည်း စိတ်မဝင်စားကြပေ။ ရေဒီယိုမှကြားပြီးသော်လည်းကောင်း၊ နံနက်သတင်းစာတွင် ဖတ်ပြီးသော်လည်းကောင်း ဖြစ်နိုင်သည်။


ယခုခေတ်တွင် လူအများနှင့် အောင်မြင်စွာ စကားပြောဆိုရာ၌ အဓိကကျသည့် ဝေါဟာရမှာ ဆီလျော်မှုပင်ဖြစ်သည်။ ဆီလျော်သည့်စကားကိုသာ ပြောဆိုနိုင်ရန်လိုသည်။

■



www.burmeseclassic.com

www.burmeseclassic.com



လူအများနှင့်စကားပြောဆိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## လူအများနှင့်စကားပြောဆိုခြင်း

**အခြေအနေ အမျိုးမျိုးတွင် ပြောရန်အတွက် အညွှန်းများ**

- ကော့ခ်တေးပါတီများ ၊ ညစာစားပွဲများ၊ မင်္ဂလာဆောင်များ ၊ အသုဘများ
- ခေတ်အဆက်ဆက် မရိုးနိုင်သည့် အကြီးကျယ်ဆုံးမေးခွန်း
- စကားဖြတ်နည်း
- စကားစီစဉ်နည်း
- ထင်ရှားကျော်ကြားသည့်သူတစ်ယောက်နှင့် တွေ့လျှင်ပြောစရာ

လူမှုရေးအခမ်းအနား အမျိုးမျိုးရှိသည်။ မိတ်ဆွေများစုပြီး ညစာစားသည့် အခမ်းအနားငယ်မျိုးမှအစ ဝါရှင်တန်ကော့ခ်တေး ပါတီကဲ့သို့သော ပွဲများရှိသည်။ ပွဲလမ်းအထိရှိသည်။ ထိုနှစ်ခု၏ ကြားထဲ၌လည်း မင်္ဂလာဆောင်ကဲ့သို့သောပွဲများရှိသည်။ ပွဲလမ်းတစ်ခုနှင့်တစ်ခု မတူကြပေ။ သို့သော် စကားပြောရာတွင် လိုက်နာရမည့် ဥပဒေသများမှာ အတူတူပင်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်းရှိပါ။ စကားပြောဖက်နှင့် တူညီသည့် အကြောင်းအရာကိုရွေးပါ။ အမြဲတမ်းနားထောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁ ကော့ခ်တေးပါတီများ

ကော့ခ်တေးပါတီများသည် ကျွန်တော်အတွက် အလွန်ခက်ခဲသည့် ပွဲလမ်းများဖြစ်သည်။ ကျွန်တော်အနေ ဖြင့် လူတစ်ယောက် တစ်ယောက်ချင်း စကားပြောရသည်ကို အပျော်ရွှင်ဆုံးဖြစ်သည်။ ထို့ကြောင့် အခန်းတစ်ခန်း ထဲတွင် လူအများစု၍ ဆူညံနေလျှင် နေရထိုင်ရခက်သည်။ အရက်လည်း မသောက်၊ အချိုရည်ကိုလည်း များများမသောက်၊ ထို့ကြောင့် စကားပြောရာ တွင် ကျွန်တော်လက်ထဲ ကိုင်ထားစရာ မည်သည့်ဖန်ခွက်မျှမရှိ။ တဖန် ကျွန်တော့်အနေဖြင့် လက်ပိုက်ပြီးနေတတ်သည်။ ထိုသို့နေခြင်းသည် ကျွန်တော့် အတွက် အဆင်ပြေသော်လည်း အခြားသူများ စကားလာစ,ရန်ခက်သည့် ပုံသဏ္ဌာန်ဖြစ်နေသည်။

သို့ဖြစ်၍ လူအနည်းအများကြောင့် စိတ်အနှောင့်အယှက် ဖြစ်မနေဘဲ တစ်ဦး,တစ်ဦးချင်း စကားပြော၍ ရမည့်သူကို ကျွန်တော်လိုက်ရှာသည်။ နီးနီး ကြားကြားရှိသည့်သူ၊ ဘာတွေဖြစ်နေသည်ကို စိတ်ဝင်စားသည့်သူ တစ်ယောက် ယောက်ကို လိုက်ရှာပြီး စကားပြောသည်။ သို့မဟုတ် စိတ်ပါဝင်စားစရာဖြစ် ပုံရသည့် အကြောင်းအရာ ပြောဆိုနေသည့်သူများနှင့် ပူးပေါင်းလိုက်သည်။

အရေးကြီးသည့် အချက်တစ်ချက်မှာ နေရာတစ်နေရာထဲ၌ အကြာ ကြီး ဖိမနေရန်ဖြစ်သည်။ ကော့ခ်တေးပါတီတစ်ခု၌ အောင်အောင်မြင်မြင် နေတတ်ရန်ဆိုလျှင် ရောတတ်နှောတတ်ရန်လိုသည်။ အများအားဖြင့် ထိုပါတီ များသည် ကိုယ်သိနှင့်ပြီးသားဖြစ်သည့် သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ ကိုယ်နှင့် အလုပ်အတူတူ မလုပ်ကြသော်လည်း အလားတူ အလုပ်လုပ်ကြ သူများ တက်ရောက်သည့် ပါတီများဖြစ်တတ်သည်။ ထိုသူများနှင့်ပတ်သက်၍ စကားပြောစရာမျိုးစုံ ရှိနိုင်သည်။

## ၀ အကြီးကျယ်ဆုံးမေးခွန်းတစ်ခု

မေးခွန်းမေးမြန်းခြင်းသည် စကားပြောကောင်းရန်အတွက် လျှို့ဝှက် ချက်တစ်ခုဖြစ်ကြောင်းကို သတိရပါ။ ကျွန်တော်သည် အစစအရာရာကို စပ်စုတတ်သည်။ ကော့ခ်တေးပါတီတစ်ခု၌ ရောက်နေသည့်အခါ ကျွန်တော့်၏





နှာမည်ကျော်မေးခွန်းတစ်ခုကို မကြာခဏ မေးလေ့ရှိသည်။ ထိုမေးခွန်းမှာ "ဘာဖြစ်လို့လဲ?" ဆိုသည့် မေးခွန်းပင်ဖြစ်သည်။ အကယ်၍ လူတစ်ယောက် က သူနှင့်မိသားစုသည် အခြားမြို့တစ်မြို့သို့ ပြောင်းတော့မည်ဟုပြောလျှင် ကျွန်တော်က "ဘာဖြစ်လို့ပြောင်းမှာလဲ" ဟုမေးသည်။ အမျိုးသမီးတစ်ယောက် အလုပ်ပြောင်း တော့မည်ဆိုလျှင် "ဘာဖြစ်လို့လဲ?" ဟုမေးသည်။ ဘာကိစ္စပဲ ဖြစ်ဖြစ် ကျွန်တော်က "ဘာဖြစ်လို့လဲ" ဟူသော မေးခွန်းများကိုမေးမည်။

ကျွန်တော်၏ ရုပ်သံလွှင့်ထုတ်ချက်များ၌ အခြားသူများထက် ဤ မေးခွန်းကို ပိုသုံးမိပုံရသည်။ ထိုမေးခွန်းသည် မေးခဲ့သမျှမေးခွန်းများထဲ၌ အကြီးကျယ်ဆုံးမေးခွန်း တစ်ခုဖြစ်ပြီး နောင်လည်းဆက်လက်၍ အကြီး ကျယ်ဆုံး မေးခွန်းဖြစ်နေဦးမည်ဖြစ်သည်။ ထိုမေးခွန်းသည် စကားဆက်၍ ပြောပြောနေစေရန်၊ စိတ်ပါဝင်စားစေရန် ထိန်းထားနိုင်သည့် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

## ၁ စကားဖြတ်နည်း

အလွန်ပျင်းစရာကောင်းသော ခေါင်းစဉ်တစ်ခုကြားထဲ၌ ညပ်နေပြီ ဆိုလျှင်၊ ကြာရှည်စွာပြောဆိုပြီးနောက် စကားဖြတ်သင့်ပြီဟုဆိုလျှင် သေချာ ပေါက် စကားဖြတ်နည်းတစ်ခုနည်းရှိသည်။ "ခွင့်ပြုပါဦး၊ ကျွန်တော်အိမ်သာ သွားဝါရစေ" ဟုဆိုပြီးဖြတ်နိုင်သည်။ ထိုသို့ပြောရာ၌ မြန်မြန်သွက်သွက် ယုံကြည်ရလောက်အောင်ပြောလျှင် မည်သူကမျှ စိတ်အနှောင့်အယှက် ဖြစ်ကြမည်မဟုတ်ပေ။ သင်ပြန်လာသည့်အခါ အခြားတစ်ယောက်နှင့် အခြား အကြောင်းအရာတစ်ခုကို စတင်ပြောနိုင်သည်။

သို့မဟုတ် အနီး၌ သင်နှင့်သိသည့် သူတစ်ယောက်ဖြတ်သွားသည်ကို တွေ့လျှင်ထိုသူကို လှမ်းနှုတ်ဆက်ကာ ထွက်ပေါက်ရှာနိုင်သည်။ စတေစီ ဘီလ် ကို တွေ့ပြီးပြီလား?ဟူ၍ စကားဖြတ်နိုင်သည်။ စတေစီနှင့် ဘီလ် ယက်နှင့် နှုတ်ဆက်နေသည့် အခါသင့်အနေဖြင့် "ကျွန်တော်ခဏ ထွက်လိုက်ဦးမယ် ခင်ဗျားတို့နှစ်ယောက် ပြောစရာတွေ အများကြီးရှိမှာပါ" ဟုဆိုပြီး ထွက်နိုင် သည်။ အလွန်လူများသည့် ပါတီပွဲတစ်ခုတွင် မိနစ်အနည်းငယ်အတွင်း သင်ပြန်မလာလျှင်လည်း မည်သူကမျှ အရေးတယူလုပ်နေကြမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ာင်ဒီတ်ဆက်ပေးခဲ့သည့်သူသည့် အလွန်ပျင်းရိ ငြီးငွေ့စရာကောင်းသည့် ဥတစ်ယောက်ဖြစ်နေလျှင် စတေစိကသင့်ကို မည်အခါမျှ ခွင့်လွှတ်မည်မဟုတ် ါ။ ထို့ကြောင့် ဤနည်းကိုသုံးလျှင် သတိထားပါ။

## အခြားထွက်ပေါက်ယူနိုင်သည့် နည်းများမှာ

(၁) ဒီစားစရာ သိပ်ကောင်းတာဘဲနော်၊
ကျွန်တော် နောက်ထပ်,ထပ်ယူလိုက်ဦးမယ်။

(၂) ကျွန်တော်ကို ခဏလောက်ခွင့်ပြုပါ၊ အိမ်ရှင်ကိုသွားပြီး ကျွန်တော် နှုတ်ဆက်လိုက်ဦးမယ် (သို့မဟုတ် ကျွန်တော်နဲ့မတွေ့တာကြာတဲ့ မိတ်ဆွေတစ်ယောက်ကို နှုတ်ဆက်လိုက်ဦးမယ်။)

(၃) ကျွန်တော်တခြားသူတွေနဲ့ သွားတွေ့ဦးမှနဲ့တူတယ်။

ထိုထွက်ပေါက်များကို အလွန်အမင်းမသုံးမိရန် သတိထားပါ။ စကား ဖြတ်မိ ကိုးကန်းတောင်းမှောက် လုလိုက်ရသည့် အဖြစ်မျိုးကိုလည်းရှောင်ပါ။ ာ်လွန်တရာ ရိုရိုကျိုးကျိုး တောင်းပန်သည့် ပုံစံမျိုးလည်း မပေါက်ပါနှင့်။ ဏလေးစောင့်ပါ။ ယဉ်ယဉ်ကျေးကျေး တစ်ခုခုပြောလိုက်ပါ။ ထိုသို့စကားဖြတ် ာည့် ကိစ္စမှာ မဆန်းသလို ဆက်လက်ဆောင်ရွက်ပါ။ "ခင်ဗျားနဲ့ စကားပြော ရတာ သိပ်ကောင်းတာဘဲ" ဟုပြောပြီး ဖြတ်ခြင်းသည် ဂုဏ်သိက္ခာကို မထိခိုက် ါ။ ထိုသို့ပြောဆိုရာ၌ အခြားသူနှင့် စကားပြောဆိုသည်ကို တကယ်ကျေကျေ ပ်နပ်ပြောဆိုသည့်ပုံပေါက်ပါစေ။

## ညစာစားပွဲငယ်များ

အငယ်စား ညစာစားပွဲလေးတစ်ခုတွင် စကားပြောရသည်မှာ ပို၍ ခဆင်ပြေသည်။ အခြားသူများလည်း ထိုသို့ပင်ဖြစ်မည်ဟု ထင်သည်။ ဤကဲ့သို့သော ပါတီမျိုး၌ ဧည့်သည်များသည် တစ်ယောက်ကိုတစ်ယောက် ပိကြသည်။ ထိုနေရာ၌သူတို့ စုဝေးနေကြခြင်းမှာ တူညီသည့် အချက်တစ်ခုရှိ





၍လည်း ဖြစ်နိုင် သည်။ အခြားသူများနှင့် စကားပြောရန်အတွက် ခွေးချယ စရာများ၊ နည်းလမ်းများပို၍ရနိုင်သည်။ သူတို့က သင့်ကိုလာ၍ စကားပြောရေး သည်း ရွေးချယ်စရာများ၊ နည်းလမ်းများ ပို၍ရနိုင်သည်။

ကျွန်တော်အနေဖြင့် ထိုသို့သော အခြေအနေမျိုးကို သဘောက သည်။ ထိုပွဲလမ်းမျိုး၌ ကျွန်တော်က ဒိုင်ခံပြောသည်ဟု မဆိုလိုပါ။ ထိုပွဲလမ် မျိုးတွင် စကားအသွားအလာကို ထိန်းနိုင်သည်။ ကျွန်တော် နားထော ချင်သည့် အကြောင်းကို ပြောခိုင်းနိုင်သည်။ ကျွန်တော် ပြောခိုင်းချင်သည ဧည့်သည်များကို ပြောစေနိုင်သည်။ ထိုပွဲ၌ ရောက်နေသည့် ဧည့်သည်များ အားလုံးလည်း ကျေနပ်စေနိုင်သည်။ ထိုအခြေအနေရောက်ရန် ထိန်းချုပ်ရား ကျွန်တော့်စားပွဲ အနီးတဝိုက်ရှိ လူအားလုံး စိတ်ဝင်စားရန် ကြိုးစားဆောင်ရွ သည်။ ထိုကဲ့သို့သော ပွဲလမ်းမျိုး၌ လူတိုင်းကပြောသည်ကို နားထောင်ရ ဆိုသည်။

ထိုသို့သောပွဲလမ်း၌ပင် ကျွန်တော်မထိန်းနိုင်သည့် တိစ္ဆာများရှိသည် တစ်ဦးတစ်ယောက်က ညစာစားပွဲမတိုင်မီရာ အလွန်အကျွံသောက်ထားခဲ့ ဖြစ်နိုင်သည်။ တခြားဧည့်သည် တစ်ယောက်ယောက်က နုံးမှာ တေ့ာမနး ဖြစ်လာတာမျိုးလည်း ကြုံနိုင်သည်။ မိသားစုထဲက တစ်ယောက်ယော ကျွန်းမမာဖြစ်နေပြီး လုံးဝစကားပြောချိန်မရှိသည့်လူလည်း ပါနိုင်သည် သင်လုပ်နိုင်သည့်ကိစ္စမှာ ထိုသူများကို စကားသိပ်မပြောခိုင်းဘဲ အခြားသူမှာ ဆိုပို၍ ပြောခိုင်းသောနည်းဖြစ်သည်။ အကယ်၍သူတို့၏ ပြဿနာများ အာရုံပြောင်းပေးနိုင်သည့် အကြောင်းအရာ တစ်ခုကိုရှာတွေ့လျှင် ပို၍ အဆ ပြေသည်။

ထိုချို့ယွင်းချက်များမှအပ ညနေပိုင်းများကို ပျော်ပျော်ရွှင်ရွှင် အောင်အောင်မြင်မြင်ဖြစ်ရန် ကျွန်တော်အများအားဖြင့် အတူအညီပေးနိုင် သည်၊ စကားပြောမည့် အစီအစဉ်တစ်ခုကို စီစဉ်ခြင်းသည်လည်း ကျွမ်းကျင် သင်ခဲ့ဖြစ်ပြီး ကျွန်တော် အလုပ်လုပ်ရင်းကိုင်ရင်း တတ်လာသည့် ပညာတစ်ခု ဖြစ်သည်။ ကျွမ်းကျင်သည့် စကားပြောသူတစ်ယောက် မဟုတ်သော်လည်း သင်သည်း ထိုစကားပြောဆိုသည့် အစီအစဉ်ကို စည်းရုံးစုစည်းနိုင်သည်၊ အောက်တွင် နည်းလမ်းအချို့ကို ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



# စကားပြောဆိုမှုတစ်ခုကို စုစည်းစီစဉ်နည်း

## ၁ လူတိုင်းနှင့် သက်ဆိုင်သည့် ခေါင်းစဉ်တစ်ခုကိုရွေးပါ

တကယ်လို့ဘာဖြစ်လျှင် ဘာဖြစ်မလဲ?ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ နောင်တွင် အကျယ်ဆွေးနွေးမည်။ ထိုကဲ့သို့သော မေးခွန်းမျိုးသည် ဧည့်သည်များအားလုံး သဘောထားပေး၍ရသော မေးခွန်းများဖြစ်သည်။ နိုင်ငံရေးကဲ့သို့ ကြီးမားသည့်ခေါင်းစဉ်တစ်ခုနှင့် စ,သည်ထက် ထိုကဲ့သို့သော ခေါင်းစဉ်တစ်ခုဖြင့် စ,သည်က ပိုကောင်းသည်။

အချို့သော ဧည့်သည်များကသာ ကျွမ်းကျင်သူဖြစ်ပြီး လုံးဝမကျွမ်းကျင်သူများက နှုတ်ပိတ်နေရမည့် ခေါင်းစဉ်မျိုးကိုရှောင်ရှားပါ။ အကယ်၍ ဇနီးမောင်နှံ (၄) ဦးတို့ ညစာလာစားကြလျှင် ရုံးတစ်ရုံးထဲတွင် လုပ်သည့် သူ (၄) ယောက်ရုံးကိစ္စများကိုပြောလျှင် ထိုကိစ္စကိုမသိသည့်၊ နားမလည်သည့် သနားစရာ ဇနီးသည်များ၊ ခင်ပွန်းသည်များအတွက် အနှောက်အယှက်ဖြစ်သည်။

## ၁ သဘောထားမျှားထုတ်ဖော်ခြင်း

သင်၏ သဘောထားမျှကိုသာ မထုတ်ဖော်ပါနှင့်၊ အနီးပတ်ဝန်းကျင်ရှိ အခြားသူများ၏ အကြံဉာဏ်များကိုလည်း မေးမြန်းလျှင် စကားပြောကောင်းသည့်သူ တစ်ယောက်အဖြစ် အမှတ်ရလိမ့်မည်။ သူ၏ဘဝတွင် အလုပ်မျိုးစုံလုပ်ခဲ့ပြီး ကောင်းကောင်း ထိန်းနိုင် သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဟင်နရီကစ်ဆင်းဂျားကလည်း ဤနေရာတွင် အလွန်ကျွမ်းကျင်သည့် သူတစ်ယောက်ဖြစ်သည်။ သူအလွန်ကျွမ်းကျင်သည့် ဘာသာရပ်၌ပင်လျှင် "မင်းရောဘယ်လိုထင်သလဲ" ဟူသော မေးခွန်းဖြင့် မကြာခဏ လှည့်ပတ်မေးတတ်သည်ကို တွေ့ရသည်။





## ၁ အုပ်စုထဲမှ အရှက်တတ်ဆုံးသူကို ကူညီပါ

စာပွဲဝိုင်းဖွဲ့၍ ဆွေးနွေးရာ၌ နှစ်ဖက်စလုံးရှိသူများ ပါဝင်နေစေရန် အမြဲတမ်း ကျွန်တော်ဂရုစိုက်သည်။ အထူးသဖြင့် ပါဝင်ပတ်သက်ခြင်း မရှိပုံပေါက်နေသူများကို အထူးသတိထားသည်။ အကယ်၍ ကျွန်တော်၏ ဘယ်ဘက်ရှိဧည့်သည်က ရှက်တတ်ပြီး ညာဘက်ရှိ ဧည့်သည်က **စိတ်အားထက်သန်နေလျှင်** ဘယ်ဘက်ရှိ ပုဂ္ဂိုလ်ဝင်ပြောစေရန် **အထူးကြိုးစားအားထုတ်သည်။** ပြောပြီးသည့်ကိစ္စများကို သဘောတူညီခြင်း ရှိမရှိမေးသည်။ ကစ်ဆင်းဂျား၏ နည်းဖြစ်သော **"မင်းဘယ်လိုထင်သလဲ?"** ဟူသောမေးခွန်းမျိုးကို မေးလေ့ရှိသည်။ ထိုအခါ ရှက်တတ်ကြောက်တတ်၍ ခပ်ခွာခွာနေသော ပုဂ္ဂိုလ်သည် စကားဝိုင်းထဲသို့ ရောက်လာသည်။

အခြားနည်းတစ်ခုမှာ ထိုပုဂ္ဂိုလ်ကောင်းကောင်း ပြောနိုင်သည့် အကြောင်းအရာတစ်ခုခုကို ဆွဲယူရန်ဖြစ်သည်။ ပညာရေးနှင့် ပတ်သက်၍ ပြောနေသည် ဆိုကြပါစို့။ ထိုအခါ သင့်အနေဖြင့် **"ပညာရေးဆိုလို့ သတိရတယ်၊ ခင်ဗျားသမီးက ဝါရှင်တန်အထက်တန်းကျောင်း ရောက်နေတယ် မဟုတ်လား၊ သူ့အခြေအနေ ဘယ်လိုနေလဲ"** ဟု မေးမြန်းနိုင်သည်။

## ၁ တစ်ယောက်တည်း ဒိုင်ခံမပြောပါနှင့်

လူမှုရေးပွဲလမ်းသဘင်များ၌ ကြုံတွေ့ရသော အန္တရာယ်တစ်ခုမှာ ကိုယ်တစ်ယောက်တည်းက ဒိုင်ခံပြောနေသဖြင့် ပါရမီအစွမ်းအစရှိသည့် စကားပြောဆိုသူတစ်ယောက်အဖြစ်မှ ပျင်းစရာကောင်းသည့် သူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်လိုက်ခြင်း ပင်ဖြစ်သည်။ ကိုယ်ကပြောသည့် သူများကိုလည်း ပြန်၍ပြောခွင့်ပေးပါ။ အချိန်ညီတူညီမျှပေးပါ။ အသံလွှင့်သည့် အခါများ၌ ကိုယ်ပြောချိန်ရသလောက် သူ့ကိုပြန်၍ ပြောချိန်ပေးသည့် သဘောမျိုးပင်ဖြစ်သည်။ ကိုယ်ပြောသည့် ဇာတ်လမ်းကို အစအဆုံး ပြန်၍ပြောနိုင်အောင် လေ့ကျင့်ပါ။ လူအများက တိုတိုပြောရရင်ဟုဆိုပြီး စကားစ,တတ်သည်။ တိုတိုပြောရရင် ဆိုပြီးစ,လျှင် ရှည်ရှည်ကြားရတော့မည်။ သင်၏ဇာတ်လမ်းသည်

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောပါ။ သင် စကားပြောသည့် နေရာတွင် လူများလေ တိုးတိုး
တုတ်တုတ် ပြောသင့်လေဖြစ်သည်။

စကားအပြောများခြင်းသည် နားထောင်သူ တစ်ယောက်ထံမှ အထင်ကောင်း အမြင်ကောင်းကို မရနိုင်။ အမှန်စင်စစ်ရှိပြီးသား အထင်ကောင်း အမြင်ကောင်းကိုပင် ထိခိုက်စေပြီး အထင်အမြင် သေးသွားစေနိုင်သည်။ စကားပြောများသည့် သူများသည် အခြားသူများ၏ စိတ်ထဲတွင် တန်ရာတန်ကြေးကိုပေးရပြီး ဂုဏ်သိက္ခာ အတန်အသင့်ကျဆင်းသည်။ သို့ဖြစ်ရာ မည်သည့်အချိန်တွင် စင်ပေါ်က ဆင်းရမည်ဆိုသည်ကို သိပါဆိုသည့် ဇာတ်လောကမှ ရှေးဟောင်းအကြံ ဉာဏ်ကို လိုက်နာသည့်သူသာ ဖြစ်စေချင်သည်။

## ၁ အသေးစိတ်စရာမလို

ညေ်ခံပွဲတစ်ခု၊ ညစာစားပွဲတစ်ခု၊ အလားတူ အခြေအနေမျိုးတစ်ခု၌ သင်သည်စာအုပ်တစ်အုပ်ရေးနေသည် မဟုတ်ကြောင်း သတိထားရန်လိုသည်။ သင်နှင့် စကားပြောဆိုနေသူအကြောင်း တတ်နိုင်သမျှ သိရန်မလိုပေ။ ဆွေးနွေးသည့် အကြောင်းအရာနှင့် ပတ်သက်၍လည်း အသေးစိတ်ဆွေးနွေးရန် မလိုပေ။ သူနှင့်ခဏသာ ဆွေးနွေးခြင်းဖြစ်သည်။ အလွန်ဆုံး တစ်နာရီထက် မပိုပေ။ ရသမျှအချိန်တိုင်းကိုလည်း ပြောနေရန်မလိုပေ။ တစ်ယောက်တည်းက ဒိုင်ခံ၍ပြောနေစရာ မလိုသကဲ့သို့ တစ်ယောက်တည်းက ဒိုင်ခံ၍ စုံစမ်းထောက်လှမ်းသလိုမျိုး မေးခွန်းထုတ်နေရန် မလိုပေ။ စကားပြောပြီးသွားသည့် အခါ၌ ပဟေဠိအဖြေညှိစရာလည်း မလိုပေ။

အခြားအစွန်းတစ်ခုမှာ စကားပြောတိုလွန်းသဖြင့် တစ်ဖက်သားက များများမပြောတတ်သူ၊ မပြောနိုင်သူ၊ ကျွန်တော်နှင့် မိတ်ဆွေဖြစ်ရန် ခက်ခဲသူအဖြစ် ထင်သွားစေနိုင်သည်။ ထိုအဖြစ်မျိုးကိုလည်း ရှောင်ရှားသင့်သည်။





## ၁ ဘာဖြစ်ရင် ဘာဖြစ်မလဲ?

ဘာဖြစ်ရင် ဘာဖြစ်မလဲ မေးခွန်းများသည် စကားတစ်ခုကို စတင်ရန်အတွက် မည်သို့မျှမလွဲနိုင်သည့် နည်းလမ်းဖြစ်သည်။

တကယ်လို့ မြောက်ကိုရီးယားက ကုလသမဂ္ဂရဲ့ နျူကလီးယားစက်ရုံတွေ လာရောက်စစ်ဆေးမယ်ဆိုတဲ့ အဆိုပြုချက်ကို ဆက်ပြီးတော့ ဆန့်ကျင်နေမယ်ဆိုရင် နောက်ထပ် ကိုရီးယားစစ်ပွဲတစ်ပွဲ ဖြစ်မယ်လို့ထင်ပါသလား။

ဒဲလ်လပ်စ်ကောင်းဘွိုင်အသင်းရဲ့ နည်းပြသစ်က ဘယ်ရီဆွစ်ဇာဖြစ်နေပြီ။ သူတို့ (၂) နှစ် ဆက်တိုက်ရှုံးနေရင် ဘာဖြစ်မလဲ။ ဂျယ်လီဂျွန်းစ်က သူ့ကို ထုတ်ပစ်မှာလား။

သင်စိတ်ကူးယဉ်ထားတဲ့အိမ်ကို အခုလေးဘဲ ကယ်လီဖိုးနီးယားမှာ ဆောက်ပြီးတယ်ဆိုပါတော့။ သိပ္ပံပညာရှင်တွေက သင့်အိမ်ဟာ ငလျင်ကြောထဲမှာ ရောက်နေတယ်ဆိုလျှင် သင်အဲဒီအိမ်ကို ရွှေ့မှာလား။

ဘာဖြစ်ရင် ဘာဖြစ်မလဲဆိုသည့် မေးခွန်းပုံစံနှင့် အရေးအတွက်မှာ အကန့်အသတ်မရှိပါ။ သတင်းထဲ၌ပါသည့်ကိစ္စ၊ ထိုအချိန်အခါတွင် လူအများ၏ စိတ်ထဲတွင် ဖြစ်နေသည့်ကိစ္စများနှင့် ဆက်နွယ်သည့်မေးခွန်းတစ်ခုကို အမြဲတမ်းထုတ်နိုင်သည်။

ညစာစားပွဲများတွင် ကျွန်တော်မေးလေ့ရှိသည့် မေးခွန်းတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

"သင်ဟာ ကျွန်းတစ်ကျွန်းပေါ်မှာ အခင်ဆုံး မိတ်ဆွေတစ်ယောက်နဲ့ ရောက်နေတယ်၊ သူဟာ ငှက်ဆာနဲ့ သေတော့မယ့်ဆဲဆဲ ဖြစ်နေတယ်၊ သူ့ မသေခင်မှာ "ငါ့သားကို ဆေးကျောင်းပို့ပေးပါ" လို့ ပြောပြီးသေသွားတယ်၊ ဒါပေမယ့် သူ့သားက မစွံဘူး၊ ဆေးကျောင်းလည်း သွားရမယ့်ကောင်မဟုတ်ဘူး၊ အဲဒီကောင်လက်ထဲကို ပိုက်ဆံထည့်လိုက်လို့ရှိရင် အဲဒီပိုက်ဆံတွေ ထမ်းလှမ်းလောက်နေရင် ကုန်သွားမယ်၊ ဒါပေမယ့် ခင်ဗျားရဲ့သားက တောင်ပိုင်းဝိုင်းနေပြီ သူက ဆရာဝန်အရမ်းဖြစ်ချင်တယ်၊ ဒါဆိုရင် ဆေးကျောင်းတက်မယ့် ပိုက်ဆံကို အဲဒီကောင်လေးကို ပေးမှာလား?"

ကျွန်တော်အနေနဲ့ ထိုမေးခွန်းကို ယေးလ်တက္ကသိုလ် ဥက္ကဋ္ဌ (၂၂) နှစ်အရွယ် လူငယ်များအထိ မေးခဲ့သည်၊ စိတ်ဝင်စားစရာ အဖြေများ တွေ့ခဲ့ရပေ။ လူတိုင်း၌ အကြံဉာဏ်တစ်ခုစီ၊ သဘောထား တစ်ခုစီရှိကြသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် အကြံဉာဏ်ချင်းလည်း မတူကြပေ။ ၎င်းတို့၏ အကြံဉာဏ်များသည် ဘောင်ဝင်သည့် အကြံဉာဏ်များဖြစ်သည်။ တစ်ခါတစ်ရံ၌ ထိုအကြောင်းအရာတစ်ခုက တစ်ညနေလုံး ကုန်ဆုံးသွားစေနိုင်သည်။

မင်ဆာဟုခေါ်သည့် အသင်းတစ်ခုကို ကမ္ဘာပေါ်၌ ဉာဏ်ရည်အထက်မြက်ဆုံး ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဉာဏ်ရည် အထက်မြက်ဆုံး ၂ ရာခိုင်နှုန်းတွင်ပါဝင်သည့် အမျိုးသား၊ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့သည် ဤကဲ့သို့သော မေးခွန်းမျိုးကို ရှည်ရှည်ဝေးဝေး စဉ်းစားကြသည်။ ဤသို့စဉ်းစား ကြခြင်းမှာ အတွေးကျယ်ပြန့်လာရန်၊ ကျွန်တော်တို့၏ ဘဝတွင် လူသားအနေဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ ကိစ္စများကို ဆွေးနွေးရန် အတွက်ဖြစ်သည်။

နောက်ထပ်မေးခွန်း နှစ်ခုကို ထပ်ပြောပြမည်။

**"မိုင်းတူးတဲ့အခါတုန်းက မိုင်းတွင်းထဲကို လူလေးယောက် ဝင်သွားကြတယ်၊ မိုင်းတွင်းပြိုကျတဲ့အခါ မိုင်းတွင်းပေါ်ကထွက်ဖို့ အပေါက်တစ်ပေါက်ပဲ တွေ့တယ်၊ သူတို့ဟာ တစ်ယောက်ပေါ်တစ်ယောက် အဆင့်ဆင့်တတ်ကြတယ်၊ ဒါပေမယ့် အပေါ်ဆုံးမှာ ရောက်တဲ့သူက အဝဆုံးလူဖြစ်နေတယ်၊ သူလည်း တွင်းပေါက်တစ်ဝက် ရောက်တဲ့အခါ ရှေ့ဆက်ထွက်လို့ မရတော့ဘူး၊ အောက်မှာရှိတဲ့ သုံးယောက်က လေမွန်းနေပြီ၊ အဲဒီ ရှေ့ဆုံးကတစ်ယောက်ကို ဝစ်သတ်ပြီးတော့ ဆွဲထုတ်မလား၊ ဒါမှမဟုတ် ကျန်တဲ့ (၃) ယောက်တစီအတိုင်း မွန်းကျပ်ပြီးနေရမလား၊ တစ်ယောက်ရှင်သင့်သလား၊ သုံးယောက် ရှင်သင့်သလား?။"**

**"ကိုယ်ပျောက်တဲ့ စွမ်းရည်ရနိုင်တဲ့ လူတစ်ယောက်အနေနဲ့ သမရိုးကျ ကိုယ်ကျင့်တရားတွေကို လိုက်နာဖို့လိုသလား?။"**

မင်ဆာအစည်းအဝေးတစ်ခု၌ ကျွန်တော်ရောက်သည့်အခါ ထိုအကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ လူအတော်များများက ကိုယ်ကျင့်တရားများကို လိုက်နာသင့်သည်။ ပညတ်တော် (၁၀) ပါးမှအစ မိမိ၏ အမြဲတမ်းလိုက်နာခဲ့သည့် သီလများကို လိုက်နာသင့်သည်ဟု ယူဆကြသည်။ သို့သော် လူတိုင်းက ထိုသို့ယူဆခြင်းမရှိပေ။ လူတစ်ယောက်က သူသည် ကိုယ်ပျောက်သည့် စွမ်းရည်ယူကာ စေ့စပ်ဆွေးနွေးမှုများလုပ်မည်။ စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်မည်ဟုဆိုသည်။ နောက်တစ်ယောက်က မြင်းစီးကျော်ကီနားကို လှည့်ပတ်နေမည်။ တတ်နိုင်သမျှ သတင်းအချက်အလက်





သုံးမည်။ ပြီးလျှင် မြင်းပြိုင်ပွဲ၌ ပုံအောလောင်းမည်ဟုဆိုသည်။ အခြားပုဂ္ဂိုလ်များကလည်း သူတို့၌လည်း အလားတူ အစီအစဉ်များရှိကြောင်း ပြောကြသည်။ ကိုယ်ပျောက်ခြင်းကြောင့် မဆုံးနိုင်သည့် အစွမ်းအစများကို ရရှိစေနိုင်သည်။ ကမ္ဘာကိုအုပ်စိုးနိုင်သည်။ သင့်ကို ကိုယ်ပျောက်နိုင်စွမ်းပေးမည်ဆိုလျှင် ထိုစွမ်းရည်ကိုသုံး၍ ဘာလုပ်မည်နည်း။

ထိုကဲ့သို့သော မေးခွန်းမျိုးသည် ဒဿနဆိုင်ရာ အတွေးအခေါ်များကို ရရှိပေသည်။ သင်ကိုယ်တိုင်လည်း အလားတူမေးခွန်းများကို ထုတ်နိုင်သည်။ မည်သည့် စာရင်းကိုကြည့်ပြီး ပြောရမည်ဟု မယူဆပါနှင့်။

အကယ်၍ စကားပြော အဆင်ပြေနေလျှင် ဘာဖြစ်လျှင် ဘာဖြစ်မလဲ ဆိုသည့် မေးခွန်းမျိုးကို မေးလိုက်ပါ။ မည်သူက ထိုမေးခွန်းမျိုးကို လိုပါဦးမည်နည်း။ စကားပြော အဆင်မပြေဖြစ်နေလျှင် စကားပြောဆိုမှုကို ပြန်လည်ရှင်သန်စေရန်အတွက် ဘာဖြစ်ရင် ဘာဖြစ်မလဲ? ဆိုသည့် မေးခွန်းမျိုးကို ထည့်နိုင်သည်။

ထိုသို့ဘာဖြစ်ရင် ဘာဖြစ်မလဲ? ဆိုသည့် မေးခွန်းမေးသည့်အခါတိုင်း သင်စကားပြောနေသည့် အုပ်စုမှ စိတ်အားထက်သန်ပုံမရသည့် အခြေအနေမျိုးလည်း ကြုံနိုင်သည်။ မေးခွန်းကောင်းတစ်ခုကိုရွေးမိလျှင် ထိုသို့ ဖြစ်မည်မဟုတ်။ အကယ်၍ သင်နှင့်စကား ပြောနေသူများသည် ဘုန်းကြီးကျောင်းမှ ထွက်လာပြီး ဤအကြောင်းအရာကို လုံးဝမကြားဘူးလျှင် ထိုကိစ္စကို သို့မဟုတ် သင်မေးမြန်းသည့်ကိစ္စကို ပေါ့သေးသေးသဘောထားရန် မဖြစ်နိုင်လျှင် ထိုကဲ့သို့ ကြုံကြိုက်နိုင်သည်။ အကယ်၍ နားထောင်နေသည့် ပရိသတ်ထဲမှ ပုဂ္ဂိုလ်တစ်ဦး၏ အမေက ဂူထဲပိတ်မိနေလျှင် ထိုသို့ဖြစ်နိုင်သည်။ စကားပြောရာ၌ ကံဆိုးသည့်အခါမျိုး၊ တိုက်ဆိုင်သွားသည့် အခါမျိုးလည်း တစ်ခါတစ်ရံ ကြုံကြိုက်ရတတ်သည်။ ဇွတ်အတင်း မလုပ်ပါနှင့်။ သင်၏ ဘာဖြစ်ရင် ဘာဖြစ်မလဲဆိုသည့်မေးခွန်းက အလိုအလျောက် စကားပြောရန် မဖြစ်နိုင်လျှင် အတင်းအကြပ်မလုပ်ပါနှင့်။ ထိုအကြောင်းအရာကိုမေ့ပစ်ပြီး တခြားမေးခွန်း တစ်ခုမေးရန် သို့မဟုတ် တခြားအကြောင်းအရာတစ်ခုကိုပြောင်းရန် ပို၍ သင့်တော်သည်။ ထိုနည်းအတိုင်း အလုပ်မဖြစ်လျှင် မေးခွန်းက ပြဿနာ မဟုတ်ဘဲ ပရိသတ်က ပြဿနာဖြစ်နေမည်။ ထိုအဆင့်ရောက်လျှင် လက်လျှော့လိုက်ပါ။ အခန်းထဲ၌ အခြားနေရာများသို့ လှည့်သွားပြီး အခြား အကြောင်း အရာများကိုပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁ ရှပ်ပိုင်းဆိုင်ရာ အခြေအနေများကိုလည်း အာရုံစိုက်ပါ

အတွေ့အကြုံရှိသည့် အိမ်ရှင်များက ဧည့်သည်များကို ပျော်ရွှင်စေရန် ခန့်တီးခြင်းသည် သိပ္ပံပညာရပ် ဖြစ်သကဲ့သို့ ဝိဇ္ဇာပညာရပ်လည်း ဖြစ်သည်၊ ညနေပိုင်း အတွက် အဆင်ပြေအောင်စီစဉ်ခြင်း၊ ပန်းအရောင် ရွေးချယ်ခြင်းမှ အစ ပရိဘောဂ ရွေးချယ်ခြင်းအထိ ပညာရပ်ဆန်သည်။ ပန်းနှင့်ပတ်သက်၍ ကျွန်တော်သည် ကျွမ်းကျင်သူမဟုတ်။ အိမ်တွင်းအလှပြင်ရာ၌လည်း ကျွမ်းကျင်သူမဟုတ်။ သို့သော် လယ်ရီကင်း Live show ၌ ရှိသည့် အနေအထားများကြောင့် ထိုသို့အဘယ့်ကြောင့် ဖြစ်နေရသည်ဆိုသည့်အကြောင်းကို ပြောပြနိုင်ပါသည်။

ဝါရှင်တန်၌ ကျွန်တော်နှင့် ဧည့်သည်တို့ထိုင်သည့်စားပွဲကို အတ္တလန်တာရှိ စီအန်အန်၏ ကျွမ်းကျင်သူများက ဒီဇိုင်းထုတ်ပေးထားခြင်းဖြစ်သည်။ ထိုစားပွဲသည် သက်သောင့်သက်သာ ရင်းရင်းနှီးနှီး ထိုင်နိုင်ရန်အတွက် ရည်ရွယ်ပြီး ပုံစံထုတ်ထားခြင်းဖြစ်သည်။ ရည်ရွယ်သည့်အတိုင်းလည်း ဖြစ်သည်။ ရိုက်ကွင်း၌ ထိုသို့ပင် ကျွန်တော်ခံစားရသည်။ လာသည့်ဧည့်သည်များကလည်း ထိုသို့ပင်ခံစားရသည်။ စားပွဲပေါ်၌ ပန်းတွေရှိမနေ။ ဝါရှင်တန်က မြင်ကွင်းများကိုလည်း ပြမထား။ ဧည့်သည်၏ နောက်ကျောတွင် မြေပုံတစ်ချပ်ကို ချိတ်ထားသည်။ CNN ကို ကမ္ဘာ့အကြောင်းအရာမျိုးစုံနှင့် ပတ်သက်၍ လွှင့်ထုတ်ပြီး ထိုသို့ပင်သိထားရာ ထိုကဲ့သို့ အနေအထားမျိုးကို ပြထားခြင်းဖြစ်သည်။ ရိုက်ကွင်း၌ ကျွန်တော်တို့၏ ပရိသတ်စိတ်ထဲ၌ ရှိနေစေချင်သော ဇာတ်ပွဲဆန်မှု တက်ကြွမှုများကို ဖော်ထုတ်သည်။ ကြည့်ရှုသူပရိသတ်များက ထိုသို့ခံစားရလျှင် သူတို့သည် ဆက်၍ကြည့်နေမည်ဖြစ်ပြီး နောက်ည (၉) နာရီ၌လည်း သူတို့သည် ဆက်လက်ကြည့်ကြမည်ဖြစ်သည်။

ထိုရိုက်ကွင်းကို ၁၉၈၅ ခုနှစ် စတင်အသံလွှင့်ကတည်းက ထိုအတိုင်းထားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အပြောင်းအလဲများကို ထင်ဟပ်သည်ဟု ခံစားရန်အတွက် မြေပုံကိုအနည်းငယ် ချဲ့ထွင်ခဲ့သည်။ ဝါရှင်တန်ရှိ ရိုက်ကွင်းနှင့် နယူးယောက်ရှိ ရိုက်ကွင်းတို့၏ ခြားနားချက်မှာ နောက်ခံဖြစ်သည်၊ နယူးယောက် ရိုက်ကွင်း၌ ကြည့်ရှုသူများသည် ဧည့်သည်၏ နောက်ကျောတွင် မန်ဟက်တန်၏ ကောင်းကင်ပြင်ကို မြင်နိုင်သည်။ အားလုံးအတူတူပင် ဖြစ်သော်လည်း အနည်းငယ်ကွဲပြားသည်။





ဝါရှင်တန်နှင့် နယူးယောက်ရိုက်ကွင်းနှစ်ခုစလုံး၌ ဧည့်သည်များတ ထိုရိုက်ကွင်းများကို ရောက်ဘူးသလို၊ တွေ့ဘူးသလို ရှိသည်ဟု မကြာခဏ ဝေဖန်ကြသည်။ ဧည့်သည်တစ်ယောက်ထက် ပိုရှိလျှင် သူတို့ နီးနီးကပ်ကပ် ထိုင်နေရကြောင်း ပြောကြသည်။ သို့သော် ထိုနီးကပ်မှုမှာ အဆင်ပြေသည်၊ ရင်းနှီးသည့်ပတ်ဝန်းကျင်ကို ဖြစ် စေသည်။ ဧည့်သည်နှစ်ယောက်နှင့် ကျွန်တော်သည် လူရှေ့သူရှေ့၌ပြောနေသော်လည်း ရင်းရင်းနှီးနှီး ကိုယ်ရေး ကိုယ်တာကိစ္စပြောနေသည့် အဓိပ္ပာယ်ဆောင်ကာ ကြည့်ရှုသူကလည်း ဝင်ထိုင်ပြီး ပြောနေရသလို ဖြစ်စေသည်။

ကံဆိုးသည်မှာ လယ်ရီကင်း Live show ၌ ရင်းရင်းနှီးနှီး ညစာစားပွဲများကို ကျင်းပခြင်းမပြုနိုင်ပေ။ သို့သော် ညစာစားပွဲနှင့် ပတ်သက်၍ အချက်အလက်အချို့ကို ပြောပြနိုင်သည်။ ပထမအနေဖြင့် အပြင်အဆင်သည် အလွန်အမင်း ကလက်လွန်ခြင်း၊ ဇာတ်ဆန်လွန်ခြင်း မရှိသင့်ပေ။ ဧည့်သည်များ နေရထိုင်ရ သက်သာရုံမျှသာ ရှိသင့်သည်။ ဥယျာဉ်လှလှပပလေး တစ်ခုရှိလျှင် မိုးလေဝသသတင်းက ယနေ့ (၄၀) ဒီဂရီအထိ ပူမည်ဆိုလျှင် ထိုဥယျာဉ်ထဲ၌ ညစာမကျွေးပါနှင့်။ ဒုတိယအနေဖြင့် လူအများ ရင်းရင်းနှီးနှီး နီးကပ်စွာနေထိုင်နိုင်ရန် စီစဉ်ထားပေးပါ။ အကယ်၍ ညစာစားမည့်သူမှာ (၄) ယောက်သာ ရှိသည်ဆိုလျှင် (၁၂) ယောက်ထိုင်နိုင်သည့် စားပွဲကြီးကို အသုံးမပြုပါနှင့်၊ ထိုစားပွဲတစ်လုံးသာ ရှိသည်ဆိုလျှင် ကိုယ်တိုင်စားသည့်စနစ်၊ ဧည့်ခန်းထဲ၌ ပေါင်ပေါ်တင်၍ စားသည့်စနစ်ကို ကျင့်သုံးပါ။ လူမပြည့်သည့်စားပွဲ၌ လူအများကို နေရာချရလျှင် အူကြောင်ကြောင် ဖြစ်စေနိုင်သည်။

## ၁ ဆန့်ကျင်ဘက်လိင်နှင့် စကားပြောခြင်း

ယခုမှစတင်၍တွေ့သည့် ဆန့်ကျင်ဘက်လိင်နှင့် စကားပြောသည့်ကိစ္စသည် ကျွန်တော့်အတွက် အလွန်ပင် ခက်ခဲသည့်ကိစ္စဖြစ်သည်။

ဆန့်ကျင်ဘက်လိင်နှင့် စကားပြောရခြင်းသည် ကျွန်တော်ငယ်ငယ် တုန်းကနှင့် မတူတော့ပေ။ ထိုအချိန်က လူတစ်ယောက်သည် ကော့ခ်တေးလ်ပါတီ တစ်ပွဲတွင် အမျိုးသမီးတစ်ယောက်ထံ ဦးတည်၍သွားမည်၊ "ဒီကောင်မလေးလိုတဲ့ မိန်းကလေး ဒီနေရာမှာ ဘာလာလုပ်နေပါလိမ့်" သို့မဟုတ် "ငါ့အခ



www.burmeseclassic.com

www.burmeseclassic.com



**တစ်ယောက်တည်း ဝင်းဘယ်ရောက်နေပါလိမ့်ကွယ်"** သို့မဟုတ် **"အခြား တစ်နေရာမှာ တို့တွေ့ဖူးသလိုပဲ"** ဟု ပြောမည်။

ထိုပြောနည်းပြောဟန်များသည် အလုပ်မဖြစ်တော့ပါ။ ထိုပုံသေနည်း များသည် ယခုခေတ်တွင် ဟောင်းနွမ်းကုန်ပြီ။ ထိုပြောနည်းပြောဟန်မျိုးဖြင့် ဝင်ရောက်ရန် ရုပ်ရှင်ရိုက်နေသည်ဟု ထင်ကြမည်။

ထိုပြဿနာသည် အမျိုးသားများအတွက်သာ မဟုတ်ပေ။ အမျိုးသမီး များအတွက်လည်း အမျိုးသားတစ်ယောက်နှင့် မည်သို့စကားစရမည်ကို သိရန် လိုသည်။ အထူးသဖြင့် အမျိုးသမီးများသည် အခြားလူစိမ်း အမျိုးသား တစ်ယောက်ကို မချဉ်းကပ်ရဟု သတ်မှတ်ထားသဖြင့် အမျိုးသမီးများအတွက် ပို၍ခက်ခဲသည်။ လက်ဘက်ရည် ပါတီတစ်ခု၌ အသေးအဖွဲစကားမျိုးကိုစ-ရန် ပြဿနာမရှိ။ သို့သော် အပျိုလေးတစ်ယောက်က အခြားဆွဲဆောင်မှု ရှိသည့် သူတစ်ယောက်ကို ချဉ်းကပ်လျှင် အတင့်ရဲလှသည်ဟုဆိုကြမည်။ ကဲလွန်းလှသည်ဟုပင် ဆိုနိုင်သေးသည်။

ကျွန်တော်အထက်တန်း ကျောင်းသားဘဝ အသက် (၂၀) ကျော် (၃၀) အရွယ်က အမျိုးသမီးငယ် တစ်ယောက်သည် အမျိုးသားငယ် တစ်ယောက်ကိုသော်လည်းကောင်း၊ အမျိုးသမီးကြီးတစ်ယောက်က အမျိုးသား ကြီး တစ်ယောက်ကိုသော်လည်းကောင်း တယ်လီဖုန်းမှ ပြောခွင့်မရှိ။ ထို့မှမက မိဘများကလည်း **"မိန်းမကောင်းတွေဟာ ယောကျာ်းလေးတွေကို ခေါ် ပြောခွင့် မရှိ ယောကျာ်းလေးတွေကပဲ ခေါ် ရတယ်"** ဟု ဆုံးမလေ့ရှိသည်။ အမှန်စင်စစ် ထိုမျှလောက်အထိ ဆုံးမနေရန် အကြောင်းမရှိ။ အမျိုးသမီးများက အမျိုးသား များကို မည်သည့်အကြောင်းနှင့်မျှ တယ်လီဖုန်းခေါ် လေ့မရှိကြပေ။

ထိုခေတ် ထိုအချိန်အခါက အမျိုးသားနှင့် အမျိုးသမီးကြားတွင် ဆက်ဆံရာ၌ စာဖြင့်ရေးမထားသော်လည်း တိတိကျကျ လိုက်နာရသည့် ဓလေ့ ထုံးစံများ ရှိကြသည်။ ဆန့်ကျင်ဘက်လိင်အချင်းချင်း ဆွယ်တာမှစ၍ အဝတ် အစားများကို လက်ဆောင်အဖြစ် ပေးလေ့မရှိကြပေ။ အလွန်ဆုံး နက်ခ်တိုင် သို့မဟုတ် လက်အိတ်တစ်စုံလောက်သာ ပေးလေ့ရှိကြသည်။

ထိုကဲ့သို့ အဝတ်အစားမျိုးကိုပေးခြင်းသည် သိပ်ရင်းနှီးလွန်းသည်ဟု အဓိပ္ပာယ်ထွက်သည်။ စာအုပ်ကောင်းတစ်အုပ်၊ ပိုက်ဆံအိတ်တစ်အိတ် ထို့မျှ ထက်မပိုကြပေ။ အမျိုးသားငယ်များနှင့် အမျိုးသမီးငယ်များသည် ကမ်းခြေများ သို့လည်းကောင်း၊ အခြားနေရာများသို့ လည်းကောင်း ညအိပ်ညနေ အတူတကွ





သွားလေ့မရှိ။ ထို့ပြင် အမျိုးသမီးများက အမျိုးသားများကို ခေါ် လေ့မရှိ။ အမျိုးသားများက အမျိုးသမီးများကို စတင်ခေါ် ဆိုရမည်။

ယနေ့ခေတ်၌ ထိုအကြောင်းအရာများအားလုံးသည် သမိုင်းထဲ ရောက်သွားကြပြီ။ အကယ်၍ အမျိုးသားတစ်ယောက်က အမျိုးသမီး တစ်ယောက်ကို ဖုန်း ဆက်၍မတွေ့လျှင် ထပ်ခေါ် စရာမလို။ သူမက ပြန်ဆက် လိမ့်မည်။ သူမရုံး၌မရှိ၍ ခေါ်၍မရလျှင် သူမက ဖောက်သည်၏ ရုံးခန်းမှ သော်လည်းကောင်း၊ ဆန်ဖရန် စစ္စကိုသို့အသွား လေယာဉ်ပျံပေါ် မှသော် လည်းကောင်း၊ လှမ်းဆက်မည်။ သူမ စိတ်ဝင်စားသည့် အမျိုးသား တစ်ယောက်ကို တွေ့လျှင် အမျိုးသမီးတစ်ယောက် က စတင်ခေါ် ဆိုနိုင်သည်။

ထိုအပြောင်းအလဲကြောင့် ယခုအခါ၌ အမျိုးသမီးများတ အမျိုးသားလို မည်သို့စကားစ,ရမည်ကို ခက်နေကြသည်။

ဘာသာဂေါ်လဖီ၏သား ကျွန်တော့်ကို ပေးသည့် အကြံဉာဏ်မှာ **"ကိုယ်ပုံစံနှင့်ကိုယ်နေပါ"** ဟူ၍ ဖြစ်သည်။ ထိုအကြံဉာဏ်သည် ဤနေရာ၌ အခြား စကားပြောပုံ အမျိုးမျိုးထက်ပို၍ သင့်တော်လိမ့်မည်။ ဆန့်ကျင်ဘက် လိင် တစ်ဦးတစ်ယောက်ကို ပထမဆုံး အကြိမ်တွေ့ပြီး ထပ်မံ၍တွေ့လိုလျှင် ဒုန်မှန်ကန်ကန် ပြောဆိုရမည် ဖြစ်သည်။

ကျွန်တော်၏ ကိစ္စ၌ မှန်မှန်ကန်ကန် ပြောဆိုခြင်းဆိုသည်မှာ **"ဒီတိုင်း ဟာ ကျွန်တော်သိပ်ပြီး မကျွမ်းကျင်ဘူး၊ အခုမှတွေ့တဲ့ မိန်းကလေးတစ်ယောက် ကို ဘယ်လိုစကား ပြောရမယ်ဆိုတာ ကျွန်တော်မသိဘူး၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားနဲ့ နည်းနည်းလောက် စကား ပြောချင်ပါတယ်၊ ကျွန်တော်နာမည်က လယ်ရီကင်းပါ"** ဟု ဖြစ်မည်။

အကယ်၍သူမက စကားတုန့်ပြန်ပြောလျှင်စကားဆက်ပြောနိုင်သည်။ အကယ်၍ သူမက စကားပြန်မပြောလျှင် ဘုမနှင့်စကားပြော၍ အဆင်မပြေ ဖြစ်မည်ကို သိနိုင်သည်။

ကျွန်တော်အသုံးပြုမည့် အခြားနည်းတစ်ခုရှိ သေးသည်။ ညစာစားပွဲ ငယ်တစ်ခု၌ အမျိုးသမီးငယ်တစ် ယောက်ကို တွေ့သည်ဆိုပါစို့။ ကျွန်တော်က **"ခင်ဗျားသိတယ်မဟုတ်လား၊ အမျိုးသားတစ်ယောက်အနေနဲ့ အမျိုးသမီး တစ်ယောက်ကို စကားစ,မပြောရဘူးလို့ သတ်မှတ်ချက်မရှိဘူး၊ စကားပြောဖို့ အတွက် စကားစ, ပြောတဲ့နည်းတွေ ကျွန်တော်အများကြီးစဉ်းစားခဲ့ရတယ်၊ ဒါပေမယ့် အဲဒီနည်းတွေဟာ အလုပ်မဖြစ်ပါဘူး၊ ကျွန်တော်တို့ဘယ်လိုပြော**



www.burmeseclassic.com

www.burmeseclassic.com



**ကြော်ငြာရင်ကောင်းမလဲ**" ဟု ပြောမည်။

မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန် စတင်ကာ နောက်တစ်ဆင့် တက်နိုင်သည်။ အခြားပုဂ္ဂိုလ်၏ စိတ်ပါဝင်စားသည့် အကြောင်းအရာများကို ရှာဖွေနိုင်သည်။ စကားကို ဆက်လက်ပြောဆိုရန် သင့်မသင့် ဆုံးဖြတ်နိုင်သည်။ ထိုသို့လုပ်ရန်မှာ မိမိစိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုကို ဖော်ပြခြင်းဖြစ်သည်။

"လူတိုင်းက မန်နီဒက်စ်အမှုနဲ့ ပတ်သက်တဲ့ စီရင်ချက်ကို သဘောထား အမျိုးမျိုး ပေးနေကြသည်၊ ခင်ဗျားရဲ့ သဘောထားကဘယ်လိုလဲ?၊"

"ဗီကိုကားနဲ့လာတော့ ရေဗီယိုကနေပြီးတော့ စတော့ဈေးကွက်ဟာ **တစ်နေ့တည်းနဲ့** (၅၈) မှတ် ထပ်ကျတယ်လို့ ကြားလိုက်ရတယ်၊ ၁၉၈၇ ခုနှစ် **အောက်တိုဘာလတုန်းကဖြစ်တဲ့ အကြပ်အတည်းမျိုး ထပ်ဖြစ်မယ်လို့ ခင်ဗျား ထင်ပါသလား**"

ဤကဲ့သို့သောမေးခွန်းများသည် ရည်ရွယ်ချက်နှစ်ခုအတွက် အသုံးဝင်သည်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မိတ်ဆက်ပြီးကြလျှင် ဆက်လက်၍ဆွေးနွေးစရာ အကြောင်းအရာတစ်ခုရမည်။ တဖန် အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ စိတ်ပါဝင်စားမှုနှင့် ဉာဏ်ရည်ကိုတိုင်းတာရာလည်း ရောက်သည်။

သင်နှင့် စကားပြောနေသည့်သူက ပထမ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရာ၌ "**အဲဒီစီရင်ချက်ကြားရတာ ကျွန်တော်တော့လန့်တယ်**" ဟုပြောမည်။ ထိုသို့ဆိုလျှင် သူသည်ခေတ်မီသူ တစ်ယောက်ဖြစ်ကြောင်း သိနိုင်သည်၊ စကားကို ဆက်ပြောနိုင်မည့်သူဖြစ် သည်။ သူနှင့်တိုက်ဆိုင်သည့် တူညီသည့် အရာများ ရှိနေသည်ကိုတွေ့ရမည်။

အကယ်၍ သူက "**အဲဒီကိစ္စ ကျွန်တော်ဘာမှမသိဘူး**" ဟုပြောလျှင် အမှန်အတိုင်းပြောတာ ဟုတ်ချင်မှဟုတ်မည် အားလုံးသိပါလျက်နှင့် ထိုအကြောင်းကို မဆွေးနွေးချင်၍ ငြင်းခြင်းဖြစ်မည်။ မိမိနှင့် သဘောထား ချင်း ကိုက်ညီသည့် အခြားသူတစ်ယောက်လိုက်၍ ရွေးချယ်သင့်သည်။

အမျိုးသမီးတစ်ယောက်ကို ချဉ်းကပ်၍ စတော့ ဈေးကွက်အကြောင်း မေးမြန်းရာ၌ "**ဟုတ်လား ဝေါလ် စထရိဂျာနယ်ထဲမှာ အဲဒီအကြောင်း ဆောင်းပါးတွေတောင် ပါသေးတယ်လေ**" ဟုပြောလျှင် သူနှင့် အချိတ်အဆက် မိပြီကို သိနိုင်သည်။





အကယ်၍သူမက "**အဲဒီအကြောင်းတွေ ကျွန်မ မသိပါဘူး အလွန် ငြီးငွေ့စရာ ကောင်းတာပဲ**" ဟုပြောလျှင် သူမနှင့် စကားပြောရသည်မှာ ငြီးငွေ့စရာကောင်းနေသည်ကို တွေ့ရမည်။ သို့မဟုတ် သူမက သင်နှင့်စကားပြော ရသည်မှာ ပျင်းစရာကောင်းကြောင်း တွေ့လိမ့်မည်။ ဆန့်ကျင်ဘက်လိင်များကို တွေ့သည့်အခါ၌ စကားစ,စချင်း တတ်နိုင်သမျှစောစော တဖက်သား အကြောင်းကို များများသိလေ ကောင်းလေဖြစ်သည်။ သင်စိတ်ဝင်စားသည့် အယ်ပယ်ထဲခေါ်ခဲ့ပါ။ သဘာဝအတိုင်းပြောသည့် ပုံစံကိုသာသုံးပါ။ တိုယ်တာ နောက်ပြောင်တတ်သည့်သူ ဖြစ်နေလျှင် သူလည်း နောက်ပြောင်တတ်သည့်သူ ဟုတ် မဟုတ်ကြည့်ပါ။ အကယ်၍သင်က **အလေးအနက်ထားတတ်သည့် သူ** တစ်ဦးဖြစ်နေလျှင် သူလည်း အလေးအနက်ထားတတ်သည့် **သူတစ်ယောက်** ဟုတ်မဟုတ် ကြည့်ပါ။ သင်သည် နိုင်ငံရေး၊ **အားကစား၊ ရုပ်ရှင် ရုပ်** တို့အားလုံးကို ကြိုက်လျှင်သင်၏ စကားပြောဘက်လည်း **ထိုအကြောင်း** အရာများကို စိတ်ပါဝင်စားမှု ရှိမရှိ ကြည့်ပါ။

သင်စိတ်ဝင်စားသည့် အကြောင်းအရာကို သူမ **စိတ်မဝင်စားလျှင်** သည်ယည်ကျေးကျေး ထွက်သွားပါ။ အခြားသူများနှင့် ဆက်လက်**လုပ်ရှားပါ။** စကားပြောရတာ ပို၍ပျော်စရာကောင်းသည့် အခြားသူတစ်ဦး**တစ်ယောက်** အခန်းထဲ၌ ရှိနေနိုင်သည်။

## ၁ မင်္ဂလာဆောင်မှအစ အသုဘအဆုံး မိသားစုတွေ့ဆုံမှုများ

မင်္ဂလာဆောင်များ၊ မွေးနေ့ပါတီများ၊ မိသားစု မိတ်ဆုံစားပွဲများသည် အများအားဖြင့် စကားပြောရန် အတွက်သက်သောင့်သက်သာရှိသည့် ပတ်ဝန်းကျင်များ ဖြစ်ကြသည်။ ထိုနေရာသို့ ရောက်နေကြသည့် သူများသည် တစ်ယောက်ကို တစ်ယောက် သိကျွမ်းကြသည်။ ပွဲလမ်းသဘင်များ၌လည်း အများအားဖြင့် ပျော်ပျော်ရွှင်ရွှင် သက်သောင့်သက်သာရှိသည်။ မင်္ဂလာဆောင် တစ်ခုတွင် ဓာတ်ပုံရိုက်ရန် စောင့်ဆိုင်းနေသည့်အခါ မျိုးကလွဲ၍ အများ အားဖြင့် ပျော်ပျော်ရွှင်ရွှင် ရှိနိုင်သည်။

ယခင်ကသင်နှင့် မတွေ့ကြုံဘူးခဲ့သည့် သူများ နှင့် တွေ့ဆုံခဲ့လျှင်ဝင် အဆင်သင့်ပြောဆိုစရာ အကြောင်းအရာများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီးကိုတွေ့သလား၊ သတို့သားနဲ့တော့ ဟိုတုန်းက မတွေ့ဖူးဘူး။ အခုတော့ သတို့သမီးနဲ့တော့ မိတ်ဆွေဟောင်းတွေပေါ့၊ သူက ချစ်စရာကောင်းတယ်၊ သူ့မိသားစုကလည်း သိပ်ချစ်စရာကောင်းတာပဲ" ဟု ပြောနိုင်သည်။ သတို့သား၊ သတို့သမီးအကြောင်းကို နာရီဝက်ခန့်ကြာအောင် ပြောနိုင်သည်။

သင်နှင့်စကားပြောနေသည့် ပုဂ္ဂိုလ်သည် တစ်ဖက်က ဆွေမျိုးများကို သိနိုင်သည်။ ထိုအခါသင်နှင့် အခြားပုဂ္ဂိုလ်တို့သည် နာရီဝက်ခန့်ကြာအောင် စကားပြောနေနိုင်သည်။

ပွားရည်ဆမ်းခရီး ဘယ်ထွက်မယ်ဆိုတာ သိလားဟု မေးနိုင်သည်။ ထိုနေရာသို့ သင်သော်လည်းကောင်း၊ သင်၏ စကားပြောဖက်ကသော်လည်းကောင်း၊ ရောက်ဖူးလျှင် နောက်ထပ် နာရီဝက်ခန့်ကြာအောင် ပြောနိုင်သည်။

သို့သော် အသုဘများတွင် စကားပြော၌ အနည်းငယ်ခက်သည်။ လူမှုရေးအရ ပြောရဆိုရ အခက်ဆုံး အခမ်းအနားတစ်ခုဖြစ်သည်။ ကွယ်လွန်ကြောင်း သိရှိသည့်အခါ၌ လည်းကောင်း၊ အသုဘအခမ်းအနားများ၌သော် လည်းကောင်း ကျန်ရစ်သူမိသားစုဝင်များကို ပြောရာ၌ လိုက်နာရန် အခြေခံဥပဒေသတစ်ခုရှိသည်။ တစ်ယောက်ယောက် မရှိတော့သည်ကို သိပ်ပြီး သိသိသာသာ ထင်ထင်ရှားရှားကြီးဖြစ်အောင် မလုပ်ပါနှင့်။ အများအားဖြင့် အသုဘအခမ်းအနားများ၌ "ရှင်တို့ ဘယ်လောက် ခံစားနေရမယ်ဆိုတာ ကျွန်မသိပါတယ်" ဟု ပြောလေ့ရှိသည်။ ကျွန်တော့်အနေဖြင့် ထိုအသုံးအနှုန်းကို အကြောင်းနှစ်ခုကြောင့် ရှောင်လေ့ရှိသည်။ ပထမတစ်ခုမှာ သာမန် သေရိုးသေစဉ် သေခြင်းဖြစ်လျှင် (၁၂) နှစ်အထက် အရွယ်ရှိသည့် သူအားလုံး တစ်ချိန်မဟုတ်တစ်ချိန် ကျွန်တော်တို့အားလုံး တွေ့ကြုံနိုင်သည့် ကိစ္စဖြစ်သည်။ ကျန်ရစ်သူမိသားစု အနေဖြင့် သူတို့ဘယ်လို ခံစားနေရသည်ကို ကျွန်တော်တို့အားလုံးက သိကြောင်း သတိထားမိပြီးဖြစ်သည်။ ဒုတိယအနေဖြင့် သေရိုးသေစဉ်မဟုတ်ဘဲ ရုတ်တရက် ကွယ်လွန်ခြင်း၊ ဥပဒ္ဒေကကံ တစ်ခုခုကြောင့် သေခြင်းဖြစ်လျှင် သူတို့ ဘယ်လောက်ခံစားနေရသည်ကို သိစရာအကြောင်း မရှိပါ။

အလားတူပင် အလွန်ဝမ်းနည်းစရာ ကောင်းတာဘဲ၊ ရောမဆုံးရှုံးမှုတစ်ခုဘဲဟု ပြောသည့် စကားများသည် သူတို့၏ဝမ်းနည်းမှုကို သင်၏ပေတံဖြင့်





တိုင်းတာရာရောက်သည်။ အမှန်တကယ်၌ သူတို့၏ ဝမ်းနည်းမှုကို သင်၏ ပေတံဖြင့် မတိုင်းတာနိုင်ပေ။

သို့ဖြစ်၍ ကိုယ့်ပုံစံနှင့် ကိုယ်ပြောပြီး ကြင်နာမှုကို ပြသရန်ဖြစ်သည်။ သို့သော်သိပ်ပြီး သည်းပြမနေပါနှင့်။ ကွယ်လွန်ကြောင်း သိရသည့်အခါ၌ လည်းကောင်း၊ အသုဘ အခမ်းအနားများ၌ လည်းကောင်း ကွယ်လွန်သူနှင့် ပတ်သက်၍ ကျွန်တော်မှတ်မိသည့် အကြောင်းအရာများကို ပြောလေ့ရှိသည်။ "ကျွန်တော်ဆေးရုံတတ်တုန်းက ဖွန်က ကျွန်တော့်ကိုလာကြည့်တယ်၊ အဲဒီညတသောကြာနေ့ညပေါ့၊ အဲဒီနေ့က မိုးတွေရွာနေပေမယ့် နယူးယောက်တနေ အိမ်ပြန်ရောက်ရုံ ရှိသေးတယ်၊ ကျွန်တော့်ဆီကို လာဖြစ်အောင် လာတွေ့သွားသေးတယ်" ဟူသော စကားမျိုးကို ပြောလေ့ရှိသည်။

အကယ်၍ သင့်အနေဖြင့် မိသားစုကိုကောင်းကောင်းသိလျှင် ရယ်စရာတစ်ခုခုကို ပြန်ပြောင်းပြောနိုင်သည်။ "ဖစ်တာ ကျွန်တော့်တို့အနောက်ဆုံးအပြောင်ဆုံး သူတစ်ယောက်ဆိုတာသိရဲ့လား" ဟုပြောနိုင်သည်။ ထိုကဲ့သို့ ပေါ့ပေါ့ပါးပါး ဝေဖန်မှုမျိုးသည် အလွန်လိုအပ်သော ဝေဖန်မှုမျိုးဖြစ်သည်။ အခြားသူများမသိ မိမိသာသိသော မိသားစုများအနေဖြင့် လုံးဝမကြားဘူးသော ဇာတ်လမ်းဖြစ်နိုင်သည်။

သင့်အနေဖြင့် ကွယ်လွန်သူကိုမသိလျှင် သူ၏စွမ်းဆောင်မှုများ အောင်မြင်မှုများအကြောင်းကို အတိုချုံ့ဝေဖန်နိုင်သည်။ ဝန်ထမ်းလောကတွင် သူ့ကိုဘယ် လောက်လေးစားကြောင်း၊ သူ၏အောင်မြင်မှု၊ ကြိုးစားအားထုတ်မှုများကို မည်မျှလေးစားကြောင်း၊ မိသားစုအပေါ်တွင် မည်မျှကောင်းသည့်သူဖြစ်ကြောင်း၊ သူ၏ ဝန်ထမ်းသက်တလျှောက်တွင် လူမှုရေးလုပ်ငန်းများကို မည်သို့လုပ်ခဲ့သည်ဖြစ်ကြောင်း ပြောနိုင်သည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် ဘယ်လိုပြောရမည်ဆိုသည်ကို အကြံပေးတစ်ယောက်ကို ငှားရမ်းစရာမလိုပါ၊ ကွယ်လွန်သူ၏ မိသားစုဝင်တစ်ယောက်သာ မိမိဖြစ်လျှင် ထိုအချိန်မျိုး၌ ဘာအကြားချင်ဆုံးဖြစ်သည်ကို ကိုယ့်ကိုယ်ကိုယ်မြင်ကြည့်ပါ။ အများအားဖြင့် တတ်နိုင်သမျှ ရိုးရိုးရှင်းရှင်းဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။ ဤကဲ့သို့သော အချိန်မျိုး၌ မိသားစုဝင်များက သင်ဘယ်လောက်အပြော ကောင်းသည်ဆိုသည့် ကိစ္စကို စိတ်ဝင်စားမည်မဟုတ်ပါ။ "ဝမ်းနည်းပါတယ်၊ ကျွန်တော်သူ့ကို သတိရနေမှာပါ" ဟု ရိုးရိုးသားသားပြောလျှင်ပင် လုံလောက်နိုင်သည်။

သင်သည် အသုဘအခမ်းအနားတစ်ခု၌ စကားပြောဆိုရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုတဲ့သို့ထြင်နာမှုများ၊ ထောက်ထားမှုများကိုပြနိုင်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော်သည်ကျွမ်းကျင်သည့်သူ မဟုတ်ပါ။ သို့သော်ကျွန်တော် အတွေ့အကြုံမှ နမူနာတစ်ခုကို ပြောပြလိုသည်။

၁၉၉၃ ခုနှစ် နိုဝင်ဘာလ၌ ကျွန်တော်၏ မိတ်ဆွေလည်းဖြစ်၊ ကိုယ်စားလှယ်လည်းဖြစ်သော ဘော့ဝုလ်ဖ်သည် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည်။ ဘော့စ်သည် ဖောက်သည်များကို မိတ်ဆွေများဖြစ်အောင် လုပ်နေသူလည်းဖြစ်သည်။ သူနှင့်သူ၏သမီး စတေစီဝုလ်ဖ်တို့သည် ကျွန်တော်နှင့် နှစ်ပေါင်းများစွာ ဂုဏ်သိက္ခာရှိရှိ၊ သမာဓိရှိရှိ ဆက်ဆံခဲ့ကြသည်။ ဘော့စ်တို့သားအဖနှင့် ဆက်ဆံရာ၌ သမာဓိ၊ လေးစားမှု၊ အောင်မြင်မှု၊ ယဉ်ကျေးမှု၊ ဟာသဉာဏ်ရွှင်မှုတို့ဖြင့် အမြဲတမ်းတွေ့ကြုံရသည်။ အခြားဖောက်သည်အားလုံးတို့နှင့် ဆက်ဆံရာ၌လည်း အလားတူပင်ဖြစ်သည်။ ဖလော်ရီဒါ၌ ဘော့ကွယ်လွန်ကြောင်း ကြားသိရသည့်အခါ အားလုံးအံ့သြအထိတ်တလန့် ဖြစ်ကြသည်။ ဝါရှင်တန်တွင် ကျွန်တော်၏ (၆၀) နှစ်ပြည့် မွေးနေ့ကိုကျင်းပပြီးနောက် အနည်းငယ်တွင် ထိုဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးကို ကြုံကြိုက်ရခြင်းဖြစ်သည်။ (၆၀) နှစ်မြောက်မွေးနေ့တွင် သူက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားခဲ့သည်။

သူ၏သမီးငယ် စတေစီက သူမ၏ ဖခင်အသုဘတွင် စကားပြောရန်လူ (၅) ဦးကို ရွေးထားရာ ထိုအထဲတွင် ကျွန်တော်လည်း တစ်ယောက် အပါအဝင်ဖြစ်သည်။ ထိုသို့ရွေးချယ်ခံရသည့်အတွက် မြောက်လည်းမြောက်သွားသလို ကြောက်လည်းကြောက်နေသည်။ မြောက်သွားသည်မှ အရွေးခံရဖြစ်ပြီး ကြောက်နေသည်မှာ ဘာပြောလို့ပြောရမှန်း မသိ၍ဖြစ်သည်။ အခြေအနေကလည်း အထိမခံသည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် စကားပြောဆိုသူတစ်ယောက်အနေဖြင့် အကြောင်းအရာ ရွေးချယ်ရာ၌လည်းကောင်း၊ ထိုအကြောင်းအရာများ ဝေါဟာရ မှန်မှန်ကန်ကန် ရွေးချယ်ပြောရန်အတွက်လည်းကောင်း အထူးပင်အရေးကြီးသည့် အခြေအနေမျိုးဖြစ်သည်။ ကျွန်တော့်အနေဖြင့် ခါတိုင်းကဲ့သို့ပင် ကိုယ့်စိတ်ကိုယ်မေးကြည့်သည် ကိုယ့်စိတ်က ပေါ့ပေါ့ပါးပါးသာပြောရန် အကြံပေးသည်။

ကျွန်တော်အနေဖြင့် နောက်ဆုံးစကားပြောရသည်။ ရှေ့တွင် စကားပြောသွားသည့် (၄) ဦးစလုံးက လည်း အလွန်စကားပြောကောင်းသည့် ပုဂ္ဂိုလ်များဖြစ်သည်။ နောက်ဆုံးတွင် ကျွန်တော့်အလှည့် ရောက်လာသည်။





ကျွန်တော့်ဘဝတွင် အခက်ခဲဆုံး မိန့်ခွန်းဖြစ်သည်။ အမှန်စင်စစ် မိန့်ခွန်းတစ်ခု မဟုတ်ပါ။ ကျွန်တော် တွေ့ကြုံနေရသလို ဝမ်းနည်းမှု၊ ခံစားမှု၊ အမှတ်ရမှုများကိုမျှဝေသည့် အခမ်းအနားတစ်ခုသာဖြစ်သည်။ ကျွန်တော့်အနီးဆုံးရှိ မိတ်ဆွေတစ်ယောက်ကိုဖက်ပြီး ရပ်လိုက်သည်။ ကျွန်တော်အတွက်ရော၊ သမီးငယ်နှင့် တခြားသူများအတွက်ပါ ဝမ်းနည်းစရာ အကောင်းဆုံးအချိန်ဖြစ်သည်ကို သတိရလိုက်သည်။ ကျွန်တော်က စကားစတင်ပြောလိုက်သည်။

“ဘော့မှာ လယ်ရီဆိုတဲ့ ဖောက်သည်နှစ်ယောက်ရှိတယ်၊ သူ့ဆီကို လယ်ရီနှစ်ယောက်စလုံးသွား တွေ့တဲ့ အခါမှာ လယ်ရီဝင်ခဲ့ပါဆိုတော့ ဘယ်သူဝင်လို့ ဝင်ရမှန်း မသိဘူးဖြစ်ခဲ့ကြတယ်”

အရင်ဦးဆုံး ရယ်သံထွက်လာသည်။ အလွန်ဝမ်းနည်းနေသည့် အခြေအနေမှ ရယ်စရာ၊ ရယ်စရာမှ စိတ်သက်တောင့်သက်သာဖြစ်သည့် အခြေအနေများကို ရောက်စေသည်။ ထိုအနီးဝန်းကျင်တွင် ရောက်ရှိနေသည့် ပုဂ္ဂိုလ်များက ရယ်စရာတစ်ခုခု လိုချင်သည်ကို ကျွန်တော်သိသည်။ ဘော့ကိုယ်တိုင်ကလည်း အလွန်ပျော်တတ်၊ နောက်တတ်သည့်သူ တစ်ယောက်ဖြစ်သည်။ လူတွေနှင့်နေရ၊ ရယ်ရတာကိုပျော်သည်။ သို့ဖြင့်ကျွန်တော်ကဆက်ပြောသည်။

“ခင်ဗျားတို့ သိတယ်မဟုတ်လား၊ ဘော့ဟာ ဓာတ်ပုံရိုက်တာကို သိပ်ပြီး ဝါသနာပါတယ်၊ သူဟာ တစ်ခုခုကို အမြဲတမ်းချောင်းရိုက်နေတတ်တယ်။ မဲလ် ဘရွတ်ရဲ့ အသက် (၂၀၀၀) ရှိတဲ့လူကြီးက ကမ္ဘာ့သမိုင်းမှာ အကြီးကျယ်ဆုံး တီထွင်မှုဟာ ဘာလဲလို့မေးလျှင် (၂) ခု ရှိတယ်လို့ ပြောခဲ့ဘူးတယ်၊ ဒါပေမယ့် ဘော့ကို ကမ္ဘာမှာအကြီးကျယ်ဆုံး တီထွင်မှုဟာဘာလဲလို့ မေးလျှင် (၂၄) နာရီ ဓာတ်ပုံတူးတဲ့လုပ်ငန်းလို့ ပြောလိမ့်မယ်”

ထိုသို့ပြောလိုက်သဖြင့် ကျွန်တော်၏ ပရိသတ်များ သက်တောင့်သက်သာ ဖြစ်သွားသည်။ ကျွန်တော်၏ လိပ်ပြာကပြောသည်မှာ မှန်သည် ထင်သည်။ အသုဘရှိ အခြားသူများကလည်း ကျွန်တော်ရွေးသည့် အကြောင်းအရာ မှန်သည်ဟုယူဆကြသည်။ အသုဘကဲ့သို့သော ခက်ခဲသည့်အခြေအနေမျိုး၌သင်၏ လိပ်ပြာက ပြောခိုင်းသည့် အကြောင်းအရာကို ပြောရန်အကြံပြုလိုသည်။ ဘာပြောပြီး၊ ဘာမပြောရမည်ကို သိရန်အတွက် ပါရမီလိုသည်။ သင်၏လိပ်ပြာက ခိုင်းလိမ့်မည်။ အကယ်၍ ကိုယ့်လိပ်ပြာက အခြားသူများ ကြားချင်သည့် အကြောင်းအရာတစ်ခု၊ အမှတ်တရတစ်ခု၊ ကောက်နုတ်ချက်တစ်ခုကို ပြောခိုင်းလျှင် ထိုအကြောင်းကိုပြောပြပါ။ အလားတူပင် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

အရာတစ်ခု ခေါင်းထဲပေါ်လာပြီး စိတ်မသန့် ဖြစ်နေလျှင်၊ သံသယဖြစ်နေလျှင် ဘိုအကြောင်းအရာကို မပြောပါနှင့်။

ဘော့၏ အသုဘ၌ ပြောရသည်မှာ ကျွန်တော့်အတွက် အလွန်ခက်သည့် အရာတစ်ခုဖြစ်သလို အခြားသူများအတွက်လည်း ခက်ကြလိမ့်မည်ဟု ယူဆသည်။ သို့သော်ထိုနေ့၌ ကျွန်တော်တို့ (၅) ယောက်သည့် ကွယ်လွန်သူ ကျွန်တော်တို့မိတ်ဆွေကို အလေးအမြတ် ပြုရန်အတွက် စကားပြောဆိုခြင်းသည် အကောင်းဆုံး နည်း၊ အသင့်တော်ဆုံးနည်း ဖြစ်သည်ဟု ယူဆကြသည်။

အသုဘ အခမ်းအနားများသည် ကွယ်လွန်သူအား အလေးအမြတ်ပြုရန်အတွက် ကျင်းပသော အခမ်းအနားများဖြစ်သည်။ မည်သူကမျှ ထိုအခမ်းအနားမှာ ပျော်ပျော်ရွှင်ရွှင်မရှိ။ ထိုပုဂ္ဂိုလ်ကို ချစ်မြတ်နိုးသည့်အတွက် အလေးအမြတ်ပြုရန် ရောက်နေခြင်းဖြစ်သည်။ လယ်ရီကင်း စကားပြောတာကို ကြားချင်၍ လာကြခြင်းမဟုတ်။ ကွယ်လွန်သူမှာဘော့ဖြစ်ပြီး သူ့ကိုအကောင်းဆုံး နှုတ်ဆက်လို၍ လာကြခြင်းဖြစ်သည်။

အသုဘအခမ်းအနားတစ်ခု၌ သင့်ကိုစကားပြောဆိုရန် ဖိတ်ခေါ်ခြင်းခံရလျှင် ကျွန်တော့်အနေဖြင့် ထိုသို့အကြံပေးလိုသည်။ လူတွေက သင်ပြောတာ နားထောင်ရန်လာသည် မဟုတ်ကြောင်း သင်မမေ့ပါနှင့်။ ချစ်ခင် မြတ်နိုးသည့် သူတစ်ယောက် ဆုံးသွားခြင်းကို ဝမ်းနည်းပူဆွေးရန်၊ သူ့ဘဝနှင့် ထိတွေ့ဆက်ဆံမှုကို အထိမ်း အမှတ် အခမ်းအနားပြုရန် လာကြခြင်းသာဖြစ်သည်။ ကွယ်လွန်သူကို လေးစားမှု၊ မြတ်နိုးမှုပြသပါ။ မိသားစုကို ကြွင်နာကြောင်းပြသပါ။ တိုတိုပြောပါ။ ထိခိုက်နစ်နာမှု မရှိသည့် ရယ်စရာတစ်ခု နှစ်ခုလောက်ပြောပါ။

၁ ထင်ရှားကျော်ကြားသူများအား မည်သို့ပြောမည်နည်း

လူအများစုအတွက် ထင်ရှားကျော်ကြားသည့် သူများနှင့် စကားပြောခြင်းသည်လည်း အခြားပြဿနာ တစ်ခုဖြစ်သည်။ ထိုထင်ရှားကျော်ကြားသူသည် မည်မျှပင် ရိုကျိုးမှုရှိသည်ဖြစ်စေ သူ၏ထင်ရှားကျော်ကြားမှုကြောင့် အနှောက်အယှက်ဖြစ်လွယ်သည်။





သင့်အနေဖြင့် ဂရုမစိုက်လျှင် သတိမထားမိဘဲ ကိုယ့်ကိုယ်ကိုယ် အရှက်တကွဲ ဖြစ်စေနိုင်သည်။ ရုပ်ရှင် မင်းသားမင်းသမီးများ၊ ရုပ်မြင်သံကြား ခင်းသား မင်းသမီးများ၊ အားကစားသမားများကို အမှတ်တမဲ့ အခြားသူများ စိတ်ဝင်စားစရာ အတွေ့အကြုံမျိုးစုံကို ပြောလေ့ပြောထရှိသည်။

အများအားဖြင့် ပြောလေ့ရှိသည့် ပုံစံတစ်ခုမှာ **"ကျွန်တော် တလေး အဝတတည်းက ခင်ဗျားရဲ့ပရိသတ်တစ်ယောက်ပါ"** ဟုပြောလေ့ရှိခြင်းဖြစ်သည်။ ဘောလုံးသမားများက ဤသို့ပြောဆိုသည်ကို ကြားသည့်အခါ တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ရန်အတွက် ပြောလေ့ရှိသည့် စကား တစ်ခုရှိသည်။ **"ငါ့အဖေက ခင်ဗျားကစားတာ ကြည့်ဖို့အတွက် ခေါ်သွားလေ့ရှိတယ်"** ဟူ၍ဖြစ်သည်။ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည် ဖြစ်စေ ထိုသို့ မှတ်ချက်ပေးခြင်းသည် ထင်ရှားကျော်ကြားသူများ အသက်ကြီးနေပြီဟု ပြောရာ ရောက်သည်။

အခြားပြောလေ့ရှိသည့် စကားတစ်ခုမှာ **"ကျွန်တော်လည်း အားကစားသမားတစ်ယောက်၊ ရုပ်ရှင်မင်းသားတစ်ယောက်၊ စာရေးဆရာ တစ်ယောက် ဖြစ်ခဲ့ ဖို့ကောင်းတယ်လို့ အမြဲတမ်းတွေးနေမိတယ်"** ဟူသည့် မှတ်ချက်တစ်ခုဖြစ်သည်။ ထိုမှတ်ချက်သည် သင်နှင့် စကားပြောဆိုနေသည့် သူ၏ အောင်မြင်မှုများကို သေးသိမ်အောင်လုပ်ရာရောက်သည်။ သူ့လိုပင် မည်သူမဆို လုပ်နိုင်သည်ဆိုသည့် အဓိပ္ပါယ်ထွက်နေသည်။

ကျွန်တော်၏ တွေ့ဆုံမေးမြန်းမှုများ၌ ထင်ရှားကျော်ကြားသူများကို ကျွန်တော်စဉ်းစား၍ရသမျှ ဘက်ပေါင်းစုံက ပြောလေ့ရှိသည်။ ထိုသို့ အကြောင်းအရာစုံ၊ ဘက်ပေါင်းစုံပြောခြင်းကို သင်နှင့်ကျွန်တော်တို့၏ သာမန် စကားဝိုင်းကဲ့သို့ပင် သူတို့လည်းသဘောကျသည်။ သူတို့ကို ထင်ရှားကျော်ကြားသူဟု သဘောမထားဘဲ သာမန်လူလို သဘောထားပြီး သူတို့မှာလည်း အခြားသူများလို ကြိုက်တာတွေ၊ မကြိုက်တာတွေ၊ ခံစားမှုတွေရှိနိုင်သည်။ ဤနေရာ၌ ကျွန်တော်ဖော်ပြသည့် နည်းလမ်းများကိုသုံးပြီး သူတို့ကို စကား အောင်အောင်မြင်မြင်ပြောနိုင်းနိုင်သည်။

ထင်ရှားကျော်ကြားသူများနှင့် ပတ်သက်၍ မှားလေ့ရှိသည့် အမှား တစ်ခုမှာ သူတို့၏လုပ်ငန်းမှလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ နားမလည်သည့် သူများအဖြစ် ပုံသေဆက်ဆံခြင်းဖြစ်သည်။ ရုပ်ရှင်လောက၊ အားကစား လောက၌လည်း ထက်မြက်သူများ၊ ပညာတတ်များ၊ အသိဉာဏ်နှင့် ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသူ အမျိုးသား အမျိုးသမီးများ၊ အကြောင်းအရာမျိုးစုံ ကိစ္စမျိုးစုံကို စိတ်ဝင်စားစွာ တက်ကြွလှုပ်ရှားသူများရှိနေသည်။ အကယ်၍ ထိုထင်ရှားကျော်ကြားသူ တစ်ဦးတစ်ယောက်၏ အခြားဝါသနာပါရာ လုပ်ငန်းများကို သိလျှင် ထိုအကြောင်းကို သူ၏လုပ်ငန်းအကြောင်းထက်ပို၍ လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနိုင်သည်ကို တွေ့ရသည်။

ဥပမာ - ဝူဒီအဲလ်ကို နယူးယောက်မှ ဘတ်စကက်ဘော အသင်းအကြောင်း မေးနိုင်သည်။ ပေါလ်နယူမန်ကို ကလေးများနှင့် ပတ်သက်၍ လုပ်သည့် အလှူအတန်းများအကြောင်း မေးနိုင်သည်။

ထိုထင်ရှားကျော်ကြားသူ၏ အောင်မြင်မှုကြောင့် သင့် အနောက်အယှက်ဖြစ်လျှင် သင့်ကိုယ်သင် ဒုက္ခရောက်ရန်အတွက် ဒုက္ခကို ဖိတ်ခေါ်ရာ ရောက်နေ သည်၊ ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာကျော်သည့် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များထဲမှ တစ်ဦးဖြစ်သူ ဝေါလ်ကာပစ်ဂျင်ကို မြို့ငယ်လေးတစ်ခုမှ မြို့တော်ဝန်က ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ မြို့တော်ဝန်က "ဝရိသတ်အပေါင်းတို့ခင်ဗျား- ဒါဟာတကယ့်ခိုလေးတစ်ကောင်ပါဘဲ" ဟူ၍ မိတ်ဆက်ပေးသည်။

■





အပြောကောင်းသူတို့၏ အရည်အချင်း (၀) ၃

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

## အပြောကောင်းသူတို့၏ အရည်အချင်း (၈) ခု

အောင်မြင်သူများသည် အပြောကောင်းသူများဖြစ်ပြီး အပြောကောင်းသူများသည်လည်း အောင်မြင်သူများဖြစ်ကြသည်။

၁) သူတို့၏ အရည်အချင်းများ

၂) ဖရန့်ဆင်နာထရာ၊ ဘီလ်တလင်တန်၊ အက်ဒွက်ဘင်းနက်ဝီလျံတို့၏ သင်ခန်းစာများ -

အောင်မြင်သည့်သူများသည် စကားပြောကောင်း သူများဖြစ်ကြပြီး စကားပြောကောင်းသူများသည် အောင်မြင်သည့်သူများ ဖြစ်ကြသည်မှာ မဆန်းပါ။ သင့်အနေဖြင့် စကားကောင်းကောင်းပြောတတ်သည့် အရည်အချင်းကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်လျှင် အောင်မြင်သူတစ်ယောက် ဖြစ်နိုင်သည်။ အကယ်၍ သင်သည် စကားပြောကောင်းသူတစ်ယောက် ဖြစ်နေနှင့်ပြီဟုဆိုလျှင် စကားပြောပို၍ကောင်းရန် လေ့ကျင့်ခြင်းအားဖြင့် ပို၍အောင်မြင်နိုင်သည်။ အောင်မြင်ပြီး စကားပြောမကောင်းသည့် ပုဂ္ဂိုလ်များ ရှိသလားဟု ခမေးလျှင် တစ်ယောက်မျှမရှိပါ။ လူရှေ့သူရှေ့၌ စကားပြောသည့် အခါ၌ ခကောင်းခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် အောင်မြင်မှုရရန်၊ ကြီးကျယ်မြင့်မားရန်အတွက် မတူသည့် အခြေအနေများတွင် ကောင်းကောင်းမွန်မွန် နိုင်နိုင်နင်းနင်း ပြောနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရီထရူးမင်းကို အပြောကောင်းသူဟူ၍ မည်သူမျှမသတ်မှတ်ကြ။ သို့သော် လူအများကကြီးကျယ်သော သမ္မတကြီးအဖြစ် သတ်မှတ်ကြသည်။ ထိုသို့ သတ်မှတ်ကြခြင်းမှာ နိုင်ငံရေးအရ အပေးအယူများလုပ်ရာ၌ အပြောကောင်းသူတစ်ယောက် ဖြစ်၍ဖြစ်သည်။ သူလိုချင်သည်ကို တစ်ဖက်သားနားလည်ရန် ပြတ်ပြတ်သားသား ပြောကြားတတ်သူလည်းဖြစ်သည် သူ၏စိတ်ကူးများကို ရိုးရိုးရှင်းရှင်း အများနားလည်သည့် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောတတ်သူလည်းဖြစ်သည်။ မည်သူကမျှ သမ္မတတစ်ယောက်၏ တာဝန်ကို သူကဲ့သို့ အကျဉ်းချုံး၍ တိတိကျကျ မဖော်ပြနိုင်ပေ။ သူက "ငွေရေးကြေးရေးကိစ္စတွေက ဒီနေရာမှာရပ်သွားပြီ" ဟူ၍ သမ္မတတစ်ယောက်၏ တာဝန်ကို ပြောပြသည်။ ဤသည်မှာ စကားပြောကောင်းသူတစ်ယောက်၏ အရည်အချင်းဖြစ်သည်။

သမ္မတထရူးမင်းကဲ့သို့ပင် လင်ဒန်ဂျွန်ဆင်သည်လည်း သူလိုကိုယ်လို စကားပြောတတ်သူသာ ဖြစ်သည်။သို့သော်ဆီနိတ်၌ သင်၏ဂုဏ်ပိုးကိုဆွဲ၍ စကားပြောရာတွင် သူမတူအောင် ပြောနိုင်သည့်သူ တစ်ယောက်ဖြစ်သည်။

ထရူးမင်း၊ ဂျွန်ဆင်တို့နှင့် မတူသောသူ တစ်ယောက်မှာ မာတင်လူသာကင်း ဂျူနီယာ ဖြစ်သည်။ သူသည် လူရှေ့သူရှေ့တွင် စကားပြောကောင်းသူဖြစ်သည် စင်မြင့်ပေါ်က မိုက်ကရိုဖုန်းရှေ့တွင် တစ်နိုင်ငံလုံးနိုးကြားတက်ကြွရန် ပြောနိုင်သည့် လူတစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့အများစုအနေဖြင့် နေ့စဉ်စကားပြောဆိုသည့်ကိစ္စများတွင် ထိရောက်မှု၊ ထက်မြက်မှုရှိရန်သည် အရေးကြီးဆုံး ကိစ္စဖြစ်သည်။ ထိုအများပြည်သူများရှေ့တွင် ပြောသည့်ကိစ္စသည် လူမှုဆက်ဆံရေး နယ်ပယ်တွင်သော်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်သော်လည်းကောင်း ဖြစ်ကောင်းဖြစ်သည်။ အသံလွှင့်သည့်အခါ၌ လည်းကောင်း၊ ပြင်ပ၌လည်းကောင်း၊ တွေ့ကြုံခဲ့ရသည့် အရည်အချင်းများ များစွာရှိသည်ကိုတွေ့ရသည်။

## ၁ စကားအပြောကောင်းသူများ၏ တူညီသည့် အရည်အချင်းများ

၁။ သူတို့သည် ကိစ္စများကို ရှုထောင့်သစ်မှ ကြည့်တတ်ကြသည်။ အများသိနှင့်ပြီးသား အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ မျှော်လင့်မထားသည့် အမြင်မျိုးရှိတတ်ကြသည်။

၂။ သူတို့၏ အမြင်သည်ကျယ်ပြန့်သည်။ သူတို့ နေ့စဉ်သာမန်တွေ့ကြုံနေရသော ကိစ္စများ၊ အတွေ့အကြုံများကို ကျော်လွန်၍ အကြောင်းအရာမျိုးစုံကို တွေးနိုင်ကြ ပြောနိုင်ကြသည်။

၃။ သူတို့သည် စိတ်အားထက်သန်ကြသည်။ သူတို့၏ဘဝတွင် လုပ်ကိုင်နေသည့် အရာများကို စွဲလမ်းကြောင်း၊ သင်နှင့်တွေ့ကြုံနေရသည့်ခဏတွင် သင်ပြောပြနေသည့် အကြောင်းအရာကိုလည်း စိတ်ဝင်စားကြောင်း ပြသကြသည်။

၄။ သူတို့သည် သူတို့အကြောင်းကို အမြဲတမ်းပြောမနေကြ။

၅။ သူတို့သည် စပ်စုတတ်ကြသည်။ ဘာဖြစ်လို့လဲဟူသည့် မေးခွန်းမျိုးကို မေးတတ်ကြသည်။ သင်ပြောပြသည့် အကြောင်းအရာကို ပို၍သိချင်ကြသည်။

၆။ သူတို့သည် ကိုယ်ချင်းစာတတ်ကြသည်။ သင်၏နေရာက နေကြည့်တတ်ကြသည်။ သင်ပြောနေသည့် ကိစ္စကို နားလည်ရန် ကြိုးစားတတ်ကြသည်။

၇။ သူတို့သည် ဟာသဉာဏ်ရှိသည်။ ကိုယ့်ကိုယ်ကိုယ် ရယ်စရာလုပ်ရန်လည်း ဝန်မလေးကြ။ အကောင်းဆုံး စကားပြောတတ်သည့် သူများသည် သူတို့အကြောင်းကိုသူတို့ ရယ်စရာများ မကြာခဏ ပြောလေ့ရှိတတ်ကြသည်။

၈။ သူတို့မှာ သူတို့ကိုယ်ပိုင် စကားပြောသည့် စတိုင်ရှိကြသည်။

## ၁ ရှုထောင့်သစ်မှကြည့်မြင်ခြင်း

ထိုစာရင်းများ၌ စကားပြောကောင်းသည့် သူများတွင် မကြာခဏတွေ့ရသည့် အရည်အချင်းမှာ ပထမဆုံး အရည်အချင်းဖြစ်သည်။ ဇရုန်ဝင်နာထရာကို ဥပမာ ကြည့်ပါ။ သူသည် ညစာစားပွဲများ၌ အပြောကောင်းသူ ဧည့်သည်တစ်ယောက်ဖြစ်သည်။ သူသည် အစစအရာရာကို စိတ်ဝင်စားသည်။ သူ၏လုပ်ငန်းအကြောင်းကို ပြောခိုင်းလျှင် စွဲစွဲလန်းလန်းဖြစ်ရန် ပြောနိုင်သည်။ ထိုသို့ပြောနိုင်သည်မှာ သူသည် အောင်မြင်ထင်ရှားသူ တစ်ယောက်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ပေတုတ်ဘဲ ဝီတနှင့်ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း သိနားလည်သောကြောင့် ဖြစ်သည်။ ဝီတပညာအကြောင်းကို အလွန်တွေးတောဆင်ခြင်လေ့ရှိသဖြင့် အခြားသူများမမြင်သည့် အသစ်အဆန်းများ၊ မျှော်လင့်မထားသည့် ဉာဏ်ပညာများ ထွက်ပေါ်လာလေ့ရှိသည်။

နှစ်အနည်းငယ်အကြာ ညတစ်ညတွင် ကယ်လီဖိုးနီးယားရှိ အာဝင်ဘာလင် ကိုဂုဏ်ပြုသည့် အခမ်းအနားတွင် ကျွန်တော်သည် ဖရန့်၏ဘေး၌ ထိုင်နေသည်။ ဘာလင်၏ ဂန္တဝင်သီချင်းတစ်ပုဒ်ဖြစ်သော "မှတ်မိရဲ့လား" ဆိုသည့်သီချင်းကို ညစာစားပွဲအပြီးတွင် ဆိုပြရန်သူ့ကို တောင်းဆိုကြသည်။ ထိုသီချင်းသည် ကျွန်တော်ငယ်စဉ်က အလွန်လူကြိုက်များသည့် သီချင်းဖြစ်သည်။ လူအများ အသက်ကြီးလာသည့်တိုင်အောင် ထိုနူးညံ့သိမ်မွေ့သည့် သီချင်းကိုချစ်သူအား ဂုဏ်ပြုသည့် သီချင်းတစ်ပုဒ်အဖြစ် အမှတ်ရနေကြဆဲဖြစ်သည်။

သို့သော်ဖရန့်က ကျွန်တော်ကို အထိတ်တလန့်ဖြစ်ရန် လုပ်လိုက်သည်။ "အဲဒီသီချင်းကို ကျွန်တော်တော်တော်လေး ဆိုလေ့ရှိတယ်" ဟုပြောပြသည်။ "ဘဲလေးတွေမှာ အဲသီချင်းတို့ ကျွန်တော်ဆိုတာပေါ့။ အဲဒီ သီချင်းကို သိမ်သိမ်မွေ့မွေ့ ကျွန်တော်ဆိုတတ်တယ်။ ဒါပေမယ့် ဒီကနေ့ညတော့ ကျွန်တော်တစ်မျိုး ဆိုပြမယ်၊ ဘာဖြစ်လို့လဲသိလား၊ အဲဒီသီချင်းဟာ ခါးသည်းဘဲ့သီချင်း တစ်ပုဒ်ဖြစ်နေလို့ဘဲ" ဟုဆိုသည်။ ကျွန်တော် ထိုအကြောင်းကို ခဏတွေးကြည့်သည်။ ထို့နောက် သီချင်းဆိုကြည့်သည်။

အဲဒီညကိုမှတ်မိရဲ့လား? မင်းကိုငါချစ်တယ်လို့ ပြောတဲ့ညလေ . . . မှတ်မိရဲ့လား နောက်ကကြယ်တွေဝန်းရံလို့၊ မင်းခေါင်းလေးညိမ့်လို့လေ . . မှတ်မိရဲ့လား၊

ဖရန့်က "အဲဒီကောင်ဟာစိတ်ဆိုးနေတယ်၊ အဲဒါကြောင့် ဒီနေ့ည တစ်မျိုးဆိုပြမယ်" ဟုဆိုပြီး ဆိုပြသည်။ သီချင်းတစ်ပုဒ်ကို ဆိုရာတွင် လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်းကောင်း သူသည် ပါရမီရှင်တစ်ယောက်ဖြစ်ကြောင်းပြသည်။

ဖရန့်ကြောင့် ကျွန်တော်တို့ ညစာစားပွဲသည် ရှင်သန်လှုပ်ရှားသွားသည်။ သူအနေဖြင့် အကြောင်းအရာတစ်ခုကို ရှုထောင့်သစ်မှကြည့်သည်။ အများသိပြီးသား သီချင်းတစ်ပုဒ်ကိုပင် ရှုထောင့်ပြောင်း၍ ကြည့်သည်။ ထိုသီချင်းကို အခြားသီချင်းဆိုသူ မည်သူကမျှ သူတွေးသလိုမတွေးခဲ့။





ထိုသီချင်းကို ကြားသည့်အခါတိုင်း ဖရန့်စင်နာထရာပြောခဲ့သည့် စကားကြောင့် အခြားသူများ ကြားသလိုမကြားဘဲ ကြားပုံကြားနည်း ထူးခြားနေသည်။ ဤသည်မှာ စကားပြောကောင်းသူ တစ်ယောက်၏ အရည်အချင်းပင်ဖြစ်သည်။

## ၁ သင်၏မိုးကုတ်စက်ဝိုင်းကိုချဲ့ထွင်ပေးခြင်း

နယူးယောက်မြို့တော်ဝန် မာရီယိုကူမိုသည်လည်း ညစာစားပွဲများတွင် အဖော်ကောင်းတစ်ယောက်ဖြစ်သည်။ သူ၏သား အင်ဒရူးကလည်း ဖော်ရွေကောင်း သူတစ်ယောက်ဖြစ်သည်။ ကူမိုက ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော်နှင့် သဘောချင်းတိုက်ဆိုင်မည်သာမက ဘာကြောင့်ဖြစ်သည်ကိုလည်း ပြောပြလိမ့်မည်။

အင်ဒရူးကူမိုသည် သူ့အသက် (၃၀) ကျော်အရွယ်တွင် ကလင်တန်အစိုးရအောက်တွင် အိုးအိမ်နှင့်မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ လက်ထောက်အတွင်းရေးမှူးဖြစ်ခဲ့သည်။ သူ့အနေဖြင့် အလားအလာရှိသည့် ကိုယ်ပိုင်ရှေ့နေလုပ်ငန်းကို စွန့်လွှတ်ကာ ကလင်တန်အုပ်ချုပ်ရေး၌ ပြည်သူ့ဝန်ထမ်းလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သူသည် ဘက်စုံတော်သူတစ်ယောက်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းသလို စိတ်ဝင်စားခြင်းလည်း ခံရသည်။ ဒေးလ်ကာနေဂီပြောသလိုပင် စိတ်ဝင်စားစရာလည်းကောင်း စိတ်ဝင်စားတတ်သူလည်း ဖြစ်သည်။

တစ်ရက်တွင် ကျွန်တော်က မြို့တော်ဝန်ထံဖုန်းဆက်၍ ဝါရှင်တန်၌ အင်ဒရူးနှင့် တစ်ခါတစ်ရံ ဆုံသည့်အခါ စကားပြောမည်သို့ကောင်းကြောင်းကို ပြောပြသည်။ ဘက်စုံထူးချွန်သော သူတစ်ယောက်အနေဖြင့် ကျွန်တော် သဘောကျကြောင်းကို ပြောပြသည်။ ထိုအခါ မြို့တော်ဝန်က ထိုသို့ဖြစ်ရသည်မှာ အကြောင်းတစ်ခုရှိ၍ ဖြစ်သည်။ ထိုအရည်အချင်းသည် ကျွန်တော်တို့ လူအချို့၌သာရှိသည်။ ထိုအရည်အချင်းကို အင်ဒရူးက အခွင့်ကောင်းယူ၍ နိုးနိုးကြားကြားဖြင့် အသုံးချနိုင်သည်ဟူ၍ ပြောပြသည်။

မြို့တော်ဝန်ကူမိုက ပြောပြသည်။ "အင်ဒရူးရဲ့ အသိုင်းအဝိုင်း (၆) ယောက်စလုံးဟာ သူ့အသက် (၃၀) အရွယ်ထိမှီကြတုန်းဘဲ၊ အခု (၂) ယောက်က အသက်ရှင်နေတုန်းဘဲ" ဟုပြောပြသည်။

သူ၏အဖေ ရှင်းပြသကဲ့သို့ပင် အင်ဒရူးသည် သူ၏ဘိုးဘွားများ



www.burmeseclassic.com

www.burmeseclassic.com



ဘို ကြင်ဒေါတတ် ဂရုစိုက်တတ်သည်။ အဘိုးအဘွားများနှင့် စကားပြောသည်။ ဆွေးနွေးမေးမြန်းသည်။ သူတို့၏ အတွေ့အကြုံများကို နားထောင်သည်။ (၂၀) ရာစုနှစ်အစပိုင်းလူအများ မြင်းများ၊ လှည်းများကိုသုံး၍ ခရီးသွားသည့်အချိန်၊ သွင်းစက်ခေတ်အားလည်းမရှိ၊ ရေဒီယိုလည်းမရှိ၊ ရောဂါများဖြစ်ပွားပြီး လူအများ အသေပျောက်များနေသည့်အချိန်၊ ကျောင်း၌ အတန်းများများ မတက်နိုင်ကြသည့်အချိန်၊ ရွာပြင်ပမှ သတင်းစကားများက တစ်ဆင့်စကား တစ်ဆင့်နားပြင့်ကြားနိုင်သည့်အချိန်တွင် အီတလီ၏ ဒေသ (၂) ခု၌ နေထိုင်ကြသည့် အဘိုးအဘွား (၄) ဦးဖြစ်သည်။

အင်ဒရူးကူမိုသည် အီတလီနိုင်ငံဟောင်း အကြောင်းကိုသာ နားလည်သူမဟုတ်ပေ။ အီတလီအကြောင်းကိုပြောနိုင်၍ စိတ်ဝင်စားစရာကောင်းသူသည်း မဟုတ်ပေ။ အင်ဒရူးသည်သူ၏ အနီးအနား ပတ်ဝန်းကျင်ရှိ လူအများပြောလေ့ရှိသည့် ကိစ္စများကို နားထောင်သည့် အလေ့အကျင့်အောက်တွင် ကြီးပြင်းခဲ့သူဖြစ်ပြီး ထိုအကျင့်ကို ယနေ့အထိ ကျင့်သုံးနေဆဲဖြစ်သည်။ သို့ဖြစ်၍သူသည် ဘက်စုံနားလည်သည့် စကားပြောကောင်းသူတစ်ယောက်ဖြစ်သည်။ အကြောင်းအရာမျိုးစုံကို လေ့လာဆည်းပူးထားသဖြင့် စကားပြောကောင်းသူ ဖြစ်ရခြင်းဖြစ်သည်။ နားထောင်ကောင်းသည့် အလေ့အထကြောင့် စကားပြောဆိုဆက်ဆံရာတွင် ကောင်းသည့် သူတစ်ယောက်ဖြစ်လာခဲ့သည်။

ကူမိုက ထိုအကြောင်းကို ကျွန်တော့်ကို ပြောပြသည့်အခါ တွေးစရာတစ်ခုရှိသည်။ ခရီးသွားခြင်းဖြင့် မိမိ၏ မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်နိုင်သည်ဆိုသော ဆိုရိုး စကားတစ်ခုရှိသည်။ သို့သော် သင့်အနေဖြင့် အခြားသူများပြောသည့်စကားကို စိတ်ပါဝင်စားစွာ နားထောင်မည်ဆိုလျှင် သင့်အိမ်ဝင်းအတွင်းမှမထွက်ဘဲ သင်၏မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်စေနိုင်သည်။ ကျွန်တော်တို့အားလုံးမှာ အဘိုးအဘွားများရှိကြသည်။ သူ၏အဘိုးအဘွားများလောက် အသက်ရှည်ကောင်းမှရှည်မည်။ သို့သော်လည်း အသက် (၈၀) အရွယ် (၉၀) အရွယ် (၁၀၀)ကျော် အဘိုးအဘွားများကို သိရှိတွေ့ကြုံနိုင်ရန် အလားအလာများသည်။ သူတို့ထံမှ ကျွန်တော်တို့မသိသော အကြောင်းအရာများ၊ အတွေးအမြင်များကို ရရှိနိုင်သည်။

ကျွန်တော့်အဖေ ကွယ်လွန်သည့်အခါက ကျွန်တော့်အမေသည် အမျိုးသမီးကြီးတစ်ယောက်ကို ကျွန်တော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ခေါ်ခဲ့သည်။ အမေက ကျွန်တော်တို့ ကျွေးစရာ၊ နေစရာရရန်အတွက် ကြိုးစားရှာဖွေနေသည်။ ထိုအမျိုးသမီး အိမ်ဖော်သည် အသက် (၈၀) ကျော်ရှိသည်။ သူမ၏ အဖေသည် အမေရိကန် ပြည်တွင်းစစ်တွင် ပြည်ထောင်စုတပ်များဘက်က ပါဝင်ခဲ့သည်။ ကလေးတစ်ယောက်အနေဖြင့် သူမသည် အဗရာဟင်လင်ကွန်းကို ကိုယ်တိုင်ကိုယ်ကျတွေ့ဖူးသည်။ ထိုသို့ဖြင့် သူမနှင့် စကားပြောခွင့်ရသည်။

ထိုသို့ဖြင့် ကျွန်တော်ဘုရကလင်းနေစဉ် ကလေးဘဝ၌ အမေရိကန်သမိုင်း၏ ခေတ်တစ်ခေတ်ကို စောင့်ကြည့်ခွင့်ရသည်။ အသက်အရွယ်ကြီးသူများနှင့် နေထိုင်ခြင်းအားဖြင့် ထိုကဲ့သို့သော ဗဟုသုတမျိုးကို ရရှိနိုင်သည်။ ကျန်းမာရေးအကြောင်း၊ အဘိုးအဘွားများအကြောင်း၊ ဆရာများအကြောင်း၊ နည်းပြများအကြောင်း၊ ပြည်တွင်းစစ်အကြောင်းစသည့် အကြောင်းအရာမျိုးစုံကို သိရှိနိုင်သည်။ အဘိုးအဘွားများနှင့် ငယ်စဉ်ကနေထိုင်ခဲ့သည့် အကြောင်းများကို ပြန်တွေးကြည့်ပါ။ သူတို့၏ အတွေ့ကြုံသူတို့၏ ဇာတ်လမ်းများ သူတို့၏ အသိအမြင်များကို ပြန်တွေးကြည့်ပါ။ သူတို့သည် သင်၏နောက်ခံ အတွေ့အကြုံနှင့်မတူကြ။ ထိုသို့မတူခြင်းကပင်လျှင် သင်စကားပြောစရာ အကြောင်းအရာများ၊ သင်၏ အတွေးအခေါ်များကို ကျယ်ပြန့်စေနိုင်သည်။

## ၁ စိတ်အားထက်သန်ခြင်း

အသံလွှင့်ရာ၌ အတော်အတန် အောင်မြင်မှုတစ်ခု ကျွန်တော်ရသည့် အကြောင်းရင်းမှာ ကျွန်တော်လုပ်သည့်ကိစ္စကို ကျွန်တော်မြတ်နိုးကြောင်း မြင်နေကြ၍ဖြစ်မည်ဟု ယူဆသည်။ သင့်အနေဖြင့် ညာကောင်းညာနိုင်သည် သင်ညာရန်ကြိုးစားလျှင် အောင်မြင်မည်မဟုတ်ပေ။ သင်လုပ်နေသည့် အလုပ်ကို မြတ်မြတ်နိုးနိုး စွဲစွဲလန်းလန်းရှိလျှင် ထိုစိတ်အားထက်သန်မှုကို သင်နှင့်စကားပြောနေသည့် ပရိသတ်သို့ပြလျှင် အောင်မြင်ရန် အလားအလာရှိများသည်။ သမ္မတ ကလင်တန်မှစ၍ နယ်ပယ်မျိုးစုံမှ လူမျိုးစုံနှင့်တွေ့ဆုံသည့်ပြီး ထိုအကြောင်း အရာတွေ့ခဲ့၊ မြင်ခဲ့ဖူးသည်။

လော့စ်အိန်ဂျလိစ် ရောဂျားအသင်း မန်နေဂျာ လာဆော်ဒါသည် (၁၉၈၁) ခုနှစ်က အမျိုးသားပြိုင်ပွဲတွင် ဟူစတန်ကို အနိုင်ရယူပြီးနောက်ညတွင် ကျွန်တော်နှင့်တွေ့ဆုံခဲ့သည်။ သူ့ကိုကြည့်ရသည်မှာ မြူးနေ






www.burmeseclassic.com

www.burmeseclassic.com



သည့် ခင်နေ့ဘာတစ်ယောက်နှင့် မတူပေ။ ထိုကဲ့သို့ မည်သို့ဖြစ်ရသနည်းဟု ကျွန်တော်က မေးကြည့်သည့်အခါ သူက "ကျွန်တော့်ဘဝမှာ အကောင်းဆုံး နေ့ကတော့ နိုင်တဲ့နေ့ပဲ၊ ဒုတိယအကောင်းဆုံးနေ့ကတော့ ရှုံးတဲ့နေ့ပဲ" ဟု ပြောပြသည်။

သမ္မတကလင်တန်နှင့် အိမ်ဖြူတော်သို့ရောက်သည့် ပထမနှစ် ပတ်လည်၌ တွေ့ဆုံသည့်အခါ သမ္မတဖြစ်သည့်ကိစ္စနှင့် ပတ်သက်၍ ထိုသို့ပင် ပြောပြသည်။ ကလင်တန်ရော၊ လာဆော်ဒါပါ စကားပြောကောင်းသူများ ဖြစ်ကြသည်။ သူတို့နှင့်တွေ့ဆုံပြီး စကားပြောဆိုရသည်ကို ကျွန်တော်သဘော ကျသည်။ သူတို့နှစ်ယောက်စလုံး၌ တူညီသည့် အချက်တစ်ခုစီရှိသည်။ သူတို့ အလုပ်ကို သူတို့စွဲလန်းကြ စိတ်အားထက်သန်ကြသည်။ ထိုစွဲလန်းမှု စိတ်အား ထက်သန်မှုကို သူတို့စကားပြောသည့်အခါ၌ ထုတ်ဖော်ပြသသည်ကို တွေ့ရ သည်။ ထိုစိတ်အား ထက်သန်မှုကို အခြားသူများအား မျှဝေလိုမှုကြောင့်ပင် အောင်မြင်သည့် စကားပြောသမားများအဖြစ်သာမက သူတို့ရွေးချယ်ထားသည့် နယ်ပယ်တွင် အောင်မြင်သည့်သူများပါ ဖြစ်နေကြခြင်းဖြစ်သည်။

သင့်အနေဖြင့် သူတို့ကဲ့သို့ ကိုယ့်အလုပ်ကိုကိုယ် စွဲလန်းခြင်း၊ နှစ်ခြိုက် ခြင်းရှိမည်ဟု မျှော်လင့်ပါသည်။ သို့သော် လူတိုင်းသည် ကံမကောင်းကြ။ မိမိအလုပ်သည် မိမိစွဲလန်းခြင်းမရှိသည့် အလုပ်တစ်ခုဖြစ်နေလျှင် မိမိစွဲလန်း သည့် ကလေးများ၊ မိမိ၏ဝါသနာများ၊ စေတနာအဖွဲ့အစည်းများ၊ သင်ယခု ဖတ်ပြီးသည့် စာအုပ်များအကြောင်း သင်စွဲလန်းသည့် ကိစ္စများအကြောင်းကို တွေးပါ။ ထိုစွဲလန်းမှုများကို သင်စကားပြောသည့် အခါတွင်။ သင်စွဲလန်းသည့် အကြောင်းအရာတစ်ခုကို ပြောပြနိုင်လျှင် နားထောင်သည့် တစ်ဖက်လူက သင်ဘာကြောင့် စွဲလန်းသည်ကိုနားလည်လျှင် သင်သည် စိတ်ဝင်စားစရာ ကောင်းသည့် စကားပြောကောင်းသူတစ်ယောက် ဖြစ်လာနိုင်သည်။

သင့်အကြောင်းကိုသာ မပြောပါနှင့်။

စကားပြောဆိုရာတွင် သင်၏စကားပြောဖက်ကို သင့်အကြောင်း ပြောပြရလိမ့်မည်။ သူတို့မေးသည့်မေးခွန်းများကို ဖြေရလိမ့်မည်။ သို့သော် ကိုယ့်အကြောင်းကိုချည်း ကြာရှည်စွာမပြောပါနှင့်။ တစ်လှည့်မေးပြီး တစ်ဖက်သားအကြောင်းကိုလည်း ပြောခိုင်းပါ။ ဘယ်မှာနေသလဲ၊ ဘာတွေ လုပ်သလဲမေးကြည့်ပါ။





၁ **စပ်စုပါ**

စကားပြောကောင်းသူများသည် အစစအရာရာကို စပ်စုကြသူများ ဖြစ်သည်။ ထို့ကြောင့်ပင်သူတို့သည် နားထောင်ရာတွင်တော်ပြီး သူတို့၏အမြင် သည်း ကျယ်ပြန့်သည်။ သူတို့သည် အမြဲတမ်း အသစ်အဆန်းတစ်ခုကို လေ့လာဆည်းပူးနေကြသည်။

၁ **ကိုယ်ချင်းစာကြောင်းပြသပါ**

စကားပြောရာတွင် အများဆုံးသဘောကျသည့် ပုဂ္ဂိုလ်များမှာ ကျွန်တော်တို့ကို ကိုယ်ချင်းစာသည့်သူများဖြစ်သည်။ သူတို့ပြောနေသည့်ကိစ္စနှင့် ကျွန်တော်တို့ခံစားနေရသည့် ကိစ္စကို ရှင်းရှင်းလင်းလင်း ဆက်စပ်ပြသည့်သူများ ဖြစ်သည်။ သင်အလုပ်သစ်တစ်ခုရလျှင် "တယ်ဟုတ်ပါလား" ဟု အပြောခံချင် မည်။ "တကယ်ရတာဘဲလား" ဟူရုံမျှနှင့် ကျေနပ်မည်မဟုတ် စကားပြောသည့် အခါ၌လည်း ထိုသို့ပင်ဖြစ်သည်။ အော်ပရာဝင်ဖရေးသည် ရုပ်မြင်သံကြား လွှင့်သည့် အခါများ၌ ကျွန်တော်တို့နှင့် မကြာခဏ တွေ့ဆုံပြောကြားသည့်သူ တစ်ယောက်ဖြစ်သည်။ သူက သူ၏ပရိသတ်များနှင့် ခိုင်ခိုင်မာမာ ဆက်နွယ်နိုင် သည်။ သူနှင့်တွေ့ဆုံစကားပြောသည့်သူများကို ကိုယ်ချင်းစာကြောင်း ပြသ လေ့ရှိသည် ကိုယ်ပြောဆိုနေသည့် အကြောင်းအရာကို တကယ်စိတ်ဝင်စား ကြောင်း၊ တကယ် ကိုယ်ချင်းစာကြောင်း ချက်ချင်းပင်ပြောနိုင်သည်။ ထိုကိုယ်ချင်းစာမှုကြောင့်ပင် သူ၏ဧည့်သည်များကို ဆွဲဆောင်နိုင်သည်။ ပို၍ ရှင်းပွင့်လင်းလင်း ရှိစေနိုင်သည်။ ဤသည်မှာ စကားပြောကောင်းသူ တစ်ယောက်၏ အခြားအရည်အချင်း တစ်ရပ်ပင်ဖြစ်သည်။ ရုပ်မြင်သံကြား မိုးကူးလွှင့်ထုတ်မှုများ၌ စကားပြောကောင်းသူများတွင် ထိုအရည်အချင်းရှိကြ သည်။ သင့်မှာဦးနှောက်ရောဂါ ဖြစ်နေပါစေ၊ ကျောက်ပေါက်နေပါစေ သူတို့က ကိုယ်ချင်းစာကြောင်း ပြသလိမ့်မည်။ ကူညီကြ၊ ထောက်ခံကြ၊ အားပေးကြလိမ့် မည်။ ထိုသို့ ကူညီကြောင်း၊ ထောက်ခံကြောင်း၊ အားပေးကြောင်းကိုလည်း ပရိသတ်ကိုပြသလိမ့်မည်။ CNN တွင် အပတ်စဉ် ပြသနေသည့် ဆိုညာမင်းခံမင် သည်လည်း အလားတူ အရည်အချင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူတစ်ယောက်မှာ ဒစ်ကဲလ်ဘတ်ဖြစ်သည်။ သူသည် ဉာဏ်ပညာထူးချွန်သူဖြစ်ပြီး အကြောင်းအရာမျိုးစုံကို စိတ်ပါဝင်စားသူဖြစ်သည်။ သူ၏ညွှဲသည်ကိုလည်းကောင်း၊ ညွှဲသည် မည်သို့ခံစားနေရသည်ကို လည်းကောင်း စိတ်ဝင်စားကြောင်း အမြဲပြသသည်။ ဆူဆူညံညံ ဖြစ်စရာတစ်ခုခုကိုသာ ရှာဖွေဖော်ထုတ်နေသူ တစ်ယောက်မဟုတ်ပေ။

၁ ဟာသဉာဏ်ရှိကြောင်းပြသပါ

အခြားနေရာများ၌ကဲ့သို့ပင် စကားပြောသည့်အခါများ၌လည်း ဟာသကိုသဘောကျကြသည်။ တစ်ခါတစ်ရံ၌လည်း ဟာသဉာဏ်ရှိရန် အလွန်အမင်းလိုသည်။ ကျွန်တော်စကားပြောသည့်အခါ ကျွန်တော်လိုက်နာလေ့ရှိသည့် စည်းကမ်းတစ်ခုရှိသည်။ အကြာကြီး အလေးအနက်ပြောမနေရန်ဖြစ်သည်။ သာမန်စကားပြောသည့် အခါများ၌လည်း ထိုဥပဒေကို ပို၍ပင်လိုက်နာရန်လိုသည်။

သို့သော် အခြားအရာများကဲ့သို့ပင် ဖွတ်အတင်းဟန်လုပ်၍ ဟာသလုပ်ခြင်းသည် အလုပ်မဖြစ်ပေ။ အကောင်းဆုံး ဟာသပညာရှင်များက ထိုအကြောင်းကို ကောင်းကောင်းသိပြီး ဖွတ်အတင်းဖျက်လုံးထုတ်ရန် မကြိုးစားကြပေ။ ကျွန်တော်မျက်စိထဲ၌ပေါ်လာသည့် အထင်ရှားဆုံးသာဓကမှာ ဘော့ဟုတ်ပ်ဖြစ်သည်။ ဘော့က ညစာစားပွဲများတွင် အလွန်ရယ်စရာကောင်းသည့် လူတစ်ယောက်အဖြစ် ကြိုးစားပမ်းစား လုပ်လေ့မရှိပေ။ ကြာရှည်စွာလည်း စကားပြောနေလေ့မရှိပေ။ သူစင်မြင့်ပေါ်တွင် ရယ်စရာတွေ လုပ်တတ်သည်ကို သိသည်။ ရုပ်ရှင်များ၌လည်း ရယ်စရာလုပ်လေ့ရှိသည်ကိုသိသည်။ ထိုသို့သိထားသဖြင့် သူကိုယ်သူ ရယ်စရာလုပ်လေ့ရှိသည့် သူတစ်ယောက်အဖြစ် နေရာတကာ လိုက်လုပ်ပြမနေပေ။ ဘော့သည်လူရွှင်တော်တစ်ယောက်၊ ဖျော်ဖြေသူတစ်ယောက်ထက်ပိုသည်။ သူသည်လောက၌ စိတ်ဝင်စားစရာများစွာကို စိတ်ဝင်စားသော အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး လက်နက်ကိုင်တပ်များအတွက် ကမ္ဘာအနှံ့သွား၍ ဖျော်ဖြေခဲ့သော မျိုးချစ်အမေရိကန် တစ်ယောက်လည်းဖြစ်သည်။ ထိုအတွေ့အကြုံများကြောင့် သူ့အနေဖြင့် စကားပြောစရာ များစွာရစေသည်။ စိတ်ဝင်စားအောင်လည်း





ပြောနိုင်သည်။

အယ်လ်ပါစီနိုသည် သဘာဝကျကျ ဟာသဓာတ်ခံရှိသည့်သူတစ်ယောက်ဖြစ်သည်။ သူသည် အမေရိကားတွင် အတော်ဆုံးသရုပ်ဆောင်တစ်ယောက်ဖြစ်သည်။ ရိုက်ကွင်းပြင်ပ၊ ဇာတ်ခုံပြင်ပတွင် ရယ်စရာကောင်းသည့် သူဖြစ်သည်။ နယူးယောက်သားတို့၏ ရယ်စရာကောင်းသည့်စတိုင် သူ့မှာရှိသည်။ အရာရာကို သူ၏သဘောထားပုံမှာ နယူးယောက်စတိုင်ဆန်သည်။ ဘဝ၏ခြိမ်းခြောက်မှုများ၊ အန္တရာယ်များကို ပုခုံးတွန့်ရုံတွန့်ပြနိုင်သည့် စွမ်းရည်ရှိသူဖြစ်သည်။ နယူးယောက်မြို့သားများသည် မိမိတို့၏မြို့၌ပင်လျှင် အန္တရာယ်များ၊ ခြိမ်းခြောက်မှုများကို မထေမဲ့မြင်လုပ်ပြနိုင်သည့် စွမ်းအားရှိသည်။

၁၉၉၄ ခုနှစ်ဇန်နဝါရီလတွင် လျောင်လှုပ်ပြီး အချိန်အနည်းငယ်ခန့်အကြာတွင် လော့စ်အိန်ဂျလိစ်ရှိ အီတာလီဝစ်လ်ရှိုင်းယား ဟိုတယ်၌ ပေါ်လ်ထား ကရွန်ကိုက်၊ ပီလီ၊ အခြားပုဂ္ဂိုလ်များနှင့် ညွှဲခန်းဆောင်တွင် ရှိနေကြသည်။ ယခင်ညက ရုပ်မြင်သံကြား ဆုပေးပွဲအတွက် ထိုမြို့သို့ ရောက်နေကြခြင်းဖြစ်သည်။ ကျွန်တော်တို့ (၄) ယောက် (၅) ယောက်သည်လျောင်လှုပ်ကြောင်း တွေ့ရသည့်အခါ မည်သို့ဖြစ်ကြောင်းကို တစ်ယောက်ကိုတစ်ယောက် ပြောနေကြသည်။ ကျွန်တော်ကတော့ အနည်းဆုံး အထိတ်တလန့်ဖြစ်သည်။ သို့သော် ပါစီနိုက ပုခုံးတွန့်လိုက်ပြီး "ကျွန်တော်ကတော့" နယူးယောက်ကလာတာ ဗုံးပေါက်တာလောက်ပဲ အောင့်မေ့တယ်ဟု၍ ပြောပြသည်။ ထိုပြောပုံမှာ ဟာသတစ်ခုမဟုတ် သို့သော် ထိုအချိန်ကာလ၌ အားလုံးကဝါးလုံးကွဲ ရယ်ကြသည်။

ပုံစံကွဲပြားသူမှာ ဂျော့စ်ဘန်းဖြစ်ပြီးဂျော့စ်ကို ရုပ်မြင်သံကြားတွင် တွေ့နေရသလိုပင် တွေ့ရသည်။ သူသည် ရယ်စရာကောင်းသည့်သူဖြစ်ပြီး သူစကားပြောသည့်အခါတိုင်း သူ့ဘဝတလျှောက် တွေ့ကြုံခဲ့သည့် ရယ်စရာများကို ထည့်၍ပြောလေ့ရှိသည်။

အကယ်၍ ပါတီတစ်ခု၌ စကားပြောရာတွင် ကျန်းမာရေးအကြောင်း ရောက်သွားလျှင် ကျန်းမာရေးနှင့် ပက်သက်ပြီး မည်သို့ထိန်းချုပ်ကာ ပြင်ဆင်သွားကြမည်ကို အလေးအနက်ထား စဉ်းစားကြသည်။ သို့သော်ဂျော့စ်ကိုလူမှုကို သွားမေးလျှင် ချက်ချင်းပင်သူသည် နှစ်ပေါင်း (၁၀၀) ခန့်အသက်ကြီးသွားပြီး ယနေ့ခေတ် ဆရာဝန်များကို မည်သို့မြင်ကြောင်း ပြောပြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



**"ကျွန်တော်တာ တစ်နေ့ကို စီးကရက် (၁၀) လိပ်သောက်တယ်၊ ကျွန်တော့်ထက်ငယ်တဲ့ မိန်းကလေးတွေနဲ့တွဲတယ်၊ ဆရာဝန်က ကျွန်တော့်ကိုဘယ်လိုပြောထားဆိုတာ လူတွေက စိတ်ဝင်စားကြတယ်"**

ထို့နောက်သူက စားပွဲပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီး **"တကယ်တော့ ကျွန်တော့်ဆရာဝန်ဟာ လွန်ခဲ့တဲ့ (၁၀) နှစ်တပဲသေရှာပြီ"** ဟု တကယ်လိုလို ပြောပြသည်။

ထို့ကြောင့်ပင် ဂျော့စ်ဘန်းသည် ဂျော့စ်ဘန်း ဖြစ်နေရခြင်းဖြစ်သည်။ ပြောရိုးပြောစဉ်တွေကို ပြောနေသဖြင့် မည်သူမျှ မရယ်ဘဲမနေနိုင်။ သူ့ကိုယ်တိုင်ကပင် ပြောရိုးပြောစဉ်လိုဖြစ်နေသည်။ ထိုအကြောင်းကို အားလုံးကလည်း သိကြသည်။ သူပြောလျှင်ကို မပျင်းကြဘဲ ဧည့်သည်အားလုံးက သဘောကျကြ၊ စိတ်ဝင်စားကြသည်။

ထိုသို့စိတ်ဝင်စားသည်မှာ သူ့အနေဖြင့် ဇွတ်အတင်း ရယ်စရာမလုပ်၍ဖြစ်သည်။ ဆရာဝန်များအကြောင်းပြောနေစဉ် သဘာဝကျကျနောက်ကလိုက်ပြီး ဝေဖန်သည့် ဝေဖန်မှုမျိုးမျှသာဖြစ်သည်။ အကယ်၍သာသူက အနီးနားရှိ ဧည့်သည်များဘက်ကိုလှည့်ပြီး "မင်းတို့ကို ငါပြောလေ့ရှိတဲ့ **ရယ်စရာလေးတစ်ခု ပြောပြမည်"** ဟု ဆိုလျှင် မည်သူမျှ စိတ်ဝင်စားကြမည်မဟုတ်။ သူဇွတ်အတင်းကြိုးစားခြင်း၊ ဇွတ်ဝင်ပြောခြင်း၊ ပြောလက်စ စကားတွေပြတ်ကုန်ခြင်းတို့ကြောင့် အနှောက်အယှက် ဖြစ်ကုန်နိုင်သည်။

ဟာသနှင့်ပတ်သက်၍ ထိုအကြောင်းသတိထားရန်လိုသည်။ ဟာသပြောသည့်အခါ သဘာဝကျကျပြောပါ။ မသင့်တော်သည့်အချိန်၌ ဟာသကိုမပြောမိရန် သတိထားကြသည်။ ယနေ့ရုံး၌ အလွန်ရယ်စရာကောင်းသည့် ဟာသတစ်ခုကိုကြားခဲ့ရလျှင် ထိုအကြောင်းကို ပြန်ပြောရန်အတွက် ဇွတ်အတင်း ဝင်မပြောပါနှင့်။

ဒွန်ရစ်ကဲလ်သည် အမြဲတမ်း ရယ်စရာကောင်းသည့် သူတစ်ယောက်ဖြစ်သည်။ ညစာစားပွဲများ၌ သူပြောသည့်အခါ ဇာတ်ခုံပေါ်မှာကဲ့သို့ ရယ်စရာများနှင့် ပြည့်နေသည်။ ထိုသည်မှာ သူ၏ပုံစံဖြစ်သည်။ ထိုအကြောင်းကိုလည်း စားပွဲ၌ရှိသည့်ဧည့်သည်များက သိကြသည်။ သူ၏စကားများကိုလည်း ရယ်ကြသည်။

သင်ပြောသည့်စကား သို့မဟုတ် ကျွန်တော်ပြောသည့်စကားကို မရယ်ဘဲ သူပြောသည့်စကားကျမှ ဘာကြောင့်ရယ်ရသနည်း။ ကျွန်တော်တို့





ပြောလျှင် ဇွတ်အတင်းပြောကြောင်း ဘေးလူတွေကသိကြ၍ဖြစ်မည်။ ဒွန်နှင့်ပတ်သက်လျှင် တမင်သက်သက် ရယ်စရာပြောနေခြင်းမဟုတ်ဘဲ ထိုသည်မှာ သူ၏ သဘာဝဖြစ်သည်ကို သိနေကြ၍ဖြစ်သည်။ အောင်မြင်ရန်အတွက် အာသာဂေါ့ဖရီး၏ နည်းတစ်ခုဖြစ်သော "ကိုယ့်ပုံစံနှင့်ကိုယ်နေပါ" ဆိုသည်ကို မသိဘဲလိုက်နာကျင့်ကြံနေ၍ဖြစ်သည်။ သူသည် သူ့ပုံစံနှင့်သူနေသည့်သူဖြစ်သည်။

## ၁ သင်၏ကိုယ်ပိုင်စတိုင်

အောင်မြင်သည့် စကားပြောကောင်းသူများ၌ ကိုယ်ပိုင်စတိုင်ရှိကြသည်။ ထိုသို့ ကိုယ်ပိုင်ပြောပုံဆိုပုံရှိ ခြင်းကြောင့်ပင်လျှင် ထိရောက်မှုရှိသူများဖြစ်သွားခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် (၂၀) ရာစုနှစ်၏နောက်ပိုင်းတွင် အအောင်မြင်ဆုံးဖြစ်သည့် ရှေ့နေ (၄) ယောက်ကိုမျက်စိထဲ၌ မြင်လာသည်။ ၎င်းတို့သည် တစ်ယောက်နှင့်တစ်ယောက် ပြောပုံဆိုပုံ ထူးခြားသည်ကိုပြသည်။ သို့သော် (၄) ယောက်စလုံးသည် အောင်မြင်သည့်သူများဖြစ်သည်။ တစ်ယောက်၏ ပြောပုံနှင့်တစ်ယောက် ကိုက်ညီပြီး အခြားပြောပုံဆိုပုံများအတွက် အခြားပုံစံနှင့်ကိုက်ညီသည်။

အက်ဒ်ဝပ် ဘင်းနက်ဗီလျံက နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်းပြောလေ့ရှိသည်။ သူစကားပြောသည်ကို ကြားရန်အတွက် ရှေ့တိုး၍ နားထောင်ရသည်။ ဤသို့ဖြင့် ပို၍အာရုံစိုက်ခံရသည်။ ထိုသို့အာရုံစိုက်ခံရရန် တမင်လုပ်ခြင်းဖြစ်သည်။ ၎င်းသည် သူ့နည်းဖြစ်ပြီး ထိုနည်းမှာလည်း ထိရောက်သည်။ တိုတိုးညင်ညင် သာသာပြောလေ့ရှိပြီး မည်သည့်အခါမှ ကျယ်ကျယ်လောင်လောင်မပြော။ သူပြောသမျှ စကားလုံးတိုင်းကို အာရုံစိုက်နေရသည် သူ့အတွက်ထိုနည်းသည် အလုပ်ဖြစ်သည်။ တရားရုံး၌သော်လည်းကောင်း၊ နေ့လည်စာစားပွဲ ရှိဧည့်သည်များရှေ့၌လည်းကောင်း ထိုနည်းကိုသုံးလေ့ရှိသည်။

အခြားထင်ရှားသည့် ရှေ့နေတစ်ယောက်ဖြစ်သော ပါစီဖိုမင်သည် ပြတ်ချက်ခပ်ကြမ်းကြမ်းဖြင့် အများစိတ်လှုပ်ရှားအောင် ဆွဲဆောင်နိုင်သူဖြစ်သည်။ သူသည် ခပ်တိုတိုပြတ်ပြတ် ပြောလေ့ရှိသည်။ သို့သော် ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနည်းသည် အများအတွက် အဆင်ပြေကောင်းမှပြေမည်ဖြစ်သော်လည်း သူ့အတွက်အသုံးဝင်သည်။ ထိုနည်းသည် သူ့နည်းဖြစ်သည်။

နောက်တစ်ဦးဖြစ်သော ဝီလျံကန်စတာလာသည် စိတ်တိုသည့်သူ၊ ဒေါသဖြစ်သည့်သူဖြစ်သည်။ သူ၏နည်းမှာ ဝီလျံနှင့်ဖိုမင်တို့၏နည်းနှင့် လုံးဝကွာခြားသည်။ သူ၏ နည်းကို ရှေ့ကလူများသုံး၍မရ။ သို့သော် သူ့အတွက် အလုပ်ဖြစ်သည်။

လူဝီနိုက်ဇာ၏ပုံစံမှာ အချက်အလက်များစုဆောင်းခြင်း၊ အမှုကို တည်ဆောက်ယူခြင်းဆိုသည့် ပုံစံဖြစ်သည်။ ဝီလျံသည်ဇာတ်လမ်းကို အာရုံစိုက်ရန်ဆွဲ ဆောင်နိုင်သည်။ ဖိုမင်က ခံစားချက်ကို ဆွဲဆောင်နိုင်သည်။ ကာစတာလာက ဒေါသထွက်ပြတတ်ပြီး နိုက်ဇာက အကြောင်းအကျိုးဆင်ခြင်ရန် ဆွဲဆောင်တတ်သည်။ သင့်အနေဖြင့် တရားရုံးထဲတွင် မည်သို့ပြောဆိုမည်ကို စိုးရိမ်ရန်မလို။ ဤဥပမာများကိုပြရခြင်းမှာ အခြေအနေတူသည့်အခါ၌ပင် တစ်ယောက်နှင့်တစ်ယောက် ပုံစံကွဲပြားနိုင်သည်ကို ပြသလို၍ဖြစ်သည်။ မိမိအတွက် အဆင်ပြေသည့် နည်းကိုရွေးပြီး ထိုနည်းကိုတိုးတက်အောင် ဆောင်ရွက်ပါ။

မကြာခဏ ကျွန်တော်၏ ကိုယ်ပိုင်စတိုင်ကို အမေးခံရသည်။ ကိုယ်ပိုင်စတိုင်ကို ဖော်ပြရသည်မှာ အခြားသူတစ်ဦးတစ်ယောက်၏ စတိုင်ကို ဖော်ပြရသည် ထက်ခက်သည်။ ကျွန်တော်၏ပုံစံမှာ ကေးဗယ်၏ပုံစံအချို့ပါဝင်သည်ဟု ယူဆသည်။ စူးစူးစိုက်စိုက်၊ စပ်စပ်စုစု၊ တစ်ခါတစ်ရံ ရှိုင်းရှိုင်းစိုင်းစိုင်း၊ တစ်ခါတစ်ရံ သက်တောင့်သက်သာ ဟိုနည်းနည်း ဒီနည်းနည်းအလေးပေး၊ အခြားသူများထက် ဘာကြောင့်ဖြစ်သည်ကို ပိုသိချင်သည့်သူဟု ကိုယ့်ကိုကိုယ် ဖော်ပြနိုင်မည်ဟုထင်သည်။

## ၁ နောက်ဆုံးစွေးစရာ – နှုတ်ပိတ်နည်းများ

မိယာမိမှ ကျွန်တော်သူငယ်ချင်း ဂျက်ကီဂလီဆန်၏ ဟာသတစ်ကွက်ကို မကြာခဏသတိရသည်။ ထိုဟာသကို ပျားရည်ဆမ်းခရီးထွက်သူများဆိုသည့် ရုပ်မြင်သံကြားဇာတ်လမ်း၌ အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထိုဇာတ်လမ်း၌ တစ်ခါတစ်ရံ မတော်တဆသော်လည်းကောင်း၊ တမင်သက်သက်သော်လည်းကောင်း အဲလက်စ်ကရာ့ဗ်ကို သူ၏အစီအစဉ်များနှင့် ပတ်သက်၍ တလွဲတချော် ဖော်ပြလေ့ရှိသည်။ မျက်လုံးကိုပြူး လက်သီးငေါက်ငေါက်ထိုးပြီး "အဲလက်စ် - မင်းတာပါးစပ်တလွဲရင် ဘာမှအသုံးမတျတဲ့ကောင်ဘဲ" ဟု ပြောလေ့ရှိသည်။

မည်သို့ပင် အပြောကောင်းသည်ဖြစ်စေ နှုတ်ပိတ်နေရမည့် အခါများရှိသည်။ ထုတ်ပြောရန်မသင့်ဟု ကိုယ်စောင့်နတ်က နှိုးဆော်နေလျှင် သူ့စကားကိုနားထောင်ပြီး နှုတ်ပိတ်နေပါ။

■







www.burmeseclassic.com

www.burmeseclassic.com



ခေတ်စားနေသော အကြောင်းအရာများနှင့်
နိုင်ငံရေးအရ အသုံးအနှုန်းမှန်ကန်မှု

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

### ခေတ်စားနေသောအကြောင်းအရာများနှင့် နိုင်ငံရေးအရအသုံးအနှုန်းမှန်ကန်မှု

- ဆက်သွယ်မှုတောင်းတစ်ခုကို ဟန့်တားသောဝေါဟာရများ
- စကားပြောအတျင့်ဆိုးများကို ပယ်ဖျက်ခြင်း
- နိုင်ငံရေးအရအသုံးအနှုန်းမှန်ကန်မှု

ဤစာအုပ်သည် ဝေါဟာရများကို မည်သို့စုဆောင်းမည်၊ တော်ဝင်အင်္ဂလိပ်စကားကို မည်သို့ပြောမည် ဟူသော အကြောင်းအရာနှင့်ပတ်သက်သည့် စာအုပ်မဟုတ်ပေ။ ရှေ့၌ကျွန်တော်ပြောခဲ့ သကဲ့သို့ပင် ဆက်သွယ်ရေးအတွက်သာ စိုးရိမ်သောကမကင်းဖြစ်နေပြီး ဝေါဟာရလှလှပပဖြင့် ဖြေရန်ထက် မေးခွန်းကောင်းတစ်ခုမေးရန် ပို၍အရေးကြီးသည်။ သို့သော် ကျွန်တော်ဖော်ပြလိုသည့် ဝေါဟာရတစ်မျိုးရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဝေါဟာရများက မည်သို့ဆက်သွယ်သည်ဆိုသည့်အပေါ် အကျိုးသက်ရောက်နိုင်၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁ ရွဲ့အားထားသောဝေါဟာရများ

လူသားများ၏ ပြောပုံဆိုပုံများအကြောင်းကို ကောင်းကောင်းကြီးသိသည့် မတ်တွိန်းက မှန်လုနီးနီးဝေါဟာရနှင့် မှန်ကန်သည့် ဝေါဟာရနှစ်ခု၏ ခြားနားချက်သည် အလွန်ကြီးမားသည်။ ပိုးစုန်းကြူးနှင့် မိုးကြိုးခြားနားသကဲ့သို့ ခြားနားသည်ဟု ရေးခဲ့သည်။

နားထောင်နေသူများက ချက်ချင်းသိရှိပြီး ချက်ချင်းနားလည်နိုင်သည့် မှန်ကန်သော ဝေါဟာရဆိုသည်မှာ မကြာခဏဆိုသလိုပင် ရိုးရှင်းသော ဝေါဟာရများ ဖြစ်လေ့ရှိသည်။ တစ်ခါတစ်ရံ၌ လူသားတို့သည် ဝေါဟာရအသစ်တစ်လုံး၊ လူကြိုက်များသည့် ဝေါဟာရတစ်လုံးသုံးလျှင် မိမိ၏ အပြောအဆို ပို၍ခေတ်မှီမည်ဟု ထင်တတ်ကြသည်။ ယခုခေတ် ခေတ်ပေါ်ဆက်သွယ်ရေး၏ မြန်ဆန်မှုနှင့် ကျယ်ပြန့်မှုကြောင့် ဝေါဟာရအသစ်များ၊ အသုံးအနှုန်းများသည် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာရောက်ရှိ ပျံ့နှံ့သွားကြသည်၊ သို့သော်ကံဆိုးသည်မှာ ထိုဝေါဟာရအသစ်အချို့သည် ကျွန်တော်တို့၏ ဆက်သွယ်နိုင်စွမ်း ပိုမိုကောင်းမွန်စေရန် မည်သို့မျှ ဆောင်ရွက်ခြင်းမပြုနိုင်ပေ။

ဂယက် (Impact) နှင့် လက်လှမ်းမှီမှု (Access) ဟူသောဝေါဟာရများကို နာမ်အဖြစ်သာ သုံးရာမှ ယခုအခါ ၎င်းတို့ကို ကြိယာအဖြစ်လည်း အသုံးပြုလာကြသည်။ ၎င်းတို့အစား အကျိုးသက်ရောက်မှု affect ဟူသော ဝေါဟာရကိုသုံးလျှင် ပိုရှင်းပြီး ပို၍ကောင်းနိုင်သည်။

ကြိယာများကိုလည်း ယခုအခါ နာမ်အဖြစ်ပြောင်းလဲသည်။ ခရီးသွားလာသည်ဟူသော ဝေါဟာရ Commute ကို ခရီးသွားလာခြင်းဟု သုံးကြသည်။ အလုပ်ခွင်သို့ ကားဖြင့်လာသည်ဟု သုံးရာမှ **"ကျွန်တော်အသုံးပြုသောယာဉ် Commute သည်တားဖြစ်သည်"** ဟုသုံးလာကြသည်။

ကျွန်တော်တို့သည် ကွန်ပျူတာဝေါဟာရများကို လည်းသုံးကြသည်။ လူအများကို ၎င်းတို့၏ သွင်းအားစုသည် မည်သည့်အရာနည်းဟု မေးလေ့ရှိသည်။

Interfacing ဟူသော စကားကိုလည်း သုံးလေ့ရှိသည်။ အမှန်စင်စစ် **Interfacing** ဆိုသော ဝေါဟာရမှာ ဆွေးနွေးခြင်း၊ ပြောဆိုခြင်းဟူသည့် အဓိပ္ပါယ်ကိုဆောင်သည်။ လျှော်လျှပ်သည့်အခါ သို့မဟုတ် မုန်တိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါး ခံရသည့်အခါ **'အခြေခံအဆောက်အအုံများ'** ပျက်စီးပြီဟု





ပြောလေ့ရှိသည်။ အကယ်၍ ထိုဝေါဟာရကို အသုံးပြုသည့် အရာရှိများအနေဖြင့် အခြေခံအဆောက် အအုံဟုပြောမည့်အစား လူတိုင်းနားလည်လွယ်သည့် ရေသန့်ရှင်းရေး၊ လမ်းပမ်းများဟုပြောလျှင်ပို၍ လိုရင်းကိုရောက်နိုင်သည်။

ကွန်ပျူတာ အသုံးအနှုန်းများကို သုံးစွဲခြင်းသည် (၁၉၉၀) ပြည့်လွန်နှစ်များ၏ဘဝကို ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။ ရှင်းရှင်းလင်းလင်း တိတိကျကျ ပြောနိုင်စွမ်းကို ဟန့်တားသည့်နေရာတွင် ၎င်းတို့တစ်ခုတည်းသာ မဟုတ်ပေ။ လူတို့၏ အတ္တလည်းပါဝင်သည်။ လူတို့က ကြီးကြီးကျယ်ကျယ်ပြောလျှင် ၎င်းတို့ပြောဆိုသည့် အကြောင်းအရာကိုလည်းကောင်း၊ ၎င်းတို့ကိုလည်းကောင်း ပို၍ အရေးပါအရာရောက်စေသည်ဟု ထင်ကြသည်။ ယခုအခါ မြင်ခြင်း ကြည့်ခြင်း (viewing,see-ing) ဟူသည့် ဝေါဟာရများ အစား **ရှုမြင်ခြင်း (Per-ceive)** ဟူ၍သုံးကြသည်။ လူသားများ၊ အရာဝတ္ထုများအားလုံးသည် **ညီတူညီမျှ** ဖြစ်သည့် ဟူသောဝေါဟာရဖြင့် မကျေနပ်ကြသော ပုဂ္ဂိုလ်**အချို့က ၎င်းတို့**သည် တန်းတူညီမျှ (Coequal) ဖြစ်သည်ဟူသော **ဝေါဟာရကို သုံးစွဲကြ**သည်။ တစ်စုံတစ်ခု ညီတူညီမျှဆိုသည်မှာ မည်သို့ **အဓိပ္ပါယ်သတ်မှတ်ရ**မည်နည်း။

အသုံးပြုသည် Using ဟူသော ဝေါဟာရအစား **အသုံးချခြင်း Utilize** ဟူသော ဝေါဟာရကိုလည်း သုံးကြသည်။ ကျွန်တော်၏မိတ်ဆွေ **အမှုဆောင်**အရာရှိ တစ်ယောက်က ရိုးရိုးဝေါဟာရများကိုသာသုံးရန် **သူ၏ လက်ထောက်**များအား ပြောကြားသည်ကို ကျွန်တော် မကြာခဏတွေ့ကြုံဖူးသည်။ **သူက** Utilize ကို "Don't utilize utilize use..use" ဟူ၍ပြောသည်။ **Utilize** ဆိုသော ဝေါဟာရကိုမသုံးပါနှင့်။ Use ဆိုသော ဝေါဟာရကိုသာသုံးပါ **ဟူ၍**ဖြစ်သည်။

ကျွန်တော်အနေဖြင့် ကိန်းကြီးခန်းကြီးနိုင်သော ဝေါဟာရများကို ကြိုးစားရှောင်ရှားလေ့ရှိသည်။ အချို့သူများက ၎င်းဝေါဟာရများကို **အခြား**သူများ အထင်ကြီးရန် အဆောင်အယောင်တစ်ခု အနေဖြင့် **သုံးလေ့ရှိသည်။** အချို့က ရိုးရိုးရှင်းရှင်း နေ့စဉ်သုံးဝေါဟာရဖြင့် မည်သို့ပြောရမည်ကို **မေ့လျော့**နေ၍ သုံးကြခြင်းဖြစ်သည်။ ခေတ်စားနေသော ဝေါဟာရများကို ရှောင်ရှားလျှင် ပို၍ကောင်းပြီး အခြားသူများကလည်း ပို၍လက်ခံကြမည်၊ ပို၍နားလည်ကြမည်။ **"အခြေအနေတစ်ခုကိုလွှမ်းမိုးရန် သွင်းအားစုများ ရရှိနေသည်ဟု"** ပြောလိုကပြောနိုင်သည်။ သို့သော် ကွန်ပျူတာသမားများသာလျှင်က **နားထောင်**



www.burmeseclassic.com

www.burmeseclassic.com



သူများအားလုံး နားလည်မည့် ဝေါဟာရများကို သုံးစွဲလျှင် ပို၍အောင်မြင်နိုင်သည်။

## ၁ ခေတ်စားနေသောအကြောင်းအရာများ

ဖောင်းပွနေသော ဝေါဟာရများသာမက ခေတ်စားသော ဝေါဟာရများ၊ အသုံးအနှုန်းများလည်း တစ်ချိန်လုံးပေါ်ပေါက်နေသည်။ ထိုဝေါဟာရများသည် ဖြစ်ရပ်များ၊ ကိုယ်ရည်ကိုယ်သွေး အမျိုးမျိုးတို့ကြောင့် ပေါ်ပေါက်နေသည်။ ခေတ်စားနေသော ဝေါဟာရများသည် ချက်ချင်းလက်ငင်းဆိုသလို "ဆီသည်မလက်သုတ်ပဝါကဲ့သို့" ဟောင်းနွမ်းနေသော ဝေါဟာရများဖြစ်သွားသည်။ တစ်ခါတရံ ထိုဝေါဟာရကို သုံးစွဲခြင်းသည် မိမိပြောဆိုနေသည့်သူနှင့် ဆက်သွယ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်သော်လည်း ထိုဝေါဟာရကို မကြာခဏသုံးပါက မိမိကိုယ်ပိုင် ဝေါဟာရမရှိ၊ မိမိဟာသာ မိမိမဖော်ပြနိုင်သကဲ့သို့ ဖြစ်သွားသည်။

ဗွန်ကာဆန်က "No Way" ဟူသောဝေါဟာရကို သုံးစွဲခဲ့ပြီးသည့်နောက်မှ ဂျက်စ်ပါးက "I kid you not" ဟူသည့်ဝေါဟာရကို သုံးစွဲခဲ့ရာ အမေရိကန်အများစုက ထိုဝေါဟာရများကို သုံးစွဲကြသည်။ ဟောဝစ်ကာဆဲလ်ကသူ၏ သဒ္ဒါအမှား ဝေါဟာရတစ်ခုဖြစ်သော "Telling it like it is" ဟူသောဝေါဟာရကို it should be as it is ဟူသော စာကြောင်းအစား သုံးခဲ့ရာ နှစ်ပေါင်းများစွာဘောလုံးပွဲရာသီ တနင်္လာနေ့ညများတွင် ကြားခဲ့ရသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် တစ်တိုင်းပြည်လုံးသုံးခဲ့သည့် ဝေါဟာရဖြစ်လာခဲ့သည်။ ယခုအခါစနေနေ့ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်မှ "Isn't that special" ဟူသော ဝေါဟာရနှင့် ဂျော့ဘုရှ် တီထွင်သည့် " Read my Lips" ဟူသောဝေါဟာရများ ခေတ်စားနေပြန်သည်။

ပို၍ဆိုးသည့်ကိစ္စမှာ ရှေးခေတ်က ဝေါဟာရများကိုသုံးခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များ စောစောပိုင်းကသုံးခဲ့သည့် "Where it's at" ဟူသော ဝေါဟာရကို ယခုကဲ့သို့ သုံးစွဲပုံမျိုးဖြစ်သည်။ ဝါရှင်တန်ရှိ ဒေသန္တရ အဖွဲ့အစည်းတစ်ခုမှ အမှုဆောင်အရာရှိက ဒါရိုက်တာအဖွဲ့အား သူတို့၏ကောင်စီသည် "is where it's at" ဟုပြောလျှင် မည်သို့ဖြစ်သွားမည်ကို တွေးကြည့်ပါ။ သူသည်လည်း ခေတ်ပေါ်ဝေါဟာရများ၏ ဓားစာခံတစ်ယောက်ဖြစ်သည်။ ခေတ်စားနေသောအုပ်စု၏ အဖွဲ့ဝင်တစ်ယောက် အဖြစ်ခံစားနေသည်။ သူ၏ဒါရိုက်တာများအနေဖြင့် တက္ကသိုလ်မှ ဘွဲ့ (၃) ခု ရထားသူတစ်ယောက်က စာကြောင်းတစ်ခုကို ဝိဘတ် (Preposition) ဖြင့် အဆုံးသတ်သွားသည်ကို တအံ့တသြ ဖြစ်သွားစေနိုင်သည်။

ကော့ခ်တေးပါတီတစ်ခု၌ဖြစ်စေ၊ နောက်ဖေးခြံထဲ၌ဖြစ်စေ၊ နိုင်ငံရေးရုပ်မြင်သံကြားလွှင့်ထုတ်မှုဖြစ်စေ ခေတ်ပေါ်ဝေါဟာရများကို အနည်းဆုံးသုံးစွဲ လျှင် မိမိပြောနေသောစကားသည် ပို၍လတ်ဆတ်ပြီး ထိရောက်နိုင်သည်။

## ၁ အဓိပ္ပါယ်မရှိသောဝေါဟာရများ

အချို့ဝေါဟာရများနှင့် အချို့အသံပလံများသည် ကျွန်တော်တို့ပြောဆိုနေသည့် ကိစ္စများကို မည်သို့မျှ အထောက်အကူမပြုပေ။ မိမိပြောဆိုနေသည့်ကိစ္စကို ပို၍ရှုပ်ထွေးရန်၊ နားထောင်သူ နားရှုပ်သွားစေရန်သာ ဖြစ်စေနိုင်သည်။ ထိုသို့ အဓိပ္ပါယ်မရှိသည့် ဝေါဟာရများသည် သေတ္တာများတွင် ပစ္စည်းများ ထုတ်ပိုးရန်ပါလာသည့် ဖော့များနှင့်တူနေသည်။ များလေရှုပ်လေဖြစ်နေသည်။

ထိုသို့ဆိုလျှင် လူအများအနေဖြင့် ဤဝေါဟာရများကို အဘယ်ကြောင့် အသုံးပြုကြရသနည်း?။ ထိုဝေါဟာရများသည် ချိုင်းထောက်များနှင့်တူသည်။ သင်အားမရှိသည့်အခါ အားကိုးအားထားပြုရန်အတွက် သုံးနိုင်သည်။ သို့သော် ၎င်းတို့မပါသည့် အခါသင်၏ စကားပြောဆိုမှုများ ယခင်ကဲ့သို့ပင် ပြန်၍ချိန့်သွားလိမ့် မည်။

ဤဝေါဟာရစာရင်း၌ အများဆုံးသုံးလေ့ရှိသည့် စကားတစ်ခုမှာ "သိတယ်မဟုတ်လား (You Know)" ဟူသောဝေါဟာရသည် ထိပ်ဆုံးကဖြစ်သည်။ ဝါရှင်တန်ဒီစီရှိ ကျွန်တော်၏ မိတ်ဆွေတစ်ယောက်သည် အတိုင်ပင်ခံတစ်ယောက်နှင့် အလုပ်လုပ်လေ့ရှိရာ စကား (၃) ခွန်းပြောလျှင် (၂) ခွန်းမှာ "သိတယ်မဟုတ်လား" ဆိုသော ဝေါဟာရဖြစ်သည်။ "သိတယ်မဟုတ်လား" ဟူသော ဝေါဟာရစွဲလန်းမှုကို သိရှိပြီးနောက် ၎င်းတို့၏ အစည်းအဝေး၌

www.burmeseclassic.com



**"သိတယ်မဟုတ်လား"** ဘယ်နှစ်ခါပြောသည်ကို ကျွန်တော်၏မိတ်ဆွေက လိုက်၍မှတ်သည်။

ထိုအစည်းအဝေးသည် မိနစ် (၂၀) ခန့်မျှသာကြာရာ အတိုင်ပင်ခံသည့် "သိတယ်မဟုတ်လား" ဆို သောစကားကို (၉၁) ကြိမ်ပြောကြောင်း တွေ့ရသည်။ သင်္ချာနည်းအရ တွက်ကြည့်လျှင် တစ်မိနစ်လျှင် (၄) ကြိမ်ခွဲ ပြောသည့် အဓိပ္ပါယ်ဖြစ်သည်။ မိနစ် (၂၀) မျှသာ ကြာသော ဝါရှင်တန်ရှိ အစည်းအဝေးတစ်ခု၌ "သိတယ်မဟုတ်လား" စကားကို (၉၁) ကြိမ်ပြောသည့် တိုင်ပင်ခံလောက် ထူးခြားသည့် ကိစ္စမရှိပေ။

ထိုသို့ တွက်ကြည့်သည့်အခါ ရယ်စရာကောင်းသော်လည်း အလေးအနက်ထား၍ စဉ်းစားကြည့်ကြပါဦး။ ထိုအတိုင်ပင်ခံသည် လူအများနှင့် ဆက်သွယ်၍ ထိရောက်မှုအပေါ် အားကိုး၍ အသက်မွေးဝမ်းကျောင်း လုပ်နေရသူဖြစ်သည်။ လူအများအနေဖြင့် သူဘာပြောသည်ဆိုသည့် စကားပေါ် အာရုံမရောက်တော့ဘဲ "သိတယ်မဟုတ်လား" ဆိုသည့်စကားပေါ်ပို၍ အာရုံရောက်စေသည်။ ထို့ကြောင့်ပင် သူသည် မကြာမီအလုပ်ပြုတ်သည့် ပြဿနာနှင့်တွေ့ကြုံရမည်။

"သိတယ်မဟုတ်လား" ဟူသော စကားကဲ့သို့ပင် ယနေ့ခေတ်၌ ခေတ်စား သည့် ဝေါဟာရတစ်ခုမှာ **"အခြေခံကျကျ ပြောရလျှင် (basically)"** ဟူသော ဝေါဟာရဖြစ်သည်။ နောက်ရက်များတွင် ရုပ်မြင်သံကြား ညနေသတင်းများကို နားထောင်သည့်အခါ "အခြေခံ ကျကျပြောရလျှင်" ဟူသည့်စကားဖြင့် စပြီးမည်မျှဖြေဆိုကြသည်ကို သတိထားကြည့်ပါ။ ဖြေဆိုသူ၏အဖြေနှင့် မည်သို့မျှ မဆိုင်သည်ကို သင်တွေ့ရှိလျှင် အကြိမ်မည်မျှ ပြောဆိုသည်ကို မှတ်သားပြီးဂရင်းနစ် ကမ္ဘာ့စံချိန်များ မှတ်တမ်းစာအုပ်ပြုစုသူများကို ဆက်သွယ်ပါ။

"အခြေခံကျကျပြောရလျှင်" ဟူသည့် ဝေါဟာရသည် စကားပြောသည့်အခါ၌ နေရာတကာပင်တွေ့ရသည်။ ဖွတ်အတင်း အကျင့်လုပ်ယူသည့် သဘောမှလွဲ၍ ထိုဝေါဟာရကို အသုံးပြုစရာအကြောင်း လုံးဝမရှိပေ။ တစ်ခါတစ်ရံ ထိုဝေါဟာရကို သုံးခြင်းကြောင့် စိတ်ဝင်စားစရာမေးခွန်းများ ပေါ်ပေါက်လာသည်။ ညနေပိုင်းသတင်း လွှင့်ထုတ်မှုတစ်ခု၌ ရဲအရာရှိတစ်ယောက်က ရာဇဝတ် သားတစ်ယောက် အိမ်ထဲသို့ဝင်သွားနိုင်ခြင်းမှာ "တံခါးသည် အခြေခံကျကျပွင့်နေ၍" ဟုဆိုလျှင် မည်ကဲ့သို့ အဓိပ္ပါယ်ဆောင်ပါသနည်း။ "အခြေခံ





ကျကျ ကိုယ်ဝန်ဆောင်နေသည်" ဟူသောစကားနှင့် တူပါသလား။ ထိုတံခါးသည် ပွင့်နေသလား၊ ပိတ်နေသလား။ အခြေခံကျကျဟူသည့်စကားမှာ မည်သို့မျှအဓိပ္ပါယ်မရှိ။

အခြားဝေါဟာရတစ်ခုမှာ **"မျှော်လင့်ချက်ရှိစွာ (hopefully)"** ဟူသည့် ဝေါဟာရတစ်ခုဖြစ်ပြီး ထိုဝေါဟာရသည် ၁၉၇၀ ပြည့်လွန်နှစ်များက ခေတ်စားသည့် ဝေါဟာရဖြစ်သည်။ အနာဂတ်တွင် ဘာဖြစ်မည်ဆိုသည့် ကိစ္စကို ပြောသည့်အခါ၌ပင် ထိုဝေါဟာရမပါဘဲ မည်သူမျှ မပြောတတ်ဘဲ ဖြစ်လာကြသည်။ နေရာတိုင်း၌ပင် လူအများသည် ထိုဝေါဟာရကို တလွဲသုံးကြသည်။ ၎င်းတို့ အမှန်တကယ် ရည်ညွှန်းသည်မှာ **"ကျွန်တော်မျှော်လင့် တာကတော့ (I hope)"** ဟူ၍ဖြစ်ပြီး **"မျှော်လင့်ချက်ရှိစွာ"** သည် သုတို့ရည်ရွယ်သည့် စကားကို မဖော်ပြနိုင်ပေ။

သင့်အနေဖြင့် **"မျှော်လင့်စွာ အစည်းအဝေးသည် ကြာသပတေးနေ့၌ ကျင်းပမည်"** ဟုပြောလျှင် သင် အမှန်တကယ်ပြောလိုသည်မှာ မျှော်လင့်ချက်ရှိသည့် ပတ်ဝန်းကျင်၌ အစည်းအဝေးကို ကျင်းပမည်ဟု ဆိုလိုခြင်းမဟုတ်။ **"အစည်းအဝေးသည် ကြာသပတေးနေ့၌ ကျင်းပမည်ဟု ကျွန်တော်မျှော်လင့်သည်"** ဟူသောအဓိပ္ပါယ်ကိုသာဆိုလိုသည်။

ဘာပဲဖြစ်ဖြစ် (Whatever) သည်လည်း ဝေါဟာရအပိုတစ်ခုဖြစ်သည်။ **"ခင်ဗျားခေါ်တုန်းက ကျွန်တော်ဟာဈေးဝယ်ထွက်နေတယ် ဒါမှမဟုတ် တစ်ခုခု လုပ်နေတယ်"** ဟုပြောလေ့ရှိကြသည်။ **"ဒီတစ်ပတ် တမ်းခြေသွားရင် ကောင်းမယ်လို့ထင်တယ် ဒါမှမဟုတ် ဘာဘဲဖြစ်ဖြစ်"** ဟုပြောလေ့ရှိကြသည်။ **"ဒီစာတွေ ကျွန်တော်ပြီးအောင်ရေးလိုက်မယ် ဒါမှမဟုတ် ဘာပဲဖြစ်ဖြစ်"** ဟူ၍ ပြောလေ့ရှိကြသည်။

သင်ဘာအကြောင်းကိုပြောပြော ဤအဓိပ္ပါယ်မရှိသည့် ဝေါဟာရများကို ချန်ထားခဲ့ပါ။

မှိုများပွားသကဲ့သို့ ၁၉၆၀ ပြည့်လွန်နှစ်များကပွားခဲ့ပြီး ယခုအထိရှိနေသည့် ဝေါဟာရတစ်ခုမှာကဲ့သို့ (Like) ဟူသော ဝေါဟာရဖြစ်သည်။ ထိုစဉ်က ကလေးများဝလာသည့်အခါ **"ဘာနဲ့တူသလဲဆိုတာသိတယ်မဟုတ်လား"** ဟူ၍ နောက်ပြောင်လေ့ရှိကြသည်။ ယခုအခါ ကလေးများသာမက လူကြီးများပါ **"ငါသူ့ကိုမြင်လိုက်တယ်၊ ယခင်အင်္ဂါနေ့ကနဲ့တူတယ်"** အမှန်စင်စစ် **"ယခင် အင်္ဂါနေ့ကနဲ့တူတယ်"** ဟူ၍မဟုတ်ပေ။ **"ယခင် အင်္ဂါနေ့က"** ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝေါဟာရများကို ရှောင်သည့် နည်းဖြင့်မဆို ရှောင်ရှားပါ။

ထိုဝေါဟာရများကဲ့သို့ အဓိပ္ပါယ်မရှိသည့် အသံဗလံများလည်း သင်သာကြားရာ ထိုနှစ်ခုမှာ ထင်ရှား သည်။ ၎င်းတို့နှစ်ခုကို ချက်ချင်းမသိကြနိုင်။ တစ်ခုမှာ 'အား (uh)'နှင့် နောက်တစ်ခုမှာ 'အမ်း (um)' တို့ဖြစ်သည်။ ထိုဝေါဟာရများကို များများသုံးလျှင် လူအများက သင်သည် အခြားသူများ ထိုသို့ စကားပြောနိုင်စွမ်းမရှိ ဟုထင်ကြလိမ့်မည်။

## ၁ အကျင့်ဆိုးများကိုဖျက်ခြင်း

အကျင့်ဆိုးများဖျက်ရန် သင်မည်သို့ဆောင်ရွက်မည်နည်း။ အခြား အကျင့်များကဲ့သို့ပင် စည်းကမ်းရှိရန်လိုသည်။ အောက်ပါနည်းလမ်း (၃) ခုကို စမ်းကြည့်ပါ။

ပထမဦးစွာ ရင်းနှီးသည့်ဝေါဟာရတစ်ခုကို သုံးရမည်ဆိုလျှင် ကိုယ်ပြောစကားကို ကိုယ်နားထောင်ကြည့်ပါ။ စကားပြောနေရင်း မိမိနှုတ်မှ ထွက်လာသည့် ဝေါဟာရများကို အာရုံစိုက်ခြင်းသည် အလွန်ထိရောက်သည်။ ဘယ်နှစ်ခါရပ်သည်၊ စသည်၊ ဘယ်နှစ်ခွန်းပြန်ပြောသည် အားယူသည့် စကားတွေ မည်မျှပြောသည်ကို သိနိုင်သည်။ ထိုနည်းသည် သင်၏စကားကို ပို၍ ရှင်းလင်းကောင်းမွန်စေရန် အထောက်အကူဖြစ်စေနိုင်သည်။

ဒုတိယအနေဖြင့် ဘာပြောတော့မည်ကို ကြိုတင်၍စဉ်းစားပါ။ ထို ကိစ္စမှာ အလွန်ရှင်းနေသည်ကို သိပါသည် သို့သော် စကားပြောရင်းတန်းလန်း ရပ်ပြီး ရှေ့ဘယ်လိုဆက်ပြီး ဘယ်လိုဆုံးရမည်ကို စဉ်းစားမရဘဲဖြစ်တတ်သည်။ သင်စကားမပြောမီကတည်းက ပြောစရာတွေအားလုံးကို ခေါင်းထဲမှာ ထည့်ထားဖို့ ကျွန်တော်ဆိုလိုသည်မဟုတ်ပါ။ ပထမစာကြောင်းကိုပြောနေစဉ် ဒုတိယစာကြောင်းကို ခေါင်းထဲမှာကြိုတင်ပြင်ဆင်ထားနိုင်ပြီး ဒုတိယ စာကြောင်းပြောနေစဉ် တတိယစာကြောင်းကို ခေါင်းထဲမှာ ကြိုတင်ပြင်ဆင် ထားနိုင်သည်။ ထိုကိစ္စမှာ ခက်သည်ဟုထင်လျှင် စမ်းကြည့်ပါ။ တကယ်မခက် ကြောင်းတွေ့ပါလိမ့်မည်။ ဦးနှောက်သည် အလုပ်နှစ်ခုကို တပြိုင်နက်တည်း လုပ်နိုင်သည့်စွမ်းရည်ရှိသည်။ အနည်းငယ်မျှလေ့ကျင့်လိုက်လျှင် ကျင့်သားရ သွားမည်။





တတိယအနေဖြင့် သင်ပြောသည့်စကားကို စောင့်ကြည့်သူ တစ်ယောက်ထားပါ။ အဓိပ္ပါယ်မရှိသည့် စကားတစ်ခု၊ ဟောင်းနွမ်းနေသည့် စကားတစ်ခုကိုပြောလျှင် တားခိုင်းပါ။ ဤနည်းသည် အလွန်ထိရောက်သည်။ သင်၏အိမ်ထောင်ဘက်သော် လည်းကောင်း၊ မိတ်ဆွေကောင်းတစ်ယောက် သော်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်တစ်ယောက်သော် လည်းကောင်း ထိုဟောင်းနွမ်းနေသောဝေါဟာရတစ်ခု၊ စာပိုဒ်တစ်ပိုဒ်ကိုသုံးမိတိုင်း ဖြတ်ပြီး ပြောခိုင်းပါ။ သင့်ကို စောင့်ကြည့်မည့်သူသည် တစ်နေ့ကို နာရီအနည်းငယ်မျှ သင်နှင့်အတူ နေသူဖြစ်ရမည်။ ဤကိစ္စသည် အလွန်ကောင်းသည့် အကြံဉာဏ် တစ်ခုဖြစ်သည်။ ထိုသို့ရက်အနည်းငယ်မျှ စောင့်ကြည့်အပြစ်ရှာ မည့်သူရှိလျှင် မသုံးသင့်သည့်ဝေါဟာရများကို ရှောင်ကြဉ်လာမည်။ တစ်နေ့မှာ ဝေါဟာရ တစ်လုံး၊ အပိုဒ်တစ်ပိုဒ်ကိုသာ ဂရုစိုက်ပါ။ သင့်အနေဖြင့်ရှောင်ကြဉ်စရာ ဖယ်ရှားစရာ ဝေါဟာရများ များစွာရှိနေလျှင် တစ်ခုပြီးမှတစ်ခုလုပ်ပါ။ ထိုသို့ မဟုတ်ပါက မကြာခဏ ဝင်ပြောနေသဖြင့် သင့်ကိုစောင့်ကြည့်သူအနေဖြင့် ဒုက္ခရောက်သွားလိမ့်မည်။

## ၂ ကျန်ခနေသောစကားလုံးများ

တစ်ခါတစ်ရံ၌ ဝေါဟာရအနည်းငယ်ကို သတင်းထုတ်လွှင့်သူများ အားကစားသတင်း ကြေညာသူများက ပြောတတ်သည်။ ၎င်းတို့၏ စာကြောင်း များမှ ကြိယာများကို ချန်ထားကြသည်။ ထိုအခါတစ်ခါတစ်ရံ၌ သူတို့ဆိုလို သည့် အဓိပ္ပါယ်လွဲချော်သွားတတ်သည်။

ဘတ်စကက်ဘော အသံလွှင့်သူ တစ်ယောက်က "ပက်ထရစ်အားဝင်း တာ တစားတွင်းထဲမှာ ဖောင်းဖြစ်သွားတယ်" ဟုပြောလိုက်သည်။ သူဆိုလို သည်မှာ အားဝင်းသည်ဖောင်းဖြစ်၍ အပြစ်ပေးခံရသည်ဟု ဆိုလိုသည်။ သို့သော် သူပြောစကားအရဆိုလျှင် အားဝင်းသည် အပြစ်ပေးခံရရန် ကျွန်လွန် ရာရောက်သည်ဟု အဓိပ္ပါယ်ထွက်နေသည်။ ရိုးရိုးတန်းတန်း အဘယ့်ကြောင့် မပြောသနည်း။ ညနေပိုင်းသတင်းလွှင့်ထုတ်သူ သတင်းထောက်များလည်း ထိုသို့လုပ်တတ်သည်။ သူတို့ပြောနေသည့် အကြောင်းအရာများမှ ကြိယာများ ကို ချန်ထားသည့် အကျင့်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြိယာများကို ချန်ထားခြင်းဖြင့် ပို၍စိတ်လှုပ်ရှားတတ်ကြွစေသည်တု ထူးခြား၍ဖြစ်သည်။ သတင်းဖော်ပြချက်သည် အလွန်မြန်ဆန်သွက်လက်သဖြင့် ကြိယာများကို ထည့်ချိန်မရသယောင်ဆိုလိုသည်။ ဤသည်မှာလည်း ခေတ်စားသည့် ပြောနည်းတစ်မျိုးဖြစ်သည်။

သင့်အနေဖြင့် ထိုအလေ့အထအားလုံးသည် အန္တရာယ်မရှိဟု ယူဆလျှင် ထိုပြောနည်းများသည်လည်း အခြားပြောနည်းများကဲ့သို့ပင် ပြောနည်းကောင်းတစ်ခုဟု ယူဆလျှင်ကျွန်တော် အပျော်တမ်းလုပ်လေ့ရှိသည့် လေ့ကျင့်ခန်းတစ်ခုခုကို စိတ်နှင့်လုပ်ကြည့်ပါ။ အမေရိကန်နိုင်ငံ၌ ကျော်ကြားခဲ့သည့် မိန့်ခွန်းများကို ယနေ့ခေတ်ပြောသည့်အတိုင်း ပြောကြည့်ပါ။

"(၄၇) နှစ်အကြာက ကျွန်တော်တို့ရဲ့တိုးဘွားတွေဟာ နိုင်ငံတစ်ခုကို မွေးဖွားပေးခဲ့ကြတယ်"

အဗရာဟင်လင်ကွန်း

"အခြားသူတွေ ဘယ်လမ်းရွေးတယ်မသိ၊ ကျွန်တော့်အနေနဲ့ လွတ်လပ်ခြင်း ဒါမှမဟုတ် သေခြင်းကိုရွေးမယ်" (ပက်ထရစ်ဟင်နရီ) သို့မဟုတ် အဖွင့်မိန့်ခွန်းကို စကားတွေ ဖြည့်ပြီးပြောကြည့်ပါ။

"အခြေခံကျကျ ပြောရရင် သင့်တိုင်းပြည်က မင်းအတွက် ဘာလုပ်ပေးနိုင်တယ်ဆိုတာကို မမေးပါနဲ့ မင်းက မင်းတိုင်းပြည်အတွက် ဘာလုပ်နိုင်တယ်ဆိုတာကိုမေးပါ"

\- ဂျွန်အက်ဖ်ကနေဒီ

သို့မဟုတ် ဖလော့ရန့်ကင်း၏ လေးရှုးသုန်သုန်ထဲမှာ စာပိုဒ်တစ်ခုကို ယခုခေတ် အသုံးနှင့်ပြောင်းကြည့်ပါ။ "ပွင့်ပွင့်လင်းလင်းပြောရရင် အချစ်ရေ အဲဒါတာ ငါ့အပေါ် အကျိုးသက်ရောက်မှု မရှိပါဘူးကွယ်"

၁ နိုင်ငံရေးအရ အသုံးအနှုန်းမှန်ကန်မှု

နိုင်ငံရေးအရ အသုံးအနှုန်း မှန်ကန်မှုအကြောင်းကို အများအပြားပြောလေ့ရှိကြသည်။ လူအများကိုလည်း စိတ်လှုပ်ရှားရန် နှိုးဆော်နိုင်ခဲ့သည်။ သို့ဖြစ်၍ ထိုဝေါဟာရကို သုံးရန်ပင်မုန်းသည်။ သို့သော်ကြိုက်သည်ဖြစ်စေ၊





မကြိုက်သည်ဖြစ်စေ ထိုဝေါဟာရနှင့် လည်းကောင်း၊ ထို သဘောတရားနှင့်လည်းကောင်း ကျွန်တော်တို့ နေ့စဉ်ဘဝတွင် တွေ့ကြုံနေရသည့် ကျွန်တော်တို့ နေ့စဉ်ပြောသမျှ စကားများတွင်လည်း ပါဝင်နေသည်။ ထိုသို့ ဖြစ်ရသည်မှာ သနေ့ခေတ်၌ အမျိုးသမီးများ၊ တိုင်းရင်းသား လူမျိုးစုများကဲ့သို့သော အုပ်စုများ၊ လူ့အဖွဲ့အစည်း၌ကြာရှည်စွာ အာဏာမရှိခဲ့ကြသော အုပ်စုများက ယခင်ကနှင့် မတူတော့ဘဲ အာဏာရှိလာပြီဟု ဆိုနေကြ၍ဖြစ်သည်။ ထိုသို့ နိုင်နိုင်မာမာ ရှိလာပုံကို စကားပြောသည့် နယ်ပယ်၌လည်း ထိုးဖောက်လာသည်။

သူတို့က ကျွန်တော်တို့ ဘာပြောသည်သာမက ဘယ်လိုပြောသည်ဆိုသည်လည်း အရေးကြီးကြောင်း၊ ဝေါဟာရများသည် အကြံဉာဏ်များ သဘောထားများကို ဖော်ပြကြောင်းဆိုကြသည်။ သူတို့ပြောသည်မှာ မှန်သည်ဟု ကျွန်တော်ထင်သည်။ သင့်အနေဖြင့် အမျိုးသမီးတစ်ဦးကို ခေါ်လေ့ရှိသော 'အားနည်းသည့်လိင်' ဟုသုံးလျှင် သင်သည် ခေတ်မမီတော့သည့် အမျိုးသမီး အထင်သေးဝါဒကို ဆွဲကိုင်ထားသူဖြစ်သည်။ အတယ်၍သင်က ဂျပန်လူမျိုး တစ်ယောက်ကို 'ဂျတ်ပ်(Jap)' ဟုခေါ်လျှင် ဝေါဟာရတစ်ခုကို အမှတ်တမဲ့ သုံးရုံမျှသာမက သင်ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ဒုတိယ ကမ္ဘာစစ်ခေတ်က ဂျပန်တို့ကိုခေါ်သည့် အခေါ်အဝေါ်အဖြစ် နားထောင်သူတို့၏ စိတ်ထဲတွင်ပေါ်လာသည်။ ၎င်းတို့သည် အကြမ်းဖျဉ်းမျှသာပြသည့် ဥပမာများသာ ဖြစ်သည်။ သို့သော် ထိုအုပ်စုဝင်များအနေဖြင့် သူတို့ကို ဘယ်လိုပြောသင့်သည်ဆိုသည့်ကိစ္စကို အာရုံစိုက်ကြောင်း ထင်ရှားစေသည်။

ဤဖြစ်ရပ်များသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန်နိုင်ငံ၌ ပေါ်ပေါက်ခဲ့ပြီး ကျွန်တော်တို့ အားလုံးအတွက် ကိုယ်ကျင့်တရားအရ လည်းကောင်း၊ လက်တွေ့အရလည်းကောင်း ထင်ရှားသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ကိုယ်ကျင့်တရားအရပြောရလျှင် လူနည်းစုတိုင်းရင်းသား အကြောင်းပြောရာ၌ ၎င်းတို့၏ဆန္ဒကို ထည့်မတွက်ခြင်းသည် ဟိတ်ကြီး ဟန်ကြီးနိုင်လှုပြီး ၎င်းတို့ကိုလည်းထိခိုက်သည်။

လက်တွေ့အရပြောရလျှင် ထိုအကြောင်းအရာများကို ဂရုမစိုက်ဘဲ အမှတ်တမဲ့ပြောခြင်းသည် သင့်ကိုထိခိုက်နိုင်သည်။ လူမည်းအားကစားသမားကို ဝေဖန်ရာ၌ ဂရုမစိုက်ဘဲပြောခဲ့သဖြင့် အနိုမ်ခံရသည့်သူများကို သတိရလိုက်ပါ။

သင့်အနေဖြင့် ဝေါဟာရအပြောင်းအလဲများနှင့် ပတ်သတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခြေခံများကိုလည်း ဝရှိုက်ရမည်။ ကျွန်တော့်အနေဖြင့် "**လူမည်းအားကစားသမားများ**" ဟု သုံးသည်။ ထိုဝေါဟာရမှာ ၁၉၆၀ ပြည့်လွန်နှစ် တိုင်းရင်းသားအုပ်စုများက ကြိုက်နှစ်သက်သည့် ဝေါဟာရဖြစ်သည်။ သို့သော် ထိုဝေါဟာရ **အတိုင်း** အမြဲမနေဘဲ အမြဲတမ်းပြောင်းလဲနေသည်။

ကျွန်တော် အသံလွှင့်လောကထဲရောက်သည့် ပထမ (၁၀) နှစ်ခန့်၌ လူမည်းတစ်ယောက်ကို ဖော်ပြသည့်အခါ သူ့ကို '**နီဂရိုး**' ဟု ပြောလေ့ရှိသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် လူမည်းတို့၏ တော်လှန်ရေးဖြစ်ပွားပြီးနောက် လူမည်းခေါင်းဆောင်များက သူတို့ကို နီဂရိုးဟု မခေါ်စေချင်ဘဲ လူမည်းဟုသာ ခေါ်စေချင်ကြောင်း ပြောကြသည်။ သို့ဖြစ်၍ အသံလွှင့်ရာ၌လည်းကောင်း၊ အခြားစာနယ်ဇင်းများ၌ လည်းကောင်း၊ အခြားလုပ်ငန်းများ၌လည်းကောင်း၊ အမေရိကန်အများစု၏ နေ့စဉ်စကားပြောဆိုမှုများ၌လည်းကောင်း လူမည်းဟူ၍ ပြောင်းလဲသုံးစွဲခဲ့ကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များ၌ ဝေါဟာရအသစ်များလည်း ပေါ်ပေါက်လာသည်။ လူမည်းခေါင်းဆောင်များက သူတို့နှင့် သူတို့အမျိုးအနွယ်များကို '**အာဖရိကန် အမေရိကန်များ**' ဟု ခေါ်စေချင်ကြောင်း ပြောကြသည်။ မက္ကဆီကိုနှင့် စပိန်ခေါင်းဆောင်များက သူတို့ကို '**လက်တင်နို**' ဟု ခေါ်စေချင်ကြောင်း ပြောကြသည်။ အရှေ့တိုင်းသား များက '**အာရှတိုက်သားများ**' ဟု ခေါ်စေချင်ကြသည်။ အမေရိကန် အင်ဒီးယန်းများက '**ဌာနေအမေရိကန်**' များဟု ခေါ်စေချင်ကြသည်။ အခြားလူမျိုးစုများကလည်း သူတို့၏ မျိုးနွယ်စုအလိုက် ခေါ်စေချင်ကြပြီး လူဖြူများပေးထားသည့် နာမည်များကို မခေါ်စေချင်ကြပေ။

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဤဝေါဟာရကို အခြားဝေါဟာရများဖြင့် အနာဂတ်တွင် အစားထိုးလိမ့်မည်။ မကြာသေးမီက ဝါရှင်တန်ပို့စ် သတင်းစာပါ ဆောင်းပါးတစ်ပုဒ်တွင် အမည်အမျိုးမျိုး ပြောင်းလဲလက်ခံကျင့်သုံးမှုကို ဖော်ပြထားခဲ့သည်။ (၁၉၈၇) ခုနှစ်က '**အာဖရိကန် အမေရိကန်**' ဟူသော ဝေါဟာရသည် ထိုနှစ်နှင့်စာလျှင် အသစ်အဆန်းဖြစ်နေပြီး ဝါရှင်တန်ပို့စ် သတင်းစာ၌ (၄၂) ကြိမ်ပါဝင်ခဲ့သည်။ (၁၉၉၃) ခုနှစ်တွင် ၎င်းဝေါဟာရသည် (၁၄၂၂) ကြိမ် ပါဝင်ခဲ့သည်။ လက်တင်နိုဟူသော ဝေါဟာရကို (၁၉၈၇) ခုနှစ်က (၈၅) ကြိမ်သုံးပြီး (၁၉၉၃) ခုနှစ်တွင် (၃၈၉) ကြိမ်သုံးခဲ့သည်။ ဌာနေအမေရိကန်များဟူသော ဝေါဟာရကို (၁၉၈၇) ခုနှစ်က (၁၁၂) ကြိမ် သုံးခဲ့ပြီး (၁၉၉၃) ခုနှစ်တွင် (၃၃၉) ကြိမ် သုံးခဲ့သည်။





ထိုဥပမာများအားလုံးက အခြားသူများအကြောင်းပြောရာတွင် တလေးတစား ပြောရန်လိုကြောင်း သက်သေပြနေကြသည်။ ကျွန်တော်တို့၏ ပြောပုံသည် ထိုအုပ်စုများ လွန်ခဲ့သော အနှစ် (၂၀) အတွင်း ကြိုးပမ်းရုန်းကန်မှုများကို လေးစားမှုပြလျက်ရှိသည်။

အခြားတစ်ဖက်၌ လေးစားမှုနှင့်ကြောက်ရွံ့မှုကို ခွဲရန်ခက်သည်။ အမျိုးသမီးများအားလုံးကိုခြုံ၍ ဂုဏ်သရေရှိ အမျိုးသမီးကြီးများဟု **မခေါ်** သင့်ဟုဆိုလျှင် မျှတမှု၊ ဆင်ခြင်တုံတရားရှိမှုတို့ကိုကျော်လွှား၍ မိုက်မဲရာရောက်ပေလိမ့်မည်။ အမျိုးသမီးမဂ္ဂဇင်း အယ်ဒီတာတစ်ဦးက ထိုအကြောင်းကို လုပ်ဆောင်ကိုင်ဖက် အယ်ဒီတာ တစ်ယောက်အား ၁၉၉၄ ခုနှစ်ကပြောခဲ့သည်။ လုပ်ဆောင်ကိုင်ဖက် အယ်ဒီတာဟု သုံးနိုင်ပါသလား?။

သင့်အနေဖြင့် အမျိုးသမီးတစ်ယောက်ကို သူ၏ အဝတ်အစားအကြောင်း ရုံးခန်း၌ချီးကျူးလျှင် အန္တရာယ်နှင့်ရင်ဆိုင်ရမည်။ သင့်အနေဖြင့် **"အဲဒီအဝတ်အစားနဲ့ သိပ်လိုက်တာပဲ၊ အဲဒီအဝတ်အစားဟာ လူတို့ကြောင်အသွားစေတာပဲ"** ဟု ပြောခဲ့နိုင်သည်။

ယခုအခါ ထိုသို့မပြောဘဲ **"အဲဒီအဝတ်အစားလေးဟာ လှလိုက်တာ"** ဟူ၍မျှသာ ချီးကျူးရန်အကြံပေးလိုသည်။ သို့မှသာ စိတ်ချရသည်။ ယနေ့ခေတ်၌ အရေးကြီးသည်မှာ စိတ်ချရဖို့ဖြစ်သည်။ အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို ကိုယ်လုံးကိုယ်ပေါက်လှသည်ဟု မည်သည့်အခါက ပြောသည်ကို ကြားခဲ့ရသနည်း။ ခြေတံလှသည်ဟု ပြောသည်ကိုကြားဖူးပါသလား။ သို့သော် သူမအိတ်ထဲမှာ ကွန်ဒုံးပါလားဟုမေးနိုင်သည်။ ထိုသို့ ပြောရန်အတွက် မဆန်းတော့။

တစ်ခါက ရိုင်းစိုင်းသည်ဟု ယူဆခဲ့သည်များကို ယခုအခါ လက်ခံလာနိုင်ပြီး တစ်ခါကလက်ခံနိုင်သည့် ကိစ္စများသည် ယခုအခါ ရိုင်းစိုင်းသည်ဟု ယူဆလာကြသည်။ The King and I ဟူသည့် စကားထဲ၌ ထိုင်းဘုရင်က "ဟိုတုန်းကတာက ဟိုတုန်းတဟာ၊ ဟိုတုန်းက မဟုတ်တဲ့ဟာက ထိုတုန်းက မဟုတ်တဲ့ဟာ၊ အခုတော့ ရှုပ်ထွေးကုန်ပြီ" ဟု ဝေဖန်ဘူးသည်။

မှန်ပါသည်။ အခုခေတ်၌ ဘုရင်၏ ရယ်စရာအသံထွက်သည် ရိုင်းရေးအရများယွင်းသည်ဟု မြင်နိုင်သည်။ သို့သော် လူမျိုးရေးဆိုင်ရာ ဟာသများနှင့် ပတ်သက်၍ ဘာမှုသနည်း။ ဂျူး၊ အာရပ်၊ အီတလီ၊ လူမည်းတို့၏ ဟာသများကို အများကလက်မခံကြလျှင် လူမည်းလူရွှင်တော်များသည် ယနေ့ခေတ်



www.burmeseclassic.com

www.burmeseclassic.com




တွင် အသတ်မွေးဝမ်းကျောင်း ခက်ကြပေလိမ့်မည်။ ရစ်ချက်ပရိုင်ယာက သူ၏ **"အဲဒီနှိပ်စက်မှု ဖွနေတယ်"** ဟူသည့် ခတ်ပြားကို အချိန်ကိုက် ထုတ်လုပ်ခဲ့ခြင်း **ဖြစ်သည်။** ယနေ့ခေတ်သာဆိုလျှင် ထိုခတ်ပြားကိုထုတ်လုပ်မည့် ကုမ္ပဏီ ရှိမည်မဟုတ်ပေ။

ဤသည်မှာ နိုင်ငံရေးအရ အသုံးအနှုန်းမှန်ကန်မှုကို အလေးပေးလွန်းခြင်း ဖြစ်သည့် အန္တရာယ်ပင်ဖြစ်သည်။

အခြားသူတစ်ယောက်ကို စော်ကားမိမည်ဟု အလွန်စိုးရိမ်မိသဖြင့် လေးစားမှုနှင့် ကြောက်ရွံ့မှုတို့ကို မခွဲခြားနိုင်သည့် အခြေအနေမျိုး မဖြစ်ပ်စေနှင့်။

■






စီးပွားရေးကိစ္စ အပြောအဆို

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

## စီးပွားရေးကိစ္စအပြောအဆို

- စီးပွားရေးအပြောအဆို အခြေခံများ
- အရောင်းပညာနှင့် သင့်ကိုယ်သင်ရောင်းထုတ်ခြင်း
- အထက်လူနှင့် လက်အောက်ငယ်သားများကို ပြောဆိုခြင်း
- အစည်းအဝေးများ၊ စာတမ်းများ
- တေစီစတန်ဂယ်လ်၏ နည်းလမ်း

ရာခိုင်နှုန်းတိတိကျကျ မည်မျှဆိုသည်ကိုမသိပါ။ သို့သော် ကျွန်တော်တို့ အများစုသည် နေ့စဉ်ပြောဆိုသမျှစကားများ၏ ဘစ်ဝက်ခန့်ကို လုပ်ငန်းခွင်၌ပြောနေကြသည်ဟု ယူဆနိုင်သည်။ ကျွန်ကော့်အနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သော အမှုဆောင်အရာရှိတစ်ယောက်အဖြစ်ထက် အသံလွှင့်သူတစ်ယောက်အဖြစ်သော်လည်း စီးပွားရေးဆိုင်ရာ အစည်းအဝေးများတွင် ပြောဆိုသူ၊ သဘာပတိ၊ ခုံအဖွဲ့၊ တက်ရောက်သူအဖြစ်ဖြင့် ပါဝင်ခဲ့ရသည်။ အမေရိကန်နိုင်ငံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်း အမှုဆောင်အရာရှိများ အတော်များများနှင့် တွေ့ဆုံခဲ့ရသည်။ သင်၏ စီးပွားရေးဆိုင်ရာ အပြောအဆိုများ အထောက်အကူဖြစ်နိုင်မည့် အချက်အချို့ကိုရရှိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁ စီးပွားရေးဆိုင်ရာအခြေခံများ

ကျွန်တော်စဉ်းစားရသမျှ အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်များသည် စကားပြောကောင်းသူများဖြစ်သည်မှာ အံ့အားသင့်စရာမဟုတ်ပါ။ ဤအခန်းတွင်သူတို့ထံမှ ရရှိသည့်သင်ခန်းစာများ၊ ကျွန်တော်၏အတွေ့အကြုံများကို လက်ဆင့်ကမ်းပါမည်။ ပထမဦးစွာ အောက်ပါလမ်းညွှန်ချက်သုံးချက်နှင့် စတင်ပါမည်။

၁။ လူမှုရေးကိစ္စများတွင်ပြောဆိုသည့် အခြေခံနိယာမများကိုပင် စီးပွားရေးလုပ်ငန်းဆိုင်ရာ အပြောအဆိုများ၌ အသုံးချနိုင်သည်။ တိုက်ရိုက်ပြောပါ၊ ပွင့်ပွင့်လင်းလင်းပြောပါ။ အပြောကောင်းသည့်သူ တစ်ယောက် ဖြစ်ချင်လျှင် နားထောင်ကောင်းသူတစ်ယောက်ဖြစ်ပါစေ။

၂။ သင်သည် မိမိ၏ လုပ်ငန်းစုထဲမှ သော်လည်းကောင်း မိမိနှင့် အလားတူလုပ်ငန်းမျိုးထဲက လူများနှင့်သော်လည်း ပြောဆိုလျှင် သင်ပြောဆိုနေသည့်သူများသည် သင်အသုံးပြုသည့် အတတ်ပညာ၊ နည်းပညာဆိုင်ရာ ဝေါဟာရများကိုသိသည်ဟု ယူဆနိုင်သည်။ သို့သော်လည်း သင့်အနေဖြင့် ရှင်းရှင်းလင်းလင်း ပြောဆိုရန်လိုသည်။ အခြားနယ်ပယ်မှ ပုဂ္ဂိုလ်များကိုပြောဆိုလျှင် သင်၏ပရိသတ်သည် သင်၏အတတ်ပညာ၊ နည်းပညာဆိုင်ရာဝေါဟာရကို မသိဟုယူဆနိုင်သည်။ သို့ဖြစ်၍ သင့်အနေဖြင့် လူပြိန်းနားလည်အောင် ပြောဆိုရန်လိုသည်။

၃။ အချိန်သည် ငွေပင်ဖြစ်သည်။ သင်ပြောဆိုနေသည့်သူများ၏ အချိန်ကိုဖြုန်းမပစ်ပါနှင့်။ ယခင်ညက ဘောလုံးပွဲအကြောင်း၊ နောက်ဆုံးဂေါက်သီးကစားသည့် ပွဲစဉ်တို့အကြောင်းကို တစ်ဦးတစ်ဦးချင်းဆုံသည့်နေ့လည်စာ စားပွဲပြီးဆုံးကာနီးအထိပြောပြီး အဓိကအကြောင်းအရာကို (၅) မိနစ်ခန့် တက်သုတ်ရိုက်ပြီး မပြောပါနှင့်။ အစည်းအဝေး၌ မိနစ် (၂၀) မျှ တစ်ယောက်တည်းပြောဆိုနေပြီး အခြားသူများအား စီးပွားရေးကိစ္စကို ပြောဆိုရေးအတွက် စိုးရိမ်သောကရောက်နေရသည့် အဖြစ်မျိုးကိုလည်း မဖြစ်ပါစေနှင့်။





တတိယအချက်ကို ထပ်မံရှင်းလင်းရန်လိုသည်။ ယခုမှသိသည့်သူတစ်ယောက်ထံမှဖုန်းလာပြီး ထိုအချိန် ၌သင့်အနေဖြင့် စာချုပ်စာတမ်းတစ်ခုအတ်မှတ်ရေးထိုးစရာရှိနေလျှင် ထိုသူနှင့် (၂၅) မိနစ်ခန့်မျှ စကားပြောဆိုနေခြင်းသည် ကောင်းပါမည်လော။ သင်၏အထက် အရာရှိက ဟိုလိုလို ဒီလိုလို (၅) မိနစ်မျှ ပြောနေပြီး သင်၏ရုံးခန်းထဲသို့ သူဘာကြောင့်လာရသည်ကို နောက်ဆုံးကျမှပြောဆိုလျှင် သင်သဘောကျပါ၏လော?။

ထိုစာရင်းထဲတွင် သင့်ကိုသင်မထည့်ပါနှင့်၊ ကိုယ်ဘာပြောနေသည်ကိုသိပါ။ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ ရုံးခန်း၌ထွေရာလေးပါး ပြောဆိုသည်ဖြစ်စေ၊ ဝတ်စုံပြည့်ဝတ်ပြီး တက်ရောက်ရသည့် အစည်းအဝေး၌ ပြောဆိုသည်ဖြစ်စေ အဆင်သင့်ပြင်ဆင်ထားပါ။ ထိုဘာသာရပ်အကြောင်းကို ကြိုတင်တွေးပါ။ သင်ပေးလိုသည့် အကြောင်းအရာ အချက်အလက်များ၊ မေးမြန်းနိုင်သည့် မေးခွန်းများ၊ ထိုမေးခွန်းများကိုကျေနပ်အောင် ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ကြိုတင်စဉ်းစားထားပါ။

အခြားသူများက သိရန်လိုသည့် သိချင်သည့် ကိစ္စများကိုသတိရပါ။ ဥပမာ-ကျွန်တော်တို့အများဆုံး ရင်ဆိုင်ရသည့် အခြေအနေမျိုးမှာ ယခင်တအရောင်းပမာဏ ကိန်းဂဏန်းကိုသိချင်လျှင် အရောင်းဌာနမှ စုစုနကိုမေးထားသည်။ ထိုသို့စုစုနကိုမေးရာ၌ နောက်နှစ်အတွက် ကုမ္ပဏီ၏ အရောင်း တောဗျူဟာကြီးတစ်ခုလုံးကို ပြောပြရန်မလိုပါ။ ထိုသို့ပြောခြင်းသည် သူမ၏ အချိန်ကိုရော သင့်၏အချိန်ကိုပါ ဖြုန်းတီးရာရောက်သည်။

ဤသို့ဆိုသဖြင့် သင့်အနေဖြင့် နှုတ်ပိတ်ကာ တိတ်တိတ်နေသည်ဟုမဆိုလိုပါ။ သင်၏ဝန်ထမ်းများ စိတ်ဓာတ်တက်ကြွနေစေရန်၊ ထုတ်လုပ်မှုစွမ်းအားမြင့်မားနေစေရန် အထိရောက်ဆုံး နည်းလမ်းတစ်ခုမှာ သူတို့ကိုအမြဲတမ်းသတိပေးနေရန်ဖြစ်သည်။ နောက်ခံအချက်အလက်များကိုပြောဆိုလျှင် သူတို့အနေဖြင့် သူတို့နှင့်သက်ဆိုင်သည်ကိုလည်းကောင်း သူတို့ကိုယ်တိုင်ပါဝင်ရသည်ဟု လည်းကောင်း၊ သူတို့လုပ်ချင်ကိုင်ချင်စိတ်များဖြစ်ပေါ်စေရန်လည်းကောင်း ဖြစ်စေနိုင်သည့်အချိန်များ အခြေအနေများရှိသည်။ သို့သော် တစ်ယောက်ယောက်ကို ပြောဆိုသည့်အခါတိုင်း အသေးစိတ် ပြောဆိုစရာမလိုပေ။ ဟိုဟိုဒီဒီ လျှောက်ပြောနေပြီး ဘယ်အချိန်ရှိပြီလဲဟု မေးသည့်အခါ တစ်ဖက်သားက နာရီတစ်လုံး ဘယ်လိုလည်ပတ်သည်ဆိုသည်ကို ပြောပြသည့် အခြေအနေမျိုးကို သင့်အနေဖြင့် ရှောင်ရှားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၀ အရောင်းပညာ

တစ်ယောက်ယောက်သည် တစ်ခုခုကို အမြဲတမ်းရောင်းနေကြသည်။ သင်သည်လည်း သင့်ကိုယ်သင်နှင့် သင်၏ပညာရေး၊ သင်၏အလုပ်ခွင်၌ နေ့စဉ်တွေ့ကြုံနေရသော အတွေ့အကြုံများကို အရောင်းစာရေးဖြစ်သည် ဖြစ်စေ၊ အခြားတာဝန်ကို ထမ်းဆောင်နေသူဖြစ်စေ ရောင်းနေကြသည်။ ဤစာအုပ်ကို သင်ဖတ်နေခြင်းမှာလည်း သင့်ကိုယ်သင် ပို၍ရောင်းကောင်းရန် ဖြစ်သည်။ အရောင်းပညာနှင့် ပတ်သက်၍ စီးပွားရေးအပြောအဆိုများ၌ အောင်မြင်သည့်သူများ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များရှိသည်။ သင့်အနေဖြင့် သင်၏ ပစ္စည်း၊ သင်၏ ဝန်ဆောင်မှုအကြောင်းကို လေ့လာရန် လိုအပ်သည်။ ထိုပစ္စည်းကို ရောင်းချသည့်အခါ၌ အလုပ်ဖြစ်သည့် ကိစ္စများ၊ အလုပ်မဖြစ်သည့်ကိစ္စများကို သတိထားရမည်။ သင့်အနေဖြင့် သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့် စကားပြောဆိုခြင်း၊ အခြားသူများ၏ အတွေ့အကြုံကို ရှာဖွေဖတ်ရှုခြင်းအားဖြင့် လေ့လာဆည်းပူးနိုင်သည်။

အောင်မြင်သည့်သူ အတော်များများက အောင်မြင်သောအရောင်းများ၏ လျှို့ဝှက်ချက်များကို ပြောပြသည်။ ထိုသို့ပြောပြသူတစ်ဦးမှာ ဂျက်ကန့်ကွတ်ခ်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် အချမ်းသာဆုံးသူတစ်ယောက်ဖြစ်သည်။ ဤအရောင်းပညာကို (၁၄) နှစ်သားအရွယ်တွင် တက်မြောက်ခဲ့ခြင်းဖြစ်သည်။ ဂျက်သည် ယခုအခါတွင် ဒေါ်လာသန်း (၆၀၀) နှင့် (၁၀၀၀) ကြားတွင် ချမ်းသာသည်ဟု ခန့်မှန်းကြသည်။ သူပိုင်ဆိုင်သမျှမှာ နယူးယောက်ရှိ ခရက်စလာ အဆောက်အအုံမှစ၍ ဝါရှင်တန် ရက်ဒ်စ်ကန် ဘောလုံးအသင်းအထိ ပါဝင်သည်။

တစ်ခါက ကျွန်တော်တို့သည် ဝါရှင်တန်ရှိ ဂျစ်ဇိုင်းဘတ်၏ စားသောက်ဆိုင်၌ နေ့လည်စာစားနေကြသည်။ ထိုစဉ်က သူ၏ ပထမဆုံး အရောင်းအတွေ့အကြုံကို ပြောပြသည်။ စီးပွားရေးချွတ်ချုံကျနေသည့် ခေတ်က ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဂျက်သည်ကနေဒါ၌ ကလေး ငယ်လေးတစ်ယောက်သာဖြစ်ပြီး မည်သူမျှတစ်ခုခုကိုဝယ်ယူရန် ပိုက်ဆံမရှိသည့် အချိန်အခါမျိုးဖြစ်သည်။ ထိုအချိန်သည် အရောင်းပညာနယ်ပယ်တွင် ဝင်ရောက်ရန် မသင့်တော်သော အချိန်လည်းဖြစ်သည်။ သို့သော် ဂျက်၏ မိခင်သည် တယ်လီဖုန်းခ (၂.၅) ဒေါ်လာပေးရန် လိုအပ်နေသည်။ သူမမှာ





သည်း ထိုငွေမျှပင်မရှိ။

ထိုသို့ဖြင့် ဂျက်ကအပြင်ထွက်ပြီး စွယ်စုံကျမ်းများ တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်ရောင်းရသည့် အလုပ်ကိုရလာသည်။ ထိုစွယ်စုံကျမ်းများ နှင့်အတူ ထိုစွယ်စုံကျမ်းများကို အောင်မြင်စွာမည်သို့ရောင်းနိုင်သည်ကို ညွှန်ပြသည့် လက်စွဲစာအုပ်တစ်အုပ်ပါလာသည်။ (၁၄) နှစ်သားအရွယ်၏ အသိဉာဏ် ပညာနှင့် မိမိကိုယ်မိမိ ယုံကြည်အားကိုးမှုတို့ဖြင့် ဂျက်က ထိုစာအုပ်တိုဖတ် သူဖာသာသူ ရောင်းချနိုင်စွမ်း၊ ဆွဲဆောင်နိုင်စွမ်းရှိမည်ဟု ထင်နေသည်။

ဂျက်ကန့်ကွတ်ခ်ကို သိရှိသူများအနေဖြင့် သူ့မှာဆွဲဆောင်မှုရှိသည်ကို အသိအမှတ်ပြုကြသည်။ သို့သော် အထူးသဖြင့် (၁၄) နှစ်အရွယ်ရှိသူ တစ်ယောက်အနေဖြင့် ဆွဲဆောင်နိုင်စွမ်း တစ်ခုတည်းဖြင့် မလုံလောက်ပေ။ သို့ဖြစ်၍ ပထမဆုံးထွက်ရောင်းသည့်အခါ ကုန်စုံဆိုင်ပိုင်ရှင် မစ္စတာပစ်ခ်ကာရင်း ဆိုသူနှင့်တွေ့ပြီး မအောင်မြင်ခဲ့ပေ။ ထိုအခါကျမှသူသည် အရောင်းလမ်းညွှန် စာအုပ်ကို သူ့ဈေးရောင်းရမည့် အချိန်ထဲမှ (၂) နာရီယူပြီး ဖတ်ကြည့်သည်။

ထိုသို့ဖတ်ပြီးသည့်နောက် အလားအလာရှိသည့် ဒုတိယဖောက်သည် တစ်ယောက်ထံသို့ ချဉ်းကပ်သည့်အခါ အရောင်းလက်စွဲစာစောင်၌ပါသည့် အကြံပြုချက်များကို လိုက်နာသဖြင့် သူအောင်မြင်ခဲ့သည်။ အရောင်းအဝယ်ကို "ဒါဒီစာအုပ်တွေကို ကျွန်တော်ဘယ်ပို့ပေးရမလဲ" ဟူသော မေးခွန်းဖြင့် အောင်မြင်စွာ ပိတ်နိုင်ခဲ့သည်။

ထို့နောက် သူသည် မစ္စတာပစ်ခ်ကာရင်းထံသွားပြီး ပြန်ရောင်းသည်။ ထိုအခါ ပထမတုန်းက အခြေအနေမျိုး မဟုတ်တော့ပေ။ ပစ်ခ်ကာရင်း ကလည်း စွယ်စုံကျမ်းတစ်စုံကို ဝယ်လိုက်သည်။ ထိုတစ်ရက်တည်းမှာပင် ဂျက်ကအိမ်ကို သုတ်သီးသုတ်ပျာဖြင့်ပြန်ပြီး သူ့အမေကို (၂.၅) ဒေါ်လာ ပေးနိုင်ခဲ့သည်။

ဂျက်က ယခုပြန်ပြောသည့်အခါ "ထိုအချိန်ကာလများသည် သူ့အတွက် ဝိုက်အယူဆုံးကာလများဖြစ်သည်" ဟု ထင်ကြောင်းပြောပြသည်။

သူဤကဲ့သို့ အောင်မြင်ခြင်းသည် ဥပဒေနှစ်ခုကို လိုက်နာ၍ဖြစ်သည်။ သင်ရောင်းသည့်အရာကိုသိပါ၊ သင် ရောင်းပြီးပြီဆိုလျှင် ဆက်မရောင်းပါနှင့် ဟူသော ဥပဒေသနှစ်ခုကို လိုက်နာ၍ဖြစ်သည်။ စာအုပ်များကို မည်သည့် နေရာသို့ ပို့ပေးရမလဲ?ဟု မေးသည့်အခါ သူ့အနေဖြင့် အလုပ်နှင့်ပတ်သက်၍ အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ပြီး အရောင်းကိုအောင်မြင်စွာ ပိတ်နိုင်ခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည်။

အရောင်းပညာနှင့် ပတ်သက်၍ လိုက်နာရမည့် အခြားအဓိက ဥာဒေသတစ်ခုရှိသည်။ ပစ္စည်း၏ထူးခြားချက်များကို မရောင်းပါနှင့်၊ ပစ္စည်း၏ အကျိုးကျေးဇူးများကိုသာရောင်းပါ။ ပစ္စည်းထဲမှာ ဘယ်လိုမိုက်ကရို ချစ်ပ်တွေ အညှိထားတယ်ဆိုတာကို မပြောပါနှင့်၊ ထိုသို့ ပြောမည့်အစား နံနက်စာကို အငွေ့တထောင်းထောင်းထနေတဲ့ ကော်ဖီတစ်ခွက်နဲ့ ရွှေရောင်တောက်နေတဲ့ အခံလိပ်ခေါင်မုန့်ကို ထိုင်စားနိုင်တဲ့အကြောင်းပြောပါ။ အာမခံလုပ်ငန်းရဲ့ ပရီမီယံကြေးတွေအကြောင်းကို မပြောပါနှင့်။ သင့်ဖောက်သည်ကို သူ့အတွက်၊ သူ့အိမ်ထောင် ဖက်အတွက်၊ ကလေးတွေအတွက် အနာဂတ် ငွေရေးကြေးရေး စိတ်ချရစေရန် အုတ်မြစ်မည်သို့ချနိုင်သည်ကို ပြောပြပါ။

## အလုပ်အကိုင် အင်တာဗျူးများ

### ၁ သင့်ကိုယ်သင်ရောင်းချခြင်း

သင့်ကိုယ်သင်လောက် အရေးကြီးသည့်ထုတ်ကုန်တစ်ခုကို သင့်အနေဖြင့် မည်သည့်အခါမျှ ရောင်းချဖူးမည် မဟုတ်သဖြင့် လွဲမှားမည်ချွတ်ချော်မည်ကို သင်စိုးရိမ်လိမ့်မည်။ အလုပ်အကိုင် အင်တာဗျူးများ၌ သင့်ကိုယ်သင် ရောင်းချခြင်း၊ လုပ်ငန်းခွင်တွင် ရာထူးတိုးရန်အတွက် သင်၏အလုပ်အကိုင် အခြေအနေကိုပြောပြခြင်း၊ အခြားသူများနှင့် တွဲဖက်အလုပ်လုပ်ပြီး အခြားကုမ္ပဏီများ ပို၍သဘောကျရန်၊ သင်၏ရာထူးကိုတိုးပေးရန်၊ သင်၏ဝင်ငွေ မြင့်မားစေရန်တို့သည် သင်၏ အခြေခံအကျဆုံး အရောင်းလုပ်ငန်းများ ဖြစ်ကြသည်။ စီးပွားရေးလောကထဲရှိ လူတိုင်းလိုလိုသည် ထိုလုပ်ငန်းစဉ်အတိုင်း သူ၏ဘဝတွင် အကြိမ်ပေါင်းများစွာ ဖြတ်သန်းကြရသည်။

ကျွန်တော်လည်း ထိုအတွေ့အကြုံကို မကြာခဏ ဖြတ်သန်းခဲ့ရသဖြင့် ကျွန်တော်လိုက်နာသည့် စည်းမျဉ်းစည်းကမ်း အချို့ရှိသည်။ ၎င်းတို့ကလည်း ကျွန်တော့်ကို အထောက်အကူ ဖြစ်စေသည်။ သင့်ကိုလည်း အထောက်အကူ ဖြစ်မည်ဟုယူဆသည်။





၁။ အလုပ်ရှင်လောင်းလျာကို သူတို့အတွက် သင်ဘာလုပ်ပေးနိုင်သည်ကိုပြပါ။

၂။ ပွင့်လင်းသော သဘောထားရှိပါ။

၃။ အဆင်သင့်ပြင်ဆင်ထားပါ။

၄။ မေးခွန်းများမေးပါ။

ယခုအခါ အချက်တစ်ခုစီကို အသေးစိတ်ရှင်းမည်။

အခြားသူနှင့်မတူ ထူးခြားသည့်အရည်အချင်း သင့်မှာဘာရှိသနည်း?။ သမ္မတကနေဒီ၏ မိန့်ခွန်းကို ပြန်ပြောရလျှင် "သင်၏အလုပ်ရှင်က သင့်အတွက် ဘာလုပ်ပေးနိုင်သည်ကို မမေးပါနှင့်။ သင့်အနေဖြင့် သင့်အလုပ်ရှင် အတွက် ဘာလုပ်ပေးရမည်ကိုမေးပါ။ သင်၏ ကိုယ်ရေးရာဇဝင်မှာ ရေးထားပြီး သားတွေကို သူတို့ဖတ်ပြီးသား ဖြစ်နိုင်သဖြင့် ထိုအကြောင်းများကို ပြန်မပြောပါ နှင့်။ အခြားသူများထက် ပို၍ကောင်းအောင် မည်သို့အလုပ်လုပ်နိုင်သည်ကို ပြောပြပါ။ သင့်ကိုငှားရမ်းသော အလုပ်ရှင်အနေဖြင့် မည်မျှအကျိုးရှိမည်ကို ထင်လာအောင်လုပ်ပါ။ တစ်နည်းအားဖြင့် သင်လုပ်ပေးနိုင်သည့် အကျိုး ကျေးဇူးများကို ရောင်းချပါ။ သင်၏ အသွင်သဏ္ဌာန်များကို မရောင်းချပါနှင့်။ သင်၏ အတွေ့အကြုံများ၊ ကျွမ်းကျင်မှုများ၊ သင်၏ လုပ်ငန်းခွင်တွင်ရရှိခဲ့သည့် ကျွမ်းကျင်မှုများ၊ အဆက်အသွယ်များ၊ လုပ်ငန်းလုပ်ကိုင်ရာတွင် ရရှိသည့် အရည်အချင်းများအကြောင်းကို ပြောပြကာရောင်းပါ။

ပွင့်လင်းမှု - လူမှုရေးအရလည်းကောင်း၊ စီးပွားအရလည်းကောင်း မည်သည့်နယ်ပယ်၌မဆို အောင်မြင်လိုသည်ဆိုလျှင် ထိုအရည်အချင်းရှိရန် လိုသည်။ စီးပွားရေးလုပ်ငန်း ပီပီသသ တိတိကျကျမလုပ်ပါနှင့်။ လုပ်ငန်း ဆန်ဆန် သိပ်ဖြစ်လွန်းသဖြင့် သင်၏ပွင့်လင်းမှုကို မထိခိုက်ပါစေနှင့်။ သင့် အနေဖြင့် လုပ်ငန်းလုပ်ကိုင်ရန် စိတ်အားတက်ကြွမှုရှိကြောင်းပြသပါ။ အလုပ် အင်တာဗျူးအတော်များများ၌ ထိုအရည်အချင်းကို အလုပ်ရှင်များက အမြဲတမ်း ရှာမတွေ့ကြ။ ထိုအရည်အချင်းကိုပြနိုင်သည့် လျှောက်လွှာရှင်များသည် နောင် အခါ၌ ထိုအရည်အချင်းကပင် အခြားသူများထက် နှာတစ်ဖျားသာသွားသည် ကို တွေ့ကြရသည်။

ဝါရှင်တန်ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးဟောင်း တစ်ဦးသည် က သူ၏အင်တာဗျူးများတွင် အခြားသူများနှင့် မတူသည့်အချက်ကိုပြန်ပြောပြ သည်။ ထိုအချက်ကိုလည်း သူ၏လုပ်ငန်းရှင်အသစ်က ပြောပြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်မှာ "ခင်ဗျား အလုပ်လိုချင်တဲ့အကြောင်းကို ရှင်းရှင်းလင်းလင်း ပြောနိုင်တယ်။ အလုပ်တို လုပ်ချင်တိုင်ချင်စိတ်ရှိကြောင်း ပြနိုင်တယ်၊ အဲဒီအလုပ်ကို အောင်အောင်မြင်မြင် လုပ်နိုင်ဖို့ အတွေ့အကြုံရှိတဲ့အကြောင်း ပြောပြတယ်၊ ဒါတို့တို လူညီးများဖို့ မကြုံစည်ခဲ့ဘူး" ဟူ၍ဖြစ်သည်။

ကျွန်တော်သိသည့် ရုပ်ရှင်ထုတ်လုပ်သူ တစ်ယောက်က အတွင်းရေး မှူးတစ်ယောက် အလိုရှိကြောင်း ကြော်ငြာထည့်သည်။ အတွင်းရေးမှူး တစ်ယောက်အတွက် လိုအပ်သည့် အရည်အချင်းများကို ဖော်ပြပြီးနောက် နောက်ဆုံး၌ 'ဝရုတစိုက်ရှိရမည်' ဟု ထည့်လိုက်သည်။ လျှောက်လွှာရှင်များ အားလုံးအနက် တစ်ယောက်ကသာ 'စကားမစပ်ကျွန်မဟာ ဂရုစိုက်တတ်တယ်' ဟု ပြောသည်။ သူမလည်း ထိုအလုပ်ကိုရသွားသည်။

မီယာမီ၌ အသံလွှင့်လုပ်ငန်းနှင့် ပတ်သက်သည့် ပထမဆုံးအလုပ်ကို ရရှိသည့် ကျွန်တော်၏ အတွေ့အကြုံကိုလည်း ပြောပြလိုသည်။ ကျွန်တော် အနေဖြင့် အသံလွှင့်လုပ်ငန်း၌ လုံးဝအတွေ့အကြုံမရှိ။ သို့သော် ကျွန်တော် သည် ထိုအလုပ်ကိုလုပ်ရန် စိတ်ထက်သန်နေသည်။ အသံလွှင့်ရုံ၏ အထွေထွေ မန်နေဂျာက ကျွန်တော်၏ စိတ်အားထက်သန်မှုကိုတွေ့သွားပြီး ကျွန်တော့်ကို ငှားလျှင် တန်မည်ဟုယူဆသည်။ အလုပ်အတူတွဲ၍လုပ်နိုင်မည့် အလားအလာ ကောင်းသည့် လူငယ်တစ်ယောက်ဟု သူကယူဆသည်။ ထိုအဖြစ်အပျက်မှာ လွန်ခဲ့သည့် (၃၇) နှစ်ကဖြစ်သည်။ အတွေ့အကြုံ လုံးဝမရှိသည့် လုပ်ငန်းခွင် လောကထဲသို့ သူကခေါ်ဆောင်ခဲ့ပြီး ထိုလုပ်ငန်းခွင်၌ ကျွန်တော်သည် ယခု အထိဆက်၍ လုပ်ကိုင်နေဆဲဖြစ် သည်။

**ပြင်ဆင်မှု** - သင့်ကိုယ်သင် ပြောပြလိုသည့် အဓိကအချက်များကို ပြန်ကြည့်ပါ။ စာရွက်အဝါတစ်ရွက်ပေါ်၌ ချရေးထားပါ။ အင်တာဗျူးမဝင်ခင် ခဏခဏပြန်ကြည့်ပါ။ ခက်ခက်ခဲခဲ မေးခွန်းတွေကို မကြောက်ပါနှင့်။ အကောင်းဆုံးမည်သို့ဖြေမည်ကို စဉ်းစားပါ။ လွန်ခဲ့သော (၇) နှစ်အတွင်း အလုပ် (၃) ကြိမ်ပြောင်းလျှင် ဘာကြောင့်ပြောင်းသလဲ?ဟု အမေးခံရမည်ကို ပြင်ထားပါ။ ယခုထက်ပို၍ ကြိုးစားလိုသေးလျှင် အလုပ်ရှင်လောင်းတစ်ယောက် နှင့် တွေ့ဆုံမေးမြန်းခန်းကို ဝတ်စုံပြည့်လေ့ကျင့်ကြည့်ပါ။ သူကသင့်ကို မေးမြန်း ပါစေ။ ထိုနည်းသည် အလွန်ထိရောက်သည့် နည်းဖြစ်သည်။ အလုပ်တစ်ခုရရန် အတွက် ပို၍အလားအလာ ကောင်းစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။

**မေးမြန်းပါ** - သင့်အနေဖြင့် အင်တာဗျူးတွေ့ဆုံသည်ဖြစ်စေ၊ ရထား





ပေါ်၌စကားပြောသည်ဖြစ်စေ မေးခွန်းများမေးမြန်းရန် တစ်ချိန်လုံး တိုက်တွန်း နေသည့်အတွက် ဤစာအုပ်ကိုဖတ်ရသည့် မည်သူမျှ အံ့သြကြဖို့မသင့်ပါ။ မေးခွန်းမေးမြန်းခြင်းသည် လေ့လာဆည်းပူးခြင်းဖြစ်သည်။ အလုပ်အတိုင် အင်တာဗျူးတစ်ခု၌ ကုမ္ပဏီကသင့်အကြောင်း မေးမြန်းလေ့လာ စူးစမ်းချင် သလို သင်ကလည်း ကုမ္ပဏီအကြောင်းကို လေ့လာဆည်းပူးလိုပေလိမ့်မည်။

ထိုသို့မမေးမြန်းပါက သင့်အနေဖြင့် ကုမ္ပဏီအကြောင်းကိုသော် လည်းကောင်း၊ အလုပ်ရှင်အကြောင်းကိုသော်လည်းကောင်း သိရှိရန် အခွင့် အလမ်းရမည် မဟုတ်ပါ၊ အလုပ်ရှင်များက ကုမ္ပဏီအကြောင်း အဓိပ္ပါယ်ရှိရှိ မေးခွန်းများမေးမြန်းရန် ကြိုးစားသူတစ်ယောက်ကို လေးစားကြလိမ့်မည်။ ထို အချက်က ယခုပြောဆိုနေသည့် အရည်အချင်းနှစ်ရပ် သင့်၌ရှိကြောင်း ပြသ လိမ့်မည်။ ထိုအရည်အချင်းနှစ်ရပ်မှာ သင်သည် အဆင်သင့်ပြင်ဆင်ထားသူ တစ်ယောက်ဖြစ်ပြီး ဂရုတစိုက်ရှိတတ်သူ ဖြစ်ကြောင်းပြသလိမ့်မည်။

မက်စ်ကေး စာအုပ်ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဟာဗေး မက်စ်ကေးက ကျွန်တော်၏ရေဒီယိုနှင့် ရုပ်မြင်သံကြားတွေ့ဆုံခန်းများ၌ ကြိမ်ဖန်များစွာတွေ့ဆုံခဲ့ပြီး သင်၏လုပ်ငန်းခွင်၌ မည်သို့အောင်မြင်ရန် ကြိုးစား မည်ဆိုသည်ကို ရေးသားရာတွင် အောင်မြင်သူတစ်ယောက်လည်း ဖြစ်ခဲ့သည်။ သူ၏ပထမစာအုပ်မှာ 'ငါးမန်းများနှင့်အတူရေကူးပါ' ဟူ၍ဖြစ်ပြီး ဒုတိယ စာအုပ်မှာ ၁၉၉၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် 'ငါးမန်း အကိုက်မခံရသည့်နည်း' ဟူ၍ဖြစ်သည်။

ငါးမန်းအကိုက်မခံရသည့် နည်း၌ အလုပ်ခွင် အင်တာဗျူးတစ်ခုတွင် မေးခွန်းများမေးမြန်းခြင်း၏ အရေးပါပုံကို မီးမောင်းထိုးပြသည်။ ဘယ်လို မေးခွန်း မျိုးကို မေးလျှင်ကောင်းမည်ဟု အကြံပေးသည်။ ဥပမာ ကုမ္ပဏီတိုင်း ကုမ္ပဏီတိုင်းက ၎င်းတို့၏ တန်ဖိုးထားမှုများအကြောင်းကို မေးစေချင်ကြ၏။ ကုမ္ပဏီ၏ တန်ဖိုးထားမှုနှင့်၎င်း၏ စွမ်းဆောင်ရည်တို့ ဆက်စပ်သည့်အကြောင်း မေးခွန်းတစ်ခုမေးနိုင်လျှင် ထိုအစီအစဉ်ထဲတွင် သင်လည်းအကြုံးဝင်မည် ဖြစ် ကြောင်း ပြသရာရောက်သည်။

အကယ်၍ကုမ္ပဏီသည် ထိုလုပ်ငန်းလောကတွင် ထိပ်တန်းကရောက်နေ သည့် ကုမ္ပဏီတစ်ခုဖြစ်လျှင် ၎င်း၏ အောင်မြင်မှုများအကြောင်းကိုသော ဟာဗေးပြောသကဲ့သို့ပင် ကုမ္ပဏီများကို ကျွန်တော်ပြောသည့်မိန့်ခွန်း အတော် များများ၌ ထိုအချက်ကို ထပ်လောင်းအတည်ပြု ပြောပြနိုင်သည်။ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



သည့် ကုမ္ပဏီများသည် အောင်မြင်သည့် သူများကဲ့သို့ပင် နှိမ့်ချခြင်းကို ၎င်းတို့၏ အရည်အချင်းတစ်ခုအဖြစ် ထည့်မတွက်ကြပေ။ သိမ်သိမ်မွေ့မွေ့ မြှောက်ပင့်သည့်စကားကိုလည်း မခံနိုင်ကြပေ။ တစ်ဖက်၌ကုမ္ပဏီသည် စျေးကွက်ထဲသို့ ယခုမှ ဝင်ရောက်ခြင်းဖြစ်လျှင် သင့်အနေဖြင့် "ဘယ်ကုမ္ပဏီတွေကို အတုခိုးမှာလဲ ဒါဓိကုမ္ပဏီတွေ အခြေအနေမျိုးရောက်အောင် ဘယ်လိုပြင်ဆင်ထားသလဲ" ဟုမေးနိုင်သည်။

ဟာဗေးက နားထောင်ခြင်း၏ အရေးပါမှုနှင့် ပတ်သက်၍လည်း ပြောဆိုသည်။ ထိုမေးခွန်းများကို မေးပြီးလျှင် သူက "အဖြေကိုနားထောင်ပါ။ အဖြေတွေကို နားထောင်ဖို့တုန့်ပြန်ဖို့ထက် ကိုယ့်မေးခွန်းတွေကို ကိုယ်ပဲ စိတ်ဝင်စားနေတဲ့ အဖြစ်မျိုးရောက်အောင် မလုပ်ပါနှင့်" ဟု၍အကြံပေးသည်။

## ○ သင်ကမေးရမ်းရလျှင်

အကယ်၍ သင်သည် အမေးမြန်းခံသူမဟုတ်ဘဲ မေးမြန်းရမည့်သူ ဖြစ်နေလျှင် လျှောက်လွှာရှင် တစ်ယောက်၌ သင်ရှာနေသည့် အရည်အချင်းများ သင့်မှာရှိကြောင်း ပြသရမည်။ ပွင့်လင်းမှု၊ စိတ်အားထက်သန်မှု၊ ဂရုတစိုက်ရှိမှု မေးခွန်းများမေးမြန်းလိုမှုတို့ကို ပြသရမည်။

**အရည်အချင်းများကိုသာ အာရုံသိပ်မစိုက်ပါနှင့်။ လူကိုလည်း ဂရုစိုက်ပါ။** ထိုလူသည် စိတ်အားထက်သန်မှု ရှိပါသည်လား? အလုပ်ကို ဂရုစိုက်ပါသည်လား? အကယ်၍ လျှောက်လွှာရှင်သည် ရှက်တတ်လျှင် အခန်း (၂) ၌ ဖော်ပြထားသည့် နည်းလမ်းများကိုအသုံးပြုကာ စကားပြောစေရန် ကြိုးစားပါ။ သူ၏ ကိုယ်ရေးရာဇဝင်၌ ထူးခြားသည့်အချက်တစ်ခုကိုတွေ့လျှင် လျှောက်လွှာရှင်သည် ဟောင်ကောင်၌နေကြောင်း (သို့မဟုတ်) ဆက်ကာပ်တစ်ခုတွင် အလုပ်လုပ်ကြောင်း တွေ့ရလျှင် ထိုအကြောင်းကို မေးမြန်းပါ။ ထိုမှတစ်ဆင့် စကားစ ပြောပြီး လုပ်ငန်းခွင်နှင့်ပတ်သက်သည့် အတွေ့အကြုံများကို ချောချောမွေ့မွေ့ ရောက်သွားမည်။ ပွင့်လင်းမှုနှင့် စိတ်အားထက်သန်မှုတို့သည် နှစ်လမ်းသွား ဖြစ်ကြောင်းကိုသတိရပါ။ သင့်ကိုယ်သင်နှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ရိုးသားမှု၊ ပွင့်လင်းမှုရှိပါ။ သင်၏ ကုမ္ပဏီအတွက် သင်ကစိတ်အားထက်သန်မှု၊ စိတ်တက်ကြွမှုရှိကြောင်း မပြသနိုင်လျှင် ထိုအလုပ်၌ မည်သူကလာ၍ လုပ်ချင်မည်နည်း။





## ○ အထက်လူနှင့် စကားပြောခြင်း

ဟုတ်ပြီ - သင်အလုပ်ရပြီ၊ ဘာတွေပြောမည် နည်း?။ အလုပ်ခွင် အပါအဝင် မည်သည့်နေရာ၌မဆို မည်သူနှင့်မဆို အတူတူပင်ပြောကြသည်ဟု ဆိုနိုင်သည်။ သို့သော် အမြဲတမ်းထိုသို့ ယူဆ၍မဖြစ်။

သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ သင်၏ လက်အောက်ငယ်သားများကို ပြောပုံအတိုင်း သင်၏ အထက်လူကြီးကို ပြော၍မဖြစ်။ ဤသည်မှာ သဘာဝကျသည်။ အဘယ့်ကြောင့်ဆိုသော် သင်၏ အထက်လူကြီးသည် သင်၏ လုပ်ဖော်ကိုင်ဖက်မဟုတ်။

တပ်ထဲက ဒုဗိုလ်တစ်ယောက်သည် ဗုဗိုလ်အချင်းချင်း စကားပြောသလို ဗိုလ်ချုပ်တစ်ယောက်ကို စကားပြောမည်မဟုတ်။ ဗိုလ်ချုပ်တစ်ယောက်ကို စကားပြောသည်နှင့်စာလျှင် ဗိုလ်မှူးတစ်ယောက်ကို ပြောသည်တွင်ပို၍ ရင်းရင်းနှီးနှီး၊ လွတ်လွတ်လပ်လပ်ရှိမည်။

သို့ဖြစ်၍ သင်၏အထက်လူနှင့် ပြောပုံဆိုပုံ ကွဲပြားသင့်သည်။ ကျွန်တော်တို့၏ အထက်လူများနှင့် စကားပြောရာ၌ စကားလုံးမှုသာ ထူးခြားသည်မဟုတ်။ ပြောဟန်၊ ဆိုဟန်၊ လေသံတို့ပါကွာခြားသည်။

သို့သော်လည်း ချွဲချွဲပြစ်ပြစ် ပြောနေစရာမလိုပေ။ CNN သူဌေး တက်ဒ်တန်နာကို စကားပြောရာ၌ ကျွန်တော့်အနေဖြင့် ချွဲချွဲပြစ်ပြစ် ပြောရန် မလိုသကဲ့သို့ ချွဲချွဲပြစ်ပြစ်ပြောသည့် အခြားသူတစ်ဦး တစ်ယောက်ကိုမျှလည်း မတွေ့ဘူးပေ။ အလွန်အမင်းနှိမ့်ချရန်၊ ဖားရန်လည်းမလိုပေ။ အကယ်၍ သင့်အနေဖြင့် အလွန်အမင်းနှိမ့်ချခြင်း၊ ဖားခြင်းပြုလုပ်လျှင် အထက်လူ အတော်များများက အထင်သေးကြလိမ့်မည်။

မည်သည့်အလုပ်၌မဆို စကားပြောရန်သက်သက်သာမက အခြားအကြောင်းအရာများစွာအတွက် အထက်လူကြီးအကြောင်းကို သိထားခြင်းသည် အထောက်အကူဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းလို သိရန်မဟုတ်ပေ။ သင့်အနေဖြင့် သင်၏ကဏ္ဍ၊ သင်၏အလုပ်အကိုင်၊ ကုမ္ပဏီနှင့်ပတ်သက်၍ လုပ်ကိုင်ပေးနိုင်သည့် ကိစ္စများ၊ သင်၏ အားသာချက်၊ အားနည်းချက်များ၊ တိုးတက်ရန်လုပ်နိုင်သည့်နယ်ပယ်များ၊ ဦးစားပေးအစီအစဉ်များကို သိရန် လိုသကဲ့သို့ပင် အထက်လူအကြောင်းကိုလည်း သိရန်လိုသည်။ အထက်လူ အကြောင်း အထက်ပါကိစ္စရပ်များတွင် သိအောင်ကြိုးစားပါ။

www.burmeseclassic.com

www.burmeseclassic.com



အထက်လူများနှင့် ကျွန်တော်ဆက်ဆံရာ၌ တွေ့ရသည်မှာ အစစ အရာရာ အဆင်ပြေနေလျှင် အထက်လူကို မည်သို့ပြောဆိုမည်ဆိုသည့်ကိစ္စကို ပန်နေလိုပါ။ တစ်ခုခုမှားယွင်းနေပြီဆိုလျှင် သတိထားပါ။ တစ်ခုခုတော့ ဖြစ်နေပြီ။ သင့်စိတ်ကို နားထောင်ကြည့်ပါ။

အထက်လူကိုချဉ်းကပ်ရာ လုံးဝပွင့်လင်းသည့် အပြုအမူမျိုးဖြင့် ချဉ်းကပ်ပါ။ တာဝန်ကိုရှင်းပြသည့် "ကျွန်တော့်ကိုကူညီပါ (Help me)" ဟူသည့် ဝေါဟာရနှစ်ခုကိုသုံးပါ။ သင့်အထက်လူကြီး မကျေနပ်မှုကို ကြောက်ရွံ့သယောင်၊ နောင်တရသယောင် မလုပ်ပါနှင့်။ ဤသို့ ဆောင်ရွက်ပါ။

"ကျွန်တော့်အနေနဲ့ ကျွန်တော်အလုပ်ကို အခုထက်ပိုပြီး ထိထိ ရောက်ရောက် လုပ်နိုင်မယ်လို့ထင်တယ်။ ဘယ်နေရာတွေမှာ ကျွန်တော် ရှိစိုက်ပြီး လုပ်သင့်တယ်ဆိုတာ နားလည်အောင်ကူညီပေးနိုင်မလား"

"ဒီလုပ်ငန်းနဲ့ပတ်သက်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော် ကောင်းကောင်းနားလည်မယ်လို့ မထင်ဘူး။ ဘယ်အလုပ်တွေကို ပထမဆုံး ဦးစားပေးလုပ်သင့်တယ်ဆိုတာ ရှင်းပြမယ်ဆိုရင် ကျွန်တော့်ကို အထောက်အကူဖြစ်လိမ့်မယ်။ ကူညီရာရောက်လိမ့်မယ် ထင်ပါတယ်"

အကယ်၍ သင်၏အထက်လူကြီးသည် ပုံမှန်လူတစ်ယောက်ဖြစ်နေလျှင် ထိုနည်းသည် အောင်မြင်ပါလိမ့်မည်။ အကယ်၍ သင်၏ အထက်လူကြီးသည် ပုံမှန်လူကြီးတစ်ယောက် မဟုတ်လျှင် နည်းလမ်းအသစ်ရှာရန်သာမက နေရာသစ်ရှာရန် လိုကောင်းလိုမည်။ ပြဿနာမှာ သင့်ကြောင့်မဟုတ်ဘဲ အထက်လူကြီးကြောင့်ဖြစ်သည်။

## ၁ သင်၏ လက်အောက်ငယ်သားများကို စကားပြောဆိုခြင်း

သင်၏ လက်အောက်ငယ်သားများကို စကားပြောဆိုရာ၌ လိုက်နာရမည့် ဥပဒေသမှာ သင့်ကိုပြောစေချင်သလိုပင် သူတို့ကိုပြောပြပါ။

အဖွဲ့အစည်းကြီးများ၌ ဝန်ထမ်းများကို အကဲဖြတ်သည့် အစီအစဉ် ကြာခဏလုပ်လေ့ရှိသည်။ ရည်မှန်းချက်များချမှတ်ခြင်း၊ ဝန်ထမ်းအားလုံး အတွက် ပန်းတိုင်များချမှတ်ခြင်းတို့ ဆောင်ရွက်ပေးတတ်သည်။ လုပ်ငန်းငယ် များ၌ ထိုလုပ်ငန်းကို တိတိကျကျ မသတ်မှတ်ဘဲ လုပ်ဆောင်တတ်သည်။



တိတိ ကျကျ သတ်မှတ်သည်ဖြစ်စေ မသတ်မှတ်သည်ဖြစ်စေ ထိုကဲ့သို့ ပြန်လှန် သုံးသပ်မှုများသည် သင်၏ဝန်ထမ်းတိုင်းနှင့် မှန်မှန်စကား ပြောဖြစ်စေရန်၊ သူတို့လုပ်နေသည့်အလုပ် ဘယ်လိုအလုပ်မျိုး ဖြစ်သည်ကို ပြောနိုင်ရန်၊ သူတို့ ဘယ်လိုနေရာတွင် ပို၍ကောင်းကောင်းလုပ်နိုင်သည်ကို ပြောပြနိုင်ရန်၊ နောင် လာမည့် အကဲဖြတ်ကာလများတွင် မည်သည့်လုပ်ငန်းခွင်ကို ပို၍ အာရုံစိုက်သင့် ကြောင်း တိတိကျကျ ပြောပြနိုင်ရန်တို့အတွက် ရည်ရွယ်သည်။

ဝန်ထမ်းရေးရာဌာနမှ ပုဂ္ဂိုလ်များက အထက်ပါ အချက်များအပေါ်၌ အခြေခံသော အကဲဖြတ် အစည်းအဝေးများသည် နစ်လမ်းသွားဖြစ်ကြောင်း ပြောပြလိမ့်မည်။ သင့်အကြောင်း ဝန်ထမ်းများက မည်သို့ယူဆကြောင်း ပြောပြ သည်ကို သင့်အနေဖြင့် နားထောင်ချင်လိမ့်မည်။ လုပ်ငန်းလုပ်ဆောင်ရာတွင် အားသာချက်များ၊ အားနည်းချက်များကို သင်ကြားချင်ပေလိမ့်မည်။ ထို နေရာ၌ သင်၏အခန်းကဏ္ဍများကိုလည်း ပြောပြလိမ့်မည်။ သင့်အနေဖြင့် မည်သည့်ကိစ္စများ လုပ်နိုင်ကြောင်း၊ လုပ်ငန်းအခြေအနေ ပို၍ကောင်းအောင် မည်သို့လုပ်သင့်ကြောင်း ပြောပြရပါလိမ့်မည်။

အခါအားလျော်စွာ သင်၏ဝန်ထမ်းများနှင့် အကဲဖြတ်အစည်းအဝေး များ ပြုလုပ်ခြင်းသည် သင်၏ဝန်ထမ်းများနှင့် စကားပြောဆိုရုံမျှသာမက ဆက်သွယ်မှုပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် ဤကိစ္စကို (၆) လ တစ်ကြိမ်မျှသာ မပြုလုပ်ပါနှင့်။ နေ့စဉ်အလုပ်လုပ်သည့်အခါ၌ သင်၏ ဝန်ထမ်း များအား သူတို့၏အလုပ်အကိုင် အခြေအနေ မည်သို့ရှိကြောင်း ပြောပြပါ။ တိတိကျကျ ညွှန်ကြားပါ။ တစ်ချိန်တွင် အရေးကြီးသည့် ကိစ္စတစ်ခုဖြစ်လျှင် ထိုကိစ္စသည် အရေးကြီးကြောင်း ဝန်ထမ်းများနားလည်ပါစေ။ မည်သည့် နေ့ရက်တွင် ပြီးရမည်ဆိုသည့် သတ်မှတ်ချက်ကို ပြောပြပါ။ သူတို့နားလည်မှု ရှိ မရှိ သိရှိနိုင်ရန် မေးခွန်းများမေးခိုင်းပါ။

အလုပ်ကောင်းတစ်ခု လုပ်ဆောင်ပြီးစီးသည်ကို တွေ့ရှိလျှင် ရက်ရက် ရောရော ချီးကျူးပါ။ တစ်ခုခုကို မကျေနပ်လျှင်လည်း မကျေနပ်ကြောင်း ပြောပြပါ။ ပြဿနာသည် အလိုလို ပြေလည်သွားမည်ဆိုသည့် သဘောမြင် ထိပ်တိုက်ရင်ဆိုင်မှုမျိုးကို မရှောင်ရှားပါနှင့်။ လုပ်ဆောင်စရာရှိသည့် တာဝန် တစ်ပတ်လောက်ကြာအောင် ဆွဲထားပြီး မကျေမနပ် ဖြစ်သည်များကို စုပုံ ဝန်ထမ်းများကို အော်ငေါက်ပစ်သည့် အဖြစ်မျိုးနှင့် နိဂုံးမချုပ်ပါနှင့်။ ကျောက်ခေတ်ကသာလျှင် လူကြီးများက ထိုသို့ဆက်ဆံခဲ့သည်။ သင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ပေးနေသူများ ဝန်ထမ်းများ၊ ကျန်သည့်ဝန်ထမ်းများနှင့် ဆက်ဆံရေးတွင် ထိုသို့ပြုလုပ်ခြင်းသည် အနှောက်အယှက် ဖြစ်နိုင်သည်။

ဝန်ထမ်းတစ်ဦး တစ်ယောက်အပေါ်၌ မကျေနပ်သည်ကို အခြားဝန်ထမ်းများအားပြောပြကာ သူတို့ကတစ်ဆင့် အမှာမပါးပါနှင့်။ သိက္ခာရှိရှိ၊ သတိရှိရှိ တိုယ်တိုင်ပြောသင့်သည့်ကိစ္စကို ကိုယ်တိုင်ပြောပါ။

## ၀ လက်ထောက်များ၏ အတူအညီ

ယခင်က အတွင်းရေးမှူးများဟုခေါ်သည့် ဝန်ထမ်းများကို ယခုအခါ၌ 'လက်ထောက်များ' ဟု ပို၍ ခေါ်ဝေါ်လာကြသည်။ [redacted]ည့်အမည်နာမကို သဘောကျသည်ဖြစ်စေ ထိုသူများသည် ရုံးတိုင်းရုံးတိုင်းတွင် အရေးပါသော လျှို့ဝှက်လက်နက်များ ဖြစ်ကြသည်။ လုပ်ငန်းတစ်ခုလုံးကို အောင်မြင်စေရန် ချိတ်ဆကပေးနိုင်သော အချိတ်အဆက်များဖြစ်သည်။ သူတို့၏ အထက်လူများအတွက်သာမက သူတို့၏ လုပ်ဖော်ကိုင်ဖက်များအတွက်ပါ အချိန်ကုန်သက်သာပြီး ထိထိမိမိ လုပ်ငန်းပြီးစီးရန် ဆောင်ရွက်နိုင်သည်။ သင့်အတွက်လည်း ထိုသို့ပင် သူတို့က ဆောင်ရွက်ပေးနိုင်ကြသည်။

ကျွန်တော်၏ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်နှင့် အလုပ်လုပ်နေသောသူများက ကျွန်တော်၏ ကိုယ်ရေးလက်ထောက်နှင့် တွဲဖက်ထုတ်လုပ်သူ ဂျူဒစ်ရှိုသောမတ်စ်သည် ကျွန်တော်၏အချိန်ဇယားနှင့် ပတ်သက်၍ ပထမဆုံး ဆက်သွယ်ပြောကြားရမည့်သူ ဖြစ်ကြောင်းသိကြသည်။ ကျွန်တော်နှင့် တွေ့ဆုံရန်အတွက် တစ်ယောက်ယောက်သည် တစ်ပတ်ကြာခန့် အချိန်ကုန်ပြီး ကြိုးစားနိုင်သည်။ သို့သော် ဂျူဒီကိုမေးကြည့်ပါက သူမတူအောင် ထူးချွန်သည့် ဂျူဒီက ကျွန်တော်၏အချိန်ဇယားကို ပြောပြလိမ့်မည်။ သူမက ထိုအကြောင်းကို "ဂျူဒီကိုမေးပါ" ဆိုပြီး စာအုပ်ထစ်အုပ်ရေးမည်ဟုပင် ခြိမ်းခြောက်နေသေးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် ချိန်းဆိုရန်ကြိုးစားနေသူများ၊ တယ်လီဖုန်းပေါ်၌ ဆုံးဖြတ်ချက်တစ်ခုချရန် ကြိုးစားနေသူများအားလုံးကို "ဂျူဒီကိုမေးပါ" ဟု ကျွန်တော်က ပြောလေ့ရှိ၍ဖြစ်သည်။

အကယ်၍ တစ်ယောက်ယောက်ထံမှ ရိုးရိုးသတင်းအချက်အလက်များသာ သိလိုလျှင် ထိုသူ၏လက်ထောက်ကို ပထမဆုံးပြောပါ လက်ထောက်





က သူ၏ အထက်အရာရှိထက် မြန်ဆန်စွာ ဖိုင်တစ်ခုကို ဆွဲပြနိုင်သည် (သို့မဟုတ်) ချိန်းဆိုပေးလိမ့်မည်။ အထက်လူကြီးက သူ၏ လက်ထောက်ကို ပြန်မေးသည့်မေးခွန်းကို ဖြေဆိုရန်အတွက် အထက်လူကြီးကို တယ်လီဖုန်း ပြန်ဆက်ခိုင်းစရာမလိုပါ။ လက်ထောက်ကိုမေးခြင်းဖြင့် (၃) ယောက်စလုံး အချိန်လည်းသက်သာသည်။ လိုချင်သည့် အချက်အလက်ကို မြန်မြန်လည်း ရစေနိုင်သည်။

ထိုလက်ထောက်၏ ကျွမ်းကျင်မှုနှင့် ဉာဏ်ပညာပတူသုတကို လေးစားကြောင်းပြသပါ။ လက်ထောက်ကောင်းတစ်ယောက်သည် ဝည်သည့်အဖွဲ့အစည်း၌မဆို အရေးပါတန်ဖိုးရှိပြီး တန်ဖိုးရှိသည့်အတိုင်း ဆက်ဆံပါ။ ထိုသို့ဆက်ဆံခြင်းသည်လည်း တော်ဖြောင့်မှန်ကန်ရာ ရောက်ပါလိမ့်မည်။ လေးစားခံရသော လက်ထောက်တစ်ယောက်သည် သင့်ကိုကူညီရန် အဆင်သင့်ရှိပါလိမ့်မည်။ သင့်အတွက် အလုပ်ပြီးစေရန် တောင်တန်းကြီးများကိုပင် ရွှေ့လျားအောင်လုပ်ပေးပါလိမ့်မည်။

## ၁ စေ့စပ်ဆွေးနွေးရာ၌ပြောဆိုခြင်း

ကျွန်တော်၏မိတ်ဆွေ ဟာဘ်ကိုဟင်သည် သူ၏အခြားသော အရွမ်းအစများအပြင် ကျွမ်းကျင်သောစေ့စပ် ဆွေးနွေးသူတစ်ယောက်လည်းဖြစ်သည်။ တစ်နှစ်လျှင် ရက်ပေါင်း (၂၀၀) ခရီးသွားပြီး အမေရိကန်တငှမ်းမှ ကုမ္ပဏီကြီးများအတွက် စေ့စပ်ဆွေးနွေးမှုများကို ဆောင်ရွက်သည်။ သူ၏ စာအုပ်ဖြစ်သော "ဘယ်အရာမဆို စေ့စပ်ညှိနှိုင်းလို့ရတယ်" ဟူသည့်စာအုပ်သည် နယူးယောက်တိုင်းမ်သတင်းစာ၌ ရောင်းကောင်းဆုံးစာရင်းတွင် (၉) လမျှ ဆက်တိုက်စာရင်းဝင်နေပြီး ဩစတေးလျနိုင်ငံ၌ သုံးနှစ်ကြာ ရောင်းကောင်းဆုံးဖြစ်နေသည်၊ သူသည် သမ္မတကာတာနှင့် ရေဂင်၏လက်ထက်တွင် အကြမ်းဖက်မှု နှိမ်နင်းရေးနှင့်ပတ်သက်၍ အကြံပေးအရာရှိတစ်ယောက် ဖြစ်ခဲ့သည်။ ဟာဘ်ကို စေ့စပ်ဆွေးနွေးမှုကောင်း၍လည်း လူသိများကြခြင်းဖြစ်သည်။

သူ၏ပထမဆုံး အကြီးကျယ်ဆုံးအောင်မြင်မှုကို ဘန့်... အထက်တန်းကျောင်း၌ (၉) တန်းကျောင်းသားဘဝကတည်းက ရရှိခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဆိုကျောင်းမှတစ်ဆင့် လဖစ်ရ်အထက်တန်းကျောင်းသို့ ပြောင်းလုပ်ခဲ့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စသည် စေ့စပ်ဆွေးနွေးရာတွင် ဆုံးရှုံးမည့်အခြေအနေတစ်ခုကို အောင်မြင်မည့်အခြေအနေသို့ မည်သို့ပြောင်းပြနိုင်ကြောင်း စံနမူနာပြစရာ ကိစ္စတစ်ခုဖြစ်သည်။ သင့်အနေဖြင့် အလားအလာနည်းငယ်ပင် ရှိနေပါလျက်နှင့်ပင် အင်အားရှိသည့် အနေအထားမျိုးကပြောဆိုခြင်းကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဟာဘ်ကိုဟင်၊ ဘရာဇီအက်ဘက်နှင့် ကျွန်တော်တို့တွင် ဂေးလ်မာယ်လ်စတိန်းဆိုသည့် အတန်းဖော်တစ်ယောက်ရှိသည်။ သူ့ခေါင်းမှာ ဆံပင်နီတွေတထွေးကြီးပေါက်နေသည်။ သူနှင့်သူ၏မိသားစုတို့သည် တစ်ရက်၌ အမိုးနားသို့ အလျင်အမြန်ရွှေ့ပြောင်းရန် ပြင်ဆင်နေကြသည်။ မော်ပို၌ အဆုပ်နာရောဂါကျရောက်သည်ဟု သိပြီးနောက် ပြောင်းရန်ကြိုးစားကြခြင်းဖြစ်သည်။ ထိုအခါ ကျောင်းကိုအသိပေးရန်အတွက် ကျွန်တော်တို့က ကြိုးစားကြသည်။ မော်ပိုပြောင်းရွှေ့တော့မည့် အကြောင်းကို မပြောဘဲ အခြားနည်းဖြင့်ပြောရန် ဟာဘ်၌ အစီအစဉ်တစ်ခုရှိသည်။ ထိုသို့ဖြင့် ကျွန်တော်တို့က မော်ပိုသေပြီဟု ပြောပြပြီး ပန်းခွေပို့ရန်အတွက် ပိုက်ဆံကောက်မည်။ ပြီးနောက် ထိုငွေကို ကျွန်တော်တို့ သဘောအကျဆုံး အစားအသောက်များ စားသောက်ပစ်မည်။

ကံဆိုးသည်မှာ ကျွန်တော်တို့၏အစီအစဉ်သည် ကောင်းစွာအောင်မြင်သည်။ ကျောင်းအုပ်ကြီးရုံးခန်းက မော်ပို၏အိမ်ကို ဆက်သွယ်ရန် ကြိုးစားသည့်အခါ သူ၏တယ်လီဖုန်းကို ဖြတ်တောက်ပြီးဖြစ်ကြောင်း သိရသည်။ ကျောင်းက ဝမ်းနည်းသည့်အခမ်းအနားကို အကြီးအကျယ်ကျင်းပသည်။ သို့သော် ထိုကိစ္စမှာ ထိုမျှနှင့်ဖြင့်မပြီးပေ။ ကျောင်းအုပ်ကြီး ဒေါက်တာအာဝင်ကိုဟင်က နှစ်စဉ်နှစ်တိုင်း ထူးချွန်သည့် ကျောင်းသားများအတွက် အမှတ်တရစိုက်ခင်းမြင့်မည်ဟုဆုံးဖြတ်ခဲ့သည်။ မော်ပိုကို အမှတ်တရဖြစ်စေရန် ကျွန်တော်တို့ ပုပ်ခဲ့သည့်အတွက်လည်း ရွေးချယ်ပြီးချီးကျူးသည်။

ကံဆိုးသည်မှာ ထိုအချိန်ကာလ၌ပင် မော်ပိုက ဖြုန်းစားကြီး ရောက်လာခဲ့ခြင်းဖြစ်သည်။ ဒေါက်တာကိုဟင်က မော်ပို၏အကြောင်းကိုလည်း ကောင်း၊ ကျွန်တော်တို့၏ ကုသိုလ်ကောင်းမှုတို့ကိုလည်းကောင်း ကျောင်းအစည်းအဝေးခန်းမ၌ ချီးကျူးနေစဉ် ထိုအချိန်၊ ထိုရက်၊ ထိုမိနစ်ကျမှ မော်ပိုက ခန်းမထဲရောက်လာခဲ့သည်။ သူ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းလာပြီး လာမည့်ပညာသင်နှစ်တွင် ကျောင်းတတ်ရန်အတွက် လာရောက် မှတ်ပုံ





တင်ခြင်းဖြစ်သည်။

မော်ပိုလာသည်ကို မြင်သည့်အခါ ဟာဘီက "မော်ပိုအိမ်ပြန်၊ မင်းသေပြီ" ဟု တိုးတိုးတိတ်တိတ်ပြောသည်။ ကျွန်တော်တို့ သူငယ်ချင်းများက အခြေအနေကို သဘောပေါက်ပြီးရယ်ကြသည်။ ဒေါက်တာကိုဟင်ကလည်း သဘောမကျ။ ဤသို့ဖြင့် ဆယ်ကျော်သက်များအားလုံး ကံဆိုးမိုးမှောင်ကျသော အခြေအနေသို့ ရောက်ရသည်။ ထိုမှတဆင့် စေ့စပ်ဆွေးနွေးရာတွင် အအောင်မြင်ဆုံး အခြေအနေတစ်ခုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ဒေါက်တာကိုဟင်က ကျွန်တော်တို့အားလုံးကို သူ၏ရုံးခန်းသို့ခေါ်ပြီး ဆက်ပြောသည်။ "မင်းတို့သုံးယောက်ကို ကျောင်းထုတ်မယ်၊ မင်းတို့ဟာ ဒီနှစ်ကျောင်းပြီးမှာ မဟုတ်တော့ဘူး။ ဒီနှစ်လည်းမပြီးဘူး၊ နောက်နှစ်လည်းမပြီးဘူး၊ ဘယ်နှစ်မှမပြီးတော့ဘူး၊ ကျောင်းထဲမှာ အဆိုးဝါးဆုံးအပြုအမူကို မင်းတို့လုပ်ခဲ့တယ်" ဟုပြောသည်။

ဘရာဇီနှင့် ကျွန်တော်တို့က အကျဉ်းသားများ၏ဘဝကို တွေးတောနေစဉ် ဟာဘီကပြန်လည်ချေပ ပြောဆိုသည်။ သူကကျောင်းအုပ်ကြီးကို တိုက်ရိုက်ပြောဆိုသည်။ "ခဏစောင့်ပါဦး ဆရာကြီးခင်ဗျ၊ ဆရာကြီး အမှားကြီးများပါလိမ့်မယ်"

"ဘာပြောတာလဲကွ"

"ဒီလိုလုပ်ရင် ဆရာကြီးဒုက္ခရောက်ပါလိမ့်မယ်"

ဒေါက်တာကိုဟင်က "ဘာကိုဆိုလိုတာလဲ"

ဟာဘ်ကဆက်ပြောသည်။ "ကျွန်တော်တို့ ကျောင်းမပြီးတော့ဘူး ဆိုတာမှန်ပါတယ်၊ ဆရာကြီးကရော" ထို့နောက် သူကဆက်ပြောသည်။ "ကျွန်တော်တို့ကို ကျောင်းထုတ်ရင် ဒီကိစ္စနဲ့ပတ်သက်လို့ ကြားနာကြမယ်၊ အဲဒီလိုကြားနာကြတဲ့အခါမှာ ဆရာကြီးကိုမေးတာခံရမယ်၊ အဲဒီမေးခွန်းဟာ ဘာလဲဆိုတော့ (၁၃) နှစ်အရွယ် ကလေးသုံးယောက်ရဲ့ ကလေးတစ်ယောက် သေပြီလို့ပြောတာကို ယုံရသလား၊ ဒီကိစ္စတို့ ဘာဖြစ်လို့ သေသေချာချာ မစစ်ဆေးလဲလို့ ဆရာကြီးအမေးခံရမယ်"

ဒေါက်တာကိုဟင်က "ငါတို့စစ်ဆေးပါတယ်" ဟု ပြောသည်။

ဟာဘီကဆက်ပြောသည်။ "ဒီလောက်စေတစ်ဆေးတို့ သေချာသလား၊ ဆရာကြီး တယ်လီဖုန်းလေး တစ်ချက်ဆက်ကြည့်တယ်၊ တယ်လီဖုန်းလိုင်းကို ဖြတ်လိုက်ပြီလို့ အော်ပရေတာက ပြောတယ်၊ အဲဒီလို တယ်လီဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



အခ်ါသောတ်ခေါ်ပြီးတော့ သူ့မှတ်တမ်းမှာ သေပြီလို့ရေးတယ်၊ ကျွန်တော်တို့မှာ ညေးတမ်းဖျတ်တဲ့ အကျင့်ရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဆရာကြီးတတော့ တယ်လီဖုန်းတစ်ခါတည်း ခေါ်တာပါ"

ထို့နောက် ဟာဘ်ကဆက်ပြောသည်။ "ဆရာကြီးခင်ဗျား ကျွန်တော်တို့ တတော့ ကျောင်းထုတ်ခံရမှာပါ၊ ဆရာကြီးတ အလုပ်ပြုတ်မှာပါ"

ထို့နောက် ဆရာကြီးထံမှ တုန့်ပြန်သံကို ခေတ္တစောင့်ကြည့်ရင်း အေးအေးဆေးဆေး ထပ်ပြောလိုက်သည်။ "ဒီတိစ္စကြီးတစ်ခုလုံးကို မေ့ပစ်လိုက်ရင် မကောင်းဘူးလား"

ဟာ့ဘ်၏ စေ့စပ်ဆွေးနွေးမှုမှာ အောင်မြင်ခဲ့သည်။ သူ၏ ပထမဆုံးဖောက်သည် (၃) ဦးဖြစ်သော ကျွန်တော်တို့အတွက်လည်း လုံးဝဥဿုံအောင်မြင်မှုပင်ဖြစ်သည်။ ဒေါက်တာကိုဟင်က ထိုကိစ္စကို မေ့ပစ်ဖို့ သဘောတူလိုက်သည်။ သူက ကျွန်တော်တို့ကို ကျောင်းပြီးစေသည်။

ထိုဖြစ်ရပ်မှစ၍ ဟာ့ဘ်က သူ၏အသက်မွေးဝမ်းကျောင်းကို စေ့စပ်ဆွေးနွေးသည့်နယ်ပယ်၌ ရွေးချယ်ပြီး စတင်ခဲ့ခြင်းဖြစ်သည်။ အမြင့်ဆုံး ကုမ္ပဏီများအဆင့်၊ နိုင်ငံတကာအဆင့်၌ အလုပ်လုပ်သော်လည်း သူ၏အကြံဉာဏ်ကို သူငယ်ယောက်ချင်း အဆင့်၊ ဘဏ်ချေးငွေ တောင်းဆိုသည့်ကိစ္စကဲ့သို့သော နေ့စဉ်တွေကြုံနေရသော အဆင့်မျိုးကို ပြောပြနိုင်သည်။ ဘာပဲဖြစ်ဖြစ် စေ့စပ်ဆွေးနွေးလို့ရတယ်ဟူသည့် စာအုပ်၌သူကပြောဆိုသည်။

ဒါကတော့ အသုံးကျမယ့် နည်းတစ်ခုပါ။ အကယ်၍ ခင်ဗျားဟာ အမျိုးသားဆိုလျှင် ခပ်မှိုင်းမှိုင်းဝတ်စုံပြည့် ဝတ်စုံဝတ်ပါ။ အမျိုးသမီးတစ်ယောက်ဆိုလျှင် ရှေးဆန်တဲ့၊ အဝတ်အစားမျိုးဝတ်ပါ။ ဈေးကြီးတဲ့ ရွှေလက်ပက်နာရီတစ်လုံးနဲ့ သော့တစ်ချောင်းကို ဆောင်သွားပါ။ သူငယ်ချင်းသုံးယောက်ကို ခေါ်သွားပြီး ကိုယ်လိုသလိုနိုင်းပါ။ ခပ်တင်းတင်း ဘဏ်ထဲသို့ လျှောက်ဝင်သွားပါ။ ငါတို့ဟာ ထိပ်တန်းအမှုဆောင်အရာရှိ မင်းတို့ရဲ့အသုံးမကျတဲ့ ပိုက်ဆံနဲ့ ငါတို့နားမကပ်နဲ့၊ တို့က ဒါမျိုးလိုချင်တာမဟုတ်ဘူး။ ငါတို့ဟာ စာထည့်မလို့လာတာဆိုပြီး ဝင်သွားပါ။ အဲဒီအခါကျရင် ငွေချေးတဲ့အရာရှိက ဘဏ်ထဲကထွက်လာပြီး အိမ်မရောက်ခင် အမောတကော လိုက်ဖမ်းလိမ့်မယ်။





ဟာ့ဘ်၏ ဆိုလိုရင်းမှာ ဝေါဟာရအသုံးအနှုန်း သာမက ပုံပန်းသဏ္ဌာန်၊ ကိုယ်ဟန်အမူအရာ အားလုံးမှာ စိတ်ပျက်သည့် လေ့သံမဟုတ်ဘဲ အောင်မြင်သည့်လေသံ ရှိနေရမည်။ သင်၏ အမှန်တကယ် အခြေအနေမှာ အားကောင်းသည့် အခြေအနေမျိုး မဟုတ်သည့်တိုင်အောင် အပေါ်စီးတ ဖြစ်စေနိုင်သည်။

## ၁ ဘော့ဝုလ်ဖ်ကိုယ်ကျင့်

မည်သည့်အတွက် စေ့စပ်ဆွေးနွေးသည်ဖြစ်စေ ကျွန်တော်၏ အတွေ့အကြုံအပေါ်အခြေခံကာ ဘော့ဝုလ်ဖ်ပြောသလိုပြောရန် အကြံပေးလိုသည်။ အမေရိကန် ဖျော်ဖြေရေးလောက၊ အားကစားလောက၊ သတင်းနှင့်စာနယ်ဇင်းလောကမှ နာမည်ကြီးများကို ဘော့ဝုလ်ဖ် ကိုယ်စားပြုသည်မှာ တိုက်ဆိုင်မှု သက်သက်သာ မဟုတ်ပေ။ ဖောက်သည်များက သူ့ထံလာကြသည်။ ပြိုင်ဘက်များက သူ့ကိုလေးစားကြသည်။ အားလုံးနှင့် ဆက်ဆံရာ၌ သူကသမာဓိရှိရှိ သိက္ခာရှိရှိ၊ ဟာသအပြည့်ဖြင့် ပြောဆိုဆက်ဆံသည်။

ထို့ကြောင့်ပင် ကျွန်တော်က "ကျွန်တော့် ကိုယ်စားလှယ်တတော့ ဘော့ဝုလ်ဖ်ပဲ" ဟု ပြောရသည်ကို အမြဲဂုဏ်ယူသည်။ ဘော့လို လူအများလေးစားခံရသည့် လူတစ်ယောက်ကို ကျွန်တော့်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြောခြင်းအားဖြင့် ကျွန်တော့်အကြောင်းကို ပြောရာရောက်သည်ဟု ကောင်းကောင်းပြောနိုင်သည်ဟု ထင်သည်။

ဘော့စကားပြောသည့်အခါ ခြိမ်းခြောက်ခြင်း၊ ရန်လိုခြင်းကို မည်သည့်အခါမျှမတွေ့ရ။ သူနှင့် ဆွေးနွေးနေသည့် တစ်ဖက်သားကို ထိုက်ထိုက်တန်တန် ပြိုင်ဖက် တစ်ယောက်အဖြစ် သဘောထားသည်။ ထာဝရရန်သူအဖြစ် သဘောမထားပေ။ သူတို့ကို တစ်ပုံစံတည်းပြောဆိုသည်။ ဘယ်ရီဘတ်ဒ်ကို သူလိုချင်တာ ပေးမလား၊ မပေးဘူးလား၊ မပေးရင် သင်တန်းမတက်နဲ့လို့ ပြောလိုက်မယ်ဟူသော ဘော့စတွန်က ပြောပုံမျိုးကိုမပြောပေ။ စေ့စပ်ဆွေးနွေးမှုက ထွက်ခွာမည့်ခြိမ်းခြောက်ခြင်းကိုလည်း မယုံကြည်ပေ။ သူက တက်ဒ်တစ်ယောက်ကို "ကျွန်တော်တို့ တောင်းဆိုတာပေးရင်ပေး မပေးရင် လယ်ရီတင်း [illegible] တို့ ဒီတနေ့ည အယောင်းတွေ ပြန်ပြရလိမ့်မယ်၊ အသစ်မရိုက်နိုင်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သူတို့ပြောလိုက်တယ်" ဟု၍ မည်သည့်အခါမျှမပြောပေ။

ထိုသို့မဟုတ်ဘဲ သူက ကျွန်တော်တို့မှာ အခြားရွေးချယ်စရာများ ရှိနေကြောင်း ရှင်းလင်းအောင်ပြောပြသည်။ ကြိမ်ဖန်များစွာပင် တစ်ဖက်သားကို ချက်ဆီးပစ်မည်ဟု ခြိမ်းခြောက်သည့် အသုံးအနှုန်းမျိုးကို မည်သည့်အခါမျှမသုံးပေ။ ခြိမ်းခြောက်ပုံ၊ ခြိမ်းခြောက် နည်းမျိုးစုံသည် ဘောဂ၏ သဘာဝလည်း မဟုတ်၊ သူ၏ လုပ်ထုံးလုပ်နည်း မျိုးလည်းမဟုတ်ပေ။

သူသည် အကုန်အကျကြီးမားသော၊ အထိအခိုက်များသော ကာလတို အောင်မြင်မှုမျိုးကို မယုံကြည်ပေ။ သူက ကျွန်တော့်ကို သတိပေးလေ့ရှိသည်မှာ ကာလတိုတွင် ငွေအနည်းငယ်ရလျှင် တစ်ဖက်သားကို တစ်သက်လုံးကင်းကွာသွားအောင် လုပ်ရာရောက်သည်။ သူနှင့် ချုပ်ဆိုသည့်စာချုပ်မှာလည်း နောက်ဆုံးစာချုပ်သာ ဖြစ်လိမ့်မည်။ နောင်ကိုသူက မည်သည့်အခါမျှ ဆက်ဆံမည် မဟုတ်။ ထိုအခါသင်၏ အောင်မြင်မှုသည် အပေါ်ယံ ရေတိုအောင်မြင်မှုမျှသာ ဖြစ်မည်ဟုဆိုသည်။ ဟာ့ဘ် ကိုယ်တိုင်၌ ထိုဒဿနမျိုး ရှိသကဲ့သို့ ဟာဗေးမက်ကေးလ်၌လည်း ထိုဒဿနမျိုးရှိသည်။

စေ့စပ်ဆွေးနွေးမှုများ၌ ကျွန်တော်၏ အတွေ့အကြုံများမှ လည်းကောင်း၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေးရာမှလည်းကောင်း ရရှိသည့် နောက်ဆုံးအကြံဉာဏ်ကို ပြောပြလိုသည်။ နောက်တစ်ကြိမ်အနိုင်ရရန် ကိုယ့်ခြေ စည်းနိုးကို တိုယ်လုံအောင်ကာပါ။ အောင်မြင်သည့် စေ့စပ်ဆွေးနွေးသူ သုံးယောက်ထံမှ ရရှိသည့် သင်ခန်းစာများအနက် ဤသင်ခန်းစာများသည် တစ်ခုဖြစ်သည်။

သူတို့လုပ်သလိုလုပ်လျှင် သူတို့ပြောသလိုပြောလျှင် ပစ္စုပ္ပန်တွင်ရော အနာဂတ်၌ပါ သင်လည်း အောင်မြင်လိမ့်မည်။

## ၁ အစည်းအဝေးများ

လူတိုင်းလိုလိုက အစည်းအဝေးအကြောင်းကို ညည်းတွားချင်ကြသည်။ သို့ဖြစ်ရာ တစ်ယောက်က ထို အစည်းအဝေးကို ပြုပြင်လိုနေသည်။ လူအများအနေဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ချရန်ရှိသည့်အခါ၊ တစ်ခုခုရရှိရေးအတွက် အစီအစဉ်ဆွဲသည့်အခါ အစည်းအဝေးကောင်း တစ်ခုသည် အကောင်းဆုံး အထိရောက်ဆုံး နည်းလမ်းပင်ဖြစ်သည်။ အစည်းအဝေးညှိ





တစ်ခုသည် နှိပ်စက်ရာရောက်သည်။

အစည်းအဝေးနှင့် ပတ်သက်၍ ရိုးရှင်းသည့် အချက်တစ်ချက်မှာ . . . သင်အစည်းအဝေး တက်ရောက်သူဖြစ်လျှင် . . .

အချိန်ချွေတာရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ မတက်ပါနှင့်၊ သင်တက်ဖို့မလိုလျှင် ခွင့်တောင်းပါ။ သို့မဟုတ် တိုက်ဆိုင်နေသည့် အစီအစဉ် တစ်ခုကို စီစဉ်ပါ။

နည်းနည်းပြောလေကောင်းလေ - အစည်းအဝေးတက်ပြီဆိုလျှင် ဝိုင်းဝန်းဆွေးနွေးနေကြသည့် အကြောင်းနှင့် သင်မဆိုင်လျှင် ကိုယ်အစည်းအဝေးတက်သည်ကို လူအများသတိထားမိရန် ဖွတ်ဝင်ပြောချင်သည့် အဖြစ်မျိုးကို ရှောင်ပါ။

အချို့ပုဂ္ဂိုလ်များအနေဖြင့် ဆွေးနွေးပွဲထဲသို့ ဖွတ်ဝင်ပြောချင်ကြသည်။ ဤနည်းအားဖြင့် အခြားသူများကလည်း သူတို့လည်း တစ်စုံတစ်ခု ဖြည့်စွက်ကြောင်း အမှတ်ရစေချင်ကြသည်။ လိုအပ်မှပြောသည်ဟု နာမည်ရခြင်းအကြောင်းအရာတိုင်း လိုက်၍ပြောသည်ထက် ပို၍နာမည်ကောင်းပါသည်။

ကယ်လ်ဗင်ကူးလိဒ်ဂ် သမ္မတကို ပထမဆုံးလစာထုတ်သည့် ချက်လက်မှတ်ပေးသည့် အကြောင်းအရာ ကြားဖူးကြမည်။ ဘဏ္ဍာရေးဌာနတာဝန်ရှိသူက သမ္မတရုံးခန်းထဲမှ ချက်ချင်းမထွက်သေးဘဲ အချိန်ဆွဲနေသည်။ တာဝန်ရှိသူ အရာရှိတစ်ယောက်က ထိုမျှများပြားသောငွေနှင့်ပတ်သက်၍ ဘာပြောမည်ဆိုသည်ကို သူကြားချင်နေသည်။

သမ္မတကူးလိဒ်က ဘာစောင့်နေတာလဲဟုတိုး တိုးမေးသည့်အခါ "ချက်လက်မှတ်နှင့် ပတ်သက်၍ သမ္မတကြီးပြောစရာတစ်ခုခုရှိပါသလား" ဟု မေးသည်။

ကူးလိဒ်ဂ်က ချက်လက်မှတ်ကို ငုံ့စောင်းကြည့် လိုက်ပြီးနောက် တာဝန်ရှိသူကိုကြည့်ပြီး "မြန်တော့" ဟုပြောလိုက်သည်။

နှုတ်နည်းရာ၌ နာမည်ကြီးသည့် သမ္မတကြီးသည် တစ်ခါက အချိုသမီးတစ်စု သမ္မတအိမ်တော်သို့ သွားလည်ကြရာ အမျိုးသမီးတစ်ယောက်က "သမ္မတကြီးရှင့် - ကျွန်မဟာ တခြားအမျိုးသမီးတွေနဲ့ ရှင်စကားနှစ်ခွန်းထက်ပိုပြောစေရမယ်လို့ အလောင်းအစားလုပ်ထားတယ်" ဟုပြောလိုက်သည်။

သမ္မတကြီးကူးလိဒ်ဂ်က "ခင်ဗျားရှုံးပြီ" ဟုပြောလိုက်သည်။

သူမအနေဖြင့် အလောင်းအစားကိုရှုံးနိုင်သည်။ သို့သော် သမ္မတကြီး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြောသည့် ရှေ့ဆိုလျှင် လူအများ အာရုံစိုက်မည်ဖြစ်ကြောင်း [illegible]နိုင်သည်။

**အခြားသူများကိုမနှိမ်ပါနှင့်** - အစည်းအဝေးများသို့ သင်သွားသည့် အခါ မလိုအပ်ဘဲပြောနေသည့် အကြောင်းအရာများကို ကြားရတွေ့ရမည်။ သို့သော် ထိုသည်မှာ ဘဝ၏ တစ်စိတ်တစ်ဒေသမျှသာဖြစ်သည်။ အစည်းအဝေးစားပွဲတစ်ဖက်က ကိုယ်စားလှယ်များကို သင်ကြားဘူးသမျှ ထိုသူ၏ ပြောကားသည် အညံ့ဆုံး၊ အမိုက်မဲဆုံးဖြစ်ကြောင်းကို ထိုသို့ဖြစ်နေလျှင်ပင် မပြောပါနှင့်။ ထိုသို့ပြောလိုက်လျှင် ရေရှည်ရန်သူဖြစ်ရန်အတွက် အတိုဆုံးနည်းလမ်းပင်ဖြစ်နေသည်။ သင့်ကိုမည်သို့မျှ အထောက်အကူ မဖြစ်စေနိုင်ပါ။

**ထူးထူးဆန်းဆန်း မေးခွန်းများကိုမေးချင်ပါ-** အစည်းအဝေးများ၌ ရေလိုက်ငါးလိုက်လုပ်တတ်သည့် အကျင့်ရှိသည်။ တစ်ယောက်က အကြောင်းအရာတစ်ခုကို စောစောကစလျှင် ထိုအကြောင်းအရာတစ်ခုကို ဝိုင်းဝန်းပြီး ဆွေးနွေးကြသည်။ ထိုအခါ စကားလမ်းကြောင်းပြောင်းရန်အတွက် လွယ်သည့် မေးခွန်းများကို မေးရန်လိုသည်။ ကိုယ်ပျောက်ဝတ်စုံ ဝတ်ဆင်ထားသည့် ဘုရင်ကြီးအကြောင်းကို ဝိုင်းဝန်းပြောဆိုနေချိန်၌ "အဲဒီမှာ ဘုရင်ကြီး ကိုယ်တုံးလုံးနေရင် အအေးမမိဘူးလား" ဟူသော မေးခွန်းမျိုး မေးရန်လိုသည်။

**ကြိုတင်ပြင်ပါ-** ဘယ်အချိန်၌ပြောရမည်ကို ကြိုတင်သိထားလျှင် သော်လည်းကောင်း၊ ထူးထူးခြားခြား တစ်ခုပြောရန်လိုပြီဟု ခံစားရလျှင် လည်းကောင်း ကြိုတင်၍ မှတ်စုထုတ်ထားပါ။ မှတ်စုမပါလျှင် ကြာရှည်စွာ ပြောမိနေမည်။ လုပ်ဖော်ကိုင်ဖက်များ၏ထောက်ခံမှုကို ဆုံးရှုံးနိုင်သည်။ အကြောင်းအရာများ တိမ်းချော်သွားနိုင်သည်။ တင်ပြပုံတင်ပြနည်း အညံ့ဖျင်းဆုံး ဖြစ်သွားနိုင်သည်။

**ရယ်စရာပြောရန်မကြောက်ပါနှင့်** - အစည်းအဝေးများ၌ တစ်ခါတစ်ရံ ရယ်စရာကြားချင်ကြသည်။ အစည်းအဝေးသည် မျောနေပြီး ဆုံးဖြတ်ချက်များကို မည်သူကမျှ မရှေ့ဆိုင်းချင်သည့်အခါ ရယ်စရာအထူးပင်လိုသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက အခပေး၍ငှားရသော အခန်းခများကို ကွန်ဒိုမီနီယံအဖြစ် ပြောင်းလဲသည့် အလေ့အကျင့်များပြားလာရာ ထိုကိစ္စနှင့်ပတ်သက်၍ အချေအတင် ဆွေးနွေးကြသော ဆွေးနွေးပွဲများလည်း များလာခဲ့သည်။ ထိုအစည်းအဝေးများကို ငြီးငွေ့လာသည့် လူတစ်ယောက်အကြောင်းကို ကြားဖူးသည်။ လိုအပ်သည်ထက် အစည်းအဝေးပိုကြာနေသည့်အခါ အမှုဆောင်အရာရှိက





[illegible]သည်း ဆုံးဖြတ်ချက်ကို မချချင်သေးသည့်အခါ ဤပုဂ္ဂိုလ်ကဝင်ပြီး "**မှိုခန်းထတ်သလစ်တစ်ယောက်အနေနဲ့ ကျွန်တော်ဟာ ကွန်ဒိုမီနီယံတွေကိုသုံးတာတိုဆန့်ကျင်တယ်**" ဟုဝင်ပြောလိုက်သည်။ ထိုအခါ အစည်းအဝေးတစ်ခုလုံး [illegible]လုံးကွဲရယ်ကြသည်။

## ၁ အစည်းအဝေးကို သင်ကဦးဆောင်ကျင်းပရလျှင်

အိမ်ယာမြေလောက၌ အရေးကြီးဆုံးအရာ သုံးခုမှာ - (၁) **နေရာ** (၂) နေရာ၊ (၃) နေရာဖြစ်သည်ဟုဆိုသည်။ အစည်းအဝေတစ်ခု၌ **အရေးကြီးဆုံး** အရာသုံးခုမှာ (၁) ကြိုတင်ပြင်ခြင်း၊ (၂) ကြိုတင်ပြင်ဆင်ခြင်း၊ (၃) ကြိုတင်ပြင်ဆင်ခြင်းတို့ ဖြစ်သည်။ မိမိအစီအစဉ်ကို ကြိုတင်ရေးဆွဲထားပါ။ အကယ်၍ အလွတ်သဘောဆွေးနွေးသည့် အစည်းအဝေးတစ်ခုဖြစ်လျှင်လည်း အစည်းအဝေး၌ ပြောစေချင်သည့် ကိစ္စအားလုံးပါဝင်စေရန်အတွက် **မှတ်စု** အချို့ချထားပါ။ ထိုအခါအစည်းအဝေးအပြီး၌ သင်လိုချင်သည့် ရလဒ်များရရန် အလားအလာ ပိုများသည်။

## ၁ အခြားအသုံးဝင်သည့်ကိစ္စများမှာ

**အချိန်မီစ,ပါ** - အခြေခံကျပုံရသော်လည်း အစည်းအဝေးအများစု၌ အချိန်မှန် မစ,နိုင်ကြပါ။ ထွေရာလေးပါးကိစ္စများကို အစည်းအဝေးမစမီနှင့် အစည်းအဝေးအပြီး၌ ပြောပါစေ။ အစည်းအဝေးစားပွဲ၌ ပထမဆုံး ယခင်ညက ဘောလုံးပွဲအကြောင်းပြောလျှင် အရေးကြီးသည့်ကိစ္စများကို ဆွေးနွေးရန် အတွက် အချိန်မရတော့ပေ။ ပထမ (၁၀) မိနစ် (၁၅) မိနစ်ခန့် **အရေးကြီး**သည့် အကြောင်းအရာများတွင် မျောနေလျှင်လည်း ထိုသို့ပင်ဖြစ်မည်။

**ပြတ်ပြတ်သားသားဆုံးဖြတ်ပါ** - မည်သည့် ပြဿနာများရှိသည်ကို ကြိုတင်ချထားသည်။ ထိုပြဿနာများနှင့် နောက်ဆုံးမေးခွန်း (၂) ခုမှာ [illegible] အရေး ယူမည်နည်း? ထိုကိစ္စကို မည်သူကခိုင်းမည်နည်း? ဟူ၍ဖြစ်သည်။ ထိုကိစ္စကို ပြတ်ပြတ်သားသား မဆောင်ရွက်လျှင် အစည်းအ[illegible]ရန်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိပါ။

**မြတ်သောအပါ** - အချိန်မြန်းခွင့် မပေးပါနှင့်။ တစ်ယောက်ကို တစ်ယောက် အမှတ်ယူခွင့်မပေးပါနှင့်။ သင်ကိုယ်တိုင် ဝင်ကြွားစရာမလိုပါ။ နာရီကို သင့်အတွက် အလုပ်လုပ်ခိုင်းပါ။ **"ပီးတန်ဝမ်းနည်းပါတယ်၊ နောက် အကြောင်းအရာတစ်ခုကို သင်ဆက်ဆွေးနွေးရဦးမယ်"** ဟု ပြောနိုင်သည်။ ထိုသို့ပြောသည့်အတွက် အထက်လူကြီး ဆန်ဆန်ပြောသည်ဟု အထင်ခံရစရာ အကြောင်းမရှိပါ။ သက်တောင့်သက်သာနေပါ။ အစည်းအဝေးကို ခပ်တိုတို ကျင်းပပြီး ဆုံးဖြတ်ချက်ကျအောင်လုပ်နိုင်လျှင် လူတိုင်းကလျှောက်ပြောနေပြီး **အောင်မြင်သည့်** အစည်းအဝေးတစ်ခုကို သဘာပတိလုပ် ကျင်းပရသည့် အတွက်ပို၍ အမှတ်ရသဘောကျကြမည်။ ကျေးဇူးတင်ကြမည်။ အစည်းအဝေး မှောနေလျှင်လည်း သင့်ကိုအထောက်အကူမဖြစ်ပါ။

ညံ့ဖျင်းသည့်အစည်းအဝေးများကို ရှောင်ရှားနိုင်ရန်အတွက် ရှိတ်စပီးယားပြောခဲ့သည့်စကားကို အလွမ်းပြေပြန်ပြောလိုသည်။ ရှိတ်စပီးယားက **"ဘရူးတပ်စ်-အပြစ်က ငါတို့ရဲ့ကြယ်တာရာတွေနဲ့ မဆိုင်ဘူး၊ ငါတို့နဲ့ဘဲဆိုင်တယ်"** ဟုပြောခဲ့သည်။ ထိုစကားကိုဆက်၍ပြောရလျှင် **"ဘရူးတပ်စ်ရေ အပြစ်တတော့ ငါတို့အစည်းအဝေးနဲ့ မဆိုင်ဘူး၊ ငါတို့နဲ့ဘဲဆိုင်တယ်"** ဟုပြောချင်သည်။

## ၁ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ

စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများသည်လည်း အများပြည်သူ၏ ရှေ့တွင်ပြောဆိုသည့် ပုံစံမျိုးဖြစ်ပြီး နောက်အခန်းတွင် အသေးစိတ်ဆွေးနွေးမည်။ ယခုအခါ ၌ ထိုဆွေးနွေးပွဲများသည် စကားပြောရုံမျှနှင့် မပြီးတော့ပေ။ ယနေ့ခေတ်၌ ကိုယ်ဘာပြောသည်ကို ပရိသတ်ကမြင်အောင် အထောက်အကူ ပေးကြသည်။ ဆလိုက်များ၊ ဇယားများ၊ ဂရပ်ဖ်ဖစ်များကို ထိထိရောက်ရောက် သုံးကြသည်။

ရှေ့စ်ပီယော့က ၁၉၉၂ ခုနှစ် သမ္မတရွေးပွဲတွင် ဂရပ်ဖ်များ၏ အရေး ပါပုံနှင့် ထိရောက်ပုံတို့ကို ပြသခဲ့သည်။ ထိုနည်းလမ်းကို သူတီထွင်သည်တော့





ဟုတ်ပေ။ အကြံပေးအရာရှိများနှင့် အခြားပုဂ္ဂိုလ်များက ရောင်စုံဖတ်ရ မှတ်ရ လွယ်သည့် ဂရပ်ဖ်များကို ၎င်းတို့ပြောဆိုသည့်ကိစ္စများ အောင်မြင်စွာ ပြောဆို နိုင်ရန်အတွက် ထိရောက်သည့် နည်းလမ်းတစ်ခုအနေဖြင့် နှစ်ပေါင်းများစွာ သုံးနေကြသည်။ ဆရာများကလည်း ထိုနည်းကိုသိကြသည်။ ကျောင်း၌ ပထမ တန်းတွင် ရုပ်သံတင်ပြမှုများ စတင်နေကြောင်း ကြားနေရသည်။

ရုပ်သံအထောက်အကူများသည် ပထမဆုံးအလံကို မြေးဆွဲခြင်း အတည်းကပင် နိုင်ငံရေး၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့သည်။ **တစ်ခါတစ်ရံ** နားကိုလည့်အနည်းငယ်သုံးခြင်း၊ မျက်လှည့်အနည်းငယ်သုံးခြင်း ဖြစ်နိုင်သည်။ အထိရောက်ဆုံးအမြင်အာရုံကို တင်ပြသည့် ကိစ္စတစ်ခုမှာ သမ္မတကနေဒီက သူ၏ 'ငြိမ်းချမ်းရေးမဟာဗျူဟာ' တာအုပ်၌ရေးထားသည့် ကိစ္စဖြစ်သည်။

၁၈၄၀ ပြည့်လွန် နှစ်များကဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ နယ်နမိတ်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒန် နယ်လ်ဝက်ဘ်စတာနှင့် ဗြိတိသျှအထူးသံ လော့ဒ်အက်ရှ်ဘာတန်တို့ ဆွဲထား သည့် စစ်စာချုပ်တစ်ခုတွင် အကြောင်းအရာတစ်ခု အဖြစ်ပါဝင်နေသည်။ ကနေဒီက ထိုစစ်စာချုပ်နှင့်ပတ်သက်၍ အကြံပြုချက်ကို နှစ်နိုင်ငံစလုံး အတိုက်အခံ ဖြစ်နေစဉ်တွင် ထိုအကြံပြုချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။ ယခု အခါ၌ ထိုစာချုပ်ကို နှစ်နိုင်ငံစလုံးက လက်ခံပြီး နှစ်နိုင်ငံကြားတွင် သဟဇာတ ညီမျှသော ဆက်ဆံရေး ပေါ်ပေါက်လာပြီဖြစ်သည်။

ဝက်ဘ်စတာ-အက်ရှ်ဘာတန် ၁၈၄၂ ခုနှစ်စာချုပ်သည် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံအကြား၌ ချုပ်ဆိုရန် နှစ်နိုင်ငံစလုံးက သဘော ကျကြပေ။ မစ္စတာဝက်ဘ်စတာနှင့် လော့ဒ်အက်ရှ် ဘာတန်နှစ်ယောက် စလုံးကို ၎င်းတို့တိုင်းသူပြည်သားများ အခွင့်အရေးကို ထိခိုက်အောင်လုပ်သည် ဟု ရှုံ့ချခြင်းခံရသည်။ ဝက်ဘ်စတာနှင့် အက်ရှ်ဘာတန် နှစ်ယောက်စလုံးက ဆိုးနိတ်နှင့် လွှတ်တော်တို့ကို နောက်ဆုံးတွင် မနည်းကျေနပ်အောင် လုပ်ခဲ့ရ သည်။ ထိုသို့ကျေနပ်အောင် လုပ်ရာ၌ တစ်ဖက်က အခြားတစ်ဖက်ထက် သာ လွန်ပါသည်ဟု မိမိနိုင်ငံသားများနှင့် ဥပဒေပြုသူများ ကျေနပ်စေရန်အတွက် မြေပုံတစ်ခုစီကို သုံးခဲ့ရသည်။ ထို အလွန်ပြဿနာတက်ခဲ့သည့် စာချုပ်ကြောင့် နှစ်နိုင်ငံစလုံးအနေနဲ့ ရာစုနှစ်တစ်နှစ်ကျော် စီးပွားတက်လျက်ရှိပြီး အငြင်းပွား နေသော နယ်နမိတ်၏ အဆပေါင်းထောင်ပေါင်းများစွာ တန်ဖိုးတက်လျက်ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သင့်အနေဖြင့် ဆွေးနွေးမှုတစ်ခု ပြုလုပ်သည့်အခါ ဘာပြောမည်ဆိုသည့် ကိစ္စကိုသာမက ဘယ်လိုပြောမည်အပြင် ဘယ်လိုပြမည်ဆိုသည့် ကိစ္စပါ အရေးကြီးကြောင်းဂရုစိုက်ပါ။

ထိုအထောက်အကူပစ္စည်းများကို အသုံးပြုမည်ဆိုလျှင် အသုံးမပြုမီ ဦးစွာကြိုတင်လေ့ကျင့်ပါ။

ထိုအထောက်အကူပစ္စည်းများက မည်သို့ပင်အကျိုးရှိသော်လည်း စကားပြောနေစဉ်တွင် ပစ္စည်းကိရိယာများအတွက် အလုပ်ရှုပ်နေလျှင်သော်လည်းကောင်း၊ ပြောင်းပြန်ဆွဲထားသော ဇယားတစ်ခု၏ရှေ့တွင် ရပ်နေလျှင်သော်လည်းကောင်း၊ မည်သို့မျှအကျိုးရှိမည် မဟုတ်ပါ။

## ၀ ရှုတ်ထွေးအောင်လုပ်သည့်ပညာ

မိမိ၏အကြံဉာဏ်များကို ရှင်းလင်းစေရန်အတွက် အထောက်အကူပစ္စည်းများသုံးသည့်အခါရှိသကဲ့သို့ တစ်ခါတစ်ရံ၌ ရှင်းရှင်းလင်းလင်း မရှိသည်က ကိုယ့်အတွက် ပို၍အဆင်ပြေစေသည့် အခြေအနေများကိုလည်း ကြုံတွေ့နိုင်သည်။

နိုင်ငံရေးသမားများသည် တွေကတည်းကပင် ဤသို့လုပ်လေ့ရှိကြသည်။ မေးခွန်းများကို ဖြေကြားရာ၌ ဘာမှအဓိပ္ပါယ်မရှိသည့် ဝေါဟာရများသုံးနှုန်းကာ ဖြေကြားလေ့ရှိသည်။ ဤနေရာတွင် ခေတ်အဆက်ဆက် ထာဝရချန်ပီယံ ကေဆီစတန်ဂဲလ်သည် နိုင်ငံရေးသမားမဟုတ်ဘဲ ဘေ့စ်ဘောအားကစားသမားဖြစ်သည်။ နယူးယောက်ယန်းကီးစ်အသင်း၏ မန်နေဂျာအဖြစ်ဆောင်ရွက်စဉ် ဤကိစ္စဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကေဆီကအများကြီးပြောပြီး တကယ့်တကယ်တမ်းဘာမျှ အဓိပ္ပါယ်မရှိသည့် နည်းလမ်းတစ်ခုကိုတီထွင်ခဲ့သည်။ မေးခွန်းတစ်ခုကို ရှောင်လွှဲလိုသည့်အခါ မေးမြန်းသူကို ရှုတ်ထွေးအောင်လုပ်ချင်သည့်အခါ ထိုနည်းလမ်းကိုသုံးသည်။ သူဖြေချင်သည့်အခါ ရှုတ်ထွေးလည်း ကောင်းအောင်ဖြေကြားသဖြင့် ထိုနည်းလမ်းကို **'စတန်ဂဲလ်၏ပညာ (Stengelesse)'** ဟုပင်သူ့သိများလာခဲ့သည်။

သူ၏အကောင်းဆုံး လုပ်ဆောင်ချက်ကို (၁၉၆၈) ခုနှစ် ဇူလိုင်လ





(၉) ရက်နေ့ကအမေရိကန် ဆီးနိတ်ကော်မတီခွဲ၌ အစစ်ဆေးခံစဉ် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ လက်ဝါးကြီးအုပ် ဆန့်ကျင်တိုက်ဖျက်ရေး ဆီးနိတ်ကော်မတီခွဲ၏ဥက္ကဋ္ဌမှာ တန်နဆီပြည်နယ်မှ ဆီးနိတ်အမတ်အက်စ် တက်ကက်ဖ်ဖာဗာဖြစ်သည်။ သူကအဓိက ဘေ့စ်ဘောအသင်းတစ်ခု၏ ၎င်းတို့အသင်းတိုလက်ဝါးကြီးအုပ်ဥပဒေမှ ကင်းလွတ်ခွင့်ပေးရန် မေတ္တာရပ်ခံသည့် ဥပဒေတစ်ခုကို ကြားနာနေခြင်းဖြစ်သည်။ ထိုဥပဒေကို တရားရုံးချုပ်က ၁၉၂၂ ခုနှစ်၌ ခွင့်ပြုခဲ့သည်။ သက်သေခံရန်အတွက် စတန်ဂဲလ်ကို ဖိတ်ကြားပြီးသူနှင့်အတူ ထိပ်တန်းအားကစားသမား မစ်ကေးမန်တယ်လ်နှင့် အခြားအသင်းကြီးများ၏ အားကစားသမား ကိုယ်စားလှယ်များလည်း ပါဝင်ကြသည်။

ဆီးနိတ်အမတ် ကက်ဖ်ဖာဗာက စတန်ဂဲလ်အား သူ့အနေဖြင့် ဥပဒေကို ထောက်ခံပါသလားဟုမေးသည်။ စတန်ဂဲလ်၏အဖြေတစ်ချို့ကို ဖော်ပြပါမည်။

**"ဟုတ်ပါတယ် - လောလောဆယ် ကျွန်တော့်အနေနဲ့ ပြောရမှာက ဘေ့စ်ဘောဟာ အားကစားသမားတွေရဲ့အကျိုးအတွက် ဒီနေရာမှာ တိုးထင်ခဲ့ပါပြီ၊ ကျွန်တော်ဟာ ပင်စင်အစီအစဉ်ရဲ့အကျိုးကို ခံစားနေတဲ့သူတစ်ယောက်မဟုတ်ပါဘူး၊ ဒီမှာလူငယ်လေးတွေရှိ ကြပါတယ်၊ သူတို့ဟာ ဘောလုံးအသင်းတွေကို ကိုယ်စားပြုပါတယ်၊ အားကစားသမားတွေကို ကိုယ်စားပြုပါတယ်၊ ကျွန်တော်ဟာ အဖွဲ့ဝင်တစ်ယောက် မဟုတ်တာရယ် ဝင်စင်ရံပုံငွေ မရတာရယ်ဖြစ်တဲ့အတွက် ဒီနေရာအတွင်းမှာပဲ ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ အားကစားသမားတွေအတွက် ဒီကိစ္စဟာ အလွန်ကောင်းတဲ့ကိစ္စလို့ ပြောရပါလိမ့်မယ်၊ သူတို့မှာကြိုတင်ပြီး ပင်စင်လစာတွေပေးထားပါတယ်၊ ရေဒီယိုတွေ၊ တယ်လီဗေးရှင်းတွေကြောင့်ရတယ် လို့ထင်ပါတယ်၊ အဲဒီလိုမှမဟုတ်ရင် အဲဒီလိုပေးစရာငွေကြေး ရှိမှာမဟုတ်ပါဘူး"**

ဤသို့ဖြင့် အလွန်ရှုတ်ရှုတ်ထွေးထွေးရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို စတန်ဂဲလ်က ဖန်တီးသည့်အခါ ဆီးနိတ်အမတ် ကက်ဖ်ဖာဗာက **"မစ္စတာ စတန်ဂဲလ် ကျွန်တော့်မေးခွန်း မရှင်းဘူးထင်တယ်"**

စတန်ဂဲလ်က **"ဟုတ်ပါတယ်လူကြီးမင်း-အဲဒါမှန်ပါတယ်၊ ကျွန်တော်ခင်ဗျားမေးခွန်းကို ကောင်းကောင်းမဖြေနိုင်တာလည်း ဖြစ်နိုင်ပါတယ်"**

ကက်ဖ်ဖာဗာက ထိုနေရာ၌ရပ်နေပြီး **"လူကြီးမင်းခင်ဗျ - ဘေ့စ်ဘောအသင်းဟာ ဒီဥပဒေကို ဘာကြောင့်ပြဋ္ဌာန်းစေချင်ပါသလဲ"**



www.burmeseclassic.com

www.burmeseclassic.com



စတန်ဂဲလ်က ဆူဒါနည်းဗျူဟာအတိုင်း ပေကပ်နေသည်။ ကျွန်တော့်အနေနဲ့ ကျွန်တော်မသိဘူးလို့ ပြောရမှာပါ။ ဒါပေမဲ့ကျွန်တော်ပြောချင်တာက ဒီဥပဒေကို ပြဋ္ဌာန်းချင်တာဟာ ဘော့စ်ဘောကို လစာအကောင်းဆုံး၊ ဝင်ငွေအကောင်းဆုံး အားကစားနည်းဖြစ်ချင်လို့ ဖြစ်ပါလိမ့်မယ်။ ဘော့စ်ဘောရဲ့ရှုထောင့်ကကြည့်ရင် ကျွန်တော်ဒီနေရာကိုရောက်တာ အခြားအားကစားတွေကို မုန်းလို့မဟုတ်ပါ။ ကျွန်တော်ဟာ ဘော့စ်ဘောလုပ်ငန်းထဲက တစ်ယောက်ဖြစ်ပါတယ်။ ဒီအားကစားဟာ နှစ်ပေါင်း (၁၀၀) မက အခုအချိန်ထိ အခြားအားကစားနည်းတွေထက် သန့်သန့်ရှင်းရှင်း ကစားလာခဲ့တာပါ။ ကျွန်တော်အနေနဲ့ တယ်လီဗေးရှင်းတွေကရတဲ့ ဝင်ငွေအကြောင်း၊ ပွဲစဉ်တွေကရတဲ့ဝင်ငွေအကြောင်း၊ ပြောနေတာမဟုတ်ပါဘူး။ အဲဒီကိစ္စကိုထည့် စဉ်းစားစရာမလိုပါဘူး။ အဲဒီကိစ္စကို ကျွန်တော်သိလည်း မသိပါဘူး။ အားကစားသမားတွေ အနေနဲ့ ပွဲစဉ်တွေမှာ ပိုကောင်းတဲ့ဝင်ငွေတွေ ရနေတယ်လို့ ကျွန်တော်ပြောချင်တာပါ။

ဆီးနိတ်တာအမတ် ကက်ဖ်ဖာဗာသည် စတန်ဂဲလ်၏ စကားလုံးများကြောင့် စိတ်မသက်မသာဖြစ်လာသည်။ သူ့မေးခွန်းအတွက် အဖြေဘာပါလိမ့်ဟုရှာနေသည်။ ထို့နောက်သူ့ဘေးနား၌ထိုင်နေသော မန်တယ်လ်ဘက်ကို လှည့်ကြည့်ပြီး "မစ္စတာမန်တယ်လ် - ဘော့စ်ဘောနဲ့ပတ်သက်လို့ လက်ဝါးကြီးအုပ် ဆန့်ကျင်ရေးဥပဒေကို ကျင့်သုံးသင့် မကျင့်သုံးသင့် ဘယ်လိုထင်ပါသလဲ" ဟုမေးလိုက်သည်။

မက်စ်ကေးက မိုက်ကရိုဖုန်းကို ရှေ့လှည့်လိုက်ပြီး "ကျွန်တော်ထင်တာကတော့ တေဆီအတိုင်းဘဲဖြစ်ပါတယ်" ဟုပြောလိုက်သည်။

■





စကားပြောအကောင်းဆုံးနှင့် အညံ့ဆုံးပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

## ကျွန်တော်ကြုံဘူးသည့် စကားပြောအကောင်းဆုံးနှင့် အညံ့ဆုံးပုဂ္ဂိုလ်များ

- စကားပြောကောင်းတစ်ယောက်၏ အရည်အချင်း (၄) ရပ်
- အရည်အချင်း (၄) ရပ်စလုံးရှိသူအချို့
- ပြန်မမေးချင်တော့သည့် စည့်သည်များ
- ၎င်းတို့ထံမှ ရရှိသည့်သင်ခန်းစာများ

စကားဝိုင်းထဲဝင်သည့်အခါတိုင်း ကျွန်တော် အများဆုံးအမေးခံရသည့် မေးခွန်းမှာ "သင်တွေ့ဆုံမေးမြန်းခဲ့ဖူးတဲ့အထဲမှာ ဘယ်သူတွေက စကားပြော အကောင်းဆုံးဖြစ်ပြီး ဘယ်သူတွေက အညံ့ဆုံးဖြစ်သလဲ?" ဟူသည့် မေးခွန်း ဖြစ်သည်။ ဤအခန်း၌ ထိုမေးခွန်းနှင့်ပက်သက်၍ အဖြေအချို့ကိုပေးပါမည်။ ထိုအဖြေများထဲ၌ စကားပြောကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် သင်ခန်းစာ အချို့လည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁ စကားပြောကောင်းတစ်ယောက်ဖြစ်ရန်

ကျွန်တော်ဖိတ်ကြားပြောဆိုသည့် ဧည့်သည်ကောင်းတစ်ယောက်၏ အလားအလာနှင့်စွမ်းရည်ကို စံချိန် (၄) ခုဖြင့် တိုင်းတာလေ့ရှိသည်။ ခေတ်စားခြင်း အချိန်အဆင်ပြေခြင်းတို့နှင့်အတူ ထိုအရည်အချင်းများသည် ထုတ်လုပ်သူနှင့် ကျွန်တော်က ကျွန်တော်တို့၏ တွေ့ဆုံမေးမြန်းခန်းအတွက် တစ်စုံတစ်ယောက်ကို ဖိတ်ကြားရန် ဆွေးနွေးသည့်အခါတွင် အဓိကအနေဖြင့်ပါဝင်သည်။ အကယ်၍ ထိုပုဂ္ဂိုလ်၌ အရည်အချင်း (၄) ရပ်စလုံးပြည့်လျှင် ထိုသူသည် မလွဲမသွေ အလွန်ပြောင်မြောက်မည့် ဧည့်သည်ဖြစ်သည်။ အနည်းဆုံး ထိုအရည်အချင်း (၄) ရပ်တွင် (၃) ရပ်ရှိသူများကို ကျွန်တော်တို့ ဖိတ်ကြားလေ့ရှိသည်။

အလားအလာရှိသည့် ဧည့်သည်များ၏ အောက်ပါအရည်အချင်း (၄) ရပ်ကို ကျွန်တော်တို့ရှာဖွေလေ့ရှိသည်။

၁။ သူ၏အလုပ်ကို စွဲလန်းခြင်း၊
၂။ ထိုအလုပ်ကို ရှင်းရှင်းလင်းလင်း ရုပ်မြင်သံကြားကြည့်ပရိသတ်များ စိတ်ဝင်စားအောင် ရှင်းပြနိုင်စွမ်းရှိခြင်း၊ ရုပ်မြင်သံကြားကြည့် ပရိသတ်များက ပို၍ကြည့်ချင်လာကြခြင်း၊
၃။ ဒဏ်ရာရဘူးခြင်း၊
၄။ ဟာသဉာဏ်ရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ရယ်သွမ်းသွေးတတ်ခြင်း၊

ဧည့်ခံကောင်းသူတစ်ယောက်ဖြစ်ရန်သည် စကားပြောကောင်းသူတစ်ယောက်ဖြစ်ရန်ဆိုသည့် အရည်အချင်းနှင့် အနည်းငယ်ခြားနားသည်။ လယ်ရီကင်း တိုက်ရိုက်လွှင့်ထုတ်မှုသည် ကျွန်တော့်အကြောင်းမဟုတ်ပေ။ ဘီလ်ကလင်တန်ကလာပြီး ကျွန်တော့်ကိုတစ်နာရီလောက် ကျွန်တော့်အကြောင်းတွေ မေးမည်မဟုတ်ပေ။ အကယ်၍ ထိုသို့မေးလျှင် ကျွန်တော့်အနေဖြင့် ကျေနပ်မည်ဖြစ်သော်လည်း ကျွန်တော်၏ ထုတ်လုပ်သူများက အောင်မြင်သည်ဟု သတ်မှတ်ကြမည်မဟုတ်ပေ။ ထို့ကြောင့် သူတို့အကြောင်း ပြောနိုင်မည့် ဧည့်သည်များကိုသာ ဖိတ်ချင်သည်။ အထူးသဖြင့် သူတို့ဘာလုပ်သည်ကို ပြောပြနိုင်သည့်သူများလိုသည်။ သို့သော်လည်း ထိုရုပ်သံလွှင့်ချက်များ၌ အပြောကောင်းသူများသည် ညစာစားပွဲများ၊ ကောခ်တေးပါတီများ၌လည်း ဧည့်သည်ကောင်းများ ဖြစ်နိုင်သည်။

ဒဏ်ရာအနာတရရှိဖူးခြင်းဆိုသည့်ကိစ္စတွင် စကားပြောကောင်းသူ၏ အရည်အချင်းတစ်ရပ်အဖြစ် ယူဆမည်မဟုတ်ပေ။ တစ်ခါတစ်ရံ၌ ထိုအရည်အချင်းသည် အမှန်ပင်ဖြစ်သည်။ အကယ်၍သင်သည် မြို့တော်ခန်းမ၌သော်လည်း၊ တရားရုံးတော်၌သော်လည်းကောင်း၊ သင်၏လမ်းတို့နှင့်ရှင်းသေနေ့ကိစ္စနှင့်ပတ်သက်၍ အခြေအတင် ပြောဆိုနေဆဲဖြစ်လျှင် ဟာသဉာဏ်ထဲသို့သော အခြားအရည်အချင်းများလည်းရှိပါက သင်သည် စိတ်ဝင်စားစရာအကောင်းဆုံး ဧည့်သည်ဖြစ်မည်။ အကယ်၍သင်သည် စတိုးဆိုင်အရောင်းစာရေးက သူ၏အလုပ်ချိန်သည် (၅) နာရီအထိသာဖြစ်သဖြင့် ကူညီရန် အခြားတစ်ယောက်ကိုရှာပါဟုပြောသဖြင့် မကျေမနပ်ဖြစ်နေလျှင် သင်သည်လည်း စကားပြောကောင်းသူတစ်ယောက် ဖြစ်လာနိုင်သည်။ ကျွန်တော်တို့၏ ကိုယ်ပိုင်တိုက်ပွဲ ဇာတ်လမ်းများနှင့် ပတ်သက်လာလျှင် စကားကိုမရပ်မနားပြောနိုင်ကြသည်။

## ○ အကောင်းဆုံးဧည့်သည်များ

ထိုအရည်အချင်း (၄) ရပ်စလုံးပြည့်စုံသည့် လူတစ်ယောက်ကို ဖော်ပြပြီးဖြစ်သည်။ ထိုသူမှာ ဖရန့်စင်နာထရာဖြစ်သည်။ သူသည် သူ့အလုပ်ကို သူစွဲလန်းသည်။ အခြားသူများထက်ပို၍ သူ့အလုပ်ကို သူကောင်းကောင်းသိသည်။ နယူးဂျာစီ၌ သူကြီးပြင်းလာသည့် အချိန်တွင် သူ့၌မကျေမနပ်ဖြစ်နေသည့် ကိစ္စများ၊ ဒဏ်ရာဒဏ်ချက်များရှိနေသည်။

သူ့အနေဖြင့် စာနယ်ဇင်းများကို သဘောမကျ၊ သတင်းထောက်များကို လက်ခံလေ့မရှိ။ သို့သော် ရုပ်သံလွှင့်ထုတ်မှုတစ်ခု၌ မေးခွန်းမေးမြန်းသူကို လက်ခံသဘောကျပြီဆိုလျှင် စင်နာထရာသည် အေးအေးဆေးဆေး သက်သောင့်သက်သာရှိပြီး သူ့အကြောင်းနှင့်ပတ်သက်၍ ပွင့်လင်းမှုကိုလည်း တွေ့ရသည်။ သူ့ဘဝအကြောင်း၊ သူ၏ လုပ်ငန်းအကြောင်း၊ ဂီတအကြောင်း ကျွန်တော်၏ မေးခွန်းများအားလုံးကိုဖြေသည်။ သူ၏အဖြေများအားလုံးသည် အမှန်တကယ် အနှစ်သာရရှိသည်။ ဗီဇကြောင်သော၊ စာနယ်ဇင်းသမားများကို မောင်းထုတ်တတ်သောသူအဖြစ် ထင်ရှားသော်လည်း ဆင်နာထရာ







www.burmeseclassic.com

www.burmeseclassic.com



သည် ဗဟုသုတရှိသူဖြစ်သည်။ သူကိုယ်သူ ရယ်စရာလုပ်ကာ ရုပ်မြင်သံကြားကြည့်ပရိသတ်များ ရယ်ရအောင် လုပ်တတ်သူဖြစ်သည်။

ဆင်နာထရာက သူ့အကြောင်းပြောပြသည့် ဇာတ်လမ်းတစ်ခုမှာ ဒွန်ရစ်ကယ်လ်က ဖရန့်ဆင်နာထရာ၏ ဟောလိဝုဒ်စားသောက်ဆိုင်ရှိ စားပွဲသို့လာပြီး အကူအညီတောင်းသည့် ကိစ္စဖြစ်သည်။ ဒွန်ကမကြာသေးမီကမှ လက်ထပ်ခဲ့ခြင်းဖြစ်ပြီး သူ၏ယောက္ခမများလည်း ထိုစဉ်ကသူနှင့် အတူရှိနေကြသည်။

"ဖရန့် - သူတို့ကိုနှုတ်ဆက်ပေးနိုင်မလား"

ဆင်နာထရာက "ကိစ္စမရှိပါဘူး - ရပါတယ်၊ ဘာဖြစ်လို့နှုတ်မဆက်နိုင်ရမှာလဲ ခေါ်ခဲ့လေ"

ထိုအခါဒွန်က ဖရန့်အနေဖြင့် သူတို့စားပွဲကိုလိုက်ခဲ့လျှင် ပိုကောင်းမည်ဟုထင်ကြောင်း ပြောပြသည်။ ဆင်နာထရာက လိုက်ခဲ့မည်ဟုပြောလိုက်သည်။

ထို့ကြောင့်စားသောက်ဆိုင်ရှိ ရစ်ခ်ကယ်လ်၏ မိသားစုထိုင်သည့် စားပွဲသို့လိုက်သွားသည်။ ဒွန်၏ကျောကိုပုတ်လိုက်ပြီး သူ၏အရင်းနှီးဆုံးမိတ်ဆွေကိုတွေ့ရသဖြင့် ဝမ်းသာကြောင်းပြောပြသည်။

ထိုအခါ ရစ်ခ်ကယ်လ်က "အသာနေစမ်းပါ- ဒါကိုယ်ရေးကိုယ်တာကိစ္စတွ"ဟု ဟိတ်ကြီးဟန်ကြီးဖြင့် ပြန်ပြောသည်။

ဖရန့်က ထိုအကြောင်းကိုပြောရာ၌ ဝမ်းသာအားရရှိသည်။ ထိုသို့ကိုယ့်ကိုယ်ကိုယ် ရယ်စရာလုပ်သည့် အလေ့အထသည် အင်တာဗျူးလုပ်သည့်အိမ်ရှင်များက လိုလားတောင်းတနေသည့် အရည်အချင်း (၄) ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ထိုအရည်အချင်း (၄) ရပ်တွင် အနည်းဆုံး အရည်အချင်း (၃) ရပ်ရှိသူများကို တန်းစီ၍ပြပါမည်။

ဟယ်ရီထရူးမန်း-ထရူးမန်းနှင့် ပတ်သက်၍ ဖလစ်ပ်ဝဲလ်ဆင်၏ စကားကိုငှား ပြောရမည်ဆိုလျှင် "တိုယ်မြင်တာတိုယ်ရသည်။" သူသည် ကြယ်လေးပွင့်အဆင့်ရှိ ဧည့်သည်တစ်ယောက်ဖြစ်သည်။ သူ့အလုပ်ကို သူစွဲလမ်းသည်။ လတ်တလောဖြစ်ရပ်များနှင့် သမိုင်းကြောင်းကို အိတ်သွန်ဖာမှောက် အကုန်သိသည်။ သူ့အကြောင်းကို သူရိုးရိုးရှင်းရှင်း နားလည်လွယ်သည့် အင်္ဂလိပ်စကားဖြင့် ပြောပြနိုင်သည်။ စာနယ်ဇင်းနှင့် ရီပတ်ဗလစ်ကန်များကို သဘောမကျ။ ဟယ်ရီထရူး မန်း၏သူ့အကြောင်းသူ ရယ်စရာများ





ပြောပြသည်ကို မည်သူမျှ သဘောမကျဘဲမနေနိုင်။

တတ်ဒ်ဝီလျံ - သူသည် ကျွန်တော်တွေ့ဘူးသမျှ အကောင်းဆုံးတစ်ယောက်သာမဟုတ် အကြီးကျယ်ဆုံး ဧည့်သည်တစ်ယောက်လည်းဖြစ်သည်။ ထရူးမန်းနှင့်တူသည်။ ဘေ့စ်ဘောလောကတွင် သူသည်ဖွန်ဝိန်းလိုလူစားမျိုးဖြစ်သည်။

ဝီလျံကို ထင်ရှားသည့် ဧည့်သည်တစ်ယောက်ဖြစ်စေသည့် အကြောင်းအရာတစ်ခုမှာ သူက စာနယ်ဇင်းလောကကိုမုန်းသည်။ စာနယ်ဇင်းလောကကိုမုန်းသည့်သူများသည် မကြာခဏ ကြီးကျယ်သည့်ဧည့်သည်များ ဖြစ်နေကြသည်။ ရုပ်မြင်သံကြားကြည့် ပရိသတ် အတော်များများကလည်း သူတို့လိုသဘောထားရှိကြသည်။ စာနယ်ဇင်းလောကကို အပြစ်တင်သည့် ဧည့်သည်များသည် စာနယ်ဇင်းလောကက သူတို့ကို နာမည်ကြီးအောင် လုပ်ပေးသဖြင့် သူတို့ဘဝတလျှောက်တွင် ကြီးမားစွာ အထောက်အကူဖြစ်ကြသည်။

ဝီလျံသည် မည်သည့်အခါမျှ စာနယ်ဇင်းသမားများနှင့်မဆုံ။ လွန်ခဲ့သောအနှစ် (၅၀) အတွင်း ဘေ့စ်ဘောလောကတွင် အမှတ် (၄၀၀) ကျော်သွားသည့်အခါ ထိုအောင်မြင်မှုမှာ သူတစ်ဦးတည်း အောင်မြင်မှုဖြစ်သည်။ တစ်ခါက သူ့ကို "ခလုပ်ခုံများ၏ သူရဲကောင်းမဲများ" ဟု ကင်ပွန်းတပ်ခဲ့သည့် စာရေးဆရာများက အားရဝမ်းသာနှုတ်ဆက်ကြသည်။ နိုင်ငံရေးအကြောင်းတို ပြောသည့်အခါ ကျွန်တော်အပါအဝင် လူအတော်များများ၏ အခွင့်အရေးတို ရှုမြင်သုံးသပ်ပြသည်။ ဘုရားသခင်က တက်ဒ်ဝီလျံကိုစောင်မပါစေ။ ကျွန်တော်သူ့ကို ဧည့်သည်တစ်ယောက်အဖြစ်ရော လူတစ်ယောက်အဖြစ်ပါ သဘောကျသည်။

ရစ်ချတ်ဒ်နစ်ဆင် - စတုတ္ထမှတ်ကျောက်အရ ပြောရလျှင် နစ်ဆင်အမှတ်အနည်းငယ်သာရသည်။ သူ့ကိုယ်သူဟားတိုက်ချင်သည်။ သို့သော်ဟားတိုက်ရာတွင် မပြောင်မြောက်။ သူ့ကြိုးစားအားထုတ်မှုများ အရာမရောက်။

သို့သော်လည်း အခြားအရည်အချင်း (၃) ရပ်နှင့် ပတ်သက်၍ သူသည်ထူးချွန်သည့် ဧည့်သည်တစ်ယောက်ဖြစ်သည်။ သူ့ကိုဖိတ်ခေါ် မေးမြန်းရသည်ကို သဘောကျသည်။ ခွဲခြမ်းနိုင်စွမ်းတွင် အတော်ဆုံးဧည့်သည် တစ်ယောက်ဖြစ်သည်။ မည်သည့်အရာမဆို ခွဲခြမ်းသုံးသပ်နိုင်စွမ်း ပရိသတ်ကို ရှင်းပြနိုင်စွမ်းရှိသည်။ ကျွန်တော်ရုပ်မြင်သံကြား ကွန်ယက်တစ်ခု ပိုင်ဆိုင်လျှင် ကျွန်တော်တို့ လုပ်ငန်းကိုလည်းကောင်း၊ ရေရှည်ရည်မှန်းချက်များရေးန်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနေဖြင့် မည်သို့အားထုတ်နိုင်သည်ကိုလည်းကောင်း နစ်ဆင်တို့ ငွားရင်ပြီး ခွဲခြားပေးပါစေမည်။ ၁၉၉၃ ခုနှစ်ကသော်လည်းကောင်း ၁၉၉၄ ခုနှစ် အစောပိုင်းကသော်လည်းကောင်း မြောက်ကိုးရီးယားအစိုးရ၏ ဖြိမ်းခြောက်မှုများကိုရှင်းပြရန် နစ်ဆင်ကိုဖိတ်ကြားလျှင် သူ့အနေဖြင့် အဖြေများအားလုံးကိုသိပြီး ထိုအဖြေများကို ရှင်းရှင်းလင်းလင်း ပရိသတ် စိတ်ဝင်စားအောင် ရှင်းပြနိုင်သည်။

နစ်ဆင်၌ ပဥ္စမအရည်အချင်းတစ်ရပ် ရှိသေးသည်။ ထိုသည်မှာ ညှိသည်တစ်ယောက်အတွက် အဓိုဆုပင်ဖြစ်သည်။ သူသည်အကြောင်းအရာမျိုးစုံကို စိတ်ဝင်စားသူဖြစ်သည်။ ရုပ်ရှင်အကြောင်း၊ အများကြိုက် သီချင်းများအကြောင်း၊ ဘေ့စ်ဘောအကြောင်းတို့ကို ပြောနိုင်သည်။ ဘေ့စ်ဘောအကြောင်းကို အမြဲပြောသည်။ အားကစားသည်လည်း သူ၏အစွဲလန်းဆုံး လုပ်ငန်းတစ်ခုဖြစ်သည်။ နောက်မေးမြန်းသည့် အင်တာဗျူးများ၌ အကယ်၍ နိုင်ငံရေးကိုမရွေးချယ်ခဲ့လျှင် အားကစားလွှင့်ထုတ်သူဖြစ်ချင်သည်ဟု ပြောသည်။

သူ၏သားမက် ဒေးဗစ်အိုက်ဆန်ဟောင်ဝါပါသည့် ဘေ့စ်ဘောအသင်းတစ်ခုရှိသည်။ ထိုအသင်းကစားသည့်အခါ ရုပ်မြင်သံကြား၌မကြည့်ဘဲ တစ်ခါတစ်ရံ ကိုယ်တိုင်သွားသည်။ သွားသည့်အခါ ကျွန်တော်လေးစားသည့် အချက်နှစ်ခုကို အမြဲလုပ်လေ့ရှိသည်။ သန်းကြွယ်သူဌေးများထိုင်သည့် ခေါင်မိုးပေါ်က အခန်းများ၌မထိုင်ဘဲ ခပ်နိမ့်နိမ့်ခုံတန်းများမှာထိုင်ပြီး ပွဲတစ်ပွဲလုံး ပြီးအောင်ကြည့်သည်။

နစ်ဆင်အနေဖြင့် အကြောင်းအရာမျိုးစုံ၊ ကိစ္စမျိုးစုံကို စိတ်ဝင်စားခြင်းကြောင့်ပင်လျှင် တွေ့ဆုံမေးမြန်းမှုများ အားလုံးအတွက် စိတ်ကူးယဉ်စရာဖြစ်စေသည်။ နစ်ဆင်နှင့်ပတ်သက်၍ ပြောစရာကုန်သွားပြီဟု စိုးရိမ်ရန်မရှိပေ။

**အစ်လိုင်းစတီဗင်ဆန်** - ကနေဒီ သမ္မတဖြစ်နေသည့် အချိန်က စတီဗင်ဆန်ကို မီယာမီ၌တွေ့ဆုံမေးမြန်းရသည်။ ထိုအချိန်ကသူသည် ကုလသမဂ္ဂအတွက် အမေရိကန်ပြည်ထောင်စု၏ သံအမတ်ဖြစ်သည်။ ပထမပိုင်းတွင်သူ့ကို အုပ်ချုပ်ရေးမှူးဟုခေါ်နိုင်းသည်။ သံအမတ်ကြီးဟု မခေါ်နိုင်းပေ။ သူသည် အီလီနွိုက်စ်၌ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သူ၏အသံသည်ထူးခြားပြီး မျက်လုံးများက အပြာရောင်တောက်နေ





သည်။ သမ္မတရွေးချယ်ပွဲ၌ နှစ်ကြိမ်ရှုံးခဲ့ရာ ထိုနှစ်ကြိမ်မှာ အိုင်စင်ဟောင်ဝါနှင့် ယှဉ်ပြိုင်ခြင်းဖြစ်ရာ မရှုံးဘဲနေလိမ့်မည် မဟုတ်ပေ။ သူ့အနေဖြင့် ဆုံးရှုံးခဲ့သော်လည်း အမေရိကန်လူငယ်များအနေဖြင့် ပြည်သူ့ဝန်ထမ်းလောကကို စိတ်ဝင်စားစေရန်၊ မျက်မှောက်ရေးရာများကို စိတ်ဝင်စားစေရန် လှုံ့ဆော်နိုင်ခဲ့သည်။ ကျွန်တော် ပထမဆုံးမဲပေးခဲ့သည့် ကိုယ်စားလှယ်ဖြစ်ပြီး သူ ကျွန်တော်နှင့်တွေ့သည့်အခါ မည်သည့်အခါမျှ မလုပ်ဖူးသည့်ကိစ္စတစ်ခု၊ နောင်လည်း မည်သည့်အခါမျှမလုပ်ဖူးသည့် ကိစ္စတစ်ခုကို ကျွန်တော်လုပ်သည်။ သူ့ကို ကျွန်တော် အထူးလေးစားကြောင်း ထုတ်ဖော်ဝန်ခံခဲ့သည်။

ကျွန်တော်က အင်တာဗျူးစ၍ မကြာမီ “**အုပ်ချုပ်ရေးမှူးခင်ဗျာ ဒါမျိုး ကျွန်တော် အသံလွှင့်တဲ့အချိန်မှာ ပြောလေ့မရှိပါဘူး၊ ဒါပေမယ့်ခင်ဗျားကို ကျွန်တော်မဲပေးခဲ့တယ်၊ ခင်ဗျားဟာ ကျွန်တော်ရဲ့သူရဲကောင်းပါဘဲ၊ ခင်ဗျားကို ကျွန်တော်သိပ်ချီးကျူးတာပဲ**” ဟုပြောခဲ့သည်။

ထိုအခါ မျက်လုံးထောင့်များတွင် ရယ်သွမ်းသွေးသည့် **အရေး** အကြောင်းများပေါ်နေသည့် မျက်လုံးပြာများ တောက်ပြောင်လာသည်။ ၎င်းသည် သူ၏နာမည်ကျော် ဟာသထုတ်တော့မည့် အရိပ်အယောင်များဖြစ်သည်။ သူက “**ကျွန်တော်တို့ တစ်ခါမှတော့ မဆုံဖူးပါဘူး၊ ဒါပေမယ့်ခင်ဗျားဟာ လူတွေကို အတဲဖြတ်ရာမှာ အလွန်တော်တဲ့သူပဲလို့ ချက်ချင်းပြောနိုင်တယ်**” ဟု၍နောက်သည်။

စတီဗင်ဆန် ထူးခြားပြောင်မြောက်ရခြင်းမှာ သူ၏ထူးခြားသော ဉာဏ်ရည်နှင့် ဆက်သွယ်မှုစွမ်းရည်တို့ ကြောင့်ဖြစ်သည်။ သူ့ကိုယ်သူ သူ့ခေတ်က အခြားသူများထက် ကောင်းမွန်လှန်းကြီးစွာဖော်ပြနိုင်သဖြင့် သာမန်အမေရိကန်များထက် ဉာဏ်ရည်မြင့်သည့်သူအဖြစ်လည်း နာမည်ထွက်ခဲ့သည်။ ထိုအရည်အချင်းက သူ့ကိုအထောက်အကူမဖြစ်ဘဲ ထိခိုက်စေခဲ့သည်။

သို့သော်၎င်းသည် ညှိသည်တစ်ယောက်၌ အရေးကြီးသော အရည်အချင်းတစ်ခုဖြစ်သည်။ သူ့စိတ်ဆိုးသည်ကို တစ်ခါမျှမတွေ့ဘူး၊ ဖြစ်သည့် ဒဏ်ရာဒဏ်ချက်တစ်ခုမျှ မတွေ့ရ။ သို့သော်အခြား အရည်အချင်း သုံးရပ်ကို အလျှံပယ်ပိုင်ဆိုင်သည်။ သူ့ကိုယ်သူ ရယ်သွမ်းသွေး အကျင့်က အခြားပုဂ္ဂိုလ်တစ်ဦးချင်းများ၌ရှိသည့် အရည်အချင်း လည်း ပေါ်လွှင်စေသည်။ သူ့ကိုယ်သူ မည်သည့်အခါမျှ အလေး ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောရသည်မှာ ကိုးလိုးကန့်လန့်နိုင်လှသည်။ နိုင်ငံတွင် အရေးကြီးဆုံးနေရာတစ်ရာတွင် ရောက်နေသည့်လူတစ်ယောက်၊ ကမ္ဘာပေါ်၌ ထိပ်တန်းနေရာကို ရောက်နေသည့် လူတစ်ယောက်သည် သူ့ကိုယ်သူ ရေးကြီးခွင်ကျယ်လုပ်နေမည်ဟု ထင်နိုင်သည်။ သို့သော်ထိုသူများသည် ရေးကြီးခွင်ကျယ်လုပ်မနေကြပေ။ အစိုးရခေါင်းဆောင်များ၊ စီးပွားရေးလောက၊ ရုပ်ရှင်လောကနှင့် အခြားနယ်ပယ်မှ ခေါင်းဆောင်များအနေဖြင့် သူတို့ကိုယ်သူတို့ အရာရာနှင့်ပတ်သက်၍ ကြာရှည်စွာ အလေးအနက်မထားကြပေ။ ၎င်းသည် အခြေခံ အရည်အသွေးတစ်ရပ် မဟုတ်သော်လည်း ကြီးကျယ်သည့် ဧည့်သည်အတော်များများ၌ တွေ့ရသည့် အရည်အချင်းတစ်ရပ်ဖြစ်သည်။

ရောဘတ်ကနေဒီ - သူ၏ ဟာသဉာဏ်က ထိရောက်သည့် ဧည့်သည်တစ်ယောက်ဖြစ်အောင် လုပ်ပေးခြင်းခံရသူမှာ ဘော်ဘီဖြစ်သည်။ သူ့ကိုယ်သူ ဟာသလုပ်ရန်ဝန်မလေးသူအဖြစ် နားထောင်သူများ၊ ကြည့်ရှုသူများကို ပြသပြီး အမှတ်ရအောင် လုပ်နိုင်သူဖြစ်သည်။

သူ့ဝါရှင်တန်ရှိနေစဉ် အချိန်က သူ့ကို "ရက်စက်သူ" ဟူ၍ ကင်ပွန်းတပ်ခြင်းခံရသည်။ သူနှင့် တွေ့ဆုံသည့်အခါ ထိုအခြေနေမျိုးကို မတွေ့ရ။ ကျွန်တော်တွေ့ဖူးသမျှ ရယ်စရာအကောင်းဆုံး ဧည့်သည်ဟု သတ်မှတ်သည်။ ကျွန်တော်မြင်ဘူးသမျှ အကောင်းဆုံးအပြုံးပိုင်ရှင်ဖြစ်သည်။

မာရီယိုကူမို - ကူမိုသည် အမေရိကန်နိုင်ငံ၌ အကောင်းဆုံး စကားပြောကောင်းသူတစ်ယောက်ဖြစ်မည်။ အဆင်သင့်ပြင်ထားသည့် စာရွက်စာတမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အကောင်းဆုံးပြောနိုင်သည်။ အင်တာဗျူးသမားတစ်ယောက်ဖြစ်သောသင့်ကို သူကစိန်ခေါ်သည်။ ၁၉၈၄ ခုနှစ် ဒီမိုကရက်ပါတီ၏ ညီလာခံကို ဆန်ဖရန်စစ္စကို၌ ကျင်းပသည့်အခါ အုပ်ချုပ်သူကူမိုက နာမည်ကျော်မိန့်ခွန်းပြောကြားစဉ် ကျွန်တော်တက်ရောက် နားထောင်ခဲ့သည်။ ကျွန်တော်တွေ့ကြုံခဲ့ဖူးသမျှ စိတ်လှုပ်ရှားစရာအကောင်းဆုံး ပတ်ဝန်းကျင်ဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် အိုကလားဟိုးမား ကိုယ်စားလှယ်အဖွဲ့၏ ဘေးတွင် ရပ်လျက်ရှိသည်။ ထိုအဖွဲ့မှ ကိုယ်စားလှယ်တစ်ယောက်က "အဲဒီလူကို ကျွန်တော်တော့မသိဘူး၊ ဒါပေမယ့်သူက ကျွန်တော်ဘာကြောင့် ဒီမိုကရက်ဖြစ်ရတယ်ဆိုတာ သတိပေးနေတယ်" ဟုပြောပြသည်။ ဟောပြောပွဲစင်မြင့်မှ သော်လည်းကောင်း၊ အင်တာဗျူးတစ်ခု၏ ကုလားထိုင်မှသော်လည်းကောင်း





ထိုကဲ့သို့သော အကျိုးသက်ရောက်မှုမျိုးရအောင် ကူမိုကလုပ်နိုင်သည်။

မာရီယိုက ၁၉၅၀ ပြည့်လွန်နှစ်များက ပစ်တ်ဘတ်ဂ်ပါးရိတ် လယ်ယာနေခ်၏ အတွေ့အကြုံကိုပြောပြသည်။ သူ၏ခေါင်းကိုထိခိုက်ပြီး ပွဲစဉ်အတော်များများ ထွက်နေရသည်။ တစ်ရက်၌ ဘရန့်ချ်ရစ်ကီက သူ့ဆီရောက်လာသည်။ ဘရန့်ချ်ရစ်ကီသည် ကျွန်တော်လူငယ်ဘဝ ဘရုကလင်းရှိ အားတစ်အသင်းများကို စုစည်းရာ၌ သူမတူအောင် ကျွမ်းကျင်သူ ပါရမီရှင်တစ်ယောက်ဖြစ်သည်။ ယခုအခါ ရစ်ကီက ပစ်တ်ဘတ်ဂ်၏ မန်နေဂျာဖြစ်သည်။ ရစ်ကီက ကူမိုကို သူ၏အသက်မွေးဝမ်းကျောင်းကိစ္စအကြောင်း ပြောပြသည်။ သူက "သား - မင်းဟာအသင်းကြီးတွေမှာ ကစားလို့မဖြစ်ဘူး၊ မင်းဟာ ငါ့ယောက်မကောင်းဘူး၊ ဒါပေမယ့် မင်းဟာသိပ်တော်တယ်၊ ဥပဒေကျောင်းကိုသွားတွေ" ဟု ပြောခဲ့သည်။

ရစ်ကီ၏ အကြံပေးစကားကိုလိုက်နာပြီး မာရီယိုက အောင်မြင်သောအမျိုးသား အမျိုးသမီးများ၌ရှိသည့် စရိုက်နှစ်ခုကို ပြသခဲ့သည်။ ထိုနှစ်ခုမှာ အကြံကောင်း ဉာဏ်ကောင်းတစ်ခုကို ကြားလျှင်သိခြင်း၊ သူ၏ပါရမီ အစွမ်းအစများ သူ၏အားနည်းချက်များအကြောင်းကို ရိုးရိုးသားသား သိခြင်းတို့ဖြစ်သည်။

ဘေလိဝရေဟမ် - ဤပုဂ္ဂိုလ်သည် အလွန်ထင်ရှားသည့်ပုဂ္ဂိုလ် ဖြစ်သဖြင့် မည်သည့်အင်တာဗျူး၌မဆို ဧည့်သည်ကောင်းတစ်ယောက်ဖြစ်နိုင်သည်။ ကျွန်တော်၏ ထိပ်တန်းဧည့်သည်စာရင်းတွင် အမြဲတမ်းပါနိုင်သည်။ သူ့အနေဖြင့် ဒဏ်ရာအနာတရရှိသည့် မကျေနပ်မှုမျိုးမရှိ။ သို့သော်သူသည် ဒဏ်ရာအနာတရ ရထားသူ မကျေနပ်သူများကို ကူညီချင်သည့်သူဖြစ်သည်။

သူသည် သွက်လက်ထက်မြက်သော သို့သော်လည်း ညင်သာသိမ်မွေ့သော ဘာသာရပ် စိတ်ဝင်စားမှုအမျိုးမျိုးရှိသော သူတစ်ယောက်ဖြစ်သည်။ သူ့ကို ၁၉၉၄ ခုနှစ် ဧပြီလ၌တွေ့ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုးရီးယားမှ ပြန်လာပြီး ရက်အနည်းငယ်အကြာတွင် တွေ့ရခြင်းဖြစ်သည်။ သူနှင့်အတူ မြောက်ကိုးရီးယား သမ္မတထံမှ သမ္မတကလင်တန်ထံသို့ အမှာပါးလိုက်သည့်စကားကို သယ်ဆောင်လာခဲ့သည်။ ကင်အီဆွန်း မကွယ်လွန်မီ (၃) လခန့်အလိုက မြောက်ကိုးရီးယားသည် နျူကလီးယားအင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာသည့်ကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား မကျေမနပ် တင်းမာမှုဖြစ်နေစဉ်တွင် မြောက်ကိုးရီးယားသမ္မတ ကင်အီဆွန်းထံမှ သတင်းစကားကို သယ်ဆောင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်ဆိဆွန်၏သဘောထားကို ပြောပြနိုင်ပါမည်လား?" ဟု မေးသည့်အခါ သူက "မပြောပြနိုင်ဘူး" ဟု ပြောလိုက်သည်။ မှန်ပါသည်။ အခြားအကြောင်းအရာတစ်ခုကို ဆက်ပြောသည်။ ဒေါက်တာဂရေဟမ်သည် မြောက်ကိုရီးယား၏ အခြေအနေကို ယေဘုယျပြောပြသည်။ ကမ္ဘာတဝှန်းရှိ လူများသို့ သူပါးချင်းသည့် သတင်းစကားများနှင့် ပတ်သက်သည့် အစီအစဉ်ကိုလည်း ပြောပြသည်။ သူသည်စွဲလန်းစရာကောင်းသော၊ သတင်းအချက်အလက်ပေးသော ဧည့်သည်တစ်ယောက်ဖြစ်သည်။

ဘေလီဂရေဟမ်နှင့် ကျွန်တော်တို့သည် ဧည့်သည်နှင့် အိမ်ရှင်၏ ဆက်ဆံရေးမျိုးရှိကြသည်။ ကျွန်တော်တို့ ပေါင်း၍သင်း၍ အဆင်ပြေသည်မှာ ကျွန်တော်က စကားနိုင်လုလိုသူဖြစ်ပြီး ဘုရားမဲ့ဝါဒီမဟုတ်၍ဖြစ်သည်။ ဘုရားမဲ့ဝါဒီများသည် ဘုရားသခင်ရှိသည်ကို မယုံကြည်၊ စကားနိုင်လုလိုသူများ အနေဖြင့် ဘုရားသခင် ရှိသည်မရှိသည်ကို မသေချာသည့်သူများဖြစ်သည်။

စကားနိုင်လုလိုသူ ဖြစ်ရသည့်အကြောင်းရင်းမှာ ကျွန်တော်၏ စပ်စုတတ်သော စူးစမ်းလိုသော သဘာဝကြောင့်ဖြစ်သည်။ နှစ်ပေါင်းများစွာ ရုပ်သံလွှင့် အစီအစဉ်၌လည်းကောင်း ပြင်ပ၌လည်းကောင်း ဘုရားသခင်အကြောင်းကို လူအများအားမေးခဲ့သည်။ စကားနိုင်လုလိုသူများသည် ဘာသာရေးနယ်မှ ပုဂ္ဂိုလ်များနှင့်တွေ့သည့်အခါ ၎င်းတို့ကိုဆက်လက်၍ စပ်စပ်စုစုမေးမြန်းခြင်း၊ ဘာကြောင့်လဲဟု မေးမြန်းခြင်းများအတွက် အင်တာဗျူးသမားကောင်းများ ဖြစ်လာကြသည်။ အခြားတစ်ဖက်၌ ဘုရားမဲ့ဝါဒီများသည် အင်တာဗျူး၌ ဘုရားသခင်လုံးဝမရှိဟု ယုံကြည်ကြသဖြင့် အင်တာဗျူးသမားကောင်း မဖြစ်နိုင်ပေ။ စကားနိုင်လုလိုသူများသည် ငါဘာမှမသိဘူး ဆိုသည့်သူများဖြစ်ပြီး ၎င်းတို့သည် စပ်စုသူများဖြစ်သည်။ မေးခွန်းတကာတွင် အကြီးကျယ်ဆုံးဖြစ်သော ဘာဖြစ်လို့လဲ? ဆိုသောမေးခွန်းကို အစဉ်တစိုက်မေးနေ သူများဖြစ်သည်။

ဘေလီဂရေဟမ်က ထိုမေးခွန်းနှင့်ပတ်သက်၍ ကောင်းမွန်သော၊ လူသားဆန်သော အဖြေများကို အမြဲတမ်းဖြေကြားသည်။ သူသည် ယုံကြည်ရန်အကောင်းဆုံး သူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်တော်၏ ရုပ်သံလွှင့်အစီအစဉ်သို့ မကြာခဏ ဖိတ်ကြားခြင်းဖြစ်သည်။

**မိုက်ကယ်မစ်လ်ကန် - 'အပေါစားစာချုပ်တို့၏ဘုရင်'** ဟုဆိုကြသည့် မိုက်ကယ်မစ်လ်ကန်သည် စာရွက်စာတမ်းများ အတုအယောင်လုပ်မှုနှင့် ပတ်သက်သော အမှု (၆) ခုတွင် အပြစ်ထင်ရှားရှိကြောင်း စီရင်ခံရပြီးနောက်





ထောင်ကျသွားသော်လည်း သူသည်လည်း ဧည့်သည်ကောင်းတစ်ယောက်ဖြစ်သည်။ ကျွန်တော်တွေ့ဖူးသမျှ အထက်မြက်ဆုံးသူတစ်ယောက်ဖြစ်ပြီး အမေရိကန်၏ ထိပ်တန်းကုမ္ပဏီများဖြစ်သော MCI, Turner အသံလွှင့်အစီအစဉ် Taco Bell နှင့် အခြားကုမ္ပဏီများကို စုစည်းအောင် ဆောင်ရွက်နိုင်ခဲ့သည့် အထောက်အထားကိုကြည့်၍ပြောနိုင်သည်။

ကျွန်တော်၏ အင်တာဗျူးများ၌ သူ့ကိုတွေ့ရသည်မှာ ကျွန်တော့် မေးခွန်းများကို ထက်ထက်မြက်မြက် ရိုးရိုးသားသား တုံ့ပြန်ဖြေတတ်သည့် ထူးချွန်သော ဆက်သွယ်ရေးသမားကောင်းဖြစ်ကြောင်း တွေ့ရသည်။ ယခုအခါ ၌သူသည် သူ၏အချိန်၊ ငွေနှင့်စွမ်းအားများ ဖန်တီးနိုင်စွမ်းများကို သူကိုယ်တိုင် ခံစားရပြီး ဆန့်ကျင်တိုက်ဖျက်နေသည့် ဆီးအကျိတ်ကင်ဆာ ကုသရေးအတွက် ဆေးဝါးရှာဖွေရန် အသုံးပြုနေသည်။

**ဇန်နီတေး** - ဒန်နီကေးသည် ဇန်နီကေးပင်ဖြစ်သည်မှာ မှန်ပါသည်။ ကျွန်တော်တို့ အဆင်ပြေကြသည်မှာ ဘရုကလင်းကထွက်လာသည့် သူများဖြစ်၍မဟုတ်။ ဒန်နီကိုသင်တွေ့လျှင်လည်း သဘောမကျဘဲ နေနိုင်မည်မဟုတ်ပါ။ သူတို့၏ ပင်ကိုယ်သဘာဝအတိုင်း ရှိမှုကပင်လျှင် ကြီးကျယ်မြင့်မြတ်သည့် ဖျော်ဖြေရေးသမားများ ဖြစ်လာခြင်းဖြစ်သည်။ ဒန်နီကေးသည် စင်ပေါ်၌လည်းကောင်း၊ စင်အပြင်၌လည်းကောင်း အတူတူပင်ဖြစ်သည်။

တစ်ခါက အသံလွှင့်အစီအစဉ်တစ်ခု၌ ကိုလေဒိုမှအမျိုးသမီးတစ်ဦးက ဖုန်းဆက်ပြီး "ငါ့ဘဝမှာ မင်းကိုတစ်သက်လုံး စကားပြောရလိမ့်မယ်လို့ မထင်ဘူး၊ ငါမင်းကို မေးစရာမေးခွန်းမရှိပါဘူး။ ဒါပေမယ့် မင်းကိုငါပြောစရာလေး တစ်ခုရှိတယ်။ ငါ့သားက မင်းကို သိပ်ချစ်တာ၊ သူကမင်းလိုသိပ်ဖြစ်ချင်တာ၊ မင်းကိုလည်းအတုခိုးတယ်၊ သူ့ဘဝကြီးတစ်ခုလုံးက မင်းနဲ့ပတ်သတ်နေတယ်" ဟု ပြောပြသည်။

ထို့နောက်သူမက ထပ်၍ဝမ်းနည်းစရာကို ပြောပြသည်။ "သူဟာ (၁၉) နှစ်အရွယ်က ကိုရီးယားစစ်ပွဲမှာသေရှာပြီ။ အဲဒီစစ်ပွဲမှာတုန်းက သူ့ရဲ့ ရေတပ်ထဲမှာ၊ ရေတပ်က သူ့ရဲ့ကိုယ်ပိုင် အသုံးအဆောင်တွေ ပြန်ပို့တယ်၊ သူ့ပစ္စည်းထဲမှာ သူနဲ့အမြဲမကွာရှိနေတာဟာ မင်းရဲ့ဓာတ်ပုံတစ်ပုံ ဖြစ်နေတယ်၊ အဲဒီဓာတ်ပုံကို သူ့ရဲ့နောက်ဆုံး တခြားပုံတွေနဲ့အတူ ဘောင်တွပ်ပြီးသိမ်းထားတယ်၊ မင်းပုံနဲ့သူ့ပုံကို ငါဖုန်းသုတ်လာတာ နှစ်ပေါင်း (၃၀) ကျော်ပြီ၊ ဒီအကြောင်းကို မင်းကြားချင်လိမ့်မယ်ထင်ပါတယ်" ဟုပြောပြသည်။ ဒန်နီက



www.burmeseclassic.com

www.burmeseclassic.com



တော့ဒီသို့ထဲ၌ မျက်ရည်တွေကျနေပြီ၊ ကျွန်တော်လည်း မျက်ရည်တွေကျလျက်ရှိသည်၊ ပြောသူလည်း မျက်ရည်တွေကျလျက်ရှိသည်။ ထို့နောက်သူက **“မင်းရဲ့အား သဘောကျတဲ့ သီချင်းတစ်ပုဒ်ရှိလား”**

သူမက “ဟုတ်တယ် - ဝိနာလေ” ဟုဖြေသည်။

ထို့နောက် ဒန်နီကေးက သူ၏ အကျော်ကြားဆုံး သီချင်းတစ်ပုဒ်ကို တိုရီးယားစစ်ပွဲပြန် သားငယ်၏မိခင်ကို တီးဝိုင်းမပါ၊ စန္ဒရားမပါ အဆိုချည်း သက်သက် မျက်ရည်တွေကျပြီးဆိုပြသည်။

အသံလွှင့်နယ်ပယ်တွင် ထိုကာလသည် ကြီးကျယ်မြင့်မြတ်ဆုံးကာလ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလွန်လူသားဆန်သည့် ကိစ္စတစ်ခုဖြစ်၍ ဖြစ်သည်။ ဒန်နီသည် ဤကိစ္စတစ်ခုတည်း၌သာ ပွင့်လင်းသည်မဟုတ်။ သူ့အကြောင်းကိုသာ ပြောလိုသည်မဟုတ်။ လိုလိုလားလား ကြင်နာတတ်သူ၊ ကိုယ်ချင်းစာတတ်သူ၊ သူ၏ခံစားချက်ကိုလည်း ဖော်ထုတ်ပြသလိုသူဖြစ်သည်၊ လူအတော်များများတို့သည် သူတို့ခံစားချက်များကို ထုတ်ဖော်ပြသ ဝေငှလိုခြင်း မရှိကြပေ။

**ရိုစ်အန်းအာနိုး** - ကျွန်တော်သည် ရိုစ်အန်းကို လူတစ်ယောက်အနေဖြင့် သဘောကျသည်။ သူမအတွက် စိတ်မကောင်း၊ သူမသည် ဒုက္ခရောက်နေသည့် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သို့သော်သူမမှာ ဘဝမျိုးစုံရှိပြီး အကြောင်းအရာမျိုးစုံကို စိတ်ဝင်စားသည်။ အောင်မြင်သည့် ဟာသပညာရှင်တစ်ယောက်အနေဖြင့်သာမက ရုပ်သံလွှင့်အစီအစဉ်နှစ်ခုနှင့် အခြားစီးပွားရေး လုပ်ငန်းများကိုလည်း ပိုင်ဆိုင်သည့် အမျိုးသမီး အမှုဆောင်အရာရှိတစ်ဦး ဖြစ်သည်။

ရိုစ်အန်းနှင့် အင်တာဗျူးလုပ်ရသည်ကို ပျော်သည်။ သူမပြောနေသည့် အကြောင်းအရာကို သူမ ကောင်းကောင်းနားလည်သည်။ သူမလုပ်ငန်းကို သူမ စွဲစွဲလန်းလန်းရှိသည်။ သူမကိုယ်သူမလည်း ဟားတိုက်ရယ်မောတတ်ပြီး သူမမှာလည်း ဒဏ်ရာတွေရှိသည်။

လယ်ရီကင်း တိုက်ရိုက်လွှင့်ထုတ်မှု အစီအစဉ်သို့ သူမ,လာသည့်အခါ မှားယွင်းမှုတစ်ခု သူမလုပ်သွားသည်။ ထိုမှားယွင်းမှုကြောင့် ကျွန်တော် အထိတ်တလန့်ဖြစ်သွားသည်။ အတွေ့အကြုံရှိသည့် ရုပ်မြင်သံကြားဖျော်ဖြေသူ တစ်ယောက်သည် ထိုသို့လုပ်မည်ဟုမထင်။ သူမသည် မိတ်ကပ်များကို အလွန် အကျွံ လိမ်းချယ်ထားပြီး မျက်စိချင်းအနည်းငယ်သာဆုံသည်။ ကျွန်တော့်ကို





မကြည့်၊ ကင်မရာကိုလည်းမကြည့်၊ ကျွန်တော်သည် ရုပ်မြင်သံကြား၌ လည်းကောင်း၊ တစ်ယောက်,တစ်ယောက်ချင်း တွေ့ဆုံသည့်အခါ၌လည်းကောင်း မျက်စိချင်းဆုံသည့်ကိစ္စသည် အရေးကြီးကြောင်း အမြဲတမ်းပြောလေ့ရှိသည်၊ ရုပ်မြင်သံကြား၌လည်းကောင်း တစ်ယောက်တစ်ယောက်ချင်း တွေ့ဆုံသည့်အခါ၌လည်းကောင်း ရုပ်မြင်သံကြား ကြည့်ပရိသတ်များသည် မိတ်ကပ် အလွန်အကျွံလိမ်းထားသည့် သူမကိုကြည့်၍ ဟားတိုက်ကောင်းဟားတိုက်မည်၊ ဝရုမစိုက်ဘဲ နေချင်လည်းနေမည်။ သို့သော် ရိုစ်အန်းတို့လို ထင်ရှားသည့်ပုဂ္ဂိုလ်က မျက်စိချင်းမဆုံသည်ကိုကြည့်ပြီး တစ်စုံတစ်ရာကို လိမ်ညာနေသည်၊ တစ်စုံတစ်ခုကိုဝှက်ထားသည်၊ အကြောင်းတစ်ခုခုကြောင့် တစ်စုံတစ်ရာကို ရှောင်ရှားနေသည်ဟု ထင်ကြသည်။

## ၁ ကျွန်တော်၏အညွှန့်ထုံးဧည့်သည်များ

တစ်ခါတစ်ရံ၌ အလွန်စိတ်ဝင်စားစရာကောင်းမည်ဟု မျှော်လင့်သော ပြောစရာ ဇာတ်လမ်းကောင်းကောင်းတစ်ခုရှိသော ပုဂ္ဂိုလ်များသည် အလွန်ညံ့ဖျင်းသော သာမန်ရွက်ကြမ်းရေကြိုလောက်သာရှိသော ဧည့်သည်များ ဖြစ်သွားကြသည်။ သင့်အနေဖြင့် ထိုသို့ အင်တာဗျူးမျိုး ကြုံကောင်းမှကြုံမည် ဖြစ်သော်လည်း သူတို့၏အတွေ့အကြုံမှ သင်ခန်းစာယူစရာတွေရှိသည်။

ထိုအကြောင်းအရာ ထိုစကားကိုသာ ထပ်ခါတလဲလဲ ပြောနေသည့် သူတစ်ယောက်သည် နိုင်ငံရေးအကြောင်းဖြစ်စေ၊ စိတ်ခံစားမှုအကြောင်း ဖြစ်စေ၊ ဒဿနအကြောင်းဖြစ်စေ၊ ထပ်ခါတလဲလဲပြောနေလျှင် ထိုသူသည် စကားပြောညံ့ဖျင်းသော ဧည့်သည်တစ်ယောက်ဖြစ်သည်။

အန်နီတာဘရိုင်ယန့်အနေဖြင့် ယခုထက်ပို၍ကောင်းသော ဧည့်သည် တစ်ယောက်ဖြစ်နိုင်သည်။ သူမဘဝ စောစောပိုင်းတွင် သူမသည် စကားပြောကောင်းသူ ဖြစ်ခဲ့သည်ဟု ကျွန်တော်ထင်သည်။ သို့သော် ကျွန်တော်နှင့် တွေ့ဆုံသည့်အခါ ဘာသာရေးကိစ္စများအပေါ်တွင် သိပ်စွဲလန်းနေသည်။ ဘာသာရေး ကိစ္စများသည် သူမအတွက် အဓိပ္ပါယ်ရှိကောင်းရှိမည်။ သို့သော် ဘာသာရေး အယူအဆပြောင်းလဲပြီးနောက် အသစ်ပြန်လည် မွေးဖွားလာသည်ဟု ယူဆသောပုဂ္ဂိုလ်များသည် ရုပ်မြင်သံကြား အင်တာဗျူးအစီအစဉ်များ၌



www.burmeseclassic.com

www.burmeseclassic.com



အပျော်ပြောကောင်း အဆိုကောင်းများ မဟုတ်ကြပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်နှင့် ဘာသာရေးအကြောင်းများသည်သာ သူတို့ပြောဆိုလိုသည့် တစ်ခုတည်းသော အကြောင်းအရာဖြစ်၍ဖြစ်သည်။ ထိုအကြောင်းအရာမှလွဲ၍ အခြားအကြောင်းအရာများကို ပြောခိုင်းရန်ခက်သည်။ အခြားသူများ နားလည်အောင် ပြောခိုင်းရန်လည်းခက်သည်။

ထိုအလားတူ အကြောင်းမျိုးကြောင့်ပင်လျှင် ဘော့ဟုပ်သည်လည်း စိတ်ဓာတ်ကျစရာကောင်းသည့် ဧည့်သည်တစ်ယောက် ဖြစ်လာခဲ့သည်။ ဘော့ဟုပ်၏ကိစ္စ၌ သူကအကြောင်းအရာ တစ်ခုတည်းကို စွဲလန်းနေ၍ မဟုတ်ဘဲ ပြောပုံဆိုပုံကြောင့် စိတ်ပျက်ရခြင်းဖြစ်သည်။ မေးခွန်းတိုင်းကို ပြက်လုံးထုတ်နေ၍ဖြစ်သည်။

ကျွန်တော်ပြောခဲ့သလိုပင် သူသည်အလွတ်သဘော အများရှေ့တွင်ပြောသည့်အခါ၌ ထိုသို့လုပ်လေ့မရှိပေ။ သို့သော် ကင်မရာက သူ့ကိုချိန်ထားသည့်အခါ သူ့ကိုသရုပ်ဆောင်ခိုင်းသည်ဟု ထင်နေပုံရသည်။ မေးခွန်းများကို ခပ်တိုတိုဖြေပြီး ရယ်စရာလုပ်ပစ်သည်။ ရုပ်မြင်သံကြားကြည့် ပရိသတ်များ စိတ်ဝင်စားမည့် အကြောင်းအရာများကိုပြောစေရန် အတတ်နိုင်ဆုံး ကြိုးစားသည်။ သို့သော် သူကပြက်လုံးထုတ်ရန်သာ စိတ်ဝင်စားနေသည်။ လူရွှင်တော်တစ်ယောက်အနေဖြင့် ပြက်လုံးထုတ်သည်မှာ သဘာဝကျသည်။ သို့သော် အင်တာဗျူးကောင်း ဖြစ်ရန်ဆိုလျှင် ပြက်လုံးများထုတ်ရန်နှင့် မလုံလောက်ပေ။

ဝိလျံရှုရှာသည် ကျွန်တော်၏ စံချိန် (၄) ခု အနက် (၃) ခုနှင့် ကိုက်ညီသည့်သူဖြစ်သည်။ သို့သော် ကျွန်တော်ကို ဒုက္ခရောက်အောင်လုပ်သော ဧည့်သည်ဆိုးတစ်ယောက်ဖြစ်သည်။ ရုပ်မြင်သံကြားကြည့် ပရိသတ်များကလည်း ကြိုက်မည်မဟုတ်ဟုထင်သည်။ သူသည် ယခင်က နေရှင်းရီဗျူးအမည်ရှိစာစောင်ကို ထုတ်ဝေသူဖြစ်ပြီး တရားသေနိုင်သော နိုင်ငံရေးဆောင်းပါးရှင် တစ်ယောက်လည်းဖြစ်သည်။

ဘရုကလင်းမှ ထွက်လာသောသူများအနေဖြင့် သူ့အကြောင်းကိုပြောသည့်အခါ ရှုရှာသည် စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်သည့်သူဟု ပြောလျှင် နားလည်နိုင်ကြသည်။

သူ၏ နေပုံထိုင်ပုံသည် ကျောက်သင်ပုန်းပေါ် လက်သည်းဖြင့်ခေါက်သည့်အသံကဲ့သို့ အနှောက်အယှက်ဖြစ်ရသည်။

ရှုရှာ၏လက်ယာဆန်သော နိုင်ငံရေးအယူအဆများကြောင့်





ဧည့်သည်ဆိုးဟု သတ်မှတ်ခြင်းမဟုတ်ပေ။ ပွင့်ပွင့်လင်းလင်းပြောတတ်သည့် လက်ယာဝါဒီများသည်လည်း ဧည့်သည်ကောင်းများဖြစ်နိုင်သည်။ နယူးဂင်းဂရစ်ချ်သည်လည်း ထိုသူထဲမှတစ်ယောက်ဖြစ်သည်။ ပက်ဘူကာနန်နှင့် ဒန်ကွေးလ်ဘို့သည် အလားတူပင်ဖြစ်သည်။ သူတို့လည်း ရှုရှာကဲ့သို့သော အမြင်မျိုးကို ရှိကြသည်။ သို့သော် သူတို့က အလွယ်တကူ ရယ်မောနိုင်ကြသည်။ ဟာသလုပ်လျှင်လည်းခံသည်။ အခြားသူများ၏ ကွဲပြားသော ရှုထောင့်များကိုလည်း နားထောင်နိုင်ကြသည်။

ရှုရှာကမူ ထိုကဲ့သို့သူမျိုးမဟုတ်ပေ။ သမ္မတရစ်ချ်နစ်ဆင် ကွယ်လွန်သည့်အခါ ဝါရှင်တန်ပို့စ်မှ ဖေးလ်မက်ကွမ်းက ရှုရှာပြောသည့် စကားတစ်ခုကို ကောက်နုတ်ပြသည်။ ရှုရှာက "သမ္မတနစ်ဆင်နှင့် ပတ်သက်၍ ကျွန်တော်ပြောခဲ့သမျှ အရက်စက်ဆုံးမှာ မူမရှိဘဲမွေးဖွားလာခြင်းသည် သူ့အပြစ်မဟုတ်၊ ခြေပြတ်လက်ပြတ် မွေးဖွားလာခြင်းသည် ကလေးတစ်ယောက်၏ အပြစ်မဟုတ်သကဲ့သို့ပင်ဖြစ်သည်" ဟု ပြောခဲ့သည်ကို ကောက်နုတ်တင်ပြသည်။

ရှုရှာနှင့်မတူ လက်ဝဲဘက်ယိမ်းသူများ၌ နိုင်ငံရေးနယ်ပယ်တွင် ထင်ရှားသူမှာ ဘော့ကနေဒီ၏ ပြန်ကြားရေးအရာရှိ ဖရန့်မက်ကီးဝေ့ဖြစ်သည်။ သူက သမ္မတနစ်ဆင်အကြောင်းပြောသည့်အခါ မက်ကီးဝေ့က "တခြား ကောင်းမြင်တဲ့ နိုင်ငံရေးသမားတွေနဲ့စာရင် သူ့ကိုယ်သူ လေးစားမှုနိမ့်တယ်လို့ ထင်တယ်" ဟူ၍သာမှတ်ချက်ပေးသည်။ သူ့ကို လူတွေက ကြိုက်တော့ ကြိုက်သည်၊ ဒါပေမယ့် သိပ်မကြိုက်ဟုပြောသည်။

ထိုအမြင်သည် သန်းပေါင်းများစွာသော အမေရိကန်တို့က သဘောတူစရာရှိသည့် မျှတသောအမြင်တစ်ခုဖြစ်သည်။ ဂျွန်နှင့် ရောက်ဘတ်ကနေဒီတို့၏ အခြားအကြံပေးအရာရှိများကဲ့သို့ပင် မက်ကီးဝေ့သည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် နစ်ဆင်အင်အားစုနှင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ရသူဖြစ်သည်။ ထို နှစ်ဖက်ကြားတွင် တင်းမာမှုရှိသည်။ သို့သော်လည်း ဖရန့်ကနစ်ဆင်ကိုမုန်းကြောင်း လုံးဝအသုံးမကျသည့်သူ ဖြစ်ကြောင်း မည်သည့်အခါမျှမပြော၊ နစ်ဆင်အပေါ် အေးအေးဆေးဆေး ကြောင်းကျိုးမျှတသည့် အကဲဖြတ်မှုကိုသာ ပြောသည်။ ထိုအကဲဖြတ်မှုကိုလည်း အမေရိကန်အတော်များများက သဘောတိုက်ဆိုင်နိုင်စရာ အကြောင်းရှိသည်။

ရှုရှာ၏ ကြမ်းတမ်းရိုင်းစိုင်းသော ဝေဖန်ချက်က နစ်ဆင်၏ အကြောင်းထက် ရှုရှာ၏အကြောင်းကို ပို၍ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ အညံ့တကာအညံ့ဆုံး ဉ‌ေယျာဉ်သည်များနှင့် ပတ်သက်လျှင် ကျွန်တော့်အဖြေမှာ မည်သည့်အချိန်မေးမေး အတူတူပင်ဖြစ်သည်။ ထိုသူမှာ ရောဘတ်မက်ချမ်ဖြစ်သည်။

တစ်ညသ၌ မက်ချမ်သည် ကျွန်တော်၏ ရုပ်မြင်သံကြား အစီအစဉ်သို့ရောက်လာသည်။ ထိုကဲ့သို့ သူဘာကြောင့်လုပ်သည်ကို ကျွန်တော် ယနေ့အထိ နားမလည်နိုင်။ မက်ချမ်သည် ဗွန်ဝိန်းပုံစံမျိုး အမြဲလုပ်လေ့ရှိသည်။ သို့သော် ခြားနားချက်မှာ မက်ချန်သည် တစ်ခါတရံ၌ ဦးထုပ်အမည်းဆောင်းသည့် လူဆိုးတစ်ယောက်ဖြစ်သည်။ ဗွန်ဝိန်းက ဦးထုပ်အဖြူကိုသာဆောင်းသည်။ ၎င်းတို့နှစ်ယောက်ကြားတွင် တူညီသည့်အချက်များရှိသည်။ သူတို့နှစ်ယောက်သည် စကားနည်းနည်းလက်ရဲရဲ ပုံစံမျိုးဖြစ်သည်။ သို့သော် ထိုသည်မှာ သူတို့၏ ကာလ၊ သူတို့၏ခေတ်၊ သူတို့၏ပုံစံဖြစ်သည်။ လက်တွေ့ဘဝတွင် ထိုကဲ့သို့ မဟုတ်ကြပေ။ ဟုတ်ရော ဟုတ်ပါသလား?။

ဗွန်ဝိန်းနှင့် လုံးဝ အင်တာဗျူး မလုပ်ခဲ့ဖူးသော်လည်း မက်ချမ်နှင့် စကားပြောခွင့်ရသည်။ ပြောခွင့်ရသည်ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ သူ စိတ်မပါဘဲ အဘယ့်ကြောင့်လာရသည်ကို ကျွန်တော်နားမလည်။ ထိုညစာစားပွဲကို စိတ်ဝင်စားခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းအရာကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။

သို့သော်မည်သည့် အကြောင်းကြောင့်ဖြစ်စေ ထိုပုဂ္ဂိုလ်က ကျွန်တော့်အား ဘာမျှပေးမသွား။ အောက်ပါအတိုင်းဖြစ်နေသည်။

"ဗွန်ဟပ်စတန် ဒါရိုက်တာလုပ်တဲ့ကားထဲမှာ ရိုက်ရတာ ဘယ်နဲ့နေပါသလဲ"

"သူကကောင်းပါတယ်"

"ဗွန်ဟပ်စတန်နဲ့ရိုက်ရတာရယ်၊ ဗွန်စမစ်နဲ့ ရိုက်ရတာရယ်မှာ ခြားနားချက်တွေရှိပါသလား"

"သိပ်မရှိပါဘူး"

ကျွန်တော်၏ အခြားမေးခွန်းများအားလုံးကိုလည်း "ဟုတ်တယ်" "မဟုတ်ဘူး" ဆိုသည့် အဖြေမျိုးသာဖြေသည်။

ယခုခေတ်တွင် ထင်ရှားဆုံးသူတစ်ယောက်ဖြစ်သော ရောဘတ်ဒီနီရို အကြောင်းကိုမေးသည်။

"ကျွန်တော်သူ့ကိုမသိဘူး" ဟုဖြေသည်။





ထိုအဖြေကိုကြားရသည့်အခါ ကျွန်တော်ထိတ်လန့်တုန်လှုပ်ပြီး စိတ်ပျက်သွားရသည်။ အဘယ်ကြောင့်ဆိုသော် မက်ချမ်သည် သူများအထင်ကြီးစရာ သူရဲကောင်းဖြစ်နေ၍ဖြစ်သည်။ ပရိသတ်အတွက် စိတ်ပျက်ခဲ့ရသလို ကျွန်တော်အတွက်လည်း စိတ်ပျက်ခဲ့ရသည်။ စနေနေ့ညနေပိုင်း ဘုရားကလင်းရှိ ဘန်ဆန်းရုပ်ရှင်ရုံသို့ သွားစဉ်အခါတုန်းက ဟာဘီကိုဟင်နှင့် အခြားဒေးဗီးဖရိုင်းကဲ့သို့သော ပုဂ္ဂိုလ်များလို မက်ချမ်သည်လည်း ကျွန်တော်တို့လို လူစားမျိုးပင်ဖြစ်သည်။ တွင်းတစ်ခုထဲသို့ တွားဝင်သွားပြီး ထိုတွင်းထဲကဘာမှ မလိုချင်သလိုလို လူအဖွဲ့အစည်းကို မထေမဲ့မြင်ဆက်ဆံခြင်းသည် ကျွန်တော့်အတွက်လည်း မကောင်း ကျွန်တော့်ပရိသတ်အတွက်လည်းမကောင်း။

ရောဘတ်မက်ချမ် ဇာတ်လမ်းက သင်ခန်းစာတစ်ခုကိုရသည်။ သင်သည်အတော်ဆုံး အင်တာဗျူးသမား သို့မဟုတ် စကားပြောအကောင်းဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နိုင်သည်။ သင့်အနေဖြင့် မြှမ်းခြောက်ခြင်း၊ နှိပ်စက်ခြင်း၊ လာဘ်ပေးခြင်း စသည့်နည်းမျိုးစုံကိုသုံးနိုင်သည်။ သို့သော် တစ်ယောက်ယောက်က စကားမပြောတော့ရန် ဆုံးဖြတ်ပြီးပြီဆိုလျှင် သူ့ကိုစကားပြောနိုင်အောင် မရတော့ပေ။ ထိုသူစကားပြောအောင် ဆက်မကြိုးစားတော့ဘဲ စကားပြောမည့် အခြားတစ်ယောက်ကိုရှာပါ။ အကယ်၍ သင်ကစကားပြောရန် အစီအစဉ်တစ်ခု အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပရသူဆိုလျှင် သင်၏ထုတ်လုပ်သူတို့ ထိုဧည့်သည်နှင့် နောက်ထပ်ထပ်တွေ့ရန် မချိန်းဆိုပါနှင့်ဟုပြောပါ။

■



www.burmeseclassic.com

www.burmeseclassic.com



အရှက်ကွဲစရာ အမှားများနှင့် ကျော်လွှန်နည်း

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

## အရှက်ကွဲစရာအမှားများနှင့် ကျော်လွှားနည်း

- ကျွန်တော်၏ အကြီးကျယ်ဆုံးအမှား
- ပြပွဲနှင့်အတူ
- လျှာရှိလျှင်ရွှတ်မည်

စတင်၍ စကားပြောတတ် ကတည်းကပင်လူသည် အမှားအယွင်းများကိုလုပ်လာခဲ့သည်။ လူထုဆက်သွယ်ရေးနည်းလမ်းများ၊ ထွန်းကားလာသည့် ကျွန်တော်တို့ခေတ်၌ အမှားများသည် ကြီးသည်ထက်ကြီးလာခဲ့သည်။ အသံလွှင့်လောကတွင်လည်း အမှားများစွာကို ကြုံခဲ့ရသည်။ ဟယ်ရီဗွန်ဇဲလ်သည် ရေဒီယိုခေတ်အစောပိုင်း၌ မိုက်ခရိုဖုန်းတစ်လုံးကိုစွဲလိုက်ပြီး ပရိသတ်ကို စကားပြောမည့်သူတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ထိုသို့မိတ်ဆက်ပေးရာ၌ **"လူကြီးမင်းများခင်ဗျား ဒီနေရာမှာရောက်နေတာကတော့ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကြီး ဟူးဘတ်ဟီဘာပါပဲ"** ဟု ပြောကတည်းကပင် စ၍မှားခဲ့ခြင်းဖြစ်သည်။ သမ္မတကြီး ဟားဘတ်ဟူဘာကို ဟူးဘတ်ဟီဘာဖြစ်အောင် မှားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလွှင့်လောက၌သာ အမှားများရှိသည် မဟုတ်ပေ။ သင်မှားလျှင်သော်မှ ဆက်လုပ်ပါ။ မတုန်လှုပ်ပါနှင့်။ အမှားကိုခါချလိုက်ပြီး ဆက်လုပ်ပါ။ သင်တစ်ယောက်တည်း မှားသည်မဟုတ်ကြောင်းသိပါ။

ဟယ်ရီဗွန်ဇယ်ကလည်း အမှားကိုခါချပစ်ခဲ့သည်။ ထိုပုံဘာတ် အမှားအယွင်းသည် အမှားအယွင်းတကာတို့၏ ဘိုးအေကြီးဖြစ်သော်လည်း ရေဒီယိုလောကတွင် သူသည် ဆက်လက်အောင်မြင်နေသည်။ ရုပ်မြင်သံကြားလောကတွင်းသို့လည်း ဆက်လက်ကူးပြောင်းသွားသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက လူကြိုက်များသော ဂျော့ဂ်ဘန်းနှင့် ဂရေစီအဲလန်းတို့ အစီအစဉ်၏ အိမ်ရှင်နှင့်သရုပ်ဆောင်အဖြစ် လူတွေကသူ့ကို သတိရနေကြသည်။

မည်သို့စကားပြောရမည်ဆိုသည့် စာအုပ်တစ်အုပ်ကိုရေးသဖြင့် ကျွန်တော်လည်း မမှားနိုင်ဟု မဆိုလိုပါ။ ကျွန်တော်၏နောက်ကြောင်းကို ပြန်တွေးကြည့်သည့်အခါ ကျွန်တော်ဂုဏ်ယူစရာ ကိစ္စများရှိသကဲ့သို့ ကျွန်တော် မေ့ချင်သည့် မေ့မရနိုင်သည့် ကိစ္စများလည်းရှိသည်ကို တွေ့ရသည်။

## ○ အမှားများကို စွဲမြဲစေနည်း

'ပလေဂျာညီအစ်ကိုပေါင်မုန့်' အတွက် ကြော်ငြာရိုက်စဉ်က ရှက်စရာအကောင်းဆုံး ဖြစ်ရပ်တစ်ခုဖြစ်သည်။ ထိုကြော်ငြာအတွက် ဆောင်ပုဒ်မှာ "ပလေဂျာဘရားသားသည် ပေါင်မုန့်ထဲမှာအကောင်းဆုံး" ဟူ၍ဖြစ်သည်။

ကြော်ငြာအစီအစဉ် တစ်ခုစတင်ရန်အတွက် ငွေကြေးစိုက်ထုတ်သူနှင့် ကြော်ငြာကိုယ်စားလှယ်တို့က ကျွန်တော့်ကို တိုက်ရိုက်ကြော်ငြာသင့်ကြောင်း ဆုံးဖြတ်ကြ သည်။ ညနေပိုင်းသတင်းလွှင့်ထုတ်နေစဉ် ထိုကြော်ငြာ အစီအစဉ် ဖြတ်ဝင်သည်။ ပထမအသံလွှင့်ရုံမှ ကြော်ငြာကိုဖတ်ပြမည်။ ထို့နောက် ကြော်ငြာစာသားကို ရွတ်ဆိုလိုက်သည်။ "Plager Brothers-For the Brest in Bed" အမှန်မှာ "the Best in Bread" ဟူ၍ ဖြစ်သည်။

ဒုတိယ အသံလွှင့်ရုံ၌လည်း ထိုအတိုင်းပင်ထပ်မှားသည်။

တတိယ အသံလွှင့်ရုံ၌လည်း ထိုအတိုင်းပင်ထပ်မှားသည်။

ပထမအမှားကို နောက်မမှားရအောင် ဆင်ခြင်လွန်းသဖြင့် ထပ်မှားရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အမှားအယွင်းတစ်ခုကို ခါချလိုက်ပြီး ဟန်မပျက်



ဆက်သွားနေရန် အရေးကြီးသည်ဟု ပြောခဲ့ခြင်းဖြစ်သည်။ ကိုယ်ဘာပြောခဲ့သည်ကို ထပ်မလုပ်မိရန် ကြောက်လန့်မနေသင့်။ ကြောက်လန့်နေပြီဆိုလျှင် ထပ်လုပ်ဖြစ်သည်။ ထို့ကြောင့်ပင် အမှားကိုစွဲမြဲစေသည့်နည်းဟု ကျွန်တော်တခေါ် ဆိုခြင်းဖြစ်သည်။

ဂျော့ချ်ဘန်းစ်လည်း ဤကဲ့သို့လုပ်တတ်သည်။ ဘန်းသည် နှစ်သူယောက်အရှေ့ဘက်ခြမ်းရှိ ငယ်သူငယ်ချင်းဟောင်းတစ်ယောက်ဖြစ်သော ဂျက်စ်ဘန်နီနှင့်တွေ့ရာ၌ ထိုသို့ဖြစ်ခဲ့သည်။ ဘန်းစ်က အခန်းထဲတိုဘာမှမပြော၊ ဘာမှမလုပ်ဘဲ ဝင်လာသည့်အခါ ဘန်နီက ဟားတိုက်ရယ်မောသည်။ ဘန်းစ်က သူ့အကြောင်းကိုသိပြီး သဘောလည်းကျသည်။ ဂျော့ချ်ကဟားတိုက်ရယ်မောခြင်းမပြုရန် သတိပေးထားရာ ထိုသို့သတိပေးထားသဖြင့် အကြိမ်ကြိမ်သတိရရန်ကြိုးစားသလိုဖြစ်ပြီး ဟားတိုက်ရယ်မောမိခြင်းဖြစ်သည်။

ဘန်းစ်နှင့်ဘန်နီကို တစ်ခါက နဲလ်ဆန်းအဲဒီနှင့်တွဲပြီး ကျော်ကြားခဲ့သည့် ဂျန်းနက်တ် မက်စ်ဒေါ်နယ်လ်၏ အိမ်သို့ ညစာစားပွဲတက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည်။ ၎င်းတို့သည် ၁၉၃၀ ပြည့်လွန်နှစ်များနှင့် ၁၉၄၀ ပြည့်လွန်နှစ်များကကျော်ကြားသော အဆိုတော်များဖြစ်သည်။ ဘန်းစ်က ဘန်နီနှင့် စကားပြောနေသည်။ ထိုပုံစံမှာ ဂျော့ချ်အနေဖြင့် ဘန်နီကိုဟာသထုတ်၍ အကောင်းဆုံးပုံစံတစ်ခုဖြစ်သည်။

"ဂျက် - ဂျန်းနက်တ် မက်စ်ဒေါ်နယ်လ်ရဲ့ ညစာစားပွဲကို တနင်္ဂနွေနေ့ကျ သွားမှာလား"

"အို - ဟုတ်တာပေါ့၊ ဖိတ်စာအမြဲတမ်းရတာဘဲ"

" ဟုတ်ပါပြီ - ညစာစားပွဲအပြီးကျရင် ဂျန်းနက်တ်က သီချင်းဆိုပြလိမ့်မယ်"

" ဟုတ်ပါတယ်၊ ကျွန်တော်လည်း ခဏခဏ ရောက်ဖူးပါတယ်"

ထို့နောက်ဘန်းစ်က သူ့ကိုသတိပေးလိုက်သည်။

" အဲဒီအခါကျရင် မရယ်နဲ့နော်"

"ဘာဖြစ်လို့ရယ်ရမှာလဲ"

"မရယ်နဲ့နော်"

တနင်္ဂနွေနေ့သို့ ရောက်လာသည်။ ဘန်းစ်က ဘန်နီကိုဝင်ခေါ်ပြီး ပြောသည်။ ထိုသို့ပြောသည့်အခါ၌လည်း "မမေ့နဲ့နော် - မရယ်နဲ့" ဟု ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွန်းနက်မက်စ်ဒေါ်နယ်လ်ထရပ်ပြီး ပထမဆုံးသီချင်းကို ဆိုသည့်အခါ ဘန်နီတာ တားတိုက်ရယ်မောသည် ထိုအခါဘန်းစ်က သူ့လက်ချက် မဟုတ်သလောင် ခပ်တည်တည်ထိုင်နေသည်။ ဤသည်မှာ ဘန်နီကလပ်စ် ဘာ့ဂက်စ်၌ သူ၏ပထမဆုံး ဟာသဇာတ်လမ်းကို သရုပ်ဆောင်နေစဉ် ပထမတန်း၌ သတင်းစာထိုင်ဖတ်နေသူ ပုံမျိုးပင်ဖြစ်သည်။

ဤဇာတ်လမ်းများကို ပြောရသည်မှာ အကြောင်းရှိသည်။ တစ်ခုခုကို ဆောက်သွားလျှင် ဘာဖြစ်နိုင်သည်ကို ပြလို၍ဖြစ်သည်။ တစ်ခုခုဖြစ်တော့မည်ဟု စိတ်စွဲနေလျှင် ထိုစိတ်စွဲနေသည့်အတိုင်း ဖြစ်အောင်လုပ်ပေးရာ ရောက်သည်။ ထိုအတိုင်းဖြစ်အောင် ဆန္ဒရှိနေသည်။ ထို အစွဲအလန်းပျောက်အောင် အာရုံစူးစိုက်မှု၊ ကြိုးစားအားထုတ်မှု၊ သန္နိဋ္ဌာန်ချမှတ်မှုတို့ လိုအပ်ပြီး ထိုအစွဲအလန်းပျောက်စေရန် ဆောင်ရွက်နိုင်သည်။

အားလုံးသည်မှားတတ်ပြီး ထိုမှားတတ်သမျှ အားလုံးကိုလည်း အားလုံးထိန်းနိုင်မည် မဟုတ်ပါ။ မီယာမီဒေါ်လ်ဖင် ဘောလုံးပွဲအကြောင်း နမူနာပြလိုသည်။

ထိုစဉ်က ကျွန်တော်တို့သည် ဘတ်ဖဲလ်လိုး၌ရောက်နေပြီး ၁၉၆၀ ပြည့်လွန်နှစ် နောက်ပိုင်းကာလများဖြစ်သည်။ ကျွန်တော်သည် မီယာမီ ဒေါ်လ်ဖင် ရေဒီယိုကွန်ယက်တွင် အသံလွှင့်သူဖြစ်နေသည်။ ထိုစဉ်က ကျွန်တော်၏တွဲဖက်မှာ ဂျိုးခရိုဟန်ဖြစ်ပြီး သူစ,မပြောမီတွင် နှင်းမုန်တိုင်းကျလာပြီး ကြော်ငြာများ၊ ဇယားများ၊ ကိန်းဂဏန်းများ အစစအရာရာ အားလုံးလွှင့်ကုန်သည်။ အားကစားရုံအပြင်အတိ အားလုံးရောက်သွားကြသည်။

ယခုပင် စ,ပြောရတော့မည်။ ဂျိုးနှင့်ကျွန်တော်တို့က ဒေါ်လ်ဖင် အသင်းကိုသိသည်။ အသင်းသားများကိုလည်း ကောင်းကောင်းမှတ်မိသည်။ သို့သော်တစ်ဖက်က ဘဲလ်အသင်းကိုမသိ။ ၎င်းတို့၏ နံပါတ်များကိုလည်း မမြင်ရ။ နှင်းတွေကလည်း အလွန်ကျနေသည်။ ဘာတွေဖြစ်နေသည်ကို မမြင်ရသလို ဘာတွေဖြစ်နေသည်ကို လည်းဖမ်းယူ၍မရ။ ဘာလုပ်ကြမည်နည်း။ ကျွန်တော်တို့က ကျွန်တော်တို့၏သောတရှင်များကို ဘာတွေဖြစ်နေသည် ဆိုတာကို တိတိကျကျ ပြောပြမည်။ ထိုသို့ပင်ပြော ပြောပြရန် ကျွန်တော်တို့၌ တာဝန်ရှိသည်။

အယ်ရီရေကန်ကမ်းခြေ၏ အခြေအနေဆိုးများ၊ နိုင်ယာဂရာရေတံခွန်၏ သက်တံရောင်တံခါးများကို ပြောပြပြီးနောက် ကျွန်တော်တို့၏ အသံလွှင့်





အစီအစဉ်ကို စတင်သည်။ ကျွန်တော်တို့ဖော်ပြပုံမှာ အလွန်ထူးခြားသည်။

" တစ်ယောက်ယောက်ကတော့ ဘောလုံးကိုယူ သွားတယ်. . တစ်ယောက်က နောက်ပြန်ပေးတယ်. . အဲဒီအခါ တစ်ယောက်ယောက်က ဝင်ဖမ်းတယ်. . တစ်ယောက်ယောက်က သူ့ကိုလိုက်ပြီးလုတယ်၊ သူယဲသွားတယ်. . ဟုတ်တဲ့. . သူပြန်ထတယ်ခင်ဗျ. . ဘယ်သူလဲဆိုတာ ကျွန်တော် မပြောနိုင်ဘူးခင်ဗျ" ဟူ၍ဖြစ်သည်။

ထိုသို့ဖြစ်နေစဉ် ကျွန်တော်တို့ရှေ့၌ အထောက်အကူ ဇယားတစ်ခုမျှ မရှိ။ မည်သည့်ကစားသမားက မည်သည့်နေရာတွင် ရှိရမည်ဆိုသည့် နာမည်နှင့် နံပါတ်နှင့် နှစ်ဖက်အသင်းအကြောင်း ရေးထားသည့်ဇယားများ လုံးဝမရှိ။ အသံလွှင့်သူများသည် ထိုဇယားများကို အားကိုးအားထားပြုကြရသည်။ သို့သော် ယခုအခါ ထိုဇယားများမှာ လေနှင့်အတူပါသွားကြသည်။

ယခုအခါ နောက်ထပ်ဇယားထပ်ဆွဲပေးရန် အဖွဲ့သားများကို ခိုင်းရန်လိုသည်။ သို့သော် ကျွန်တော်တို့က ခေါင်မိုးပေါ်ရောက်နေပြီး သူတို့ကတွင်းထဲမှာ ရောက်နေကြသည်။ ဓာတ်လှေခါးကလည်း မလှုပ်ရှား။

ပထမ (၁၅) မိနစ်ကို ဂျိုးနှင့်ကျွန်တော်တို့က ထိုအတိုင်းလွှင့်ကြသည်။ ရာသီဥတုအခြေအနေက ကောင်းမွန်လာသည်။ သို့သော်ဓာတ်လှေခါးက ရပ်ဆိုင်းသွားသည်။ ဒုတိယပိုင်းအစတွင် ဓာတ်လှေခါးပြန်ကောင်းသွားသည်။ နောက်ထပ်ဇယားတွေ ထပ်ရောက်လာသည်။ သို့သော်လည်းကွင်းထဲ၌ ဘာတွေဖြစ်နေသည်ကို ကောင်းကောင်းမမြင်ရသေးပေ။ သို့သော် ဘယ်သူ ဘယ်နေရာရောက်နေသည်ကို ခန့်မှန်းနိုင်သည့် အခြေအနေသို့ ရောက်လာသည်။

မုန်တိုင်းကျအောင် ကျွန်တော်တို့လုပ်သည်မဟုတ်ပါ။ ကျွန်တော်တို့ မတတ်နိုင်သည့်ကိစ္စတစ်ခု၏ လွှမ်းမိုးမှုကို ကျွန်တော်တို့ခံရခြင်းဖြစ်သည်။ သို့သော် ထိုသို့ဖြစ်သည့်အတွက် ကြောက်လန့်တုန်လှုပ်မနေ။ အမှားအယွင်းတွေ လုပ်မနေဘဲ ကျွန်တော်တို့၏ ပရိသတ်ကို ကျွန်တော်တို့၏ အခြေအနေ ပြောပြသည်။ ထိုစဉ်က အကြီးကျယ်ဆုံး အမှားအယွင်းကြီးတစ်ခုဖြစ်သော မုန်တိုင်းအကြောင်းကို ပြောပြသည်။ ရာသီဥတု၏ အမှားအယွင်းဖြစ်ပြီး ကျွန်တော်တို့၏ အမှားအယွင်း မဟုတ်ပေ။

ဒေါ်လ်ဖင်၏ အခြားပွဲတစ်ခု၌ ဒွန်ရှူလာနည်းပြဆရာဖြစ်ပြီး ကြောင်းမီ ၎င်းတို့၏ နောက်တန်းလူ လာရီဆွန်ကာ ဒဏ်ရာရသည်။ ကစားပွဲပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အားကစားသမားများ အဝတ်လဲသည့်အခန်းသို့ ထုံးစံအတိုင်း သွားရောက်မေးမြန်းသည်။ ဆွန်ကာကိုဆေးခန်းထဲ၌ တွေ့ရသည့်အခါ သူက ကျွန်တော့်ကိုဝင်လာရန် လက်ယပ်ပြသည်။

နည်းပြဆရာရှူလာ၌ တင်းကြပ်သည့် စည်းကမ်းတစ်ခုရှိသည်။ ဆေးခန်းထဲတွင် တွေ့ဆုံမေးမြန်းခြင်းကို မည်သည့်အခါမျှခွင့်မပြု။ သို့သော် ထိုစည်းကမ်းကို ကျွန်တော်ကမသိ။ သို့ဖြစ်၍ ဆွန်ကာနှင့်ကျွန်တော်တို့ အမေး အဖြေလုပ်နေစဉ် ရှူလာက ကျွန်တော်ကိုတွေ့သွားသည်။ ကျွန်တော်၏ မိုက်ကရိုဖုန်းကိုလည်း တစ်ဖက်ခန်းရှိ တံခါးပေါက်မှမြင်ပြီး အသံကုန်ဟစ်အော်သည်။ "မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲ" ဟု လှမ်းအော်သည်။

ဆွန်ကာက "သူဘယ်သူပြောနေတာလဲ. . ခင်ဗျားတို့လား၊ ကျွန်တော့်တို့လား" ဟုမေးသည်။

ရှူလာက ကျွန်တော်ကို အခန်းထဲကဆွဲထုတ်သည်။ ထိုအခါ သတင်းကြေညာသူ၏ အရေးပေါ်နည်းလမ်းတစ်ခုကို အသုံးချရသည်။ "ယခု ကျွန်တော်တို့ အသံလွှင့်ရုံကလွှင့်တဲ့ အစီအစဉ်ကို ဆက်လက်နားထောင်ပါ ခင်ဗျ" ဟုပြောလိုက်သည်။

နောင်အခါ၌ ဒွန်နဲ့တွေ့သည့်အခါ သူက "အဲဒီတုန်းက မင်းအသံလွှင့် နေတာလား" ဟုမေးသည်။

ကျွန်တော်က အသံလွှင့်နေကြောင်းပြောပြသောအခါ သူမကျေမနပ် ဖြစ်ကြောင်း၊ စိတ်ပျက်ကြောင်း၊ သူဆဲသည့်အသံကြီးကို ဒေါ်လ်ဖင်၏ ပရိသတ် အားလုံး ကြားကုန်ကြတော့မည်ဖြစ်ကြောင်းပြောသည်။ ကျွန်တော်က "မပူပါနဲ့ဗွန်ရယ်၊ မင်းပြောတာလို့ ငါမပြောပါဘူး" ဟု ပြောလိုက်သည်။ သို့သော် သူရောကျွန်တော်ပါ မည်သူမည်ဝါပြောတယ်ဟု ပြောစရာမလိုကြောင်း သိကြသည်။ ရှူလာ၏အသံကို မီယာမီရှိ လူတိုင်းလိုလိုက မှတ်မိကြသည်။

တစ်ခါကလည်း ဒေါ်လ်ဖင်ကစားပွဲအကြောင်း မှားလွှင့်ဘူးသည်။ ပွဲပြီးတစ်ဝက်၌ နှစ်ဖက်အသင်း၏အမည်များကို အလွဲလွဲအမှားမှား ပြောပြခဲ့ဘူးသည်။



## ၀ ပြပွဲနှင့်အတူ

တစ်ခါကဧည့်သည်တစ်ယောက်ကို သူ့မှာကလေးရှိသလားဟု ကျွန်တော်ကမေးရာ ဝန်ထမ်းများက ထိန်းချုပ်ခန်းထဲသို့ ပြေးဝင်လာကြသည်။ ထိုဧည့်သည်သည် ကက်သလစ် ဘုန်းတော်ကြီးတစ်ပါးဖြစ်နေသည်။ ထို ဘုန်းကြီးက သူသည်လက်ထပ်ခြင်း မရှိကြောင်း၊ လူပျိုသတ်သတ်ဖြစ်ကြောင်း ပြောမှသာ ကျွန်တော်၏အမှားကို သတိရတော့သည်။

ထိုကဲ့သို့မိုက်မဲသည့်မေးခွန်းမျိုးကို ဘာကြောင့်မေးသနည်း။ ဘာကြောင့်မေးမိသည်ကို ကျွန်တော်မပြောတတ်ပါ။ ထိုမေးခွန်းသည် ကိစ္စ အတော်များများအတွက် သဘာဝကျသည့် မေးခွန်းဖြစ်သည်။ စောစောပိုင်း သင်၏တွေ့ဆုံမေးမြန်းခန်း၌ သင်ဧည့်သည်၏ နောက်ခံသမိုင်းကို ပြောသည့် အခါ ထိုမေးခွန်းကို အမြဲတမ်းမေးလေ့ရှိသည်။ သို့သော် ထိုမေးခွန်း အဘယ် ကြောင့်မေးသည်ဖြစ်စေ ရယ်စရာထက် စိတ်ဆိုးစရာဖြစ်နေသည်။ ကျွန်တော် ဘာလုပ်သည်ထင်ပါသလဲ။ ကျွန်တော်လုပ်သင့်သည့် ကိစ္စတစ်ခုကို ဆက်လုပ် သည်။ နောက်မေးခွန်းတစ်ခုကို ပြောင်းမေးသည်။

တစ်ခါက မီယာမီ၌ ဇူလိုင်လ (၄) ရက်နေ့တွင်ကျင်းပသော အခမ်း အနားတစ်ခုကို အခမ်းအနားမှူးအဖြစ် ကျွန်တော်ဆောင်ရွက်သည်။ ထိုအခမ်း အနားမှာ အလံများ၊ သီချင်းများနှင့်အတူ ကွန်ဂရက်အမတ် ကလော့ဒ်ပေပါ၏ မိန့်ခွန်းလည်းပါဝင်သည်။ ထိုအခမ်းအနားမှာ ကြီးကျယ်လွန်းသဖြင့် ထုတ်လုပ် သူသည် စင်နှစ်ခုကိုဆောက်ရသည်။ ထိုစင်နှစ်ခုကို ကြည့်သည့်အခါ ကြားထဲ၌ နေရာတစ်ခုလပ်နေသည်။ ကျွန်တော့်ကိုပရိသတ်နှင့် မိတ်ဆက်ပြီးသည့်အခါ ကျွန်တော်ကစင်တစ်ခုကနေ အခြားစင်တစ်ခုသို့ကူးသည်။ ထိုသို့ကူးနေစဉ် ကြမ်းပေါက်ထဲသို့ ကျွံကျသွားသည်။ ကျွန်တော်မြင်ကွင်းမှ လုံးဝပျောက်သွား သည်။

သို့သော် ကျွန်တော့်လက်ထဲ၌ မိုက်ကရိုဖုန်းတစ်လုံးရှိသည်။ ထိုအချိန် တွင် ကျွန်တော်တတ်နိုင်သမျှ အကောင်းဆုံးလုပ်သည်။ ဘာတွေဖြစ်နေသည် ကို ကျွန်တော်ဆက်ပြောပြရန် ဆုံးဖြတ်လိုက်သည်။ ပရိသတ်က ကျွန်တော့်ကို မမြင်ရ၊ ကျွန်တော်ဘာကြောင့် ဘယ်ရောက်နေသည်ကိုမသိကြ။ "မစိုးရိမ်ကြပါနဲ့ခင်ဗျ၊ ကျွန်တော်ကြမ်းပေါက်ကျွံပြီး ကျသွားပါတယ်၊ ကျွန်တော်အဆင် ပြေပါတယ်" ဟူ၍ပြောသည်ကိုသာ ကြားကြရသည်။ လူကိုမမြင်ကြရသော



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပရိသတ်ကရယ်မောနေကြသည်။ သူတို့စိတ်ဝင်စားအောင် သုံးနိုင်သော ကိရိယာတစ်ရပ်လည်း ဖြစ်လာခဲ့သည်။ သို့သော် ကျွန်တော့်အနေဖြင့် ထိုအဖြစ်မျိုးကို ထပ်မဖြစ်ချင်ပါ။

တစ်ခါက ကျွန်တော်အမှားအယွင်းတစ်ခုကို ရှောင်ရှားကာမှ ဆိုးသည်ထက် ဆိုးသွားခဲ့သည်။ ကျွန်တော်၏ မီယာမီမှမိတ်ဆွေ ဂျင်အစ်ရှောပ်က ကျွန်တော့်ထံအင်တာဗျူးလာ၍ အလုပ်ခံသည်။ ဂျင်သည်ထိုအချိန်တွင် နိုးနိုးရှင်းရှင်း ပြောတတ်သည့် စာရေးဆရာတစ်ယောက်အနေဖြင့် လူအများ၏ လေးစားကြည်ညိုခြင်းကို ခံနေရသူဖြစ်သည်။ (၂၅) နှစ်ခန့် အရက်စွဲနေရာမှ အရက်ပြတ်သွားသူ တစ်ယောက်လည်းဖြစ်သည်။

သို့သော် ဘာလုပ်သည်ထင်ပါသလဲ?။ ထိုညက သူရောက်လာသည့်အခါ မော်တော်ကားပေါ်မှလဲကျလု မတတ်ဖြစ်နေသည်ကို ယခုတစ်ခါသာ တွေ့ဘူးသည်။ အရက်တွေလည်းမူးလာသည်။ အသံလွှင့်ရမည်ကို ကြောက်သဖြင့် ရဲဆေးတင်လာခြင်းဖြစ်နိုင်သည်။

ဂျင်၏အခြေအနေကို သိသည့်အခါ ကျွန်တော်ဟာသွားသည် နိုးနိုးရှင်းရှင်း ပြောတတ်သောသူ အရက်ကလည်း သောက်ထားသည်ဆိုလျှင် အသံလွှင့်ရာ၌ ဒုက္ခရောက်တော့မည်။ အမှားထက်ပို၍ ကြောက်စရာတွေဖြစ်မည်။ ကျွန်တော်တို့၏ အသံလွှင့်ခွင့်ကိုလည်း ရပ်ဆိုင်းခြင်းခံရနိုင်သည်။ ဘရုကလင်းကို ပြန်ပို့ကောင်းလည်း ပို့နိုင်သည်။ ထိုအခြေအနေမှာ ပျော့ပျောင်းရန် ကောင်းသော အခြေအနေမဟုတ်။ သင်၏မိတ်ဆွေကို အသံလွှင့်ခိုင်းရန် ကောင်းသော အခြေအနေမဟုတ်။ ကျွန်တော်တို့ကို မထိခိုက်စေရန် တစ်ခုခုကို မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် လုပ်ရန်လိုသည်။ အသံလွှင့် အင်ဂျင်နီယာကို ကျွန်တော်က အချက်ပြလိုက်ပြီး **"အသံလွှင့်မယ်"** ဟုအော်ပြောလိုက်သည်။ ထိုအခါ **"အသံလွှင့်နေသည်"** ဟူသောစာတန်းပေါ်လာသည်။

ထိုစာတန်းကို ဂျင်ကမြင်ပြီးနောက် ကျွန်တော်က ညာဘက်လက်ကို ထုတ်ကာ **"ဂျင်-ကျေးဇူးတင်ပါတယ်၊ မင်းဒီကိုရောက်လာတာ၊ မင်းဟာ အရင်တုန်းကလိုပဲ အလွန်ထူးခြားတာဘဲ"** ဟုပြောလိုက်သည်။ ဂျင်က အနည်းငယ်ဇဝေဇဝါဖြစ်သယောင်ဖြင့် ကျွန်တော်ကို တုန့်ပြန်ကျေးဇူးတင်ကြောင်းပြောပြီး ထွက်သွားသည်။ ထိုအချိန်၌ သောတရှင်များထံမှ တယ်လီဖုန်းသံများ ဆူညံနေခဲ့သည်။





## ၁ ဟောက်သံ

ကျွန်တော်မှားယွင်းခဲ့သမျှ အဆိုးဝါးဆုံး အမှားအယွင်းမှာ ပြောဆိုသည့်စကားများ မဟုတ်ပေ။ ကျွန်တော်လုပ်မိသည့် ဟောက်သံတစ်ခုဖြစ်သည်။ အသံလွှင့်လုပ်ငန်း၌ အဘယ့်ကြောင့် ဟောက်နေရသနည်း?။

ထိုမေးခွန်းအတွက် ကျွန်တော့်မှာ အဖြေကောင်းကောင်းရှိပါသည်။ ကျွန်တော်အိပ်ပျော်သွား၍ ဖြစ်ပါသည်။

၁၉၅၉ ခုနှစ်၏ ပထမဆုံးနေ့ မီယာမီတွင် နှစ်သစ်၏ နံနက်ခင်းဖြစ်ပါသည်။

ကျွန်တော်က ထိုအချိန်တွင် မီယာမီ၌ရောက် နေပြီး ယခင်ညက ဒွေးပြိုင်ပွဲတွင် သတင်းကြေညာသူအဖြစ် အလုပ်လုပ်ခဲ့ရသည်။ ထို့နောက် နှစ်သစ်ကူးအကြို ပါတီသို့သွားခဲ့သည်။ ထို့နောက် WKAT ရေဒီယို အသံလွှင့်ဌာန၌ အလှည့်ကျတာဝန်ကို ထမ်းဆောင်ရသည်။ နံနက် (၆) နာရီမှ (၉) နာရီအထိ ကျွန်တော်အလှည့်ကျတာဝန်ကို ထမ်းဆောင်ပြီး (၉) နာရီခွဲ၌ ချီကာဂိုမှလွှင့်ထုတ်သော ဒွန်မက်နဲလ်၏ **"နံနက်စာအသင်း"** အစီအစဉ်တွင် နားရသည်။

ထိုသို့ တိုက်ရိုက်လွှင့်ထုတ်မှု နားနေသည့် (၉) နာရီမှ (၁၀) နာရီအတွင်းတွင် လုပ်စရာတစ်ခုသာရှိသည်။ နောက်အစီအစဉ် ဆက်လက်လွှင့်ထုတ်သူများ ရောက်လာလျှင် ကျွန်တော်အနားယူခွင့်ရမည်။ ကျွန်တော်၏ အစီအစဉ်တလျှောက် ကျွန်တော်ကိုယ်ကျွန်တော် **"မအိပ်နဲ့ - မအိပ်နဲ့"** ဟူ၍ သတိပေးနေသည်။ ထိုအချိန်က အသံလွှင့်ရုံ၌ ကျွန်တော်တစ်ယောက်တည်းသာရှိသည်။ ကျွန်တော့်အစီအစဉ်ပြီးလျှင် နံနက်စာအသင်း၏ အစီအစဉ်လာမည်။ ယခုအထိ ကျွန်တော်အနေဖြင့် (၂၄) နာရီ အလုပ်လုပ်ရပြီးပြီ။

(၉) နာရီ (၂၉) မိနစ်တွင် ဒွန်မက်နဲလ်က သူ၏ အစီအစဉ်ဝင်မည်။ သူ့အစီအစဉ် မဝင်မီ **"ABC ရေဒီယို အသံလွှင့်ဌာနထဲက လွှင့်နေပါသည်"** ဟုပြောရမည်။ ထိုသို့ပြောရသည်မှာ နိုင်ငံတဝန်းရှိ ABC ရေဒီယို အသံလွှင့်ဌာနထဲကထုတ်လွှင့်သည့် စကားများဖြစ်သည်။ ထို့နောက် ကျွန်တော့်အနေဖြင့် ABC အစီအစဉ်ကိုပိတ် ကျွန်တော်၏မိုက်ကိုဖွင့်ပြီး **"အခု WKAT မီယာမီက မီယာမီကမ်းခြေက အသံလွှင့်နေပါတယ်"** ဟုဆိုရမည်။ လမ်းပေါ်ကလူတစ်ယောက် ကျွန်တော့်ကို ကြည့်နေနိုင်သည်။ ရုံးခန်းတစ်ခုလုံးကိုမှန်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကာရုံထား၍ဖြစ်သည်။ လူအများက သတင်းကြေညာသူနှင့် အင်ဂျင်နီယာတို့ အလုပ်လုပ်နေပုံကို မြင်နိုင်ကြည့်နိုင်သည်။

ဤသို့ဖြင့် ကျွန်တော်က ABC ကို ခလုပ်ပိတ်လိုက်ပြီး ကျွန်တော်၏ မိုက်ကိုဖွင့်ကာ အိပ်ပျော်သွားသည်။

WKAT ၏ အစီအစဉ်ကို နားထောင်နေသည့် သောတရှင်များ၊ ထိုနှစ်သစ် နံနက်ခင်းတွင် နိုးနေသည့်သောတရှင်များက မည်သူမျှ မည်သည့် အသံဟု မဝေခွဲနိုင်သည့် ကျွန်တော်၏ ဟောက်သံတစ်ခုကိုသာ ကြားရသည်။ နံနက်စာအသင်း၏ အစီအစဉ်လည်းပေါ်မလာ၊ အဘယ့်ကြောင့်ဆိုသော် ABC ၏ အစီအစဉ်ကို ပိတ်ထားဆဲပင်ဖြစ်၍ဖြစ်သည်။ ဘာမှန်းမသိသည့် အသံကိုသာ ဆက်ကြားနေရသည်။ ထို့နောက် ဘာသံမှဆက်၍မကြားရ၊ စကားပြောသံလည်းမကြားရ၊ သီချင်းလည်းမကြားရ။ ကြော်ငြာလည်းမဝင်၊ မည်သည့် အစီအစဉ်ကြေညာသူကမှ မည်သည့်အစီအစဉ်ကိုမျှ မကြေညာ၊ ထိုအသံတစ်ခုတည်းသာ ကြားနေရသည်။

သောတရှင်များက အသံလွှင့်ရုံသို့လှမ်း၍ ဖုန်းဆက်ကြသော်လည်း ဖြေဆိုမည့်သူမရှိ။ အနီးအနားမှ ဖြတ်သွားကြသူများ WKAT ၏ ပြတင်းပေါက်မှ ကြည့်သည့်အခါ မိုက်ကိုကိုင်ပြီး လူတစ်ယောက်အိပ်ပျော်နေသည်ကို တွေ့ရသည်။ ထို့နောက် ဘာဆက်ဖြစ်သည်ကိုပြောရလျှင် မီးသတ်အရေးပေါ် ဝန်ထမ်းများပေါ်လာပြီး ဥဩသံတွေဆူညံသွားသည်။

သူတို့က အဆောက်အဦး၏ ရှေ့မှန်တံခါးကို ရိုက်ခွဲကြသည်။ ကျွန်တော်တို့၏ သောတရှင်များက မှန်တွေကွဲသည့်အသံ၊ လူတွေဝင်လာသည့် အသံကို ဆက်၍ကြားပြီး ဘာတွေဖြစ်ကုန်ကြပါလိမ့်ဟု အထိတ်တလန့် ဖြစ်နေကြသည်။ ထို့နောက်မီးသတ်သမားများ၊ သူနာပြုများက "ဒီမှာ ဘာဖြစ်နေသလဲ ခင်ဗျာ - အခြေအနေကောင်းရဲ့လား" ဟုမေးကြသည်။

ထိုအခါကျမှ ကျွန်တော်နိုးလာပြီး အနီးပတ်ဝန်းကျင်ရှိ အရေးပေါ် အခြေအနေကိုကြည့်သည်။ မှန်တွေကကွဲနေပြီ။ "ဘာဖြစ်လို့လဲ. . ."

နောက်တစ်နေ့နံနက်၌ ပိုင်ရှင်ကာနယ်ဖရန့် ကက်ဇင်တင်းက သူ၏ရုံးခန်းထဲသို့ ကျွန်တော်ကိုခေါ်ပြီး အလုပ်ထုတ်ပစ်သည်။ ထို့နောက်သူက အနည်းငယ်ပျော့ပျောင်းသွားကာ "ငါမင်းကိုသဘောကျတယ်၊ မင်းမှာ အစွမ်းအစတွေ အများကြီးရှိတယ်၊ မင်းမှာပြောရှင်းစရာရှိလား၊ မင်းကို အလုပ်ဆက်ခန့်ထားဖို့ ပြောစရာအကြောင်းရှိသလား?"ဟုမေးသည်။



ကျွန်တော်က "ကျွန်တော်မနေ့က ဘာလုပ်ခဲ့တယ်ဆိုတာ ကာနယ်လ် သိပါသလား?၊

"မသိဘူးကွ၊ ဘာဖြစ်တာလဲ"

"မိယာမီ မီးသတ်နဲ့အရေးပေါ်တယ်ဆယ်ရေးဌာနက အရေးပေါ် အခြေအနေတစ်ခုကို ဘယ်လောက်မြန်မြန်ဆန်ဆန် တုန့်ပြန်ဆောင်ရွက်နိုင် မလဲဆိုတာ ကျွန်တော်စမ်းကြည့်တာပါ"

ထိုအခါ သူကကျွန်တော်ကို အလုပ်ပြန်ခန့်လိုက်သည်၊ သို့သော် ကွဲသွားသည့် မှန်များအတွက်လျော်ရမည်။

အကောင်းဆုံး စကားပြောသူများ၊ စေ့စပ်ဆွေးနွေးသူများ၊ မည်သည့် အလုပ်၌မဆို အတော်ဆုံး ပုဂ္ဂိုလ်များအားလုံးသည် အမှားများကို ကျူးလွန် တတ်ကြသည်။ ဘေ့စ်ဘောလောက၌ အမှားများကို စာရင်းပြုစု၍ပင်ထားကြ သည်။ သင့်အနေဖြင့် အမှားတစ်ခုကို ကျူးလွန်သည့်အခါ တုန်လှုပ်မသွားပါနှင့်၊ 'အမှားလုံးဝ မလုပ်သူသည် ဘာကိုမျှမလုပ်သောသူဖြစ်သည်' ဟူသည့် ဆိုရိုး စကားတစ်ခုကိုသာ သတိရပါ။

■

www.burmeseclassic.com

www.burmeseclassic.com



ဇိန်ခွန်းပြောနည်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

### မိန့်ခွန်းပြောနည်း

- ၀ စကားပြောနည်း လျှို့ဝှက်ချက်
- ၀ အဆင်သင့်ဖြစ်ပါ
- ၀ ပြောရာ၌ မှတ်ချက်တချို့
- ၀ တာသညက်

ဘဝ၏ အခြားအရာများအားလုံးကဲ့သို့ပင် မိန့်ခွန်းများ၌လည်း ပထမအကြိမ်ဟူ၍ အမြဲတမ်းရှိသည်။ အပြန်အလှန် စကားပြောဆိုရာ၌ အံ့သြလောက်အောင်ကောင်းသည့်သူပင်လျှင် ပထမဆုံး မိန့်ခွန်းပြောကြားရမည်ကို ကြောက်လန့်တုန်လှုပ်တတ်ကြသည်။ အချို့သူများအနေဖြင့် ဘယ်နှစ်ကြိမ်ပြောပြော ကြောက်လန့်တုန်လှုပ်တတ်ကြသည်။

ကျွန်တော်တို့တတွေက အများရှေ့တွင် စကားပြောကောင်းသူတစ်ယောက်ဖြစ်ရန် လျှို့ဝှက်ချက်ရှိသည်ဟု ယူဆကြသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍လည်း စာအုပ်ပေါင်းများစွာရှိသည်။ စင်မြင့်ရှေ့တွင် မတ်တပ်ရပ်နိုင်ရန်အတွက် ဘွဲ့တစ်ခုရရန်လိုသည်ဟုပင် ထင်ကောင်းထင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် တစ်နှစ်တွင် လူပေါင်းများစွာကို၊ လူအမျိုးမျိုးကို အကြိမ်ပေါင်းများစွာ မိန့်ခွန်းပြောခဲ့ရသည်။ ကျွန်တော်၏ လျှို့ဝှက်ချက်မှာ လွယ်ပါသည်။ အများပြည်သူရှေ့တွင် စကားပြောသည့်ကိစ္စကို အခြားပြောပုံဆိုပုံများနှင့် မည်သို့မျှမထူးခြားဟု ကျွန်တော်ယူဆသည်။ ကျွန်တော်၏အတွေး ကျွန်တော်၏အမြင်များကို အခြားသူများနှင့် မျှဝေခြင်းပင်ဖြစ်သည်။ လူအများနှင့် တွေ့ဆုံစကားပြောဆိုရာထက်ပင် လွယ်သည်ဟုထင်သည်။ အဘယ်ကြောင့်ဆိုသော် သင့်အနေဖြင့် ဘာပြောမည်ကို လုံးဝထိန်းချုပ်နိုင်၍ဖြစ်သည်။ တစ်ချိန်တည်း၌ပင် သင့်အနေဖြင့် ပြောစရာတစ်စုံတစ်ရာ ရှိရပေမည်။ "ဟုတ်လား၊ ကျွန်တော့်ကို အဲဒီအကြောင်းပိုပြောပြပါ" ဟူသော စကားမျိုးတွေကို ပြော၍မရပေ။ "ကျွန်တော် အိမ်သာသွားပါရစေ" ဟုဆိုပြီး ထွက်သွား၍မရပေ။

ထို့ကြောင့်ပင်လျှင် အောင်မြင်သည့် အများပြည်သူရှေ့တွင် စကားပြောဆိုသူတစ်ယောက် ဖြစ်ရန်အတွက် ပထမဆုံးသော့ချက်ကိုဖြစ်စေသည်။ ထိုပထမဆုံး သော့ချက်မှာ ကိုယ်သိသည့်အကြောင်းအရာကိုသာ ပြောပါဟူ၍ဖြစ်သည်။ ထိုကိစ္စမှာ အလွန်ရှင်းသည်ဟုထင်ပါသည်။ ပြောဆိုသူ အတော်များများအနေဖြင့် သူတို့အကျွမ်းမဝင်သော အကြောင်းအရာကို ပြောမိသည့် အမှားအယွင်းကို ပြုမိတတ်ကြသည်။ ထိုအခါ အကြောင်းနှစ်ခုကြောင့် ဒုက္ခရောက်တတ်ကြသည်။

၁။ သင်၏ပရိသတ်က ထိုအကြောင်းအရာကို သင့်ထက်ပိုသိ၍ ပျင်းရိသွားနိုင်သည်။
၂။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ပိုင်ပိုင်နိုင်နိုင်မရှိလျှင် နေပုံထိုင်ပုံတွင် သက်တောင့်သက်သာရှိမည်မဟုတ်ပေ။

ထို့ကြောင့် သင်သိသည့် အကြောင်းအရာကိုရွေးပါ။ သို့မဟုတ် ကျယ်ပြန့်သည့် အကြောင်းအရာတစ်ခုကို ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်ရှုထောင့်မှ သုံးသပ်ပြပါ။ အကယ်၍သင့်ကို ခရစ်ယာန်ကျောင်းတော် သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းက ဘုရားဖူးသွားသည့်အကြောင်းကို ပြောခိုင်းလျှင် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးစာချုပ်၏ အဓိပ္ပါယ်ကို အကျဉ်းချုပ်ပြောရန် မကြိုးစားပါနှင့်။ သင်မြင်သည့်အရာ၊ သင့်နှင့်တွေ့ဆုံစကားပြောဆိုခဲ့သည့် သူများအပေါ် အကျိုးသက်ရောက်သည့် နိုင်ငံရေးအခြေအနေတို့ကို





ပြောပါ။ ထိုသို့ ပြောရသည်က ပို၍သက်သာပြီး နားထောင်သူများကလည်း ပို၍ စိတ်ဝင်စားကြလိမ့်မည်။

## ၁ အသက်(၁၃) နှစ်အရွယ်တွင်ပြောခဲ့သည့် ကျွန်တော့်၏ ပထမဆုံးမိန့်ခွန်း

(၁၃) နှစ်အရွယ်တွင် ကျွန်တော်ပထမဆုံး မိန့်ခွန်းပြောသည့်အခါ ကျွန်တော်နှင့်ရင်းနှီးသည့် အကြောင်းအရာတစ်ခုကို ရွေးချယ်ခဲ့ပါသည်။ ထိုအခမ်း အနားသည် ကျွန်တော့်အတွက် ဂျူးလူငယ်တစ်ယောက်အနေဖြင့် အရွယ်ရောက်သည်ဟု အသိအမှတ်ပြုသည့် အခမ်းအနားတစ်ခုဖြစ်သည်။ ထိုအခမ်းအနား ကျင်းပစဉ်က ကျွန်တော်တို့မှာ ငွေများများမရှိ။ ကျွန်တော့်အဖေသည်လွန်ခဲ့သည့် သုံးနှစ်ကသေသွားပြီး အမေကလည်း အထောက်အပံ့မှ လွတ်ရန်ကြိုးစားရာ နှစ်အနည်းငယ် အတွင်း၌ပင် အထောက်အပံ့မှလွတ်သည့် အခြေအနေကို ရောက်ခဲ့သည်။

သို့သော် သူမအနေဖြင့် ကျွန်တော့်အကိုနှင့် ကျွန်တော့်ကို အရွယ်ရောက်သည့် အခမ်းအနား သေချာပေါက်လုပ်ပေးရန် ကြိုးစားသည်။ ထိုအခမ်းအနား၌ ဂုဏ်ပြုခံရသည့်လူငယ်သည် မိန့်ခွန်းတစ်ခုပြောရသည်။ ယခင်က ကျွန်တော်သည် လူရှေ့သူရှေ့တွင်ရပ်၍ စကားမပြောဘူးပေ။ ကျောင်း၌ပြောရသည့် စကားပြောသည့် ကိစ္စလောက်သာရှိသည်။ သို့သော် ယခုအခါ၌ လူကြီးများ၏ရှေ့၊ တကယ့်ပရိသတ်များ၏ ရှေ့တွင်ပြောရမည်။

အသက် (၁၃) နှစ် အရွယ်တွင် သင့်အနေဖြင့် အကြောင်းအရာ အတော်များများကို ကျွမ်းဝင်နေသည့်သူဖြစ်ရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ကျွန်တော်အသိဆုံးဖြစ်သည့် ကျွန်တော့်အဖေအကြောင်း ပြောပြရန် ဆုံးဖြတ်လိုက်သည်။ ပရိသတ်ထဲရှိ လူအတော်များများ ကျွန်တော့်အဖေကြောင်းကို သိပြီး ကျွန်တော်မှတ်မိသမျှ အတွေ့အကြုံအားပြောပြသည်။ ကျွန်တော်က ကျွန်တော့်အဖေနှင့် အမြဲတမ်းရင်းနှီးနေသည်ဟုထင်ကြောင်း၊ တတ်နိုင်သမျှ ရသမျှအချိန်လေးကို သူကကျွန်တော်နှင့် နေချင်ကြောင်း၊ တစ်ပတ်လျှင် (၆) ရက် အလုပ်လုပ်သည့်တိုင် ကျွန်တော်အတွက် တတ်နိုင်သမျှအချိန်ပေးကြောင်း ဘို့ကိုပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေနှင့်အတူ လမ်းလျှောက်ခြင်း၊ စကားပြောခြင်းတို့ကိုလည်း ပြောပြသည်။ ကျွန်တော့်ကို ရေခဲမုန့်ဝယ်ကျွေးပြီး "မင်းအမေတို့ပြောရင် ညစာစားခါနီးလို့ သူကထင်တယ်" ဟုပြောသည်။ ပန်းခြံသို့သွားရသည့်ကိစ္စ၊ ရေခဲမုန့်စားရသည့်ကိစ္စထက် သားအဖနှစ်ယောက် စကားပြောရသည်က ပို၍ပျော်စရာကောင်း ပို၍အရေးပါသည်ဟုထင်ကြောင်း ကျွန်တော်ပြောပြသည်။ ဟီဘရူးကျောင်း၌ ထိုခေတ်က ဘာတွေသင်သလဲကိုမေးသည်။ ရုရှ၌ရောက်မနေဘဲ အမေရိက၌ရောက်နေသည့်အတွက် မည်မျှဝမ်းသာကြောင်း ပြောပြသည်။ သူသည် အသက် (၂၀) အရွယ်ကပင် ရုရှားမှထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်မှတ်မိသမျှကို ကျွန်တော့်ပရိသတ်အား ပြောပြသည်။ ကျွန်တော့်ရှုထောင့်မှ ကျွန်တော့်အဖေအကြောင်းကို ပြောပြသည်။ ထိုသို့ပြောနေစဉ်အခါ အဖေဆာရာတိုဂါ ပန်းခြံထဲ၌ စကားပြောနေသည့်အသံကို ကျွန်တော်ကြားယောင်မိသည်။

အဖေအကြောင်း မှတ်မိသမျှ ရွေးချယ်ပြောကြားခြင်းသည် ကျွန်တော့်အတွက် အဓိပ္ပါယ်ရှိသည့် အလုပ်တစ်ခုဖြစ်သည်။ ထိုအခမ်းအနားမျိုးတွင် အဖေ့အကြောင်း သတိရထိုက်သည်။ အများပြည်သူရှေ့တွင် စကားပြောဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အဖေအကြောင်းသည် ပိုင်ပိုင်နိုင်နိုင်ပြောနိုင်သည့်၊ ကောင်းကောင်းသိသည့်၊ ယုံကြည်ချက်အပြည့်နှင့် ပြောနိုင်သည့် အကြောင်းအရာဖြစ်သည်။

ကျွန်တော်ပြောပြီးသည့်အခါ အချို့လူကြီးများကလာ၍ ချီးကျူးစကားပြောကြသည်။ သူတို့ကို ပြောပြရသည့်အတွက်လည်း ကျွန်တော်ဝမ်းသာသည်။ ထိုစဉ်ကစ၍ ကျွန်တော့်အနေဖြင့် ထိုအတွေ့အကြုံတစ်ခုသည် စကားပြောသည့် အသက်မွေးဝမ်းကျောင်း လုပ်ချင်စိတ်ပေါက်လာစေခဲ့သည်။

## ၁ အဆင်သင့်ဖြစ်ပါ

စကားပြောကောင်းသူတစ်ယောက် ဖြစ်ရန်အတွက် ဒုတိယသော့ချက်မှာ စကောက်အသင်းသားများ၏ ဆောင်ပုဒ်ကိုလိုက်နာရမည်။ 'အဆင်သင့်ဖြစ်ပါ' ကောင်းကောင်းသိသည့် အကြောင်းအရာတစ်ခုကို ပြောနေလျှင်ပင်





ယခုအကြံပေးသည့်အတိုင်း ထိုမိန့်ခွန်းကို ကြိုတင်ပြင်ဆင်ခြင်းသည် သိပ်ခက်ခဲသည့် လုပ်ငန်းမဟုတ်ပေ။

အောက်ပါအချက်များကို စိတ်ထဲ၌ စွဲထားလျှင် သင်၏အတွေးများကို အလွယ်တကူစုစည်းပြီး ထိထိရောက်ရောက် တင်ပြနိုင်သည်။

၁။ မည်သည့်အကြောင်းပြောမည်ကို ပြောပြပါ။
၂။ ထိုအကြောင်းကို ပြောပြပါ။
၃။ ဘာပြောပြီးပြီကို ပြန်ပြောပြပါ။

ဘာပြောမည်ကို အစ၌ပြောထားလျှင် သင်ပြောပုံဆိုပုံကို အလွယ်တကူနားလည်နိုင်မည်။ အဆုံး၌ သင်ပြောခဲ့သည့် အရေးအကြီးဆုံး အချက်အလက်များ၊ အဖွင့်၌ ပြောသည့်စကားများကို စကားလုံးအနည်းငယ်ပြောင်းလဲပြီး အကျဉ်းချုပ်ပြောပြရန် ကြိုးစားပါ။

## ၀ မြင်ဆင်ခြင်း

ကျွန်တော့်အနေဖြင့် မိန့်ခွန်းများ မကြာခဏပေးရပြီး ပြင်ဆင်ချိန်အများအပြား မကုန်သည့်အတွက် ကံကောင်းသည်။ ယခုရက်များတွင် စကားပြောခိုင်းသည့်အခါ ပရိသတ်က ကျွန်တော်နှင့်ရင်းနှီးသည့် အကြောင်းအရာတစ်ခုကိုသာ တောင်းဆိုလေ့ရှိကြသည်။ ကျွန်တော်တွေ့ဆုံခဲ့သည့် အင်တာဗျူးများ၏ နိုင်ငံရေးအပေါ် ဂယက်ရိုက်မှုကို သိချင်ကြသည်။ ကလင်တန်၊ ဘုရှ်၊ ပီရော့တ်နှင့် အခြားကျွန်တော်နှင့် တွေ့ဆုံခဲ့သည့် သမ္မတလောင်းများ ဗိုး - ပီရော့ စကားရည်လုပွဲ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့၏ ပုံနှိပ်စာနယ်ဇင်းလောကအပေါ် ဂယက်ရိုက်ခတ်မှု၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကစားပွဲများအကြောင်း စသည်တို့ဖြစ်သည်။ သို့ဖြစ်၍ ထိုအကြောင်းကို အဆင်သင့်ပြောနိုင်ရန်အတွက် အိမ်၌ကြိုတင်ပြင်ဆင်ရန် များစွာမလိုအပ်ပေ။

သို့သော် ယခင်က ပြောဘူးသည့် အကြောင်းအရာတစ်ခု၊ [illegible] တစ်ခုမဟုတ်လျှင် မလွဲမသွေပြင်ဆင်ရမည်။ နည်းမျိုးစုံဖြင့် ပြင်ဆင်နိုင်ပြီး ကိုယ့်အတွက် အဆင်ပြေဆုံးနည်းလမ်းကို ရွေးချယ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိပြောမည့်စကားကို ကြိုတင်၍ တစ်လုံးချင်း ချရေးထားနိုင်သည်။ ထိုစာရွက်ကိုကိုင်၍ဖတ်နိုင်သည်။ စကားပြောသူ အတော်များများ ထိုသို့ လုပ်ကြသည်။ ဤသို့လေ့ကျင့်သည့်အခါ၌ ပရိသတ်ကို မကြာခဏ လှမ်းကြည့်နေရန်၊ သင်၏မျက်လုံးများ တစ်ချိန်လုံးရှေ့မှာရှိသည့် စာရွက်ပေါ်၌သာ ရှိမနေစေရန် သတိထားပါ။

အချို့က အကျဉ်းချုပ်ရေးထားပြီး (၈) လက်မခွဲ (၁၁) လက်မအရွယ် စာရွက်ပေါ်၌ လက်နှိပ်စက်ဖြင့်ရိုက်ထားကြသည်။ အချို့က ကဒ်ပြားကိုသုံးကြသည်။ မှတ်စု များကို သုံးခြင်းအားဖြင့် လွယ်လွယ်ကူကူ သဘာဝကျကျ ပြောနိုင်ပြီး တစ်ချိန်လုံး မှတ်စုကို ပြန်ကြည့်နေစရာ မလိုပေ။ သို့သော် စကားပြောခြင်းသည်လည်း ကိုယ်ဟန် အမူ အရာနှင့် အဝတ်အစားတို့ကဲ့သို့ပင် အဆင်ပြေဆုံး နည်းလမ်းကိုသာ လိုက်နာလုပ်ဆောင်သင့်သည်။

မှတ်စုများကိုသာ သုံးသည်ဖြစ်စေ၊ အညွှန်းများကိုသာ သုံးသည်ဖြစ်စေ ထိုအထဲတွင်ပါဝင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ လည်းကောင်း၊ ပြောပုံဆိုပုံ၏ အနေးအမြန်တို့နှင့် ပတ်သက်၍လည်းကောင်း အကျွမ်းဝင်စေရန် အကြိမ်ပေါင်းများစွာ လေ့ကျင့်သင့်သည်။ မှန်ရှေ့တွင်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို လည်းကောင်း၊ မိသားစုဝင်တစ်ယောက်ကို လည်းကောင်း၊ ပရိသတ်သဖွယ်သဘောထားပြီး အစမ်းလေ့ကျင့်နိုင်သည်။

အစမ်းလေ့ကျင့်သည့်အခါ အချိန်ကိုလည်းသတိထားပါ။ ရေးသားရာတွင် မည်မျှကြာမည်ကို မှန်းပြီးရေးရာ ထိုသို့မှန်းချက်နှင့်လက်တွေ့ လွဲချော်နိုင်သည်။ စကားမပြောမီ အချိန်မည်မျှရသည်ကို ဂရုစိုက်ပါ။ မိန့်ခွန်းကို အစမ်းလေ့ကျင့်သည့်အခါ ထိုအချိန်နှင့် ကိုက်ညီစေရန် အတိုးအလျှော့လုပ်ပါ။

## ၁ အနီးကပ်ပြောစိုင်းသည့် ကိစ္စများ

မိမိပြောမည့် မိန့်ခွန်းကို ကြိုတင်ပြင်ဆင်ခြင်းသည် ကောင်းသည့် အစဉ်အလာဖြစ်သည်။ ထို့အတူပင် မိမိပြောမည့်ခေါင်းစဉ်ကို မှတ်မိခြင်းသည်လည်း အရေးကြီးသည်။ ကျွန်တော့်ဘဝတွင် စောစောပိုင်းမိန့်ခွန်းများကို စ၍ ပြောစကပင် ထိုအကြောင်းကို သဘောပေါက်ခဲ့သည်။ ကျွန်တော်သည် စကားပြောရသည်ကို အလွန်သဘောကျသဖြင့် စကားစ,ပြောသည့်အခါ





ဟိုရောက်ဒီရောက် ရောက်တတ်သည်။ စကားပြောရမည်ဆိုလျှင် မည်သည့်နေရာမဆိုသွားသည်။ စကားပြောရန်အတွက် အခကြေးငွေပေးရန်မလို။ ပေးချင်တာပေးလို့ရသည်။ ငွေမရှိလျှင်လည်း အခမဲ့ပြောမည်။ ဘယ်နေရာ ဘယ်အချိန် ပြောရမည်ကိုသာပြောပါ၊ ထိုနေရာသို့အရောက် သွား၍ပြောမည်။

တစ်ရက်တွင် ရေဒီယိုအသံလွှင့်ဌာန၏ ရုံးခန်း၌နေစဉ် တယ်လီဖုန်းက မြည်လာသည်။ မီယာမီမြို့နစ်ရိုထရီကလပ်၏ ဥက္ကဋ္ဌက ကျွန်တော့်ကို သူတို့ကလပ်၏ ငွန်လနှစ်ပတ်လည် အစည်းအဝေး၌ ပြောစေချင်သည်။ ယခု ဇန်နဝါရီလ ရှိသေးသည်။ ကျွန်တော်က ပြောပါမည်ဟု ဝန်ခံလိုက်ပြီး သူက ရက်၊ အချိန်နှင့် နေရာတို့ကိုပြောသည်။ ထို့နောက်သူက ကျွန်တော်ပြောမည့် အကြောင်းအရာကိုမေးသည်။

"ကျွန်တော့်မှာ ခေါင်းစဉ်မရှိဘူး၊ ကျွန်တော်က အကုန်ပြောတာပဲ၊ ခင်ဗျား ပရိသတ်သဘောကျအောင် ကျွန်တော်ပြောပါမယ်" ဟု ပြောလိုက်သည်။

ထိုအချိန်သည် သမ္မတ အိုင်ဆင်ဟောင်ဝါ၏ နောက်ဆုံးနေ့များတွင် တစ်နေ့အပါအဝင်ဖြစ်သည်။ သူက "ဝါ နိုထရီကလပ်လေ၊ ကျွန်တော်တို့က အိုင်ဆင်ဟောင်ဝါကို ဖိတ်ရင်တောင်မှ သူ့ဆီကခေါင်းစဉ်တောင်းမှာ"

ထိုအခါ ကျွန်တော်က "သူတို့ခေါ်ပေါ့" ဟု ပြောပြီး စကားဖြတ်လိုက်သည်။

နောက်ရက်အနည်းငယ်တွင် ကျွန်တော်သည် အသံလွှင့်ရုံ၌ရောက်နေပြီး အသံလွှင့်ရန်အတွက် အဆင်သင့်ဖြစ်နေသည်။ အသံလွှင့်ရန် တစ်မိနစ်အလို၌ တယ်လီဖုန်းက မြည်လာသည်။ ထုတ်လုပ်သူက "လယ်ရီ မင်းကို အရေးပေါ် တယ်လီဖုန်းခေါ်နေတယ်" ဟု ပြောသည်။

တယ်လီဖုန်းကို ကျွန်တော်ကိုင်လိုက်သည့်အခါ ရိုထရီကလပ်မှ ပုဂ္ဂိုလ်၏အသံကိုကြားရသည်။ "ကျွန်တော်အခု ပုံနှိပ်တိုက်တစ်ခု ရောက်နေတယ်၊ ကျွန်တော်တို့ရဲ့ နှစ်ပတ်လည်ညီလာခံအတွက် လက်ကမ်းစာစောင်တွေ ရိုက်နေတယ်၊ ခင်ဗျားမိန့်ခွန်းအတွက် ခေါင်းစဉ်ရမှဖြစ်မယ်" လို့ ပြောသည်။

ထိုကိစ္စဖြစ်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော် ကြာသွားပြီ။ သူ့အသံ ထိုကဲ့သို့ ဘာကြောင့်လုပ်ခဲ့သည်ကို ကိုယ့်ကိုယ်ကိုယ် နားမလည်ပါ။ ကျွန်တော်က သူ့ကို "ကျွန်တော်ပြောမယ့်အကြောင်းက အမေရိကန်တုန်းသည်ရေးပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အနာဂတ်အကြောင်းလို့ ပေးလိုတ်ဗျ" ဟု ပြောလိုက်သည်။

သူက ထိုအကြောင်းကို ပြောမည်ကြားရသဖြင့် ဝမ်းသာကြောင်းပြောသော ကျွန်တော်အံ့အားသင့်ရသည်။ ရိုထရီကလပ်အသင်းဝင်များလည်း သဘောကျမည်ဟု ပြောသည်။ သူက ကျွန်တော့်ကို ဇွန်လ (၁၀) ရက်နေ့ ည (၈) နာရီ မီယာမီဆိပ်ကမ်း ကန်းထရီးကလပ်ဟု ထပ်၍သတိပေးလိုက်သည်။

နောက် (၆) လအကြာတွင် ထိုနေရာသို့ ချိန်းထားသည့်အချိန်၊ ချိန်းထားသည့်ရက်တွင် ရောက်သွားသည့်အခါ ကားရပ်စရာနေရာမရှိအောင် ပြည့်နေသည်။ ကားမှဆင်းပြီး ကျွန်တော်လျှောက်သွားစဉ် အဝင်ဝ၌ ကျွန်တော်ပြောမည့် ခေါင်းစဉ်နှင့်ပတ်သက်၍ ဆိုင်းဘုတ်ကြီး အကြီးကြီးချိတ်ထားသည်ကို တွေ့ရသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြောပြသည်။ သူတို့မှာပြောမယ့်သူက နှစ်ယောက်ထင်ပါရဲ့။ ထို အကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်ပြောဆိုမည် ဟု ပြောထားကြောင်းကို ကျွန်တော်လုံးဝ အမှတ်မရတော့။

တယ်လီဖုန်း၌ ကျွန်တော်တွေ့ခဲ့သည့် ဥက္ကဋ္ဌကပြေးထွက်လာပြီး ကျွန်တော့်ကို အားရဝမ်းသာနှုတ်ဆက်သည်။ "လယ်ရီ၊ လူတွေက မင်းပြောတာကို သိပ်ကြားချင်လို့ပြီ၊ လာနားထောင်တဲ့ဦးရေက စံချိန်တောင်ကျိုးသွားတယ်" ဟု ပြောသည်။ အခမ်းအနားမှူးကလည်း အလွန်စိတ်ထက်သန်နေပြီး အလုပ်မဆင်းဘဲ စာကြည့်တိုက်သို့သွားကာ ထိုအကြောင်းအရာကို လေ့လာသည်။ ကျွန်တော့်ကို မိတ်ဆက်ပေးရာတွင် အထောက်အကူဖြစ်ရန် ကြိုးစားသည်။

ထိုသို့ဖြင့် အခမ်းအနားမှူးက ကျွန်တော့်ကို မိတ်ဆက်ပေးသည့်အခါ

. . .

သယ်ယူပို့ဆောင်သည့် ကုန်တန်ချိန်၊ ဆိပ်ကမ်းအရွယ်အစား၊ သင်္ဘောများ၊ အသုံးအဆောင်များစသည့် ကျွန်တော်လုံးဝမသိသည့် ကျွန်တော် လုံးဝ ဂရုမစိုက်သည့်အကြောင်းကို လျှောက်ပြောသည်။ ကုန်သည်ရေကြောင်း၏ သမိုင်းကြောင်းကို ပြောပြပြီးနောက် ကျွန်တော့်ကိုသူက ပရိသတ်နှင့် မိတ်ဆက်ပေးပြီး "ယခုလယ်ရီကင်းက ကုန်သည်ရေကြောင်းလောကရဲ့ အနာဂတ်အကြောင်းကို ပြောပြပါလိမ့်မယ်" ဟု ကြေညာလိုက်သည်။

ကျွန်တော် နာရီဝက်ခန့်ပြောသည်။ ကျွန်တော့်အနေဖြင့် ကိုယ်နား





မလည်သည့်ကိစ္စကို မပြောတာ အကောင်းဆုံးဖြစ်သည်ဟု ယူဆသဖြင့် ကုန်သည်ရေကြောင်းကိစ္စကို လုံးဝမပြော။ ကျွန်တော်စကားပြော ပြီးသည့်အခါ လက်ခုပ်တီးသံများလည်း မကြားရပေ။ မည်သည့်အသံမျှလည်းမကြားရ။ သို့ဖြစ်၍ ကျွန်တော်ချက်ချင်းထွက်လာခဲ့သည်။ ကားထဲဝင်ပြီး နောင် ငါ့ကို ဘယ်တော့မှ မဖိတ်လျှင်ကောင်းမည်ဟု တွေးမိသည်။ အများပြည်သူရှေ့တွင် ကျွန်တော်သည် ပြောရန်သင့်တော် သူမဟုတ်။ မိန့်ခွန်းပြောသည့်သူ တစ်ယောက် မဖြစ်လျှင်ပိုကောင်းမည်။ ရှက်စရာလည်းမလို။

ကျွန်တော် ကားစက်နှိုးစဉ်တွင် ထိတ်လန့်တုန်လှုပ်ပြီး ချွေးတွေလည်း ပြန်နေသည်။ ထိုအချိန်၌ အခမ်းအနားမှူးက အမိုလိုက်ပြီး ကားတံခါးကို ခေါက်လိုက်သည်။ ကျွန်တော်က တံခါးဖွင့်ပေးလိုက်သည့်အခါ သူကခေါင်းငြိမ့်ပြီးဝင်လာသည်။ ကျွန်တော့်အနေဖြင့် သူ့ကိုတံခါးဖြင့်ညှပ်ပိတ်ပြီး သတ်ပစ်ချင်စိတ်ပေါက်လာသည်။

သူက ကျွန်တော့်ကိုပြောသည်။ "ကျွန်တော်တို့ရဲ့ ကလပ်အဖွဲ့ဝင်တွေကို ကုန်သည်ရေကြောင်းပြောမယ်လို့ ပြောထားတယ်၊ အဲဒီအကြောင်းတို့ ကျွန်တော်က သေချာ သုတေသနလုပ်ပြီး သမိုင်းကြောင်းကို ပြောခဲ့တယ်၊ ခါပေမယ့်ခင်ဗျားက ကုန်သည်ရေကြောင်းလောကရဲ့ အနာဂတ်အကြောင်းတို့ တစ်ခါမှကို ရည်ညွှန်းပြောသွားတာ မတွေ့ရဘူး"

ကျွန်တော်က ပြောပြသည်။ "အနာဂတ်မှ မရှိတာ" ဟု ပြောပြီး ထွက်လာခဲ့သည်။

ကျွန်တော့်အနေဖြင့် အနယ်းငယ် နောင်တရသည်။ အသက် (၂၀) ကျော် လူငယ်တစ်ယောက်အနေဖြင့် တာဝန်မဲ့သယောင် လုပ်ခဲ့သည်။ သို့သော် ကျွန်တော်က သူတို့လိုချင်တာပေးခဲ့ပြီဟု ကျွန်တော်ကိုယ်ကျွန်တော် ဆင်ခြေပေးသည်။ သူတို့ သဘောကျကျေနပ်မည့် မိန့်ခွန်းမျိုးကို ပြောခဲ့သည်ဟု ဆင်ခြေပေးသည်။ နောက်ရက် အနည်းငယ် ကြာသည့်အခါ ရိုထရီကလပ်အသင်းသားများက ကျွန်တော့်မိန့်ခွန်းကို သဘောကျကြကြောင်းသိရ သည်။ လက်ခုပ်မတီးဘဲနေကြသည်မှာ အမေရိကန် ကုန်သည်ရေကြောင်းလောကရဲ့ အနာဂတ်အကြောင်းကို ပြောမည်ဟု ပြောထားသဖြင့် ပြောလို့ပြီးမှန်းလည်း မသိ၊ ဘာလုပ်လို့ လုပ်ရမှန်းမသိ၍ ဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း ကျွန်တော်ပြောမည်ဟု ပြောထားသည့် အကြောင်းအရာကို မှတ်မိလျှင် ပို၍ အဆင်ပြေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိယာမိ၌ အခြားအတွေ့အကြုံတစ်ခုကို ကြုံခဲ့ရသေးသည်။ ထိုမြို့၌ ရှိသည့် အဖွဲ့အစည်းက ကျွန်တော်ဘာပြောမည်ကိုဆိုသည့် ကိစ္စကို လုံးဝ စိတ်မဝင်စားဘဲ ကျွန်တော်လာလျှင်ပြီးရောဆိုသည့် သဘောထားရှိသည်။

ထိုဇာတ်လမ်းကို အသံလွှင့်ရုံသို့ ဖုန်းဆက်ရာမှစသည်။ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်က တယ်လီဖုန်းကိုကိုင်ပြီး "လယ်ရီ၊ လိုင်း (၂) မှာ မင်း အတွက် တယ်လီဖုန်း" ဟုပြောသည်။

ကျွန်တော် တယ်လီဖုန်းကို ကောက်ကိုင်ပြီး "ဟဲလို" ဟု နှုတ်ဆက် လိုက်သည်။ ကျွန်တော်ပြောနိုင်သမျှမှာ ထိုထက်မပို။

တစ်ဖက်မှအသံက "လယ်ရီကင်းလား၊ ဂျိုနီပါ၊ နိုဝင်ဘာ (၃) ရက်၊ စစ်ပွဲအမှတ်တရနေ့မ၊ ဗိုတ်လောက် ဒါဒေးလ်၊ အလှူပွဲညစာစားပွဲ၊ ဆာဂျီယို ဖရန့်ချီ သီချင်းဆိုမယ်၊ မင်းအခမ်းအနားမှူးလုပ်ရမယ်၊ နက်ခ်တိုင်အမဲဝတ်ခဲ့၊ ည (၈) နာရီ အဲဒီအရောက်လာ၊ ဒါဘဲ" ဟုဆိုပြီး တယ်လီဖုန်းချသွားသည်။

နောက်လအနည်းငယ်ကြာ၍ ထိုသို့ရောက်သွားသည့်အခါ "မင်းလာ တာ သိပ်ဝမ်းသာတာဘဲ" ဟု ကျွန်တော်ကို ကြိုဆိုနှုတ်ဆက်ကြသည်။

ကျွန်တော်ကိုယ် ကျွန်တော်ပြန်မေးကြည့်သည်။ မင်းရောဝမ်းသာသလား?

ကျွန်တော်က စင်နောက်သို့သွားကာ ဆာဂျီယိုတွေ့ပြီး "ဆာဂျီယို ဘယ်လိုဖြစ်တာလဲ" ဟုမေးသည်။

သူက "ဂျိုနီဆိုတဲ့ကောင် ငါ့ကိုခေါ်တာဘဲ" ဟုပြောသည်။

ထို့နောက် ဂျိုနီက ကျွန်တော်တို့ကို အသေးစိတ် ညွှန်ကြားချက်များ ပေးသည်။ "ဟုတ်ပြီ- ကိုယ့်လူတို့ စင်ပေါ်တတ်၊ လုပ်ချင်တာလုပ်၊ မိနစ် (၂၀) အချိန်ရ တယ်၊ ပြီးရင် ဆာဂျီယိုတက်မယ်၊ မီးတော့မဖွင့်လိုက်နဲ့"

"ဘာဖြစ်လို့ မီးမဖွင့်ရမှာလဲ"

"မီးမဖွင့်နဲ့၊ ပရိသတ်ထဲမှာ ပြိုင်ဘက်တွေအများကြီးရောက်နေတယ်"

" ပြိုင်ဘက်တွေဆိုတာ ဘယ်သူတွေကိုပြောတာလဲ"

"သံလွင်ဆီလုပ်ငန်းကလူတွေ အများကြီးရှိတယ်၊ Pasta လုပ်ငန်း လူတွေလည်းရှိတယ်၊ FBI အေးဂျင့်တွေလည်းရှိတယ်၊ ဒါကြောင့် မှောင်နေတာ ကောင်းတယ်၊

ထိုသို့ဖြင့် ကျွန်တော်မိနစ် (၂၀) ရသည်၊ ရယ်သံ တချို့ကြားရသည်၊ ပြီးနောက် ဆာဂျီယိုတတ်လာသည်၊ ထိုညနေပိုင်း ကျွန်တော်၏ တားပေါ်





တတ်ရန် ဟန်ပြင်စဉ် ဂျိုနီတကျွန်တော်ကို နှုတ်ဆက်သည်၊" "ဟာ- မင်း သိပ်ကောင်းတာဘဲ" ဟုပြောသည်။

ကျွန်တော်က ကျေးဇူးတင်ကြောင်းပြန်ပြောသည်။

သူက "နောက်နေတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ မင်းတော်တော် ကိုတောင်းတာ" ဟုထပ်ပြောသည်။

ကျွန်တော်က သူကိုထပ်၍ ကျေးဇူးတင်ကြောင်းပြောသည်။

ထို့နောက် သူက "မင်းပေါ်တို့ကြွေးတင်နေပြီ" ဟုပြောသည်။

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျေးဇူးဆပ်စရာ မလိုပါဘူး၊

ဒီမှာပြောရတာ ဝမ်းသာပါတယ်" ဟု ကျွန်တော် ပြန်ပြောလိုက်သည်။

ထို့နောက် သူကကျွန်တော် တစ်သက်လုံးမည်သည့်အခါမှ မကြားဘူး သည့် စကားများကို ပြောသည်။ ထိုမေးခွန်းကို ကျွန်တော်မှတ်မိနေသေးသည်၊ ထိုမေးခွန်း ကိုပြောသည့်အခါ လကသမုဒ္ဒရာပေါ်ရောက်နေသည်၊ သူက "မင်းသဘောမကျတဲ့ကောင်ရှိလား" ဟုမေးသည်။

အကယ်၍ တစ်ယောက်ယောက် သင့်ကိုပြောလာလျှင် သင်ဘာလုပ် ရမည်ကို ကျွန်တော်သိသည်။ နာမည်တွေကို လိုက်စဉ်းစားမည်၊ ကျွန်တော် လည်း လိုက်စဉ်းစားသည်။ ထို့နောက် ကျွန်တော်၏ ကိုယ်ကျင့်တရားက ကျွန်တော်ကို လွှမ်းမိုးသွားသည်။ မည်သူ့နာမည်ကိုမျှ မပြောရန် ဆုံးဖြတ် လိုက်သည်။ သူကတော့မသိ။ သို့သော် ထိုညကကျွန်တော်သည် ကျွန်တော် သဘော မကျသော အသံလွှင့်ရုံအမှတ် (၄) ၏မန်နေဂျာ အသက်ကို ထုတ် မပြောဘဲနေခဲ့သည်။

ကျွန်တော်က "ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သဘောမကျတဲ့သူ မရှိပါဘူး" ဟုပြောလိုက်သည်။

ထိုအခါ သူကနောက်မေးခွန်းတစ်ခုမေးသည်။

"မင်းမြင်းပြိုင်ပွဲကိုသဘောကျလား"

"ဟုတ်တဲ့ - သဘောကျတယ်"

"ငါတို့ဆက်သွယ်မယ်"

နောက်ဆုံးပတ်ခန့်ကြာသည့်အခါ တယ်လီဖုန်း မြည်လာသည်၊ တစ်ဖက်မှ အသံက "ဟီရာလေးက တတိယလိုင်းက အဲပဲလ်ထရိုက်တိုကောင်း" ဟုပြောသည်။

ကျွန်တော်မှာ ထိုစဉ်က ဒေါ်လာ (၈၀၀) ရှိသည်၊ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ (၅၀၀) ကိုစုလိုက်ပြီး ဒေါ်လာ (၁၃၀၀) ကို အဲပဲလ်ထရိုးမြင်းပေါ် ပုံအော၍ လောင်းလိုက်သည်။ ပထမပွဲစဉ်နှစ်ခုကို ကြည့်နေသည့်အခါ "ဘဝမှာ သေချာတဲ့တိစ္စ (၃) ခုရှိတယ်။ သေခြင်း၊ အခွန်များနှင့် ဒီနေ့ပွဲစဉ်မှာ အဲပဲလ်ထရိုးဆိုတဲ့မြင်း သေချာပေါက်နိုင်မှာဘဲ" ဟူ၍ပြောဖြစ်သည်။

ကျွန်တော့်အနေဖြင့် ပန်းတိုင်မရောက်ခင်မြင်း (၅) ကောင်ပေါ်မှ ဂျော်ကီ (၅) ယောက်မတော်တဆလိမ့်ကျမည်ကို မြင်ယောင်နေသည်။ သို့သော် ဘာမျှ မဖြစ်ဘဲပွဲပြီးသွားသည်။ အံ့ဩစရာကောင်းသည်မှာ အဲပဲလ်ထရိုးမြင်းက အနိုင်ရခဲ့သည်။ ထိုသို့ဖြင့် ကျွန်တော်သည် ဒေါ်လာ (၈၀၀၀) ရခဲ့သည်။ ယခုဆိုလျှင် ကျွန်တော့်ကို စကားပြောရန် ဖိတ်ခေါ်သူ ကိုးနိုကျေနပ်လောက်သည်။ သူကျွန်တော့်အပေါ် ကြွေးမတင်တော့ပေ။

## ၀ အခြားလမ်းညွှန်ချက်များ

ကျွန်တော်၏ အတွေ့အကြုံမှလည်းကောင်း၊ အခြားသူများပြောသည်ကို သတိထားမိရာမှလည်းကောင်း အခြေခံသည့် အဓိကကျသည့် အချက်အချို့ရှိသည်။

**ကိုယ့်ပရိသတ်ကို ကြည့်ပါ** - မျက်စိချင်းဆုံရန် မည်မျှ အရေးကြီးကြောင်း ကျွန်တော်ပြောခဲ့ပြီးပြီ။ မိမိ၏ စာရွက်များ၊ စာအုပ်များမှမော့ကြည့်ပါ။ နံရံကိုကြည့်ပြီး မပြောပါနှင့်။ ဘေးကပြတင်းပေါက်ကိုကြည့်ပြီး မပြောပါနှင့်။ ၎င်းတို့သည် သင်၏ပရိသတ်များမဟုတ်ပါ။ သင်၏စာရွက်မှ မျက်နှာကိုခွာ၍ ကြည့်သည့်အခါ ပရိသတ်၏ ဘက်ပေါင်းစုံကို လိုက်ကြည့်ပါ။ ထိုအခါ သူတို့အားလုံးကို ဦးတည်၍ပြောနေသည်ဟု ပရိသတ်ကထင်ကြမည်။

**မိမိသုံးမည့် အနေးအမြန် အလေးအပေါ့တို့သိပါ** - အချို့ပြောသူများက စာရွက်မှကြည့်၍ ပြောသည့်တိုင်အောင် မိမိအလေးပေးချင်သည့် စာလုံးများကို လိုင်းတားထားကြသည်၊ အကယ်၍ မှတ်စုကိုကြည့်ပြီးပြောလျှင် အလေးပေးလိုသည့် အကြံဉာဏ်များ၊ အပိုဒ်များကိုမှတ်ထားပါ။ ဤသို့ ဆောင်ရွက်သည့်အတွက် ကိစ္စနှစ်ခုကို ဖြစ်စေသည်။ ကိုယ်လိုချင်သည့်အရာကို အလေးပေးနိုင်သည်၊ ပရိသတ်အိပ်ပျော်သွားအောင် ပျင်းရိစရာတစ်သံတည်း ပြောသည့် အခြေအနေမျိုးကို ရှောင်ရှားနိုင်သည်။ အထူးသဖြင့် အစာစားပြီး





ဒိုက်ပြည့်နေသည့် အချိန်မျိုးတွင် အလွယ်တကူ အိပ်ပျော်သွားနိုင်သည့် အခြေအနေမျိုးကို ရှောင်ရှားနိုင်သည်။

**မတ်မတ်ရပ်ပါ**- စစ်တပ်မှာကဲ့သို့ တောင့်တောင့်တင်းတင်းရပ်ရန် ဆိုလိုပါ။ သက်တောင့်သက်သာနှင့် မတ်မတ်ရပ်ရန် ဆိုလိုခြင်းဖြစ်သည်။ စကားပြောဆိုစဉ်၌ ကုန်းမနေပါနှင့်။ ကုန်းနေလျှင် အသက်ရှူလမ်းကြောင်း အနှောက်အယှက်ဖြစ်သည်။ ကြည့်ရလည်းဆိုးသည်။

အကယ်၍ သင်၏ရှေ့၌ မိုက်ကရိုဖုန်းတစ်လုံးရှိလျှင် အနီးမှအမြင့် ချိန်ပါ။ ကိုယ်မလုပ်တတ်လျှင် ကျွမ်းကျင် သူတစ်ယောက်ကိုလုပ်ခိုင်းပါ။ ဖြစ်နိုင်လျှင်မပြောမီကပင် စစ်ဆေးပါ။ ပုံမှန်အသံအတိုင်း မိုက်ကရိုဖုန်းကိုပြောပါ။ အသံမြှင့်ပြီးပြောလျှင် ကြားရခက်ပါလိမ့်မည်။ မိုက်နှင့်နီးသွားလိုက်၊ ဝေးသွားလိုက်မဖြစ်စေရန် ဂရုစိုက်ပါ။ မေးခွန်းတစ်ခုကိုဖြေသည့်အခါ မိုက်ဘေးမှာ ဖြေသည့် အဖြေမျိုးမဖြစ်ပါစေနှင့်။

## ၀ ဟာသ

အကယ်၍ သင့်အနေဖြင့် ကင်ဆာကုထုံးနည်းတစ်ခုကို ကြော်ငြာနေခြင်း မဟုတ်လျှင်သော်လည်းကောင်း၊ စစ်ကြေညာခြင်းမဟုတ်လျှင်လည်းကောင်း မိန့်ခွန်းများသည် လူသားတို့အတွက် ကျိန်စာဖြစ်သည်ဟု မှတ်မိနေလျှင် ပိုကောင်းသည်။ အလေးအနက်ထားစရာမလိုလျှင် အလေးအနက်မထားပါနှင့်။ လေးနက်သည့်အကြောင်းအရာပေါ်၌ ပြောနေသည့်တိုင်အောင် ပရိသတ်များက ဟာသအနည်းငယ်ကို ကြားချင်ကြသည်။

ဟာသပြောသည့်အခါ ဤသို့မစပါနှင့်။

"ကျွန်တော်ရယ်စရာလေး တစ်ခုပြောပါစေ"

(မည်သူကမျှ ရယ်စရာကြီးဟုမပြောကြ)

" ဒီလိုမလှိုလုပ်တုန်း ကျွန်တော်ရယ်စရာတစ်ခုကြုံခဲ့တယ်"

" ဒီမှာ ရယ်စရာလေးတစ်ခုရှိတယ်၊ ခင်ဗျားတို့သဘောကျမှာပါ တကယ်ကို ရယ်စရာကောင်းတယ်"

"အခုလိုပြောတော့ ကျွန်တော်ရယ်စရာလေးတစ်ခု သတိရတယ်၊ ခင်ဗျားတို့ကြားဖူးပြီးသားနေမှာပါ၊ ဒါပေမယ့် ကျွန်တော်တဘော့ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗင်းတို့ကို မည်သည့်အတွက်ကြောင့် ရှောင်ရှားရမည်နည်း။ ၎င်းတို့သည် ဆီသည်မလက်သုတ်ပုဝါကဲ့သို့ ဟောင်းနွမ်းနေသည့် စကားများဖြစ်သည်၊ တာသတစ်ခုပြောမည့်အခါ၌လည်းကောင်း၊ အဆုံးသတ်တော့မည့်အခါ၌လည်းကောင်း အမြဲတမ်းသုံးတတ်ကြသည်။ ရယ်ရမည်ဟုပြောထားပြီး မရယ်ရလျှင် ပရိသတ်ကစိတ်ပျက်ကြမည်။ ကြားပြီးသားဖြစ်မည် ဆိုသည်ကိုလည်း ကြိုပြောရန်မလိုပါ။ ထိုသို့ပြောလိုက်သည့်အတွက် ရယ်စရာတွေ ပေါ့ပြက်ပြက်ဖြစ်စေသည်။

ရယ်စရာပြောပြီးမှ အတည်ပြောတာဟုလည်းမပြောပါနှင့်။

ကိုယ့်ဟာသကို ကိုယ့်အပြောနှင့် ကိုက်ညီစေရန်ညှိထားပါ။ သင့်အနေဖြင့် စီးပွားရေးလောက,က အမှုဆောင်အရာရှိကြီးများကို မဟာဗျူဟာများ မည်သို့ အကောင်အထည်ဖော်မည်ဆိုသည့်အကြောင်း ပြောမည်ဆိုပါစို့၊ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်သဘောကျသည့် ဥပမာတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

ဝေလ် ရိုဂျားစ်က ပထမကမ္ဘာစစ်ကို ပြီးဆုံးစေမယ့် အစီအစဉ်တစ်ခုရှိတယ်လို့ပြောတယ်။ သူကဘာပြောလည်းဆိုတော့ "ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ ပြဿနာက ဂျာမန်ရေငုပ်သင်္ဘောတွေ၊ ယူဘုတ်တွေက ကျွန်တော်တို့ရဲ့ သင်္ဘောတွေကို မြုပ်ပစ်နေလို့ဖြစ်တယ်၊ တကယ်လို့သာ ကျွန်တော်တို့က အတ္တလန်တိတ် သမုဒ္ဒရာကို ဆူသွားအောင်အပူပေးဖို့ ကျွန်တော်ကအကြံပြုတယ်၊ သမုဒ္ဒရာကြီးပူသွားလို့ရှိရင် ဂျာမန်ရေငုပ်သင်္ဘောတွေ ရေအောက်မှာ မနေနိုင်တော့ဘူး၊ ရေပေါ်တက်လာကြမယ်၊ အဲဒီအခါကျတော့ ကျွန်တော်တို့က သင်္ဘော တစ်စီးပြီးတစ်စီးဖမ်းလိုက်မယ်၊ အိုတလားဟိုးမား အမဲလိုက်တဲ့ဆီမှာ တစ်ကောင်ပြီးတစ်ကောင် ကောက်ဖမ်းလိုက်သလို လွယ်လွယ်လေး လုပ်လိုက်မယ်"

ထို့နောက် ရိုဂျားစ်ကဆက်ပြောသည် "ဟုတ်ပြီ - ခင်ဗျားတို့က ကျွန်တော့်ကိုမေးမယ်၊ အတ္တလန်တိတ်သမုဒ္ဒရာကို ၂၁၂ ဒီဂရီဖာရင်ဟိုက်ရောက်အောင် ကျွန်တော်ဘယ်လိုအပူပေးမလဲလို့မေးမယ်၊ ကျွန်တော့်အဖြေကတော့ ဒီကိစ္စကတော့ အတတ်ပညာရှင်တွေ လုပ်ကြလိမ့်မယ်၊ ကျွန်တော်ကတော့ မူဝါဒချမှတ်တဲ့သူဘဲ"

ရယ်သံစဲသွားသည့်အခါ ဇာတ်လမ်းနှင့် သင်တင်ပြချင်သည့် အကြောင်းအရာကို ဆက်ပြောမည်။ သင်က ပရိသတ်ကို "မူဝါဒချတာနဲ့ အကောင်အထည်ဖော်တာရဲ့ ခြားနားချက်က ဒါပါဘဲ" ဟုပြောမည်။

သင့်အနေဖြင့် အင်ဂျင်နီယာတစ်စုကို ပြောနေသည်ဆိုလျှင် ရှုထောင့်တစ်မျိုးဖြစ်မည်၊ သင့်အနေဖြင့် "အဲဒီလို စီမံတိန်းချုပ်တဲ့လူတွေရှိနေပြီး အင်ဂျင်နီယာတွေကို အမြဲတမ်းစိန်ခေါ်နေတာ မကောင်းဘူးလားဗျာ" ဟု ပြောနိုင်သည်။

ပရိသတ်က အကြောင်းနှစ်ခုကြောင့် ဤဟာသကို သဘောကျသည်။

၁။ ထိုပုံပြင်သည် ရယ်စရာကောင်းသည်၊

၂။ ထိုပုံပြင်သည် သူတို့၏ဘဝ၊ သူတို့၏အတွေ့အကြုံနှင့်လည်း ဆက်စပ်မှုရှိသည်။

၎င်းသည်လည်း စီးပွားရေးလုပ်ငန်းရှင်နှင့် ကျွမ်းကျင်သူ ပရိသတ်အတော်များများ အလေးအနက်ထားသည့် ပြဿနာဖြေရှင်းနည်းနှင့် ပတ်သတ်သည့် ဥပမာတစ်ခုဖြစ်သည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော့်မိတ်ဆွေ ဂျက်ကီဂလေဆန်၏ ပြောဆိုချက်ကို ကောက်နုတ်နိုင်သည်၊ သူက နယူးယောက်မြို့တော်၏ ယာဉ်အသွားအလာ ကျပ်တည်းသည့်ကိစ္စကို ဖြေရှင်းနိုင်သည့်နည်းလမ်းရှိသည်ဟုဆိုသည်။ "လမ်းတွေကို မြောက်ကိုတစ်လမ်းသွား လုပ်ပစ်လိုက်" ဟုပြောသည်။

ရယ်သံစဲသွားသည့်အခါ ထိုဟာသနှင့် သင်လိုချင်သောအချက်ကို ပြောပါ။ "ဝလေဆန်က ဘာကိုသတိပေးနေလဲဆိုတော့ ပြဿနာဖြေရှင်းတဲ့နည်းလမ်းတွေဟာ လိုအပ်တာထက်ပိုပြီးတော့ ရှုပ်ထွေးမနေဖို့ဘဲဆိုတာကို သတိပေးနေတယ်"

## ၁ အနိမ့်ဆုံးသတ်မှတ်ချက်

အခြားအခန်းများ၌ ရိုးရှင်းလွယ်ကူသည့် အင်္ဂလိပ်စကားဖြင့်ပြောတာ ခေတ်စားနေသည့် ဝေါဟာရများ၊ အသုံးအနှုန်းများ ရှောင်ရှားခြင်း၏ တန်ဖိုးအကြောင်းကို ဖော်ပြခဲ့သည်။ မိန့်ခွန်းများ၌လည်း ထိုအတူပင်ဖြစ်သည်။ လူအများရှေ့၌ စကားပြောခြင်းသည် အပြန်အလှန်စကားပြောသည့်ပုံသဏ္ဍာန်ကို အနည်းငယ်ပြုပြင်ထားခြင်းသာဖြစ်ပြီး သဘာဝအတိုင်းပြောပါ။ ထိုအခါ သင်ပြောသည်ကို လူအများနားလည်ကြမည်။ လူတွေက သူတို့ကို





www.burmeseclassic.com

www.burmeseclassic.com



ပြောနေခြင်းဖြစ်ပြီး သူတို့ခေါင်းပေါ်ကျော်၍ ပြောနေခြင်းမဟုတ်ကြောင်း နားလည်ကြမည်။

လမ်းဘေးစကားများကိုလည်း ဖောဖောသီသီ မသုံးပါနှင့်။ ၁၉၉၀ ပြည့်လွန်နှစ်များ၌ပင် ခပ်ရိုင်းရိုင်း ဝေါဟာရများကိုပြောက သင့်ကို ပရိသတ်များက သဘောကျကြမည် မဟုတ်ပေ။ ခပ်ရိုင်းရိုင်းဝေါဟာရများကို သာမန်ဝေါဟာရများအဖြစ်သို့ပြောင်းပါ။ ပရိသတ်တစ်ယောက်က သင်၏ဆဲရေးသံကို သဘောကျလျှင်ပင် သူ့ဘေး၌ သူ၏ ဇနီးရှိနေလျှင် နှစ်မြို့က်မည်မဟုတ်ပေ။ သင်နှင့်ရင်းနှီးသည့် ပရိသတ်ကိုပြောလျှင် ပြဿနာမဟုတ်။ သင်နှင့်ရင်းနှီးသည့် ပရိသတ်မဟုတ်လျှင် ခပ်ရိုင်းရိုင်းမပြောခြင်းက ပို၍ကောင်းသည်။

■



အများပြည်သူရှေ့တွင် စကားပြောခြင်းနှင့် ပတ်သက်သည့်မှတ်စုများ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

## အများပြည်သူရှေ့တွင်စကားပြောခြင်းနှင့် ပတ်သက်သည့်မှတ်စုများ

- ပရိသတ်ကို တိုယ့်ဘက်ပါအောင်လုပ်နည်း
- မမျှော်လင့်သည်ကို လုပ်ရမည့်အချိန်
- လိုတိုရှင်း၏တန်ဖိုး

### ○ ပရိသတ်ကိုသိခြင်း

လူရှေ့သူရှေ့တွင် စကားပြောရာ၌ လိုက်နာရမည့် ပညတ်ချက်များ မည်မျှရှိသည်ကို ကျွန်တော်မသိပါ။ သို့သော် ၎င်းပညတ်ချက်များ၌ မိမိပရိသတ်ကိုသိခြင်းသည် ပညတ်ချက်တစ်ခုဖြစ်လျှင် ပရိသတ်ကိုသိခြင်းအားဖြင့် သူတို့နှင့် အပေးအယူမျှနေစေရန် ဆောင်ရွက်နိုင်သည်။ သူတို့၏ရှုထောင့်များကိုနားလည်ကြောင်း စေ့စေ့စပ်စပ် ပြောကြားပြသနိုင်သည်။

ဝါရှင်တန် စစ်ပြန်မိန့်ခွန်းရေးသူတစ်ဦး၏ အလိုအရဆိုလျှင် "သူတို့ရှိတဲ့နေရာကို တည့်တည့်ပစ်ပါ" ဟုဆိုသည်။ ကိုယ်ပရိသတ်များက ဘယ်သူဆိုသည်ကိုသိခြင်း၊ သူတို့ဘာစိတ်ဝင်စားသည်ကိုသိခြင်း၊ ဘာကြားလိုသည်ကို မမေ့အောင်လုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သင်၏ပရိသတ်ကိုသိပြီးလျှင် စကားပြောတော့မည်ဆိုလျှင် ကြိုတင်ပြင်ဆင်ရာ၌ မေးခွန်းများကိုဖြေကြားထားပါ။ အဲဒီအဖွဲ့အစည်းက ဘယ်လိုဖွဲ့စည်းသလဲ? အဖွဲ့ဝင်တွေက ဘယ်သူတွေလဲ? သူတို့ဘယ်ကလာကြသလဲ? သူတို့ရင်ဆိုင်နေရတဲ့အဓိက ပြဿနာကဘာလဲ? ငါ့ဆီက ဘာကြားချင်တာလဲ? ဘယ်လောက်ပြောချိန်ရသလဲ? (ထိုအချက်သည် အရေးအကြီးဆုံးဖြစ်သည်) ပြီးလျှင် မေးခွန်းမေးမြန်းကြမည်လား?။

ကျွန်တော်၏ ဘရုကလင်းမှ မိတ်ဆွေဟောင်း ဆမ်လီဗင်ဆန်က ဤကိစ္စတွင်အောင်မြင်သည်။ သူသည် အက်ဒ်ဆူလီဗန် အစီအစဉ်တွင် မကြာခဏလာရောက်သူဖြစ်ပြီး ညကလပ်များ၌လည်း အောင်မြင်သူဖြစ်သည်။ ရယ်စရာပြောတတ်သူ တစ်ယောက်ဖြစ်ပြီး သူ့ပရိသတ်ထဲက သာမန်လူတစ်ယောက်ကဲ့သို့လာကာ ဆွဲဆောင်နိုင်ခြင်းဖြစ်သည်။ သူကသာ မန်ပရိသတ်ထဲကလာကြောင်း၊ သူ့အဖေလည်း ရုန်းကန်ခဲ့ရကြောင်း၊ သူ့အနေဖြင့်ကျောင်းဆရာတစ်ယောက်ဖြစ်လာခဲ့ကြောင်း ပြောပြခဲ့သည်။ သူ၏ပုံသဏ္ဍာန်မှာလည်း ဆံပင်တိုတို၊ မျက်မှန်တပ်၍ ရုပ်အမြဲ့ဝတ်ကာ နက်ခ်တိုင်အသေးလေးကိုစည်းထားပြီး ခပ်ရိုးရိုးဝတ်စုံကို ကြယ်သီးတပ်ပြီးဝတ်ထားသည်။

သူက သူ့ပရိသတ်ကို ပြောပြသည်။ **"ကျွန်တော့်အဖေဟာ ဒီနိုင်ငံကို သူလုငယ်ဘဝကတည်းကလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက အမေရိကန်ဟာ အခွင့်အလမ်းတွေ အများကြီးရှိတဲ့နိုင်ငံ ဖြစ်နေတယ်လို့ သူကြားလို့လာတယ်၊ လမ်းတွေကလည်း ရွှေတွေခင်းထားတယ်လို့ သူကကြားခဲ့ရတယ်။ ဒါပေမယ့် ဒီရောက်လာတဲ့အခါမှာ သူတွေ့ရတာ (၃) ခုရှိတယ်"**

၁။ လမ်းတွေဟာ ရွှေတွေနဲ့ခင်းမထားဘူး၊

၂။ လမ်းတွေဟာလည်း လုံးဝကို ခင်းမထားဘူး၊

၃။ သူ့ကို လမ်းခင်းခိုင်းကြတယ်၊

သူ၏ပရိသတ်သည် မျိုးဆက်ပေါင်းများစွာက အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းလာသည့် အလုပ်သမား မိသားစုဝင်များက ထိုအခါသူ့ဘက်သို့ လုံးဝရောက်သွားကြသည်။





## ၁ ပရိသတ်ကိုမသိလို့

ရှေ့၌ထိုင်နေသည့် ပရိသတ်များကသင့်ကို သိသည်ဟုမထင်ပါနှင့်။ ဝါရှင်တန်ပို့စ်သတင်းစာမှ ပင်တိုင်ဆောင်းပါးရှင်၊ ရုပ်မြင်သံကြားအစီအစဉ်မှ မာရီပိုဗစ်ချ်၏ဖခင်က အခက်အခဲကြုံပြီးမှ ဤကိစ္စကို သဘောပေါက်ခဲ့သည်။

ဝါရှင်တန်၌ အလွန်ထင်ရှားသည့် ရှာလီကို အစည်းအဝေးတစ်ခုသို့ ဖိတ်ကြားခြင်းခံရသည်။ ဂျူးများအားလုံးရှိနေသည့်ခန်းမတစ်ခု၌ **"ဒီနေရာရောက်နေတာ ကျွန်တော်သဘောကျပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းတွေအကုန်လုံးဟာ ဂျူးတွေဖြစ်နေလို့"** ဟု ပြောလိုက်သည်။

ပရိသတ်က အထိတ်တလန့်ဖြစ်သွားကြသည်။ ငြိမ်လည်းသွားသည်။ ရှာလီက အခြေအနေကို သဘောပေါက်လိုက်သည်။ သူဂျူးဖြစ်နေကြောင်းဘယ်သူမျှမသိကြ။ ထိုအခါကြမှ သူက **"ကျွန်တော်ဆွေမျိုးတွေ အပါအဝင်"** ဟုဆိုပြီး မြန်မြန်ထပ်ပြောရသည်။

သူကထိုအကြောင်းကို လုပ်ဖော်ကိုင်ဖက်များ အားပြောပြသည်၊ **"ဘုရားမ,လို့ဘဲဗျို့၊ အဲဒီအချိန်ကစပြီး ကျွန်တော်သတိထားတယ်"**

## ၂ မမျှော်လင့်သည်ကို ဖပြောကြားခြင်း

တစ်ခါတစ်ရံ၌ သင်၏ပရိသတ်နှင့်ပတ်သက်၍ သူတို့ကြားရလိမ့်မည်ဟု မမျှော်လင့်မထားသောအရာကို ပြောခြင်းဖြင့် အောင်မြင်နိုင်သည်။

တစ်ခါကကျွန်တော်သည် ရှေ့နေများ၊ ရဲအရာရှိများပါသည့် ပရိသတ်ကို စကားပြောရသည်။ မိယာမီတွင် ခရိုင်ရှေ့နေအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သည့် ကွယ်လွန်သူ ဒစ်ခ်ဂါးစတင်းကဖုန်းဆက်တယ်။ သူက **"လယ်ရီ - ငါ့မှာပြဿနာတစ်ခုရှိတယ်၊ ဒီမှာ တရားဥပဒေစိုးမိုးရေး အရာရှိတွေရဲ့ ညီလာခံနှစ်ခု တပြိုင်တည်းကျင်းပမယ်၊ တစ်ခုက အမျိုးသားခရိုင်ရှေ့နေများအသင်းနဲ့ နောက်တစ်ခုက နိုင်ငံတကာရဲချုပ်များအသင်း အစည်းအဝေးဖြစ်တယ်၊ အဲဒီနှစ်ခုစလုံးက တနင်္ဂနွေနေ့ညမှာဘဲပြီးမှာ၊ ပြီးတော့ သူတို့နှစ်ခုစာ ပေါင်းပြီး ဖောင်တိန်းဘလူးမှာ ညစာစားပွဲကြီးတစ်ခုကျင်းပဖို့ ဆုံးဖြတ်ကြတယ်"**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က "အဲဒီတော့ဘာဖြစ်လဲ?" ဟုမေးသည်။

သူကပြောပြသည်။ "ငါ့ပြဿနာတတော့ တို့ညီလာခံမှာ အဲဒီညကျရင် ပြောမယ့်သူကို ပြောင်းရလိမ့်မယ်၊ သူက ဖရန့်ဆူလီဗန်ဖြစ်တယ်၊ ဖလော်ရီဒါ ရာဇဝတ်နှိမ်နင်းရေး ဥက္ကဋ္ဌဖြစ်တယ်၊ သူဟာတမ္ဘာပေါ်မှာ အညံ့ဆုံးစကားပြောတဲ့သူဖြစ်တယ်၊ သဘောပေါက်သလား?"

ကျွန်တော်က ကျွန်တော်နာမည်ကို မည်သူမျှမကြားဘူးဟု ကန့်ကွက်သည်။ ဒစ်ခ်ကဆက်ပြောသည်။ "ဆူလီဗန်ပြောလိုက်လို့ အိပ်ပျော်သွားတဲ့ ဝရိသတ်ကိုနိုးအောင်လုပ်ပေးမယ့်လူ တစ်ယောက်ယောက်တော့ လိုနေတယ်၊ မပူနဲ့ကွာ - မင်းကို အကြီးအကျယ် မွှန်းပေးထားမယ်"

ကျွန်တော်ညစာစားပွဲသို့ ရောက်သွားသည့်အခါ ဒစ်ခ်ပြောတာမလွန်ကြောင်းတွေ့ရသည်။ ဆူလီဗန်၏ လေသံမှာအတက်အကျမရှိ၊ ပျင်းရိငြီးငွေ့စရာကောင်းသည်။ သူအသုံးပြုသော ဇယားများ၊ ဆလိုက်များ၊ ဂရပ်များကလည်း အထောက်အကူမဖြစ်။ အခန်းတစ်ခုလုံး ငြိမ်သက်သွားသည်။ သူ့မိန်းမမှအစ လူ (၂၀၀၀) စလုံး အိပ်ပျော်ကုန်ကြသည်။

ထိုစဉ်က ကျွန်တော်သည် ထိပ်ဆုံးစားပွဲ၌ထိုင်နေပြီး ကျွန်တော့်ဘဝတွင် ပထမဆုံး ဝတ်စုံပြည့်ဝတ်ထားသည်။ ဝတ်စုံဝတ်ထားသည့် ရဲအရာရှိများနှင့် ခရိုင်ရှေ့နေများကို လိုက်ကြည့်သည့်အခါ သူတို့အကုန်လုံး ခေါင်းငိုက်စိုက်ကျနေသည်ကို တွေ့ရသည်။ ဆူလီဗန်က နာရီဝက်ခန့်ပြောသည်။ သူပြောပြီးသည့်အခါ ပရိသတ်က ထပြီးပြန်ရန် ဟန်ပြင်နေကြသည်။

ဒစ်ခ်က ထိုအခြေအနေကို မြင်သည့်အခါ ပျာသွားသည်။ မိုက်ကရိုဖုန်းရှိရာ စင်မြင့်သို့သွားပြီး "ခဏနေကြပါအုံး" ဟု အလျင်အမြန်ပြောလိုက်သည်။

ယခုအခါ တကယ်ထိတ်လန့်တုန်လှုပ်လာသူမှာ ကျွန်တော်ဖြစ်လာသည်။ ပရိသတ်က ကျွန်တော့်ကိုမကြားဘူး။ (၂၀၀၀) ကျော်သော ပရိသတ်အနေဖြင့် အင်္ဂလိပ်စကားပြောသမိုင်းတွင် အညံ့ဆုံးသောမိန့်ခွန်းကို ယခုလောလောဆယ်၌ နားထောင်ပြီး၍ ငြီးငွေ့ပင်ပန်းနေကြသည်။ အိမ်ကို အမြန်ဆုံးပြန်ချင်နေကြသည်။

ကျွန်တော်မိုက်ရှိရာသို့ အလျင်အမြန်သွားပြီး ရာဇဝတ်အခြေအနေအလွန်ဆိုးဝါးသဖြင့် ယနေ့ပြောရန် မသင့်ကြောင်း ပြောပြသည်။ ဤအခြေအနေမှာ လွန်ခဲ့သည့်အနှစ် (၃၀) ကဖြစ်သည်။ ကျွန်တော်က "လူကြီးမင်းများ





ခင်ဗျာ- ကျွန်တော်ဟာ အသံလွှင့်သူဖြစ်ပါတယ်၊ အသံလွှင့်တဲ့လောကမှာ မှတ်ရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ဥပဒေတစ်ခုပါရှိပါတယ်၊ အချိန်တို ညီတူညီမျှပေးရပါတယ်၊ အဲဒီအချက်ကို ကျွန်တော် အသည်းထဲနှလုံးထဲကတို ယုံကြည်ပါတယ်၊ ဖရန့်ဆီလီဗန်က ရာဇဝတ်မှုနှိမ်နင်းရေးအကြောင်းကို ပြောသွားတာ ကြားပြီးပါပြီ၊ အဲဒီတော့ မှတ်ရမယ်ဆိုတဲ့ သဘောတရားအရဆိုရင် ကျွန်တော်အနေနဲ့ ရာဇဝတ်မှုတွေကို ကိုယ်စားပြုပြီးတော့ ပြောရမှာဖြစ်ပါတယ်" ဟု အလေးအနက်ပြောလိုက်သည်။

ထိုအခါ အပြင်ထွက်မည့် ဟန်ပြင်နေသူများ ရပ်သွားကြသည်၊ တိတ်ဆိတ်သွားလိုက်သည်မှာ ရဲအရာရှိတစ်ဦး တံဆိပ်ပြုတ်ကျသည်ကိုပင် ကြားရသည်။ သူတို့၏ အာရုံစိုက်မှုကို ချက်ချင်းလက်ငင်းရအောင် လုပ်လိုက်နိုင်သည်။ ဘာဆက်ပြောရမည်ကို စဉ်းစားရန်သာရှိတော့သည်၊ ထိုအခါ ကျွန်တော်က "ဒီအခန်းထဲက လူတွေအကုန်လုံးမှာ မွန်တန်နတဆိတ်မှာ နေခဲ့တဲ့လူ ဘယ်နှစ်ယောက်ပါသလဲ? " ဟုမေးသည်။

မည်သူမျှ လက်ထောင်သည်ကို မတွေ့ရ။

ကျွန်တော်ကဆက်ပြောသည်။ "မွန်တန်နာက ဘတ်မြို့ဟာ အမေရိကန်နိုင်ငံမှာ ရာဇဝတ်မှုအလွန်အနိမ့် ဆုံးမြို့ဖြစ်တယ်၊ မနှစ်တုန်းက တစ်မှုမှမရှိဘူး၊ ဒါပေမယ့် ဘယ်လူမှ မသွားချင်ဘူးမဟုတ်လား?၊"

ထို့နောက် ကျွန်တော်က သူတို့ကို မေးခွန်းနှစ်ခုမေးပြီးဖြေခိုင်းသည်၊

"ကမ္ဘာလှည့်ခရီးသည်တွေ အများဆုံးသွားတဲ့ အမေရိကတတိုက်ကြီး (၅) မြို့ဟာ ဘယ်မြို့တွေလဲ?၊ နယူးယောက်၊ ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ လပ်စ်ဘက်ဂတ်စ်၊ မီယာမီတို့ဖြစ်သည်၊ အမေရိကာမှာ ရာဇဝတ်မှု အထူပြောဆုံးမြို့တွေဟာ ဘယ်မြို့တွေလဲ? နယူးယောက်၊ ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ လပ်စ်ဘက်ဂတ်စ်၊ မီယာမီတို့ဖြစ်သည်၊ သုံးသပ်ချက်မှာရှင်းနေတယ်၊ ရာဇဝတ်မှုတွေ အများဆုံးရှိတဲ့နေရာကို တမ္ဘာလှည့်ခရီးသည်တွေက သဘောကျကြတယ်၊ ရာဇဝတ်မှုရှိတဲ့နေရာကို လူတွေတသွားကြတယ်"

ဆူလီဗန်၏ ဖနီးပင်နိုးလာသည်။

"တခြားအကျိုးကျေးဇူးတစ်ခုတော့ ငွေတွေဟာ သက်ဆိုင်ရာနေရာတွေမှာဘဲနေတယ်၊ ဗဟိုအစိုးရ ပါစရာမလိုဘူး၊ အဲဒီဒေသက အယောင်အစားလုပ်တဲ့သူဟာ အဲဒီဒေသက စားသောက်ဆိုင်ကိုဘဲသွားတယ်၊ ငွေဟာ အဲဒီရပ်ထဲရွာထဲမှာဘဲ လှည့်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုအဲကြောင်းကို ကျွန်တော်ကိုယ်တိုင်ပင်လျှင် ယုံကြည်စပြုလာသည်။

ထို့နောက် ကျွန်တော်ကဆက်ပြောသည် **"နောက်တစ်ခုရှိသေးတယ်၊ ဓမ္မတာဆူလီဗန်ပြောတာကို နားထောင်မယ်ဆိုရင် သူ့ရဲ့ဇယားတွေ၊ ဂရပ်တွေနဲ့ သူပြောတာဆိုတာကို ဂရုစိုက်မယ်ဆိုရင် ကျွန်တော်တို့အားလုံးဟာ အမေရိကန်နိုင်ငံမှာ ရာဇဝတ်မှုကို လုံးဝသုတ်သင်ပစ်နိုင်မှာဘဲ၊ အဲဒီရာဇဝတ်မှု မရှိတော့ဘူးဆိုရင် ဘာဖြစ်မလဲ၊ ဒီအခန်းထဲက လူတွေအကုန်လုံး အလုပ်ပြုတ်ကုန်မယ်"**

ကန်တပ်ခ်ကီ လူးဝစ်ဗေလီရဲချုပ် တရားဥပဒေ ထိန်းသိမ်းရေး အရာရှိကြီးတစ်ဦးက ဟာသဉာဏ်ဖြင့် မတ်တပ်ရပ်ထပြီး **"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"** ဟု မေးသည်။

ထိုမိန့်ခွန်းသည် နှစ်ပေါင်းများစွာ အသုံးဝင်မည့် မိန့်ခွန်းမဟုတ်။ သို့သော်ငြိမ်သက်နေသည့် ပရိသတ်ကို သူတို့မျှော်လင့်ထားသည့်အရာနှင့် ပြောင်းပြန်ပြောပြီး လှုပ်နိုးလိုက်နိုင်သည်။ ဤနေရာတွင် ဟာသဉာဏ်က အထောက်အကူပြုသွားခြင်းဖြစ်သည်။

အလေးအနက်ကိစ္စနှင့်ပတ်သက်၍ ပြောရလျှင် အုပ်ချုပ်ရေးမှူး မာရီယိုကူမိုက အခြားပရိသတ်တစ်စုကို ဟာသဉာဏ်ဖြင့်မဟုတ်ဘဲ အပြောကောင်း အဆိုကောင်းဖြင့် ဆွဲဆောင်နိုင်ခဲ့သည်။

နှစ်အနည်းငယ်က ကျွန်တော်သည် ရဲအရာရှိများ၏ နေ့လည်စာစားပွဲ၌ အခမ်းအနားမှူးအဖြစ်တာဝန်ယူပြီး အုပ်ချုပ်ရေးမှူးကူမိုက စကားပြောသည်။ နေ့လည်စာစားနေစဉ် ကျွန်တော်က သူ့ဘက်ကိုလှည့်ပြီး "ဒီနေ့ဘာအကြောင်းပြောမှာလဲ မာရီယို၊ အဲဒီတော့ ကျွန်တော်ကခင်ဗျားကို ပရိသတ်နဲ့မိတ်ဆက်ပေးတဲ့ အခါကြတော့ ပြောနိုင်တာပေါ့" ဟုပြောလိုက်သည်။

ကူမိုကပြောသည်။ **"ငါကသေဒဏ်အပြစ်ပေးရေးနဲ့ ပတ်သက်လို့ အတိုက်အခံဘက်ကပြောမှာ"** ဟုဆိုသည်။

ကျွန်တော်က သူ့ကို **"ကောင်းတယ်မာရီယို၊ ရဲအရာရှိကောင်းထောင်ချီပြီးတော့ရှိနေတဲ့ အခန်းထဲမှာ သူတို့အားလုံးက သေဒဏ်အပြစ်ပေးတာကိုလိုလားကြတယ်။ ခင်ဗျားကသေဒဏ်ပေးတာကို မကြိုက်တဲ့အကြောင်း ပြောမယ်။ သူတို့နဲ့တော့ ပွဲကြီးပွဲကောင်းတစ်ခုတော့တွေ့ကြမြီ"** ဟု ပြောသည်။

မှန်ပါသည်။ တကယ် ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ရဲအရာရှိများနှင့် ပြည့်နေသည့်အခန်း၌ သေဒဏ်ပေးခြင်းဆန့်ကျင်ကြောင်း ပြောသည့်အခါ





သူကသူ၏ အကြောင်းပြချက်တွေကို ပြောပြသည်။ သူ့မိန့်ခွန်း၏ ဆွဲအားကြောင့် ပရိသတ်ပင်အံ့အားတသင့်ဖြစ်ကြသည်။ သူ၏ ဝေါဟာရများ၊ ပြဿနာ၏ နှစ်ဖက်စလုံးရှိ အခြေအနေများကို သူကျွမ်းကျင်မှုတို့ကြောင့် ပရိသတ်၏ နှစ်ခြိုက်မှုကိုရသည်။

ကူမို၌ သူမတူအောင် ထူးချွန်သည့်စွမ်းရည်ရှိသည်။ သို့သော် ထိုနေ့တွင် ပြောကြားသော သူ၏မိန့်ခွန်းမှ သင်ခန်းစာ (၂) ရပ်ယူနိုင်သည်။

ပထမအချက်မှာ **ကြိုတင်ပြင်ဆင်မှု၏** အရေးပါပုံဖြစ်သည်။ ကူမိုက သူ၏ပရိသတ်ကို ကောင်းစွာသိသည်။ သေဒဏ်ပေးသည့် ကိစ္စနှင့်ပတ်သက်၍ ကူမို၏ ရပ်တည်ချက်သည် အတွေးအခေါ်အပေါ်၌ လည်းကောင်း၊ သုတေသနအပေါ်၌လည်းကောင်း အခြေခံခြင်းဖြစ်ကြောင်းကို ပြသခဲ့သည်။

ဒုတိယအချက်မှာ စွဲလမ်းမှု၏ အရေးပါပုံဖြစ်သည်။ ကူမိုအနေဖြင့် စိတ်ချလက်ချရှိသော သာမန်ခေါင်းစဉ်တစ်ခုကို အခြားနိုင်ငံရေးသမားများသာဆိုလျှင် အလွယ်တကူရွေးချယ်မည်။ ထိုအစား သူနက်နက်ရှိုင်းရှိုင်း ခံစားရသော သူစွဲစွဲလန်းလန်းရှိသော အကြောင်းအရာတစ်ခုကို ရွေးချယ်ခဲ့သဖြင့် အင်တိုက်အားတိုက်ပြောဆိုသူ ဖြစ်လာခဲ့သည်။

၁ လင်ဘိုရှင်း၏တန်ဖိုး

အင်္ဂလိပ်ဘာသာသင် ဆရာတစ်ယောက်က မိတ်ဆွေတစ်ဦးထံမှ စာအရှည်ကြီးတစ်စောင်ကိုရပြီး နောက်ဆုံး၌ တောင်းပန်စာတစ်ကြောင်း ရေးထားသည့် ဇာတ်လမ်းကိုပြောပြသည်။ သူ၏မိတ်ဆွေက အခုလို **"စာအရှည်ကြီးရေးရတာကို ခွင့်လွှတ်ပါ။ ကျွန်တော်မှာ စာအတိုရေးဖို့ အချိန်မရလို့ပါ"** ဟုရေးထားသည်။ အထူးသဖြင့် သင်ကောင်းစွာသိသည့် အကြောင်းအရာနှင့် ပတ်သက်၍ တိုတိုပြောရန် တိုတိုရေးရန်မှာ မလွယ်လှပါ။ သို့သော်မည်သည့် ဆက်ဆံရေးမျိုး၌ပင်ဖြစ်စေ သင်ပြောဆိုသမျှကို အဓိကအဆီအနှစ်များပါအောင် အဆီညှစ်၍ပြောနိုင်သည်။

လိုတိုရှင်း၏ အလေးပေးမှုသည် စကားပြောရာ၌ ပို၍အရေးကြီးသည်။ **"ဘယ်အချိန် ဇာတ်ခုံပေါ်က ဆင်းရမယ်ဆိုတာသိပါ"** ဆိုသည့် ပြဇာတ်လောက.က ဝေါဟာရသည်ထပ်မံ၍ အသုံးဝင်ပြန်သည်။ အကောင်းဆုံးစကား

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသူများသည် ဘယ်အချိန်ဆင်းရမည်ကို သိကြသည်။

အေဗရာဟင်လင်ကွန်းလည်းသိသည်။ သူ၏နာမည်ကျော် ဂက်တီစဘတ်မိန့်ခွန်းသည် ငါးမိနစ်မျှပင်မကြာ။ ၁၈၆၃ ခုနှစ် နိုဝင်ဘာ (၁) ရက်နေ့က ထိုနေ့တွင် အထင်ရှားဆုံး အပြောကောင်းသူဖြစ်သော အက်ဒ်ဝပ်အဲဗား ရက်ထ်သည် နှစ်နာရီကြာ အောင်သူ့ရှေ့က ပြောသွားခဲ့သည်။ ယခုအခါ၌ မည်သည့်မိန့်ခွန်းကို မည်သူများက မှတ်မိကြသနည်း။

အဲဗားရက်ထ်က ခပ်တိုတိုပြောသောမိန့်ခွန်း၏ ကြီးကျယ်မြင့်မြတ်ပုံ တိုသိသည်။ ထို့ကြောင့်နောင်တွင် လင်ကွန်းထံသို့ စာရေးသည့်အခါ "ခင်ဗျား နှစ်မိနစ်အတွင်း ပြောပြကာကို ကျွန်တော်နှစ်နာရီနီးပါး ပြောတာတောင်မှ လိုရင်းရောက်တယ်လို့ထင်ရင် ကျွန်တော်ကိုယ် ကျွန်တော် အထင်ကြီးမိမှာပဲ ဝမ်းသာမိမှာပဲ" ဟုရေးခဲ့သည်။

အမေရိကန်နိုင်ငံတွင် အရှည်ဆုံးမိန့်ခွန်းများသည် သမ္မတများ၏ ရာထူးလက်ခံသော မိန့်ခွန်းများဖြစ်ကြသည်။ ထိုမိန့်ခွန်းရှည်ကြီးများသည် ပရိသတ်ကိုသေလောက်သည်။ သို့သော် သမ္မတသစ်တစ်ဦးဖြစ်သော ဝီလျံ ဟင်နရီဟယ်ရီဆန်သည် မိန့်ခွန်းအရှည်ကြီးပြောပြီး ပရိသတ်မသေဘဲ သူကိုယ်တိုင်သေသွားသည်။ သူ၏ သမ္မတရာထူးကိုလက်ခံသည့် မိန့်ခွန်းကို ပြောကြားရာတွင် (၁၈၄၁) ခုနှစ်မတ်လ (၄) ရက်နေ့ အလွန်အေးသည့် ရာသီဥတု၌ တစ်နာရီကျော်ပြောသွားသဖြင့် အဆုပ်အအေးမိပြီး တစ်လအကြာ၌ ကွယ်လွန်သွားခဲ့သည်။

အတိုဆုံး မိန့်ခွန်းများသည် အမှတ်မိဆုံးနှင့် မကြာခဏ ကောက်နှုတ်ဖော်ပြခံရသော မိန့်ခွန်းဖြစ်သည်။ (၁၉၆၁) ခုနှစ်ဇန်နဝါရီလ (၂၀) ရက်နေ့က သမ္မတကနေဒီက ထိုမိန့်ခွန်းကိုပြောခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များကို ကျော်ပြီးနောက် ရာစုနှစ်အသစ်ကို စသည့်အခါ သမ္မတအသစ်က အမေရိကန်တို့ကို စိန်ခေါ်ခဲ့သည်။

ကနေဒီက "အမေရိကန် ပြည်သူပြည်သားတို့ ခင်ဗျားတို့တိုင်းပြည်က ခင်ဗျားတို့အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာကို မမေးပါနဲ့၊ ခင်ဗျားတို့က တိုင်းပြည်အတွက် ဘာလုပ်ပေးနိုင်မလဲ ဆိုတာကိုဘဲမေးပါ" ဟူ၍ ပြောခဲ့သည်။

သူကနိုင်ငံ၏ စစ်အေးခေတ်ကာလတွင် နိုင်ငံခြားအင်အားကြီးများကို ကြောက်လိမ့်မည်မဟုတ်ကြောင်း နိုင်ငံအကုန်လုံးကသိပါစေ။ "သူတို့တတို့အပေါ် စေတနာကောင်းဘဲထားထား စေတနာဆိုးဘဲထားထား တန်ရာ





တန်ကြေးအားလုံးကိုပေးမယ်၊ ဘယ်ဝန်ထုပ်ဝန်ပိုးကို မဆိုယူမယ်၊ အခက်အခဲတွေအကုန်လုံးကို ရင်ဆိုင်မယ်၊ မိတ်ဆွေတွေကို ကူညီမယ်၊ ရန်သူတွေအကုန်လုံးကို ဆန့်ကျင်မယ်၊ လွတ်လပ်မှုရှင်သန်ရေး အောင်မြင်ရေးအတွက် အားလုံးလုပ်မယ်" ဟုပြောခဲ့သည်။

ထင်ရှားသည့် စာရေးဆရာ၊ ကဗျာဆရာနှင့် သမိုင်းဆရာလည်းဖြစ် လင်ကွန်း၏အကြောင်းကို ရေးသားသည့်အတွက် ပုလစ်ဇာဆုကို ရရှိသူတစ်ဦး ဖြစ်သော ကားလ်ဆင်းဘတ်က ကနေဒီ၏ အဖွင့်မိန့်ခွန်းကို ချီးကျူးကြောင်း မိတ်ဆွေများအား ပြောပြသည်။ သူက ကနေဒီ၏ အဖွင့်မိန့်ခွန်းမှာ လင်ကွန်း ပုံစံပေါက်သည်ဟုဆိုသည်။

ကနေဒီက (၁၅) မိနစ်ပြည့်အောင်ပင်ပြောမသွား ထိုစာရင်းတွင် ဝင်စတန်ချာချီလည်း ထိပ်ဆုံးကပါသည်။ ဒုတိယကမ္ဘာစစ် အစောပိုင်း၌ သူ၏ မိခင်ကျောင်းတော်တွင် စကားပြောခိုင်းရာ လန်ဒန်မြို့အပြင်ဖက်က ကျောင်းတွင် စကားပြောခိုင်းသည်။ ချာချီသည် အများပြည်သူ့ရေးရာတွင် ထိပ်ဆုံးတရောက်နေချိန် အများကချီးကျူးကြလေးစားကြပြီး ဥရောပတဝှန်းတွင် ဟစ်တလာ၏ လန်ဒန်ထိုးစစ်ကို ကြံ့ကြံ့ခံပြီး နှစ်နှစ်ခန့်ဂျာမန်စစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်၍ အထင်ကြီးခံရသူ ဖြစ်နေခြင်းဖြစ်သည်။ သူက ၁၉၄၁ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့တွင် ဟာရိုးကျောင်းရှိ ကျောင်းသားများအား ပေးသည့်အကြံမှာ "ဂုဏ်သိက္ခာနှင့် အကျင့်ကောင်းအတွေးကောင်းအတွက် အကြီးအမားဘဲဖြစ်ဖြစ်၊ အသေးအဖွဲဘဲဖြစ်ဖြစ် ဘယ်တော့. . ဘယ်တော့. . ဘယ်တော့မှ အလျှော့မပေးနဲ့" ဟူ၍ဖြစ်သည်။

ထိုသို့ပြောပြီး သူထိုင်လိုက်သည်။ သူ့မိန့်ခွန်းတစ်ခုလုံးမှာ ထိုမျှသာ ဖြစ်သည်။

ကျွန်တော်တို့အများစုသည် လွပ်လပ်သောလောက၏ ခေါင်းဆောင်နေရာကို မည်သည့်အခါမျှ ရောက်မည်မဟုတ်။ ကျွန်တော်တို့၏ မိန့်ခွန်းများ၌ စစ်ပွဲများ ငြိမ်းချမ်းရေးများ၊ နိုင်ငံတကာယှဉ်ပြိုင်မှုများ ပါဝင်မည်မဟုတ်။ သို့သော် ကျွန်တော်တို့ မိန့်ခွန်းများသည် ကျွန်တော်တို့အတွက် လည်းကောင်း၊ ကျွန်တော်တို့ ပရိသတ်အတွက်လည်းကောင်း၊ အရေးကြီးသည်။ သူတို့ အောင်မြင်ရခြင်းသည် တိထိမိမိပြောနိုင်သည့် စွမ်းရည်ကြောင့်ဖြစ်သည်။ တီသင်ခန်းစာယူကာ အခြားလုပ်ငန်း အမျိုးမျိုး၌လည်း အောင်မြင်သည့် သူများသည် ထိထိမိမိ ပြောဆိုနိုင်၍ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com





လိုတိုရှင်းပြောခြင်းသည် သူတို့ထံမှရယူလိုက်သည့် ပထမဆုံး သင်ခန်းစာဖြစ်သည်။ လင်ကွန်း၊ ကနေဒီ ချာချီတို့လိုလူများအနေဖြင့် အထိမိဆုံးဖြစ်ရန် တိုတိုပြောကြလျှင် ကျွန်တော်တို့အနေဖြင့် တိုတိုပြောသင့်လှသည်။

အထက်၌ဖော်ပြသကဲ့သို့ပင် စကားပြောကောင်းသူများသည် စကားပြောကောင်းရန်အတွက် အခြေခံစည်းမျဉ်းတစ်ခုကို လိုက်နာကြောင်း တွေ့ရသည်။ ထိုစည်းမျဉ်းမှာ "Keep It Smiple, Stupid" (KISS) ဟူ၍ ဖြစ်သည်။ ထိုစကား၌ မရေမရာစကားများ၊ ရှည်လျားထွေပြားနေသော စာကြောင်းများ၊ နည်းပညာ အတတ်ပညာဆိုင်ရာ ဝေါဟာရများ၊ ခေတ်စားနေသော အသုံးအနှုန်းများမပါဘဲ ထိုစာလုံးသုံးလုံးဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းတို့၏ ဥပမာကိုလိုက်လျှင် သင်သည် ချာချီမဟုတ်သော်လည်း သင်ပြောသမျှ နားလည်ကြမည်။ ထိထိရောက်ရောက် ပြောဆိုတတ်သူတစ်ဦး၏ အရည်အချင်းမှာ ထိုသို့ပင်ဖြစ်သည်။

"ယိုဂီဘာရာနှင့်တွေ့ပါ"

ကျွန်တော်၏ မိန့်ခွန်းများအပိတ်၌ ကျွန်တော်ပရိသတ်ကို အကြံပြုသည့် စကားတစ်ခုရှိသည်။ **"နောက်တစ်ခါ တွေ့ဖို့အတွက်ဆိုရင် ယိုဂီဘာရာနှင့်တွေ့ပါ"** ဟု ဖြစ်သည်။

ထိုသို့ပြောသဖြင့် သူတို့အမြဲတမ်း အထိတ်တလန့်ဖြစ်သည်။ ထိုသို့ပြောသည့်အခါ သူတို့ဘာတွေ တွေးနေကြသည်ကို ကျွန်တော်သိသည်။ ဤလူသည် သမ္မတများနှင့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များကို တွေ့ဆုံအင်တာဗျူးနေသူဖြစ်သည်။ စက်မှုလုပ်ငန်း ခေါင်းဆောင်များ၊ ထိပ်တန်းအားကစားသမား၊ ရုပ်ရှင်မင်းသား မင်းသမီးများ၊ ဦးနှောက်ခွဲစိတ်ကု ဆရာဝန်များ၊ အာကာသယာဉ်မှူးများကို တွေ့နေသည့်သူဖြစ်သည်။ သို့ပါလျက်နှင့် သူက ယိုဂီဘာရာနှင့်တွေ့ပါဟု ပြောသည်ဟုသူတို့က တွေးကြသည်။

သို့သော်အကြောင်းရှိသည်။ ယိုဂီသည် ပညာရှိတစ်ယောက်ဖြစ်သည်။ သူသည်ပုံတိုပတ်စနှင့် ပြောလေ့ရှိသည်။ အပေါ်ယံ၌ အဓိပ္ပါယ်မရှိဟုထင်ရသော်လည်း အမှန်စင်စစ်၎င်းတို့မှ အဆုံးစွန်သော အမှန်တရားထွက်ပေါ်လာသည်။

ဥပမာအချို့ကိုပြပါမည်။

ယန်းကီးအသင်းတွင် အစမှအဆုံးအထိ ယိုဂီ သည် ပွဲပေါင်း (၂၅၀) ကျော်ကစားခဲ့သည်။ ယန်းကီးအား ကစားရုံသည် အရိပ်ထိုးသည့်နေရာတွင်နာမည်ကျော်သည်။ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ကျင်းပသည့် ကမ္ဘာ့အားကစားပွဲများ၌ နေ့တာတိုသည့်အခါတွင် သူ၏အရိပ်များသည် ပိုထင်ရှားသည်။ ထိုအရိပ်များကြောင့် ကွင်း၏ဝဲဘက်တွင်ကစားသူများအနေဖြင့်ဘောလုံးကို ကောင်းကောင်းမမြင်ရ၊ ဖမ်းရန်အလွန်ခက်ခဲသည်။

တစ်ရက်တွင် ယိုဂီကကွင်း၏ဝဲဘက်မှ ထွက်လာသည့်အခါ သတင်းထောက်တစ်ယောက်က ထိုအရိပ်များကြောင်းမည်သို့ ထင်ပါသလဲဟုမေးသည်။ ယိုဂီက **"အရိပ်တွေက နောက်ကျတာစောတယ်"** ဟုဖြစ်သည်။

မည်သည့် အခြားဥာဏ်ကြီးရှင်မှ ထိုကဲ့သို့ကောင်းကောင်းမွန်မွန် ပြောနိုင်မည်မဟုတ်ပေ။ ထိုအဖြေမှာ ရှုတ်ထွေးခြင်း၊ အတတ်ပညာဆန်ခြင်းတို့မပါပေ။ ယုတ္တိလည်းမရှိပေ။ သို့သော် အများနားလည်အောင် တိတိကျကျပြောခြင်းဖြစ်သည်။ ထို့ကြောင့်ကျွန်တော့်စာအုပ်၌ ယိုဂီကို အခြားသူများထက် ရှည်လျားရှုတ်ထွေး သည့် အဖြေကိုပေးမည့် အခြားသူများထက် ပိုကောင်းသည့် ဆက်သွယ်ရေးသမားအဖြစ် အသိအမှတ်ပြုခြင်းဖြစ်သည်။

ယိုဂီက ၁၉၆၄ ခုနှစ်တွင် ယန်းကီးအသင်း၏ မန်နေဂျာဖြစ်လာသည့်အခါ သတင်းထောက်တစ်ယောက်က အသင်းကောင်းတစ်သင်း ဖြစ်ဖို့အတွက် ဘာလိုလဲဟုမေးသည်။ ယိုဂီက **"ကစားသမားကောင်းတွေလိုတယ်"** ဟုဖြေသည်။ ဘော့စ်ဘောလောကက လူအားလုံးက ထိုအဖြေကိုသဘောကျနိုင်သည်။ ယိုဂီက ထိုအဖြေကို စကားတိုတိုတုတ်တုတ်နှင့် ဖြေခဲ့သည်။

သူ့ကို တစ်ယောက်ယောက်က ဘဝနှင့်ပတ်သက်သည့် ဒဿနကို မေးသည့်အခါ ယိုဂီက **"လမ်းပေါ်မှာ ခရင်းတစ်ချောင်းတွေ့ရင် အဲဒါကိုယူလိုက်"** ဟုပြောသည်။


ကျွန်တော်သဘောကျသည့် ယိုဂီ၏အပြောတစ်ခုမှာ တစ်ယောက်ယောက်က ဘယ်အချိန်ရှိပြီလဲဟု မေးသည့်အခါ **"အခုလား"** ဟုပြန်မေးသည်။

ယိုဂီက စကားပြောကောင်းသူတစ်ယောက် အနေဖြင့် ဝင်ငွေ ကောင်းကောင်းရနိုင်သည်။ သို့သော် သူ့မှာမလိုအပ်ပေ။ သူသည် ဂေါက်သီးကိုသာ ကစားလိမ့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com




ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် မည်သို့ရှင်ဆိုင်မည်နည်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

# ရုပ်မြင်သံကြားနှင့်ရေဒီယိုများတွင် မည်သို့ရင်ဆိုင်မည်နည်း

- အင်တာဗျူးခြင်း၊ အင်တာဗျူးခံခြင်း
- ရေဒီယိုနှင့် ရုပ်မြင်သံကြားအတွက်လမ်းညွှန် (၅) ခု
- သတင်းဆိုးကို သတင်းကောင်းဖြစ်အောင်လုပ်ခြင်း
- ဂိုးပိရော့ စကားရည်လုပွဲမှ သင်ခန်းစာများ

အကယ်၍သင်သည် အများပြည်သူရှေ့တွင် အောင်မြင်စွာ ပြောဆိုနိုင်သူတစ်ယောက်ဖြစ်လျှင် သင်ထပ်၍တွေ့ဆုံရမည့်ကိစ္စမှာ ရေဒီယို၌သော်လည်းကောင်း၊ ရုပ်မြင်သံကြား၌သော်လည်းကောင်း စကားပြောရန်ဖြစ်သည်။ ကြောက်မသွားပါနှင့်။ ဤစာအုပ်၌ ဆည်းပူးပြီးဖြစ်သည့် သင်ခန်းစာများနှင့်ဆိုလျှင် သင်သည်လေလှိုင်းပေါ် ၌လည်း အောင်မြင်နိုင်သည်။ ဤအခန်း၌ ရုပ်မြင်သံကြားတွင် စကားပြောခြင်းနှင့်ပတ်သက်သည့် ကျွန်တော်၏အတွေ့အကြုံများကိုပြောပြမည်။ ညှော်သည်များနှင့် တွေ့ကြုံသည့် အတွေ့အကြုံများ အီလက်ထရောနစ်မီဒီယာနှင့် ပတ်သက်သည့် ကိစ္စများကို မှတ်သားဖွယ် ပြောပြမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁ ရှပ်သံလွှင့်ထုတ်သည့်အခါ

ကျွန်တော်၏ ညပိုင်း CNN လွှင့်ထုတ်သည့် အစီအစဉ်များအားပြီး တင်မရာတစ်ခုရှေ့တွင်ဖြစ်သည့် ကိစ္စများဖြစ်သည်။ ၎င်းတို့ကို ကျွန်တော်က ထိပ်တိုက်ရင်ဆိုင်စရာကိစ္စများဟု သဘောမထားပါ။ ဤနေရာ၌ ဆမ်ဒိုနယ်လ်ဆန်တို့လို အခြား အင်တာဗျူးသမားများနှင့်မတူ။ သင်ဖိတ်ခေါ်ထားသော ဧည့်သည်ကို တိုက်ခိုက်ရန်၊ တရားလိုရှေ့နေလိုလုပ်ရန်၊ အဖြေအကောင်းစားဖြစ်ရန်ဟုမထင်ပါ။ ကျွန်တော်အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ယဉ်ယဉ်ကျေးကျေးဖြစ်ရတာကို သဘောကျသည်။ ဧည့်သည်နှင့်လူလူချင်း နွေးနွေးထွေးထွေး ဆက်ဆံရသည်ကို သဘောကျသည်။ ထို့မှတစ်ဆင့် အချက်အလက်လည်းပေး၊ စိတ်ဝင်စားစရာလည်းကောင်းသော အမြင်များရသည့် အင်တာဗျူးတစ်ခုကျင်းပရသည်ကို သဘောကျသည်။

အကယ်၍ ထိုအင်တာဗျူးက ပရိသတ်ကို တစ်စုံတစ်ခုမပေးနိုင်လျှင် ကျွန်တော့်အတွက်လည်း မကောင်း၊ ဧည့်သည်အတွက်လည်း မကောင်း။ သို့ဖြစ်၍ အင်တာဗျူးသည် အချက်အလက်ကို ပေးနိုင်ရမည်။ စိတ်ဝင်စားစရာမကောင်းလျှင် ကြည့်ရှုသူများက ပိတ်ပစ်ကြမည်။ သို့မဟုတ် တခြားလိုင်းကို ပြောင်းကြမည်။

ဒန်ကွေးလ်နှင့် အင်တာဗျူးလုပ်သည့် အတွေ့အကြုံကို ဖော်ပြပြီးပြီ။ ထိုကိစ္စမှာ သူ့သမီး ကိုယ်ဝန်ဖျက်ချမည်ဆိုလျှင် သူကထောက်ပံ့ကူညီမည်ဟု ပြောခဲ့သည်။ ထိုကိစ္စ၌ ဂရုတစိုက်နားထောင်ခြင်းသည် အရေးကြီးကြောင်း ကျွန်တော်ပြောခဲ့သည်။

အခြားအကြောင်းတရားတစ်ခုမှာ နှစ်ဦးစလုံးအတွက် အကျိုးရှိရန် ထိုကိစ္စကို ထုတ်ဖော်ပြနိုင်ခဲ့ခြင်းဖြစ်သည်။ မိမိတွေ့ဆုံမေးမြန်းသူအတွက် သက်တောင့်သက်သာဖြစ်စေမည့် မေးခွန်းဖြစ်ရန် ကြိုးစားလိုခြင်းကြောင့်ပင်လျှင် အဖြေတစ်ခုထွက်ပေါ်လာရန် လုပ်နိုင်စွမ်းကို ရရှိစေသည်။

ဂျူဒီမက်ဂီကျွန်ိယာနှင့်လည်း အလားတူအခြေ အနေမျိုးတွေ့ကြုံခဲ့ရသည်။ ထိုစဉ်က မီယာမီ၌ Surfside 6 ညကလပ်တွင် ဂျူးဂျုနိယာသည် မိတ်ဆွေတစ်ယောက်နှင့် ဝင်လာသည်။ ကျွန်တော့်ဧည့်သည်မှာ ဂျော်ကီဘေလ်ဟတ်တက်ခ်ဖြစ်သည်။ ဘေလ်နှင့်တွေ့ဆုံပြီးနောက် ဂျူးဂျုနိယာက ဝင်လာပြီး အမေရိကန် နိုင်ငံတွင် အထင်ရှား ဆုံးပုဂ္ဂိုလ်တစ်ဦး၏ သားတစ်ယောက်၏





ဘဝကို နာရီဝက်ခန့်ပြောပြသည်။

ထိုသို့ပြောသည့်အခါ သူ၏ဖခင်နှင့် ဆက်ဆံရေးအကြောင်းတို ရောက်သွားသည်။ နောက်ဆုံးတွင်သူက သူ့မိဘအကြောင်းနှင့် ပတ်သက်၍ အခြေခံအကျဆုံး မေးခွန်းကိုမေးသည်။

**“ခင်ဗျား. . ခင်ဗျား အဖေတို့ချစ်သလား”**

ဂျူးဂျုနိယာက အတန်ကြာအောင်တွေးနေလိုက်ပြီး **“သူလုပ်တာတွေကို ကျွန်တော်ချစ်ပါတယ်”** ဟုဖြေသည်။

**“ခင်ဗျား. . သူ့ကိုချစ်သလား”**

နောက်တစ်ကြိမ် အတန်ကြာအောင်ငြိမ်သွားပြန်သည်။ ထို့နောက် **“ကျွန်တော်သူ့ကို ကောင်းကောင်းမသိဘူး”** ဟုပြောပြသည်။

အဖေနှင့်သား အဖေဘက်ကလည်း သူ့ကိစ္စနှင့်သူ ရှိနိုင်သည်။ အကယ်၍ အဖေကိုတွေ့ရလျှင်လည်း ကျွန်တော်က ထိုအကြောင်းကိုမေးပြီး သူ့ဘက်က အခြေအနေကို ရှင်းပြခိုင်းမည်။ သို့သော် အဖေကျူးက သူ၏ကိုယ်ရေး ကိုယ်တာအကြောင်းကို ပြောလေ့မရှိ။ ဖိတ်ကြားလျှင်လည်း လက်ခံမည်မဟုတ်။

အကယ်၍သာ ဂျူးဂျုနိယာကို ပထမမေးခွန်း အတိုင်းသာမေးမည် ဆိုလျှင် ချစ်တာပေါ့ ဟုဖြေလိမ့်မည်။ ထိုအဖြေမှာ ထုံးတမ်းစဉ်လာ အဖြေတစ်ခုသာဖြစ်သည်။ ကျွန်တော်နှင့် ရင်းနှီးပြီးသည့်အခါကြမှ ထပ်မေးသည်။ မေးသည့်အခါ သူကပို၍ ရိုးသားသောအဖြေကိုပေးသည်။

ကျွန်တော်အနေဖြင့် အခြားသူများက ခပ်ညံ့ညံ့မေးခွန်းဟုထင်သည့် အရာမျိုးကိုမေးရန် မည်သည့်အခါမျှ ဝန်မလေးပါ။ ကျွန်တော်ပရိသတ်များ သိချင်သည်ဟုဆို လျှင် ကျွန်တော်မေးသည်။ ရာသာ၊ ဘရိုကော်နှင့် ဂျန်နင်းစ်တို့က မည်သည့်အခါမျှ မေးမည်မဟုတ်သည့် မေးခွန်းမျိုးကိုမေးသည်။ ၁၉၉၂ ခုနှစ်က သမ္မတရွေးကောက်ပွဲကာလတွင် သမ္မတဘုရှ်ကို **“ဘီလ်ကလင်တန်ကို သဘောမကျဘူးမဟုတ်လား”** ဟုမေးသည်။ စာနယ်ဇင်းသမား တော်တော်များများက ထိုမေးခွန်းသည် ရွေးကောက်ပွဲကိစ္စနှင့် မဆိုင်ဟုထင်ကြမည်။ သို့သော် တစ်ယောက်က အခြားတစ်ယောက်အပေါ် သဘောထားသည့်ကိစ္စမှာ လူသားတို့နှင့်ဆိုင်သည်။ လူ့စိတ်ကို ထုတ်ဖော်ပြသည်။ အကြီးဆုံး တာဝန်ယူထားသည့် လူတစ်ယောက်အပေါ် သူ၏ သဘောထားကို ထုတ်ဖော် ပြသည်။

www.burmeseclassic.com



ကျွန်တော်တို့အားလုံးသည် လူသားများဖြစ်ကြသည်။ သမ္မတဖြစ်လာမည့်သူလည်း လူသားဖြစ်သည်။ ထိုမေးခွန်းသည် ရုပ်မြင်သံကြားကြည့်နေသည့်သူအားလုံး ကမေးချင်သည့် မေးခွန်းဖြစ်သဖြင့် ကျွန်တော်လည်း မေးခဲ့သည်။

ကျွန်တော်က ရစ်ချတ်နစ်ဆင်ကို "ဝါတားဂိတ် တိစ္စတုန်းက ခင်ဗျား အတော်စိတ်ညစ်သလား" ဟုမေးသည်။ သမ္မတရေဂင်နှင့် နောက်ဆုံးတွေ့သည့်အခါ ကျွန်တော်က "သေနတ်ပစ်ခံရတာဘယ်လိုနေလဲ" ဟု မေးသည်။ ၁၉၈၁ ခုနှစ်မတ်လ (၃၀) ရက်နေ့တွင်ဖြစ်ပွားသည့် ဂျွန်ဟင်ကလီ၏ သတ်ဖြတ်ရန်ကြိုးစားမှုကို သတင်းထောက်တစ်ယောက်က မေးနေမည်။ သို့သော် ကျွန်တော်မေးသလို လူအတော်များများ မေးလိမ့်မည် မဟုတ်ဘူးထင်သည်။

အက်ဒ်ဝပ် ဘန်းနက်ဝီလျံက တရားရုံးခန်းထဲတွင် သူမေးသည့် မေးခွန်းအားလုံးအတွက် အဖြေကိုသိသည်ဟုဆိုသည်။ သို့သော်တရားရုံးသည် သာမန်နေရာ တစ်ခုမဟုတ်ပေ။ ရှေ့နေများက အထူးအဆန်းကို သဘောမကျကြပေ။ ကျွန်တော်၏ ဆွေးနွေးခန်းများ၌ ကျွန်တော်သိပြီးသားအဖြေတစ်ခုကို သိလျက်နှင့်မမေးပေ။ ကျွန်တော်ပရိသတ်များ စိတ်ထဲ၌ရှိသလိုပင် ကျွန်တော်၏ ဧည့်သည်များကို ဆက်ဆံသည်။ သိလျက် နှင့် ကျွန်တော်ဘယ်အခါမျှ မမေး။

၁ **ခအားကြပ်နကြပ်ဖြစ်လျှင်**

အသံလွှင့်လောကနှင့် ပတ်သက်၍ သင်၏ပထမဆုံးအတွေ့အကြုံမှာ အမေးအမြန်းခံရသူ အနေဖြင့်ဖြစ်ကောင်းဖြစ်မည်။ ထိုအခါ ဘိုင်းစကောက်များ၏ ဆောင်ပုဒ်ကို သတိရပြီး အဆင်သင့် ကြိုတင်ပြင်ဆင်ထားပါ။ မည်သည့်အင်တာဗျူး၌ဖြစ်စေ အင်တာဗျူးကို သင်ထိန်းချုပ်နိုင်ရန် ကြိုးစားခြင်းသည် အောင်မြင်ရန်အတွက် ပထမဆုံးလျှို့ဝှက်ချက်ဖြစ်သည်။ အခြားပုဂ္ဂိုလ်အား မထိန်းချုပ်ပါစေနှင့်။ အလုပ်အကိုင် အင်တာဗျူး ဖြစ်စေ၊ သတင်းတစ်ပုဒ်အတွက်ဖြစ်စေ၊ အသံလွှင့်သည့် အခါ၌ဖြစ်စေ ကိုယ်ကထိန်းနိုင်ရန် ကြိုးစားပါ။ အခြားသူများ မထိန်းပါစေနှင့်။





ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကောင်းကောင်း နားလည်ခြင်းဖြင့်လည်း ထိန်းချုပ်နိုင်သည်။ ဤသို့ဖြင့် တစ်ဖက်သားထက်သင်က နားလည်ကြောင်း သတိပေးနိုင်သည်။ သတင်းတွေ့ဆုံမေးမြန်းခန်းဆိုလျှင် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ မေးခွန်းအားလုံးကို ဖြေကြားရန်မလိုပေ။ တစ်ဖက်သားမေးချင်သလောက် အသေးစိတ်ပြောရန်မလိုပေ။ တွေ့ဆုံမေးမြန်းခံစရာပင်မလိုပေ။ အခြားကိစ္စများမှာကဲ့သို့ပင် ချောင်ပိတ်ခံရသည့်အခါ မေးခွန်းကို ဟာသလုပ်ပစ်ခြင်းဖြင့် အောင်မြင်သည့် အင်တာဗျူးတစ်ခု ဖြစ်နိုင်သည်။

ကျွန်တော့်မေးခွန်းအပါအဝင် မည်သူ့မေးခွန်းကိုမဆို ရှုတ်အတင်းဖြေခိုင်း၍မရ။ တရားရုံး၌သာ ထိုသို့ ဖြေခိုင်းကောင်း ဖြေခိုင်းနိုင်သည်။ သို့သော် တရားရုံး၌ပင်လျှင် သင်အားလုံးကို သတိရစရာမလို။ သတိမရလျှင် သတိမရဟုပြောနိုင်သည်။ အကုန်လုံးကို သတိမရ၍ထောင်မချနိုင်။ ထိုနေရာ၌ သင်မရှိလျှင် မရှိကြောင်းပြောနိုင်သည်။ သို့သော် ထိုနေရာ၌ သင်ရှိပါလျက်နှင့် မရှိကြောင်းပြောလျှင် သင်ဒုက္ခရောက်တော့မည်၊ ဒဏ်ပေးခံရတော့မည်။ အမှန်တရားကို အမြဲတမ်းပြောပါ။ မမှတ်မိလျှင် မကြောက်ဘဲ မမှတ်မိကြောင်းပြောပါ။ မမှတ်မိခြင်းသည် အမှန်ပင်ဖြစ်သည်။ သတင်းအင်တာဗျူးကဲ့သို့သော အခြားတစ်နေရာတွင် အင်တာဗျူး ခံရခြင်းဖြစ်လျှင် မေးခွန်းကို မကြောက်ပါနှင့်။ အကြောင်းတစ်ခုခုကြောင့် မေးခွန်းကိုမကြိုက်လျှင် ထိုမေးခွန်းကို လမ်းလွှဲပစ်နိုင်သည်။ ကျွန်တော်နှင့် တွေ့ဆုံမေးမြန်းခန်း၌ပင်လျှင် လမ်းလွှဲပစ်နိုင်သည်။ ကုမ္ပဏီအမှုဆောင်အရာရှိများ၊ အစိုးရအရာရှိများ၊ ထင်ရှားသူများ၊ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များက မေးခွန်းတစ်ခုကို ရှောင်လွှဲရန်အတွက် အောက်ပါနည်းလမ်းများကို သုံးလေ့ရှိကြသည်။

"အဲဒီမေးခွန်းကို အခုဖြေဖို့ စောလိမ့်မယ်ထင်ပါတယ်"

"အဲဒီ အစီရင်ခံစာကို မဖတ်ရသေးတဲ့အတွက် အဲဒီမေးခွန်းကို မဖြေနိုင်ပါဘူး"

"အဲဒီကိစ္စက တရားရုံးနဲ့ဆိုင်တဲ့ ကိစ္စဖြစ်လို့ ကျွန်တော်ဝေဖန်ခြင်း မပြုနိုင်ပါဘူး"

"အဲဒီကိစ္စကို ကျွန်တော်တို့ စုံစမ်းစစ်ဆေးဆဲ ဖြစ်ပြီးတော့ ကြေညာမှာ အသေးစိတ်အစီရင်ခံစာ ထုတ်ပြန်မှာဖြစ်ပါတယ်"

"အဲဒီမေးခွန်းဟာ အယူအဆနှင့်ဆိုင်တဲ့ အဆိုတစ်ခုဖြစ်ပါတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တိုလ့်အထင်အမြင်ပေါ်မှာ အခြေခံတဲ့ကိစ္စတွေကို ကျွန်တော်ပြေပြောလေ့ မရှိပါဘူး"

သတင်းအင်တာဗျူးများ၌ အသုံးအများဆုံးသောအဖြေမှာ "ဝေဖန်စရာမရှိပါ" ဟူသည့်အဖြေဖြစ်သည်။ ထိုအဖြေသည် တစ်ချိန်က အလုပ်ဖြစ်သင့်သလောက် ဖြစ်ခဲ့သော်လည်း ယခုအခါ၌ လုံးဝအလုပ်မဖြစ်တော့ပေ။ ယနေ့ခေတ်၌ ဝေဖန်စရာမရှိပါဟု ဆိုသည်မှာ အပြစ်ရှိသည်ဆိုသည့် အဓိပ္ပါယ်ရောက်သည်။ "သူ့မှာ အပြစ်မရှိရင် ဘာဖြစ်လို့ ဝေဖန်စရာမရှိပါလို့ ပြောမလဲ၊ သူတ မေးခွန်းတိုဖြေမှာပေါ့" ဟုယူဆကြလိမ့်မည်။ ဝေဖန်စရာ မရှိပါရှိသောအဖြေကို ခပ်ညံ့ညံ့ ရုပ်မြင်သံကြား အစီအစဉ်နှင့် ရုပ်ရှင်ဇာတ်ကားများ၌သာ နောင်တွင် ကြားရမည်။

အခြေအနေမကောင်းသည်ကို ကြိုတင်သိလျှင်၊ မလွှဲမရှောင်သာဘဲ ရင်ဆိုင်ရမည်ဆိုလျှင် ဘာလုပ်မည် နည်း?၊

အဖြေမှာ - ရိုးသားပါ။ တိုင်လီနော ကုမ္ပဏီကို ဥပမာကြည့်ပါ။ ၁၉၈၀ ပြည့်လွန်နှစ်များက တစ်ယောက် ယောက်က တိုင်လီနောလ်၏ ပစ္စည်းများကို အဆိပ်ခပ် ကြောင်း သိရသောအခါ ထုတ်လုပ်မှု ဂျွန်ဆင်နှင့် ဂျွန်ဆင်ကုမ္ပဏီက ထိုကိစ္စကို ဖုံးကွယ်ရန် မကြိုးစား၊ ဂယက်ရိုက်ခတ်မှု လျှော့ပါးအောင်လည်း မကြိုးစားဘဲ ထိပ်တိုက် ရင်ဆိုင်ခဲ့သည်။

ကုမ္ပဏီအရာရှိများက ရုပ်မြင်သံကြား ကင်မရာရှေ့သို့လာပြီး အမေရိကန် စားသုံးသူများကို တောင်းပန်ခဲ့သည်။ ပြည်သူ့ဆက်ဆံရေးနည်းလမ်းမှာ သာမန်ပြည်သူ့ နည်းလမ်းများလို ပရိယာယ်မသုံးရန်ပင်ဖြစ်သည်။ သူတို့က အမှန်ကိုပြောသည်။ "ဒီကိစ္စတော့ ဖြစ်သွားပြီ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ ပစ္စည်းတတော့ စိတ်ချရပါတယ်။ ဒါမျိုး နောက်မဖြစ်ရအောင် ကျွန်တော်တို့ အကြီးအကျယ် ဂရုစိုက်ပါမယ်၊ မစိုးရိမ်ဘဲ ကျွန်တော်တို့ တိုင်လီနော ပစ္စည်းတွေ ဝယ်ပါ" ဟုသည့် အဓိပ္ပါယ်ကို ပြောသည်။

ရလဒ်မှာ အများပြည်သူတို့က ပစ္စည်းနှင့် ကုမ္ပဏီအပေါ် ပြန်လည် ယုံကြည် စိတ်ချလာကြပြီး မှန်ကန်မှုအတွက် ကုမ္ပဏီသည် နိုင်ငံတစ်ဝှန်းတွင် လေးစားမှုကိုခံရသည်။

ဂျွန်ကနေဒီနှင့် ဂျန်နက်ရီနီတို့ကလည်း အလား တူပင် လုပ်ခဲ့ကြသည်။ ၁၉၆၁ ခုနှစ် ကျူးဘားဝက်ပင်လယ် အရေးအခင်းဖြစ်ပွားသည့်အခါ နိုင်ငံရေး အရ အရှုပ်တော်ပုံဖြစ်ပြီး တစ်နိုင်ငံလုံးလည်း အရှက်တကွဲ အကျိုးနည်း





ဖြစ်ခဲ့သည်။ ကနေဒီက ထိုအခြေအနေကို ရင်ဆိုင်ခဲ့သည်။ အိုင်ဆင်ဟောင်ဝါ အုပ်ချုပ်ရေးလက်ထက်က အစီအစဉ်ကို အမွေခံရခြင်းဖြစ်ကြောင်း၊ ထောက်လှမ်းရေး ညံ့ဖျင်းကြောင်းကို ပြောခဲ့နိုင်သော်လည်းသူမပြော၊ သူတ သူ့မှာလုံးဝတာဝန်ရှိကြောင်း ပြောခဲ့သည်။

ရှေ့နေချုပ်ရီနိုကလည်း သူမတာဝန်ယူပြီး လပိုင်းအနည်းငယ်တွင် ဖြစ်ပွားသည့်အမှုကိစ္စကို တာဝန်ယူခဲ့သည်။ ကနေဒီနှင့် ရီနိုတို့၏ ခေါင်းဆောင်မှုအောက် တွင် ဖြစ်ပွားခဲ့သည့် ကိစ္စကို သင်သဘောတူချင်မှတူမည်။ သို့သော် သူတို့က ဖုံးကွယ်လိမ်ညာခြင်းမရှိဘဲ တည့်တည့်ရင်ဆိုင်ခဲ့သဖြင့် သူတို့၏ မှန်ကန်မှုအတွက် လေးစားခြင်းကိုခံရသည်။

သတင်းများကို အမျိုးမျိုးကစားရာ၌ တော်သည့်သူမှာ စစ်အရာရှိများ ဖြစ်သည်။ အမေရိကန်လေတပ်က ပြည်သူ့ဆက်ဆံရေး အရာရှိများအား ညွှန်ကြားချက်တစ်ခု ထုတ်ပြန်ထားသည်။ ငြိမ်းချမ်းသည့် ကာလ၌လေယာဉ်ပျံ တစ်စီးပျက်ကျလျှင် သက်ဆိုင်ရာဒေသန္တရ အရာရှိက ကြေညာချက်တစ်ရပ်ကို ချက်ချင်းထုတ်ပြန်ပြီး ကိစ္စနှစ်ခုကိုပြောသည်။

၁။ ထိုကိစ္စသည် ဖြစ်ရိုးဖြစ်စဉ်လေ့ကျင့်ရေးကိစ္စ တစ်ခုဖြစ်သည်၊

၂။ အရာရှိများကို ထိုကိစ္စ စုံစမ်းစစ်ဆေးရန်အတွက် တာဝန်ပေးထားသည် ဟူ၍ဖြစ်သည်။

ထိုအချက် နှစ်ခုစလုံးမှာလည်း မှန်ကန်သည်။ ထိုအချက်နှစ်ခုကို မြန်မြန်ဆန်ဆန် ထုတ်ပြန်သဖြင့် ထိုကိစ္စ နှင့်ပတ်သက်၍ အများပြည်သူတို့၏ သိပိုင်ခွင့်ကို လေးစားရာရောက်သည်။ လေတပ်မတော်ကိုလည်း အထင်ကြီးစေသည်။ ထိုအဖြေနှစ်ခုကြောင့် သံသယဖြစ်စရာများ၊ စွပ်စွဲချက်များကိုလည်း ပပျောက်စေပြီး စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးခြင်းပြုရန်အတွက် အချိန်ကောင်းရခဲ့သည်။

## ၁ အခြားလက်နက်များ

ကျွန်တော်၏ အတွေ့အကြုံမှုလည်းကောင်း၊ အခြားသူများနှင့် တွေ့ဆုံရာမှုလည်းကောင်း ရရှိသည့် သင်ခန်းစာ (၅) ခုတို့ ရေဒီယိုနှင့် ရုပ်မြင်သံကြားများတွင် အောင်မြင်ရန်အတွက်ဖော်ပြလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ သင်အဆင်ပြေတာကိုသာလုပ်ပါ။

၂။ ခေတ်မီပါ။

၃။ အဖျက်တွေကို မတွေးပါနဲ့။

၄။ ရေဒီယိုကိုရော ရုပ်မြင်သံကြားကိုပါ အတူတူသဘောထားပါ။

၅။ ရုပ်မြင်သံကြားမှုဖြစ်လျှင် အသံ၊ ပြောပုံ ဆိုပုံ၊ ပုံသဏ္ဍာန်ဟူသည့် အရေးကြီးသည့်ကိစ္စများ ကောင်းမွန်အောင် ဂရုစိုက်ပါ။

**သင်အဆင်ပြေတာကိုလုပ်ပါ-** သင့်ကိုသော်လည်းကောင်း၊ သင်၏ ကုမ္ပဏီကိုသော်လည်းကောင်း၊ သင်၏အဖွဲ့အစည်းကိုလည်းကောင်း ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင်ဖော်ပြရာ၌ အောင်မြင်ရန်အတွက် လျှို့ဝှက်ချက်တစ်ခုမှာ သင်လုပ်နေသည့် ကိစ္စကို သက်တောင့်သက်သာ လုပ်နိုင်ရန်ဖြစ်သည်။ သင့်အနေဖြင့် အင်တာဗျူးအလုပ် မခံချင်လျှင်မလုပ်ပါနှင့်။ အစည်းအဝေးခန်းမှထွက်စဉ် တစ်ယောက်ယောက်က သင့်ရှေ့သို့ မိုက်ကိုထိုးပြီး မေးမြန်းလျှင် ကျွန်တော်အကြံပြုထားသည့် နည်းလမ်းတစ်ခုကိုသုံးပါ။ ဂျက်ကီ ဂလေဆန်ပြောလေ့ရှိသည့် အကြံဉာဏ်ကိုလိုက်နာပါ။ **"ကျွန်တော် ပျော်ပျော်ပါးပါးပဲလုပ်ချင်တယ် ကျွန်တော်ဟာလုပ်လုပ်နေရသလို မဖြစ်ချင်ဘူး"**

သင့်အတွက် အဆင်မပြေသည့်၊ သင် သေသေချာချာမသိဟု ထင်သည့် အကြောင်းအရာဖြစ်သည်ဟု ယူဆလျှင် မေးမြန်းခြင်းကို လက်မခံပါနှင့်။ အခြားတစ်ယောက်ကိုဖြေခိုင်းပါ။ သူတို့လူများနေပြီဟုပြောပြပါ။

**ခေတ်မီပါ -** ခေတ်မီအောင်ကြိုးစားပြီး အမြဲတမ်းနိုးကြားနေပါစေ။ ရုပ်မြင်သံကြားအစီအစဉ်များ၊ ရုပ်ရှင်များ၌ မည်သည့်ဇာတ်လမ်း၊ မည်သည့်ရုပ်ရှင် ခေတ်စားသည်၊ ထင်ရှားသည့်အဆိုတော်နှင့် သရုပ်ဆောင်မှာ မည်သူများဖြစ်သည်ကိုသိပါ။ ကျွမ်းကျင်သူတစ်ယောက်သိသလို သိစရာမလိုသော်လည်း အလုပ်ဖြစ်ရုံသိပါ။ ခေတ်စားနေသည့် အကြောင်းအရာများကိုသိပါ။ လူအများပြောနေသည့် အကြောင်းအရာများကိုသိပါ။

ကျွန်တော် (၁၀) နှစ်သားအရွယ်၊ (၂၀) အရွယ်၊ (၃၀) အရွယ်များက ထင်ရှားသည့်ပုဂ္ဂိုလ်များသည် ဖရန့်စင်နာထရာ၊ ဂလန်းမီလာ၊ ကျိုးဒီမက်ဂီယို၊ ဖရန့်ကလင်း၊ ရုစဗဲ့တ်တို့ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်သည်။ သို့သော် ကျွန်တော်ကြီးလာသည့်အခါ နာမည်များလည်း ပြောင်းကုန်ပြီး ခေတ်ကလည်းပြောင်းသွားပြီ၊ ထို့ကြောင့် ဂျက်ကီရော်ဘင်ဆန်နှင့် ဒွိုက်အိုင်ဆင်ဟောင်ဝါတို့





အကြောင်းကိုပြောရ၍မကြာမီပင် ဂျေအက်ဖ်ကနေဒီနှင့် အဲလ်ဗစ်တို့အကြောင်း ပြောကြသည်။ ယနေ့ခေတ်တွင် ကျွန်တော်တို့အနေဖြင့် တွမ်ခရုဇ်နှင့် ရိုစ်ဆန်အာနိုးတို့ အကြောင်းကို သိရန်လိုသည်။ ကျွန်တော်ငယ်စဉ်အရွယ်ကသိသော အားကစားအကြောင်းတွေ၊ ဂီတအကြောင်းတွေအစား ယခုအခါ၌ ရော့ခ်တေးဂီတနှင့် ရက်ပ်တေးဂီတ အကြောင်းတို့ကို တစ်ခုခုသိရန်လိုသည်။ ကျွန်တော်ကြိုက်ချင်မှ ကြိုက်မည်ဖြစ်သော်လည်း ထိုကဲ့သို့ ကိစ္စမျိုး ရှိကြောင်းတို့ သိရန်လိုသည်။

၁၉၅၀ ပြည့်လွန်နှစ်နောက်ပိုင်း၌ စစ်အေးခေတ်အကြောင်း အနည်းငယ်သိရန်လိုသည်။ ယခုအခါ စစ်အေးခေတ်ပြီးဆုံးသည့်အကြောင်း သိရန်လိုသည်။ ယခင်ကဆို ဗီယက်ယူနီယံအကြောင်း ပြောနိုင်ရန်လိုသည်။ ယခုအခါ ကျွန်တော်တို့အနေဖြင့် ဘော့စနီးယားအကြောင်း အတိုင်းအတာတစ်ခုအထိ ပြောနိုင်ရန်လိုသည်။

ထို့ကြောင့်ပင်လျှင် သမ္မတကလင်တန်ကို MTV ၌ ကြည့်ရခြင်းဖြစ်သည်။ ကလင်တန်ကို MTV ၌ တွေ့ရခြင်းမှာ သူခေတ်မီကြောင်း ပြသရန်ဖြစ်သည်။ အမေရိကန်လူငယ်များနှင့် မဲဆန္ဒရှင်မိဘများ၏ စိတ်ဝင်စားသည့် အကြောင်းအရာများနှင့် စိုးရိမ်ပူပန်မှုများကိုသိကြောင်း ပြသရန်ဖြစ်သည်။

**အဖျက်သဘောများကိုရှောင်ပါ -** အဖျက်သဘောများနှင့် ပတ်သက်၍ မစိုးရိမ်ပါနှင့်။ အဖျက်သဘောများကို အာရုံစိုက်နေလျှင် လုပ်ပုံကိုင်ပုံသည် အပျက်ဖြစ်နိုင်သည်။ ရုပ်မြင်သံကြား၌ တွေ့ဆုံခြင်း၊ အင်တာဗျူးများ၌ သင်ဖြေကြားခြင်းတို့သည် သင်နှင့်လူအများအတွက် အရေးပါကောင်းပါမည်ဖြစ်သော်လည်း လူ့အဖွဲ့ အစည်းကြီးတစ်ခုလုံးကို ပြောင်းလဲမပစ်နိုင်ကြောင်း သိကြသည်။

ပါရမီရှင် ဘေ့စ်ဘောအသင်း၌ အစီကနေရာမှ (၁၆) နှစ်ကြာ ကစားခဲ့ပြီး ယခုအခါ၌ ဘော်လ်တီမိုးတွင် ရုပ်သံလွှင့်သူတစ်ယောက်ဖြစ်နေသော ဂျွန်လူဝင်စတီန်းကိုတစ်ခါက သတင်းထောက်တစ်ယောက်က မေးခဲ့သည်။ အိုရီယိုးစ်ကစားပွဲညတစ်ည၌ သူပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချနိုင်သည့် ကိစ္စတစ်ခုကို ပြန်မေးသည်။

လူဝင်စတီန်းက သတင်းထောက်ကို ပြန်ဖြေရာ၌ **"တရုတ်ပြည်မှာ လူသန်း (၁၀၀၀) ရှိတယ်၊ နောက် တစ်နေ့မနက်တော့ အဲဒီအထဲက တစ်ယောက်ကမှ ကျွန်တော်လုပ်တာကိုင်တာ လွဲချော်သွားတာသိကြမှာမဟုတ်ဘူး"** ဟု



www.burmeseclassic.com

www.burmeseclassic.com



ဖြေသည်။ ကေစီစတာန်ဂဲလ်နှင့် ယိုဂီဘာရာတို့ပြီးလျှင် ဘေ့စ်ဘောလောက၌ ကိုယ်ပိုင်ဉာဏ်အရှိဆုံး ဒဿနသမားတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်သည်။

**ရေဒီယိုနှင့် ရုပ်မြင်သံကြားကို အတူတူသဘောထားပါ** - ရုပ်မြင်သံကြားအစီအစဉ်၌ သင်၏ပုံပန်းသဏ္ဌာန်သည် အရေးကြီးသည်။ ရေဒီယို၌ ပုံပန်းသဏ္ဌာန်သည် အရေးမကြီး။ သို့သော်လည်း ကျွန်တော်အနေဖြင့် နှစ်ခုစလုံးကို အတူတူပင်သဘောထားသည်။

ကျွန်တော်သည် နှုတ်အားဖြင့် ဆက်သွယ်သူဖြစ်သည်။ ရေဒီယိုအသံလွှင့်သည့် (၃၇) နှစ်အတွင်း ရုပ်မြင်သံကြား၌ သဘောထားသကဲ့သို့ ဧည့်သည်များကို ကြည့်ရှုသည်။ ရုပ်မြင်သံကြား၌ ကျွန်တော်ကြည့်သည့်အတိုင်း ကင်မရာကလိုက်ကြည့်ပြီး ကင်မရာကြည့်သည့် နောက်သို့ ကျွန်တော်လိုက်မကြည့်ပေ။ ရေဒီယိုအသံလွှင့်သည့်အခါ၌ ပုံပန်းသဏ္ဌာန်သည် အရေးမကြီးသဖြင့် ဂျင်းဘောင်းဘီကို ကျွန်တော်ဝတ်လေ့ရှိသော်လည်း ရုပ်မြင်သံကြားအစီအစဉ်၌ ကျွန်တော်မည်သည့်အခါမျှမဝတ်။ တစ်ခါတစ်ရံ၌ ရှပ်အင်္ကျီအဖြူနှင့် နက်ခ်တိုင်ကိုစည်းပြီး နေ့လည်စာစားသည်။ ဝတ်စုံပြည့်တစ်စုံ သို့မဟုတ် အားကစားကုတ်အင်္ကျီတစ်ထည် ဝတ်မည့်အစား ၁၉၃၇ ခုနှစ် ဒေါ်ဂျားကျာကင်တစ်ထည်ကိုဝတ်သည်။ ဟာကျီးနီးယားပြည်နယ် အာလင်တန်ရှိ ကျွန်တော်၏အိမ်ကိုပြန်သည်။ ဂျင်းဘောင်းဘီကိုလဲဝတ်သည်။ ထို့နောက် ကျွန်တော်၏ညပိုင်းအစီအစဉ်အတွက် ရှပ်အင်္ကျီနှင့်နက်ခ်တို့ကို ပြောင်းဝတ်သည်။

**အသံပိုကောင်းစေရန် အမြဲပိုကောင်းစေရန်ကြိုးစားပါ** - ရုပ်မြင်သံကြားနှင့် ရေဒီယိုနှစ်ခုစလုံး၌ သင်၏အသံသည် အရေးကြီးသည်။ အရေးမကြီးသင့်ဟု ထင်သော်လည်း အရေးကြီးသည်။ သင်၏ပြောသံသည် အခြားသူများနှင့်ကွဲပြားရန်၊ ပိုင်ပိုင်နိုင်နိုင်ရှိရန်လိုသည်။ တစ်ချို့က အသံလွှင့်ရာ၌ အသံကောင်းရန်ဂရုစိုက်သည်။ အက်ဒဝင်နေ့ဗ်မန်နှင့် ရက်ဒ်ဘာဘားတို့သည် ထိုအထဲ၌ပါသည်။ သို့သော်ရင်းတို့သည် ချွင်းယွင်းချက်များဖြစ်ကြသည်။ သူတို့အသံမကောင်းသည်ကို အခြားသူများနှင့် ခြားခြားနားနား ပိုင်ပိုင်နိုင်နိုင်ရှိရန် ကြိုးစားသည်။ ပြောပုံဆိုပုံ၊ တွက်ပုံချက်ပုံစဉ်းစားပုံ၊ ထိုအကြောင်းအရာကို မည်သို့ပြောမည်ဆိုကို သိပုံ၊ ထိုအကြောင်းအရာကို နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့်သိပုံတို့ဖြင့် ဆွဲဆောင်နိုင်သည်။

ကျွန်တော့်အနေဖြင့် အသံလွှင့်လောကထဲသို့ အသံလွှင့်ရန်အတွက် အသံကောင်းကောင်းဖြင့် မွေးလာသည်ဟုယူဆသဖြင့် ကံကောင်းသည်။





အသံကောင်းရန်အတွက် မည်သည့်အခါမျှ စိတ်ပူရန်မလို။ သို့သော် ကျွန်တော်မူလအသံမကောင်းလျှင် အသံကောင်းရန်ကြိုးစားမည်။ သို့မဟုတ် အသံလွှင့်ရန် ကြိုးစားကောင်းမှကြိုးစားမည်။ သင်အောင်မြင်ရန်အတွက် အသံကောင်းရန်လည်းအရေးကြီးသည်။ သမ္မတကလင်တန်အနေဖြင့် ယခုထက် အသံပိုကောင်းလျှင် ပို၍ဆွဲဆောင်နိုင်မည်။

လူငယ်တယောသမားတစ်ယောက်က လမ်းမှာတွေ့သည့်အဖိုးအိုတစ်ယောက်ကို ကာနယ်ဂျီခန်းမသို့ မည်သို့သွားရမလဲဟုမေးရာ၌ ထိုအဖိုးကြီးက "လေ့ကျင့်ပါ. . လေ့ကျင့်ပါ" ဟု၍ ပြောသည့် ဟာသအတိုင်း ဆောင်ရွက်ပါ။

သင့်အသံကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ သင်ပြောပုံဆိုပုံသည် အလွန်အရေးကြီးသည်။ သင့်အသံတိုးလျှင် ကျယ်ရန်လေ့ကျင့်ပါ။ စကားပြောမြန်လျှင် နှေးစေရန်ကြိုးစားပါ။ နှေးသွားခြင်းဖြင့် သင်လည်း အေးအေးဆေးဆေးဖြစ်သွားမည်။ သင့်အသံနှင့်သင် ကျွမ်းဝင်ရန်ကြိုးစားပါ။ ရုပ်မြင်သံကြား၌လည်းကောင်း၊ ရေဒီယို၌လည်းကောင်း သင်၏အောင်မြင်မှု ဆုံးမှုကို ဆုံးဖြတ်သည့် အဓိကအချက်တစ်ခုမှာ သင်၏အသံနှင့် သင်ကျွမ်းဝင်ရန်ဖြစ်သည်။

တယ်လီဖုန်းဖြေကြားစက်၌လည်းကောင်း၊ အသံသွင်းထားသည့် တိတ်ခွေတစ်ခု၌လည်းကောင်း သင်၏အသံကို ပထမဆုံးကြားရလျှင် သင်ဘာပြောမည်ကို တိတိကျကျသိသည်။ "ဘယ်လိုအသံကြီးပါလိမ့်"

သူတို့၏အသံကို သူတို့ကြားကြားခြင်း မည်သူမဆို ထိုအတိုင်း တွေးတတ်ကြ၊ ပြောတတ်ကြသည်။ သင့်အနေဖြင့် ရုပ်မြင်သံကြား၌လည်းကောင်း ရေဒီယို၌သော်လည်းကောင်း၊ အသံလွှင့်တော့မည်ဆိုလျှင် ကိုယ့်အသံနှင့်ကိုယ် ယဉ်ပါးပါစေ။

ဘယ်လိုယဉ်ပါးအောင်လုပ်မည်နည်း။ ကျယ်ကျယ်ပြောပါ၊ လူအတော်များများက မိန့်ခွန်းပြောရန်အတွက် ကြိုတင်လေ့ကျင့်သည့် အခါတွင် ကျယ်ကျယ်ပြော၍ လေ့ကျင့်လေ့ရှိကြသည်။

မေးခွန်းများကို စဉ်းစားပြီးဖြေကြည့်ပါ။ သို့မဟုတ် အခြားတစ်ယောက်ကိုမေးခိုင်းပါ။ စီးပွားရေးလောကနှင့် အစိုးရလောကမှ အတွေ့အကြုံရှိသည့် ခေါင်းဆောင်များက အမှန်တကယ်အသံမလွှင့်မီ၊ သတင်းစာရှင်းလင်းပွဲမလုပ်မီ ထိုသို့ပင် လေ့ကျင့်လေ့ရှိကြသည်။ မိမိအသံနှင့်မိမိ ယဉ်ပါးပါစေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိနှုတ်အတိုင်း သဘာဝကျကျ၊ သက်တောင့်သက်သာပြောပါ။ ထိုသို့ဖြင့် သင်အသံလွှင့်သည့်အခါ အေးအေးဆေးဆေး၊ စိတ်ချလက်ချဖြစ်ပြီး အောင်မြင်ရန် ဆွဲဆောင်နိုင်ရန် အလားအလာပိုများသည်။

ရုပ်မြင်သံကြားရိုက်ကူးပြီဆိုလျှင် သင်၏ပုံပန်းသဏ္ဌာန်သည် အရေးကြီးသည်။ သင်သည် အခြားသူများကို ကိုယ်စားပြုနေသည် မဟုတ်ဘဲ သင့်ကိုယ်တိုင်ကို ကိုယ်စားပြုနေသည်။ သပ်သပ်ရပ်ရပ်ဝတ်ပါ။ ခေါင်း သေသေချာချာ ဖီးထားပါ။ လက်သည်း၊ ခြေသည်းများကို သေသေချာချာ ညှပ်သွားပါ တကိုယ်ရေသန့်ရှင်းရေးအကြောင်းကို ရှည်ရှည်ဝေးဝေးမပြောလိုပါ။ သို့သော် ရုပ်မြင်သံကြားကင်မရာများသည် မညာတတ်ဘဲအရှိကို အရှိအတိုင်းပြတတ်ကြောင်းသတိရပါ။ သင်ဘယ်လိုလူဖြစ်သည်ကို ကြည့်ရှုသူများအား တိတိကျကျပြသည်။ ကြယ်သီးပြုတ်နေလျှင် ရုပ်မြင်သံကြား ပရိသတ်များက မြင်ကြမည်။ သင်၏ကားကို ဆီလဲလာခဲ့သည့်အတွက် လက်သည်းများ ညစ်ပတ်နေလျှင်လည်း မြင်ကြမည်ဖြစ်သည်။

အကောင်းဘက်ကဆိုလျှင် သင်သေသေချာချာ ခေါင်းဖီးပြီး သပ်သပ်ရပ်ရပ်ဖြစ်နေလျှင်၊ တကိုယ်လုံး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဖြစ်နေလျှင် သင့်ကိုယ်သင် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖြစ်သည့်အတိုင်းရနိုင်သည်။ သင်နှင့်သင့်အဖွဲ့အစည်းကို အထူးသဖြင့် ရုပ်မြင်သံကြား၌ ထိထိမိမိ ကိုယ်စားပြုနိုင်သည်။

## ၁ စာနယ်ဇင်းနှင့်ဆက်ဆံခြင်း

စာနယ်ဇင်းများနှင့်ဆက်ဆံရာ၌ အခြေအနေဆိုးတစ်ခုကို မှန်မှန်ကန်ကန်ဆက်ဆံသဖြင့် အခြေအနေကောင်းဖြစ်သွားပြီး နာမည်ကောင်းရသည့် ဥပမာတစ်ခုရှိသည်။

မေရီလန်းပြည်နယ် မောင့်တ်ဂိုမာရီခရိုင်သည် ဝါရှင်တန်မြို့၏ အပြင်ဖက်၌ရှိသည်။ ၁၉၆၀ ပြည့်လွန်နှစ် တစ်ညသ၌ အကျဉ်းသား (၃) ယောက် ထောင်ဖောက်ထွက်ပြေးကြသည်။ နောက်တစ်နေ့နံနက်တွင် သတင်းပြန်ကြားရေးအရာရှိက ဝါရှင်တန်ရှိ စာနယ်ဇင်းများ၊ ရုပ်မြင်သံကြားများ၊ ရေဒီယိုများအားလုံးကို မေရီလန်းပြည်နယ်သို့ ဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲလုပ်ပြီး





ထောင်အနှံ့လည်း လှည့်ပြသည်။ သတင်းထောက်များ၊ အယ်ဒီတာများကို ခရိုင်အရာရှိများအနေဖြင့် အစစအရာရာ ထုတ်ဖော်ပြောထားပြီးဖြစ်ကြောင်း ပြောထားသည်။ ဘာဖြစ်သည် ဆိုသည်ကိုလည်းပြမည်။ ဘယ်လိုဖြစ်ခဲ့သည် ဆိုသည်ကိုလည်းပြမည်။ ထောင်ဖောက်သွားသည့် နေရာကိုလည်းပြမည်။

သူတို့လာနေကြစဉ် ပြန်ကြားရေးအရာရှိက ခရိုင်မန်နေဂျာ မေဆင်ဘုချာနှင့်တွေ့သည်။ ထိုခရိုင်မန်နေဂျာသည် လူအများလေးစားသော၊ အပြုသဘောတွေးတတ်သော အမှုဆောင်တစ်ယောက်ဖြစ်ပြီး စာနယ်ဇင်းသမားများလာလျှင် ဘာပြောရမည်ကို သူ့ထံမှအကြံဉာဏ်ရယူသည်။

စာနယ်ဇင်းအဖွဲ့ ရောက်ရှိသည့်အခါ ဘုချာနှင့်ထောင်မှူးတို့က မေးခွန်းများကိုဖြေကြားကြသည်။ မေးခွန်းများကို ဖြေကြားသည်ဆိုသည့်အတိုင်း အမှန်ပင်ဖြေကြားခြင်းဖြစ်သည်။ ဝေဖန်ရန်မရှိပါဟူ၍လည်းကောင်း၊ ရှောင်တိမ်းရန်သော်လည်းကောင်း၊ ရန်လိုသည့် အပြုအမူမျိုးကိုသော်လည်းကောင်း မပြုမူကြပေ။ ဘုချာနှင့်သူ၏ လက်ထောက်များက စာနယ်ဇင်းအဖွဲ့ကို ထောင်အနှံ့လိုက်ပြသည်။ အကျဉ်းသားများ ထောင်ဖောက်ထွက်ပြေးသည့်နေရာ၊ အသုံးပြုသည့် အသုံးအဆောင်များကိုလည်း ပြသကြသည်။

ပြန်ကြားရေးအရာရှိ၏ အစောပိုင်းအကြံပြုချက်အရ ဘုချာက ထိုထောင်ဖောက်သည့်ကိစ္စကို စုံစမ်းစစ်ဆေးရန်၊ နောင်တွင်မဖြစ်ပေါ်စေရန် အတွက် အရာရှိတစ်စုကို ဘုတ်အဖွဲ့အဖြစ် ခန့်ထားကြောင်း ကြေညာသည်။

ထွက်ပြေးသည့်အကျဉ်းသားများကို မကြာမီ၌ဖမ်းမိကြသည်။ လအနည်းငယ်ကြာသည့်အခါ အထူးကော်မရှင်က အစီရင်ခံစာကိုထုတ်ပြန်ပြီး ထိုအစီရင်ခံစာထဲ၌ အကြံပြုချက်များလည်းပါဝင်သည်။ မကြာမီ၌ ထိုထောင်မှူးသည်လည်း အငြိမ်းစားယူသွားခဲ့သည်။ ခရိုင်အစိုးရအတွက် အရှက်တကွဲအကျိုးနည်း ဖြစ်စရာကိစ္စ တစ်ခု၊ အကျဉ်းသားများမှလွဲ၍ လူတိုင်းအတွက် ဒုက္ခရောက်စေနိုင်သည့် ကိစ္စတစ်ခုကို ပြည်သူ့ဆက်ဆံရေးကောင်းမွန်မှုကြောင့် အောင်ပွဲတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်စေနိုင်ခဲ့သည်။ ဒေသန္တရ သတင်းစာများကချီးကျူးသည့် ခေါင်းကြီးတစ်စောင်ကို ရေးသားထုတ်ဝေခဲ့ပြီး အရာရှိများအခြေအနေကို ကိုင်တွယ်ပုံနှင့်ပတ်သက်သည့် သဘောထားကို ကောက်နှုတ်ဖော်ပြခဲ့သည်။

ထိုသို့မဟုတ်ဘဲ ပြောင်းပြန်ဖြစ်ခဲ့လျှင် အခြေအနေဆိုးဝါးနိုင်သည်။ ယခုအခြေအနေကို တည့်တည့်ရင်ဆိုင်ခဲ့သဖြင့် သူတို့အဘို့အများကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျိုးရှိသွားသည်။ အဖျက်သဘော အခြေအနေတစ်ခုကို အပြုသဘော အခြေအနေတစ်ခုသို့ ပြောင်းသွားနိုင်ပြီး စာနယ်ဇင်းမှလာသည့် မေးခွန်းများကို ကိုင်တွယ်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် သဘောထားနှင့် လုပ်ပုံကိုင်ပုံတို့ဖြင့် ဖြေရှင်းနိုင်ကြောင်း နမူနာကောင်းတစ်ခုဖြစ်သည်။

## ၁ ဟာသနှင့်ဟာသမရှိခြင်း

သမ္မတကနေဒီသည် မေးခွန်းတစ်ခုကို ပြောင်းလဲပစ်ရာ၌ ဟာသကို အသုံးပြုရာတွင် သူမတူအောင် ကျွမ်းကျင်သည့်သူတစ်ယောက်ဖြစ်သည်။ သူ သမ္မတဖြစ်နေစဉ်အချိန်က လူငယ်ဒီမိုကရက်များက သူ၏မူဝါဒအချို့ကို သဘောမကျကြောင်းဖော်ပြသည်။ သတင်းစာရှင်းလင်းပွဲ တစ်ခု၌ ထိုအကြောင်းကို သတင်းထောက်တစ်ယောက်က မေးသည့်အခါ ကနေဒီက ထိုအကြောင်းကို အသေးစိတ်ပြောမနေ။ သူ၏မူဝါဒများကိုလည်း ခုခံချေပခြင်းပြုမနေပေ။

ထိုသို့ပြုမည့်အစား သူကပြုံးပြီး "လူငယ်ဒီမိုကရက်နဲ့ လူငယ်ရီပတ်ဗလေကန်တွေ ဘာဖြစ်ကြလဲဆိုတာတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် ကံကောင်းတာက ကျွန်တော်တို့ဘက်က အခြေအနေကောင်းနေတယ်" ဟူ၍ မှုသာဖြစ်သည်။ သူကိုယ်သူခုခံခြင်း ချေပခြင်းပြုမနေဘဲ အရွယ်ကိုအကြောင်းပြုပြီး ဟာသလုပ်ကာ ပရိသတ်ရယ်ကြသည်နှင့်အတူ သူလည်းအောင်ပွဲရခဲ့သည်။

သမ္မတနစ်ဆင်ကမူ ထိုကိစ္စနှင့်ပတ်သက်၍ အဆင်မပြေခဲ့ပေ။ ဝါးတားဂိတ်အရှုပ်တော်ပုံ နက်ရှိုင်းနေစဉ် ဒန်ရာသာကနစ်ဆင်ကို မေးခွန်းတစ်ခုမေးသည်။ ထိုမေးခွန်းကို နိုင်ငံအဝှန်းလူအများကြည့်ရှုနေစဉ် သတင်းစာရှင်းလင်းပွဲ၌ မေးမြန်းခဲ့ရာ နစ်ဆင်၏အခြေအနေကို ယိမ်းယိုင်စေခဲ့သည်။ မေးခွန်းကိုတည့်တည့်မဖြေ။ နောက်မေးခွန်းကိုလည်းဆက်မဖြေဘဲ နစ်ဆင်က "မင်းသမ္မတလုပ်မလို့လား" ဟုပြန်မေးသည်။

ထိုအခါ ရာသာက "ကျွန်တော်လုပ်မလို့ မဟုတ်ပါဘူးခင်ဗျ၊ ခင်ဗျား လုပ်နေတာမို့လို့ပါ" ဟူ၍ပြန်ပြောသည်။



တစ်ချို့ ရုပ်မြင်သံကြားကြည့် ပရိသတ်များက ရာသာကို မလေးမစား မရိုမသေ လုပ်ရကောင်းလားဟု အပြစ်တင်ကြသည်။ သို့သော် တရားဝင် မေးခွန်းတစ်ခုကို သမ္မတအနေဖြင့် စော်ကားပိုင်ခွင့်မရှိဘဲ တရားဝင်အဖြေ တစ်ခုသာ ပြန်ပေးရမည်ဟု အခြားသူများကပြောကြ သည်။ (၁၀) နှစ် အကြာက ကနေဒီနှင့်မတူဘဲ ထိုပွဲ၌ သမ္မတနစ်ဆင်ရှုံးခဲ့သည်ဟု အားလုံးက သဘောတူညီကြသည်။

သမ္မတအဆင့်အောက်ဖက်၌ တာကျိုးနီးယားပြည်နယ် ဖဲယားဖက်စ်ရှိ နိုင်ငံရေးသမားတစ်ယောက်က အထူးကော်မတီတစ်ခုကို ဦးဆောင်ရာ တန်ရာ တန်ကြေးကို ပေးခဲ့ရသည်။

အခြားခရိုင်မှ ရွေးကောက်ခံအရာရှိတစ်ယောက်က သတင်းထောက်များ၊ မိုက်များအသံဖမ်းစက်များ၊ ကင်မရာများ၏ ရှေ့မှောက်တွင် သူ၏ ကော်မတီ၏ လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ အရေးကြီးသည့်ကိစ္စတစ်ခုကို မေးရာ ထိုကိစ္စကို ဥက္ကဋ္ဌက ဖြေရှင်းရန် အဆင်သင့်မဖြစ် တစ်ချိန်လုံးရှောင်တန်နေပြီး "ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ ဘယ်အနေအထားမှာ နေရမယ်ဆိုတာ ပြောနိုင်တဲ့အနေအထားမှာ မရှိပါဘူး" ဟူ၍ဖြေသည်။

## ၁ ဂိုး – ပီရော့စ်စကားရည်လုပွဲများ

ဒုတိယသမ္မတဂိုးနှင့် ရော့စ်ပီရော့တို့သည် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်နှင့် ပတ်သက်၍ ၁၉၉၃ ခုနှစ်၌ လယ်ရီကင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် စကားရည်လုခဲ့ကြသည်။ ထိုအစီအစဉ်ကိုကြည့်လျှင် ဘယ်လိုပြောမည်၊ ကိုယ်ဟန်အမူအရာကို ဘယ်လို အသုံးပြုမည်၊ အခြေခံကျကျ မှားယွင်းသဖြင့်တစ်ဖက်သားကို ဘယ်လိုရှုံးနိမ့်ခဲ့ရ သည် ဆိုသည်ကို ပြသသည့် နမူနာတစ်ခုဖြစ်သည်။

၁၉၉၃ ခုနှစ် ကြာသပတေးနေ့နံနက် ၈ နာရီခွဲခန့်တွင် ကျွန်တော့် အိမ်တွင် တယ်လီဖုန်းသံမြည်လာသည်။

တယ်လီဖုန်းကို ကိုင်လိုက်သည့်အခါ ခေါ်သူက "လယ်ရီလား? အယ်လ်ပါ" ဟုပြောသည်။

ကျွန်တော်က "အယ်လ် ဘယ်သူလဲ" ဟုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက "အယ်လ်ဂိုးပါ" ဟုပြောပြီး ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယသမ္မတအနေဖြင့် သူသည် ရော့စ်ပီရော့နှင့် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်နှင့်ပတ်သက်၍ ဆွေးနွေးချင်သည်။ ထိုသဘောတူညီချက်ကို လွှတ်တော်၌ မကြာမီ မဲပေးဆုံးဖြတ်ကြမည် ဖြစ်ပြီး သဘောတူညီချက်ဖြစ်ရန် ကြိုးစားကြသည့် အုပ်ချုပ်ရေးနယ်ပယ်က အရှုံးနှင့်ရင်ဆိုင်ရဖွယ်ရာရှိသည်။ ထိုသဘောတူညီချက်ကို ဝေဖန်ကြသူများထဲတွင် ရော့စ်ပီရော့လည်းပါပြီး သူ့ဘက်၌လူအများရှိပုံရသည်။ သမ္မတ ကလင်တန်က စကားရည်လုပွဲလုပ်ရန် ခွင့်ပြုခဲ့ခြင်းသည် အယ်လ်ဂိုးအတွက် အောင်ပွဲတစ်ရပ်ဖြစ်သည်။အဘယ့်ကြောင့်ဆိုသော် သူနှင့်ကလင်တန်သာလျှင် ပီရော့ကို အနိုင်ယူချင်သည့် အုပ်ချုပ်ရေးသမားနှစ်ယောက်ဖြစ်ကြသည်။ လူတိုင်းက ပီရော့သည် အယ်လ်ဂိုးကို အရှင်လတ်လတ် ဝါးစားပစ်နိုင်သည်။ ပီရော့အနေဖြင့် မဲအများအပြားရသွားနိုင်သည်။ ယခင်အခါများက အကြိမ်ကြိမ် အခါခါ အောင်မြင်ခဲ့ပြီးသော ပီရော့အတွက် စင်မြင့်တစ်ခု ဖြစ်သွားစေနိုင်သည်ဟု ယူဆကြသည်။

ပီရော့က သူ၏ပြိုင်ဘက်ကို လျှော့တွက်သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ အယ်လ်ဂိုးသည် အလွန်ကျွမ်းကျင်နိုင်နင်းသူဖြစ်သည်။ သူ၏ လုပ်ပုံကိုင်ပုံသည်လည်း နမူနာယူစရာဖြစ်သည်။ ဆီးနိတ်လွှတ်တော်တွင် သူ၏ အတွေ့အကြုံအရ မည်သည့်အခါမျှ အိန္ဒြေမပျက်၊ တစ်ဖက်သားကို မကျေနပ်ကြောင်း မည်သည့်အခါမျှမပြ။ မျက်စိကို တည့်တည့်စိုက်ကြည့်သည်။ ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာ ရပ်တည်တုန့်ပြန်သည်။ ပြိုင်ဘက်ကို အူကြောင်ကြောင် ဖြစ်စေရန်မလုပ်ဟုသည့် ဆီးနိတ်လွှတ်တော်က အတွေ့အကြုံများ၊ နမူနာယူစရာများ ရှိနေသည်။ တစ်ဖက်က ပီရော့ကစိတ်တိုသည်။ ကိုယ်ဟန်အမူအရာ ညံ့ဖျင်းသည်။ သန်းကြွယ်သူဌေး တစ်ယောက်အနေဖြင့် မည်သူကမျှ စိန်ခေါ်သည့်အတွေ့အကြုံမျိုးကို ရှိခဲ့ပုံမရဟု ပရိသတ်ကို ထင်စေသည်။

သဘာဝကျကျသော်လည်းကောင်း၊ သက်သက်မဲ့သော်လည်းကောင်း လုပ်သော ကိုယ်ဟန်အမူအရာကြောင့်ပင် ဂိုးကိုနိုင်စေပြီး ပီရော့ကိုရှုံးစေသည်။ ဂိုးက ပီရော့ကိုစိုက်ကြည့်နိုင်သည့် ထောင့်တစ်ခု၌နေရာယူသည်။ ပီရော့က ကျွန်တော်နှင့်မျက်နှာချင်းဆိုင်၌ နေရာယူပြီး ဂိုး၏မျက်လုံးများအကြည့်ကို တတ်နိုင်သမျှရှောင်ရှားသည်။ ဂိုးကသက်တောင့်သက်သာ စိတ်ချလက်ချ





ဖြစ်နေသည်။ ပီရော့က ဂဏှာမငြိမ်ဖြစ်နေသည်။ ဂိုးကစိတ်ချလက်ချပြောနိုင်သည်။ ပီးရော့က ဂိုးသည် သူ့ကိုစကားဆုံးအောင် ပြောခွင့်မပေးဟုဆိုပြီး တစ်ချိန်လုံးတိုင်တန်းနေသည်။ အကြောင်းအရာတစ်ခုအပေါ် ဝဟုသုတ မပြည့်စုံသည့် သူတစ်ယောက်က ကောင်းကောင်း ကျွမ်းကျင်သူတစ်ယောက်နှင့် ရင်ဆိုင်လျှင် မည်သို့ဖြစ်မည်ဆိုသည်ကို နမူနာပြသည့်ကိစ္စဖြစ်နေသည်။

ရော့စ်ပီရော့နှင့်ပတ်သက်၍ အရည်အချင်းကောင်းတစ်ခုမှာ သူ၏ အပြုသဘောဖြစ်သည်။ ထိုပွဲ၌ သူရှုံးသည်ဟုမယုံကြည်ပေ။ သို့ဖြစ်၍ ကျွန်တော်နှင့် ဂိုးကို မိတ်ဆွေလိုသဘောထားပြီး ဆက်၍ဆက်ဆံသည်။ နောက် (၄) ရက်အကြာ၌ ပီရော့နှင့်တွေ့သည့်အခါထို (၄) ရက်အတွင်း၌ စကားရည်လုပွဲကောင်းကြောင်း၊ နိုင်ငံရေးလောက၊ ရုပ်မြင်သံကြားလောကတို့ ပြောင်းလဲပစ်ကြောင်း မကြာခဏကြားခဲ့ရသည်။ သို့ဖြစ်၍ ကျွန်တော်က သူတို့ **"ရော့စ်- ကျွန်တော်သေတဲ့ အခါကျရင် ကျွန်တော့်သေတမ်းစာရဲ့ ပထမအပိုဒ်မှာ ခင်ဗျားနာမည်ကိုထည့်မယ်"** ဟုပြောလိုက်သည်။

သူကလည်း **"ကျွန်တော်သေတမ်းမှာလည်း ပထမဆုံးအပိုဒ်မှာ ခင်ဗျားနာမည်ပါမယ်"** ဟုပြောသည်။

ကျွန်တော်အနေဖြင့် ပထမအပိုဒ်တွင် ပါသင့်သည်ဟုထင်သည်။ ရလဒ်ကိုကြည့်လျှင်သိသာသည်။ ရုပ်မြင်သံကြားလောကတွင် ထိုအစီအစဉ်သည် ပရိသတ်အကြည့်အများဆုံး အစီအစဉ်ဖြစ်ပြီး လူ (၂၅) သန်း ကြည့်ပြီးလျှင် ဘယ်နေအရာမဆိုဖြစ်နိုင်သည်။ ဒုတိယသမ္မတ မဆိုထားနှင့် သမ္မတများပင်လျှင် ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပတ်သက်၍ နိုင်ငံသားများနှင့် ဆွေးနွေးလည်းဆွေးနွေးချင် ဆွေးနွေးရမှာကိုလည်း ကြောက်တတ်ကြသည်။

ရုပ်မြင်သံကြားသည် ကျွန်တော်တို့၏ နေပုံထိုင်ပုံသာမက အုပ်စိုးပုံကိုလည်း ပြောင်းလဲပစ်နိုင်သည်။ ဂိုး- ပီရော့ စကားရည်လုပွဲသည် ရုပ်မြင်သံကြားက ကျွန်တော်တို့၏ဘဝများကို မည်သို့ပြောင်းလဲပစ်နိုင်ကြောင်း ထင်ရှားသည့် သာဓကတစ်ခုဖြစ်သည်။ အနာဂတ်၌ မည်သို့ဖြစ်မည်၊ မည်သို့ လုပ်ကြမည်ကိုပါ ပြောင်းလဲပစ်နိုင်သည်။

၁၉၉၄ ခုနှစ်၌ ဟီဘရူးတက္ကသိုလ်၏ အမေရိကန်မိတ်ဆွေ[illegible] ကျွန်တော့်ကို Scopus ဆုအတွက် ရွေးချယ်သည့်အခါ သမ္မတကလင်တန်က စာလှမ်းရေးသည်။ ထိုစာ၌စကားရည်လုပွဲအကြောင်း ဖော်ပြထားသည်။ အကယ်၍သာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ကြသည့် ဘိုး[illegible]များအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သာရေးရလျှင် မည်သို့ပြောင်းလဲရေးမည်ကို စဉ်းစားကြည့်ကြောင်း ရေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတက ပြည်ထောင်စု၏ အခြေအနေတို့ ကွန်ဂရက်လွှတ်တော်သို့ မကြာခဏ တင်ပြအစီရင်ခံရမည်။ သူတို့ဘာကို တွေးခဲ့ကြသနည်း။ ယနေ့အခါ၌ ကျွန်တော်တို့က CNN ရုပ်မြင်သံကြားမှ တစ်ဆင့် ဇည့်သည်အနည်းငယ်တွေ့ဆုံပြီး၊ တယ်လီဖုန်းအနည်းငယ် ဆက်လိုက်ရုံမျှဖြင့် နိုင်ငံရေးအခြေအနေကိုလည်းကောင်း နေ့စဉ် ကမ္ဘာ့အခြေအနေကိုလည်းကောင်း ကျွန်တော်တို့ ဘာတွေသိနေကြသည်ကိုသိလျှင် သူတို့ မည်သို့ရေးမည်နည်း။

ထိုရေးသားချက်မှာ အနည်းငယ်ချဲ့ကားထားခြင်း ဖြစ်သော်လည်း များများစားစား ချဲ့ကားထားခြင်းမဟုတ်ပေ။

ဂိုး-ပီရော့ဆွေးနွေးပွဲမတိုင်မီ အားကစားသမားများ မည်သည့်အခါမျှ မမေ့သင့်သည့် အခြေအနေတစ်ခု ကြုံတွေ့ခဲ့ရသည်။ ဂိုးနှင့်ပီရော့တို့က မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်အကြောင်း ဆွေးနွေးသောအခါ မည်သူကမျှ ကျွန်တော်ဘယ်လိုနေသည်ကို လိုက်ကြည့်မည် မဟုတ်ကြောင်း ကြိုတင်၍သိသည်။ ဂိုးနှင့်ပီရော့တို့ကို လူတွေစိတ်ဝင်စားကြသည်ကို သိသဖြင့် ကျွန်တော်က မထင်မရှားနေရာ၌သာနေသည်။

ထိုကဲ့သို့ ကျွန်တော်နေပုံသည် သင့်ဘဝတွင် တစ်ခါတစ်ရံ၌ တွေ့ကြုံရသည့် အခြေအနမျိုးဖြစ်နိုင်သည်။ ဆွေးနွေးပွဲတစ်ခုကို သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ စားပွဲဝိုင်းဆွေးနွေးပွဲတစ်ခုတွင် ပါဝင်ခြင်းစသည့် အခြေအနေမျိုး၌ တွေ့ကြုံရသည့် အခြေအနေမျိုးဖြစ်နိုင်သည်။

နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပို၍ ကိစ္စတစ်ခုကို အကောင်းအဆိုး ဆွေးနွေးခြင်း၊ ငြင်းခုန်ခြင်းများနှင့် ပတ်သတ်လျှင် အကြံဥာဏ်နိုင်သည်။ သင့်အနေဖြင့် သဘာပတိအဖြစ် ဆောင်ရွက်ရလျှင် ဘက်မလိုက်ပါနှင့်။ ဆက်လက်ဆွေးနွေးနေစေရန်ကြိုးစားပါ။ နှစ်ဖက်စလုံး အချိန်ညီတူညီမျှရစေရန် ကြိုးစားပါ။ အကြောင်းအရာ လွဲမသွားစေရန်ဂရုစိုက်ပါ။ ပရိသတ်ထဲမှပေါ်ပေါက်လာမည့် မေးခွန်းများ၏ ပြောပုံဆိုပုံ၊ အကြာအရှည်နှင့် အနှစ်သာရတို့ကို ဂရုစိုက်ပါ။ ကွန်ဂရက်၌ ဥပဒေတစ်ခု အတည်ပြုသည့်ကိစ္စနှင့် ပတ်သက်ကောင်းမှ ပတ်သက်မည် ဖြစ်သော်လည်း သင့်အတွက် အရေးပါသည့် ကိစ္စတစ်ခု ဖြစ်နိုင်သည်။ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်လျှင် သင့်အနေဖြင့် တာဝန်ကျေပြီ။ ထိုဆွေးနွေးပွဲ၌ ပါဝင်သည့်သူများ အနေဖြင့်လည်း မိတ်ဆွေများအဖြစ် ရာသက်ပန် ဆက်လက်ရပ်တည်နိုင်ကြမည်။

■







www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်အရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

### အနာဂတ်အရေး
### အတိတ်နှင့်မတူသည့်အနာဂတ်

၁၉၉၀-ပြည့်လွန်နှစ်များ၌ သတင်းမဟာလမ်းမကြီးဆိုသည့် ကျွန်တော်တို့ မကြာခဏ ကြားနေရသည့် အကြောင်းအရာနှင့် ပတ်သက်၍ ၁၉၉၄ ခုနှစ် မေလတွင် နယူးအောလီယံ၌ကျင်းပသည့် ဆွေးနွေးပွဲတစ်ခု၌ ကျွန်တော်သဘာပတိလုပ်ရသည်။ ထိုအစည်းအဝေးကို ဝါရှင်တန်မြို့အခြေစိုက်ရှိ ဗာဂျီနီးယားပြည်နယ် ဟန်ဒန်နယူးဘာရစ်၌ ကွန်ယက်ကုမ္ပဏီက ကြီးမှူးကျင်းပသည့် အလွန်စွဲလမ်းစရာကောင်းသော ပွဲလမ်းဖြစ်သည်။ ဤနယ်ပယ်၌ ဦးဆောင်နေသည့် ကုမ္ပဏီများမှ ထိပ်တန်းအမှုဆောင်အရာရှိများကို စကားပြောသူများအဖြစ် ဖိတ်ကြားထားမည်။

ဝါရှင်တန်မှ လေယာဉ်ဖြင့်ပြန်လာသည့်အခါ သူတို့ဆွေးနွေးပွဲမှ တွေးစရာနေရာတစ်ခု ရလာခဲ့သည်။ ထိုတွေးစရာမှာ အခြားမဟုတ်-အနာဂတ်သည် အတိတ်နှင့်မတူတော့ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောဆိုခြင်းမှာ စကားလှအောင် ပြောဆိုခြင်းမဟုတ်ပေ။ ကျွန်တော့်နေရာကို သင်ထိုင်ခဲ့လျှင်၊ သူတို့ပြောသည်ကို သင်ကြားခဲ့လျှင် သင်လည်း ထိုသို့ပင်ဖြစ်မည်။ ကျွန်တော်တို့၏ ဆက်သွယ်ပုံအနာဂတ်တွင် ကျွန်တော်တို့ လုပ်ကြကိုင်မည့်ပုံ၊ ကျွန်တော်တို့ဘဝ မည်သို့ပြောင်းလဲမည့်ပုံများကို ကျွမ်းကျင်သူများ ပြောသံဆိုသံ သင်ကြားခဲ့ရလျှင် ထိုသို့ပါဝင်ဖြစ်မည်။

ထိုကျွမ်းကျင်သူများက ညွှန်ပြသည့်အတိုင်း "သတင်းမဟာလမ်းမကြီး" သည်ရောက်နေပြီ။ ယခုအခါ လမ်းတွေထပ်ကိုတိုးနေကြသည်။ ကျွန်တော်တို့မှာ ပေဂျာ၊ ဖက်စ်၊ ဆယ်လူလာတယ်လီဖုန်း၊ ဗီဒီယိုကက်ဆက်ကင်မရာ၊ ဖြေကြားစက်၊ အသံပို့စနစ်၊ လက်ဖဝါးအရွယ်ကွန်ပျူတာ၊ အီလက်ထရောနစ် ကြော်ငြာသင်ပုန်း စသည်တို့ရှိနေပြီ။ နောက် (၁၀) နှစ်တွင် ဆက်သွယ်ရေးကိရိယာများ တိုးပွားလာဦးမည်။

## ၁ စကားပြောဆိုခြင်းခေတ်တုန်းမည်လော?

အချို့လူများက အီလက်ထရောနစ် နည်းလမ်းဖြင့် သတင်းအများအပြားပို့သည့်အခါ စကားပြောဆိုခြင်း ခေတ်တုန်းသွားမည်လားဟု စိုးရိမ်ကြသည်။ မဖြစ်နိုင်ကြောင်း ကျွန်တော်ကပြောပြသည်။ ယခင်ကထက်ပို၍ စကားပြောပြီး ထိုအသုံးအဆောင်များကြောင့် စကားပြောဆိုသည့် နည်းလမ်းများလည်း ပို၍တိုးပွားလျက်ရှိသည်။ သို့သော် လူသားတွေရှိနေသမျှ ဆက်လက်စကားပြောဆိုနေကြမည်ဖြစ်သည်။ ထိုညီလာခံ၌ (၂၁) ရာစုတွင် မည်သို့သောနည်းလမ်းများ၊ နည်းပညာသစ်များ ပေါ်ပေါက်သည်ဖြစ်စေ ဤစာအုပ်၌ ပထမဆုံးဖော်ပြခဲ့သည့် **"ကျွန်တော်တို့အားလုံး စကားပြောနေရဦးမည်"** ဟူသည့်အဆိုမှာ ဆက်လက်၍ မှန်ကန်နေဦးမည်ဖြစ်သည်။

တီထွင်မှုများ၊ ကြယ်တာရာစစ်ပွဲဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ကြုံနေရသော်လည်း အခြေခံများအပေါ်၌မူတည်၍ အောင်မြင်ရမည်။ တစ်ယောက်ယောက်နှင့် မျက်နှာချင်းဆိုင်နေလျှင်သော်လည်းကောင်း ကွန်ပျူတာမှ စာရိုက်နေလျှင်လည်းကောင်း၊ အပြောကောင်းအဆိုကောင်းတစ်ခု၏ အခြေခံဥပဒေသသည် အတူတူပင်ဖြစ်သည်။ တစ်ဖက်သားနှင့် ဆက်သွယ်သည့်ကိစ္စများဖြစ်သည်။





ပွင့်လင်းခြင်း၊ စိတ်အားထက်သန်ခြင်း၊ နားထောင်လိုခြင်းတို့သည် ည်သည့်နည်းလမ်းကိုသုံးသုံး လူကြိုက်များသည့် အပြောအဆိုကောင်းသူ ာစ်ယောက်ဖြစ်စေနိုင်သည်။ လူ (၁၂) ယောက်ကိုပဲပြောပြော၊ ရုပ်မြင် သံကြား ုတစ်ဆင့် တယ်လီကွန်ဖရင့် ကျင်းပသည်ဖြစ်စေ၊ အုပ်စုတစ်ခုကို ပြောပုံနှင့် အတူတူပင်ဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်း မိမိပရိသတ်ကိုသိခြင်း၊ နိုးရှင်း ခြင်းတို့သည် အောင်မြင်သည့် စကားအပြောဆိုကောင်းသူ-တစ်ယောက် ဖြစ်စေနိုင်သည်။

## နိဂုံး

ဤစာအုပ်ကို ရေးသားပြီးစီးသည့်အခါ စကားပြောဆိုသည့်ကိစ္စနှင့် ပတ်သက်၍ လေ့လာစရာတွေအများကြီးရှိကြောင်း ကျွန်တော်အနေဖြင့် ပို၍ ယုံကြည်လာသည်။ ထိုသို့လေ့လာရာတွင် ဤစာအုပ်က အထောက်အကူ ပြုမည်ဟု ယုံကြည်သည်။ ကျွန်တော် ဘယ်လိုလုပ်သိသနည်း၊ ကျွန်တော်ကို အထောက်အကူပြုခဲ့၍သင့်ကိုလည်း အထောက်အကူပြုမည်ဟု ယုံကြည်ခြင်း ဖြစ်သည်။ ဤစာအုပ်ကိုရေးသားခြင်းဖြင့် ကျွန်တော်တို့၏ အလုပ်ရှုပ်နေသော ဘဝများတွင် တစ်ခါတစ်ရံမေ့ကျန်နေခဲ့သည့် အတွေးအခေါ်များ၊ နည်းလမ်းများကို သတိရစေသည်။

အခန်း (၁၀) ၌ကျွန်တော်က ဝါရှင်တန်ပို့စ်သတင်းစာ၏ ရှာလီပိုဗစ် အကြောင်းကို ဖော်ပြခဲ့သည်။ သူသည် အမေရိကန်နိုင်ငံတွင် လူအလေးစားခံရဆုံး သတင်းစာဆရာတစ်ယောက် ဖြစ်လာခဲ့သည်။ သူ၏ဆောင်ပုဒ်မှာ **"ဒီထက်ပိုကောင်းအောင်မရေးနိုင်တဲ့ ဇာတ်လမ်းတစ်ခုကို ဘယ်တော့မှမရေးဘူး"** ဟူ၍ ဖြစ်သည်။

စကားပြောဆိုရာ၌လည်း ထို့အတူပင်ဖြစ်သည်။ စကားပြောသည့် အကြောင်းကို မည်မျှသိသိ ပြောပုံဆိုပုံကို ပိုကောင်းအောင်လုပ်နိုင်သည်။ ထိုသို့ ပိုကောင်းအောင်လုပ်ပြီး အောင်မြင်မှု၊ ယုံကြည်စိတ်ချရမှုများ တိုးပွားအောင် ဆောင်ရွက်နိုင်သည်။ ကျွန်တော့်လောက် ကြာရှည်ကြာမြား စကားပြောဆိုသူ တစ်ယောက် စကားပြောပြီး အသက်မွေးသူတစ်ယောက်အနေဖြင့်ပင်လျှင် ထို နည်းလမ်းများကို ဆက်လက်၍လေ့ကျင့်နေရဆဲ၊ လေ့ကျင့်နိုင်ဆဲ၊ လေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဆဲဖြစ်သည်။ ဆက်လက်၍ လေ့ကျင့်ရန်လိုသေးသည်ဆိုလျှင် ဟာ့ဘ်ကို ဟာင်က သိပ်အံ့ဩမည်မဟုတ်ပေ။ သူ့အနေဖြင့် ကျွန်တော်၏ ပြောသံဆိုသံကို နှစ် (၅၀) ခန့်နားထောင်ခဲ့ပြီးဖြစ်သည်။ သူ့ကိုတစ်ခုအတွက် ကျေးဇူးတင်စရာ ရှိသည်။ ယခင်ကလို ဘော့စ်ဘောကစားပွဲများအကြောင်း အသေးစိတ်မပြော တော့ပါ။ ယခုအခါ ဘော့စ်ဘောပွဲများသည် (၃) နာရီမက ကြာနေပြီဖြစ်ရာ (၃) နာရီမကအောင် ပြောရမလိုဖြစ်နေသည်။

အကယ်၍ဤစာအုပ်မှ သင့်အတွက်အကျိုးအမြတ် တစ်စုံတစ်ရာ ရှိတန်ရာသည်ဟု မျှော်လင့်လျှင် စကားပြောခြင်းနှင့် ပတ်သက်သည့် သဘောထားပင်ဖြစ်သည်။ စကားပြောဆိုသည်ကိစ္စသည် စိန်ခေါ်မှုတစ်ရပ်၊ တာဝန်တစ်ခု၊ အချိန်ဖြုန်းသည့်ကိစ္စတစ်ခု မဖြစ်သင့်ပါ။ စကားပြောဆိုခြင်းသည် လူသားတို့၏ အကြီးကျယ်ဆုံး တီထွင်မှုတစ်ခုဖြစ်သည်။ ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက်ကို ဆက်သွယ်ပေးသည့် ကိစ္စတစ်ခုဖြစ်သည်။ ဘဝ၏ ပျော်စရာတစ်ခုဖြစ်သည်။ စကားပြောစရာ အခြေအနေတိုင်းကို အခွင့်အလမ်းတစ်ခုအဖြစ် သဘောထားပါ။

သင့်အနေဖြင့် မည်မျှ အစွမ်းအစရှိသည်ဖြစ်စေ အောက်ပါအချက်များကို သတိရပါ။

၁။ သင့်ကိုယ်သင် စကားပြောကောင်းသူ တစ်ယောက်မဟုတ်ဟု ယူဆလျှင် သင်သည် စကားပြောကောင်းသူတစ်ယောက် ဖြစ်လာနိုင်မည်။

၂။ သင့်ကိုယ်သင် စကားပြောကောင်းသူဟုထင်လျှင် ယခုထက်ပို၍ ကောင်းနိုင်သေးသည်။

ဆက်ပြောကြပါစို့။

ဘယ်နေရာ၊ ဘယ်အချိန်၊
ဘယ်သူနဲ့မဆို၊ ဘာပြောရပြောရ၊

✧ ■ ✧



# စိတ်ကူးချိုချိုတိုက်ထုတ် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စိတ်ကူးလိပ်ပြာစာစီစာကုံးများ | ၁၅၀ ကျပ် |
| ၂။ | ခင်မောင်ညို (ဘောဂဗေဒ) | သင့်အောက်သည်ကိုဘယ်လိုဆက်ခံမလဲ | ၇၀ ကျပ် |
| ၃။ | ဓနုဦး | နာနာဘာဝမော်တော်ကား (ဝတ္ထုလတ်) | ၁၅၀ ကျပ် |
| ၄။ | မြင့်စိုးလှိုင် | ဂုဏ်တော်လေ (ရာဘင်ဒြာနသ်တဂိုး ကဗျာ) | ၂၅၀ ကျပ် |
| ၅။ | ခင်မောင်ညို (ဘောဂဗေဒ) | ကမ္ဘာ့စီးပွား မြန်မာ့စီးပွား | ၂၀၀ ကျပ် |
| ၆။ | ဦးဘိုသိန်း (စတ်မှုတက္ကသိုလ်) | ကလေးတို့ပြောဖို့ အင်္ဂလိပ်စကား (ကက်ဆက်နှင့်တစ်တွဲ ပါဝင်သည်။) | ၁၅၀ ကျပ် |
| ၇။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | တစ်ဆယ့်နှစ်လရာသီ စာစီစာကုံးများ | ၁၅၀ ကျပ် |
| ၈။ | ခင်မောင်ညို (ဘောဂဗေဒ) | မန်နေဂျာသုံးယောက် | ၂၀၀ ကျပ် |
| ၉။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စာရည်မွန်စာစီစာကုံးများ (အလယ်တန်းဆင့်) | ၁၅၀ ကျပ် |
| ၁၀။ | မြင့်စိုးလှိုင် | ကျန်းမာရွှင်လန်းသော ဘဝဘာဂကယ်ဝေးဖို့ (ရာစုသစ်၏ လူမှုဘဝ နေထိုင်ကျင့်ကြံနည်းများ) | ၁၆၀ ကျပ် |
| ၁၁။ | မြင့်စိုးလှိုင် | အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ချစ်သူ့လက်ဆောင် (စတုတ္ထအကြိမ်) (ရာဘင်ဒြာနသ်တဂိုး၏ Lover's Gift) | ၂၀၀ ကျပ် |
| ၁၂။ | မောင်မိုလ်မွေး | မြန်မာ့ရိုးရာ ပုံတိုပတ်စများ (အနုပညာ စာပေဆုရ စာအုပ်၊ တတိယအကြိမ်) | ၂၀၀ ကျပ် |
| ၁၃။ | သော်တာဆွေ | ဘော့ပရစ်တီးနှင့် အခြားဝတ္ထုတိုများ | ၃၆၀ ကျပ် |
| ၁၄။ | ဒေါက်တာစယ်ပွင့်ဖြူ | ပြီးပြည့်စုံသော အလှအပ၏ လျှို့ဝှက်ချက်များ | ၁၆၀ ကျပ် |
| ၁၅။ | စိုးသော်တာ | မြန်မာခေတ်ချိန် ကာတွန်းများ | ၃၀၀ ကျပ် |
| ၁၆။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | စကားပုံစာစီစာကုံးများ (သတ္တမအကြိမ်) | ၁၀၀ ကျပ် |
| ၁၇။ | ခင်မောင်ညို (ဘောဂဗေဒ) | သင်ဘယ်လောက်အောင်မြင်ချင်သလဲ သင်ဘယ်လောက်အောင်မြင်နိုင်မလဲ | ၂၅၀ ကျပ် |
| ၁၈။ | ဒေါ်နုကြည် (မဟာဝိဇ္ဇာ) | ကမ္ဘာ့အထိမ်းအမှတ် စာစီစာကုံးများ | ၂၀၀ ကျပ် |
| ၁၉။ | မင်းလူ | အချစ်၊ အလွမ်း၊ ခွန့်စားခန်း | ၃၀၀ ကျပ် |
| ၂၀။ | သောင်းထိုက် | ဝင်စတန်ချာချီ - လူ့ဘဝသည် | ၄၀၀ ကျပ် |
| ၂၁။ | မြင့်စိုးလှိုင် | အချစ်လက်နဲ့သီတဲ့ ညနေရီခရေကုံး | ၃၀၀ ကျပ် |
| ၂၂။ | သောင်းထိုက် | ပထဝီနိုင်ငံရေး | ၂၅၀ ကျပ် |
| ၂၃။ | ညွန့်ဝေမိုး | အလယ်တန်းလက်တွေ့အင်္ဂလိပ်စာစီစာကုံး | ၂၀၀ ကျပ် |
| ၂၄။ | မျိုးအောင် | စက်မှုလုပ်ငန်းသုံး ပုံပြအဘိဓာန် | ၄၀၀ ကျပ် |
| ၂၅။ | မြင့်စိုးလှိုင်နှင့် ကာတွန်း ဇော်မောင် | နှုတ်ပို့ပညာ (နိုင်ငံတကာ အဆိုအမိန့်များနှင့် ကာတွန်းသရုပ်ဖော်) | ၂၆၀ ကျပ် |
| ၂၆။ | မြင့်စိုးလှိုင် | ရော်ဘင်ဆန်ကရူးဆိုး | |
| ၂၇။ | ဂိုလှမောင် | မြန်မာ့ပန်းချီသိ | |
| ၂၈။ | ကောက်နွယ် တနောင် | ကြောင်နက်ပြာမလေး | |
| ၂၉။ | ခင်မောင်ညို (ဘောဂဗေဒ) | ကျွန်တော်တို့အားလုံး စကားပြောရမည် | |

www.burmeseclassic.com